
၏
ဆန်းကြယ်ဂမ္ဘီရ
ဝတ္ထုတိုများ (၂)
မောင်ညိမြိုင်း(သန်လျင်)
လင်းရောင်တင်
ဆုမွန်ဦး(ဟင်္သာတ)
နန္ဒာစိုး(ဆင်ဖြူကျွန်း)

ညီလင်းထွဋ် စီစဉ်သည်

ဖိုးမခ
စာပေ

# ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏
# ဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ(၂)

## နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန် ဖြစ်သည်။

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၀၁၁၉၀၁၀၉ |
| မျက်နှာဖုံးခွင့်ပြုချက် | - ၅၀၀၈၂၂၀၆၀၉ |
| ပုံနှိပ်ခြင်း | - ပထမအကြိမ် |
| ထုတ်ဝေခြင်း | - ၂၀၀၉၊ ဩဂုတ်လ။ |
| အုပ်ရေ | - ၅၀၀ |
| မျက်နှာဖုံးဒီဇိုင်း | - ရန်နိုင်ဦး |
| ထုတ်ဝေသူ | - ဦးသိန်းစိုး (သီဟရတနာ) (မြ-၀၃၉၈၂)၊ ၁၁၈/ဒီ၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းဖလင် | - ကိုမျိုးညွန့် **(A7 Group)** |
| ကွန်ပျူတာစာစီ | - ယဉ်မျိုး |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - ဦးကျင်ရင် (၀၅၄၁၇) ရွှေခြသေ့်ပုံနှိပ်တိုက်၊ အမှတ်(၁၂)၊ သရဖီလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ |
| တန်ဖိုး | - (၁၂၀၀) ကျပ် |

## ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)

၈၀၈. ၈၃

ကလောင်စုံ

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏ ဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ(၂)

ကလောင်စုံ။ ရန်ကုန်၊

သီဟရတနာစာပေ၊ ၂၀၀၉။

စာ ၁၇၀၊ ၁၂ × ၁၉ စင်တီ

(၁) ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏ ဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ (၂)

၁။ ကာယသိဒ္ဓိဆိုသည်မှာ ...    မောင်ညိုမှိုင်း(သန်လျင်)

၂။ သုစရိုက်အကျိုးကြောင့်
ဒုစရိုက်မိုးခေါင်သွားခဲ့ပြီ ...    မောင်ညိုမှိုင်း(သန်လျင်)

၃။ မေ့မရသော ခရီးသည် ...    နန္ဒာစိုး (ဆင်ဖြူကျွန်း)
၄။ မချစ်စုရဲ့ လက်ဆောင်မွန် ...    နန္ဒာစိုး(ဆင်ဖြူကျွန်း)
၅။ တမလွန်မှ နှောင်ကြိုးတစ်မျှင် ...နန္ဒာစိုး(ဆင်ဖြူကျွန်း)
၆။ နောက်ဆုံးလက်ဆောင် ...    နန္ဒာစိုး(ဆင်ဖြူကျွန်း)
၇။ မြို့စားမင်းရဲ့ လက်ဝတ်ရတနာ ...
နန္ဒာစိုး(ဆင်ဖြူကျွန်း)
၈။ ရွှေချိုးဖြူ မူလခဲ ...    လင်းရောင်ထင်
၉။ ဝိညာဉ်မာတ်ပုံ ...    ဆုမွန်ဦး(ဟသ်ာတ)
၁၀။ ဣစ္ဆာသယဆေး(၃)လုံး ...    ဆုမွန်ဦး(ဟသ်ာတ)
၁၁။ မရဏဖုန်းသံ ...    ဆုမွန်ဦး(ဟသ်ာတ)



# ကာယအိဒ္ဓိဆိုသည်မှာ

(၁)

ဟိုမှာဘက်ခေတ်တုန်းက ဖြစ်၏။ (၁၉၇၀)ဝန်းကျင်လောက်က ဖြစ်ပါသည်။ ထိုအချိန်က မြန်မာပြည်တစ်ဝှမ်း မြန်မာ့ရိုးရာသိုင်းပညာများ ဖွံ့ဖြိုးခေတ်စားနေချိန်ဖြစ်၏။

ထိုစဉ်က ကရာတေးပညာနှင့် ဂျူဒိုပညာများလည်း အားပြိုင်ခေတ်စားနေချိန်ဖြစ်၏။ ၎င်းတို့နှင့် အားကျမခံ၊ မြန်မာ့ရိုးရာသိုင်းပညာကို အရှိန်အဟုန်မြင့် ဖော်ထုတ်ကြသောအခါ သိုင်းပညာရှင်အမျိုးမျိုး အပြားပြား မြန်မာပြည်အနှံ့အပြား၌ ပေါ်ထွက်လာပြီး၊ နှစ်စဉ် ရိုးရာသိုင်းပညာပြိုင်ပွဲများကို ခမ်းခမ်းနားနား စီစဉ်ကျင်းပပေးချိန်နှင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုနေချိန်ဖြစ်၏၊

ထိုအချိန်အခါက . . .

မြန်မာ့ရိုးရာသိုင်းပွဲများအကြောင်းကို ရှေ့သို့ စာစောင်မှာ ဓာတ်ပုံဝေဝေဆာဆာနှင့် ဖော်ပြခဲ့၏။

ရှမ်းကြီးသိုင်း၊ ရှမ်းလေးသိုင်း၊ နန်းကွင်သိုင်း၊ ကြိုးသိုင်း၊ မားသိုင်း၊

လုံသိုင်း၊ ဗန်တို၊ ဗန်ရှည်၊ တုတ်သိုင်း၊ သိုင်းပြောင်းပြန် . . . စသည်ဖြင့် ပညာရပ်များစုံလှ၏။

'နံချပ်ကူ'ခေါ် အာရှနိုင်ငံတစ်ခုက ကြိုးတပ်သစ်သားတုတ်နှစ်ချောင်းဆက်၊ သုံးချောင်းဆက် ခေတ်စားနေချိန်မှာ ကျွန်တော်တို့ မြန်မာ့ရိုးရာသိုင်းကလည်း အုံ့ဖွယ် ကြိုးသိုင်းကို အံ့ဘနန်းပြသသွားခဲ့၏။

ဆိုရလျှင် . . .

မြို့တိုင်းရွာတိုင်း နယ်တိုင်းမှာ ရိုးရာသိုင်းပညာများ ပျံ့နှံ့နေ၏။ သိုင်းပညာရှင်၊ သိုင်းဆရာအမျိုးမျိုးတို့လည်း ဆရာတစ်ဆူ ဂူတစ်လုံးနှင့် နေရာအနှံ့ ပွဲဝင်တင့်တယ်အလုပ် ဖြစ်ကြ၏။

ဘယ်သိုင်းဆရာဖြင့် ဓားရေးကောင်းသည်ဟု ကြားရလျှင် ဆယ်ယောက်၊ ငါးယောက် လူစု၊ ငွေစုပြီး ၄င်းဓားသိုင်းဆရာကို သွားရောက်ဖိတ်ခေါ်ရ၏။

ဆရာကလည်း (၁၀)ရက်တစ်ပွဲ၊ (၁၅)ရက်တစ်ပွဲ သင်ပေး၏။ ဘယ်ရွာ၊ ဘယ်အရပ်က ဆရာကဖြင့် ဗန်တိုလက်ရေးကောင်းသည် ကြားလျှင်လည်း ထိုနည်းအတိုင်း လူစု ငွေစု၍ ဗန်တိုဆရာကို ပင့်ဖိတ်ပြီး ပညာရယူကြ၏။

ဒါနှင့်အတူ . . .

ပညာအဆင့် သတ်မှတ်၊ ဆေးပေါက်ပွဲ၊ ဆေးအပ်ပွဲ၊ သိဒ္ဓိတင်ပွဲဆိုသည်များလည်း ရှိခဲ့၏။

သိုင်းပညာနှင့်ဆိုင်ရာ စောင့်ရှောက်ရာပုဂ္ဂိုလ်များကိုအပ်နှံ ဆေးပေါက် သစ္စာပြုရသည်မှာလည်း ရှိကြ၏။

သူတစ်ပါးသားမယားကို ပြစ်မှားကျူးလွန်ခြင်း မပြုရ။

အရက်သေစာ မသောက်စားရ။

အနန္တော၊ အနန္တငါးပါးကို မပြစ်မှားရ။

ဤပညာဖြင့် နိုင်လိုမင်းထက် မပြုရ။

မျက်ရည်ပေါက်ကြီးငယ် သုံးကြိမ်သုံးခါ မကျမချင်း ဤသိုင်းပညာ

ဖြင့် ရန်သူဖြစ်သော်လည်း မတုန့်ပြန်ရ၊ စသည့် တစ်ရွာ တစ်ပုဒ်ဆန်း သစ္စာများ ပြုရ၏၊

အချို့သစ္စာချိုးဖောက်၍ ဒုက္ခရောက်ကြသည်လည်းရှိ၏၊ အချို့ ပညာလေး မတတ်တခေါက်နှင့် သွားယှဉ်မှ ဒဏ်ရာဒဏ်ချက်နှင့် ပြန်လာရ သည်လည်း ရှိ၏၊

ဆိုရလျှင် . . .

ကျွန်တော်တို့ ပျို့ရွယ်စဉ်က သိုင်းပညာကို ရူးမူးစွာ ခုံမင်လိုက်စားခဲ့ ကြ၏၊ တစ်ဖွဲ့ နှင့်တစ်ဖွဲ့ မကြာခဏချိန်း၍ ပညာချင်းဖလှယ်သည့် သဘော၊ အကဲကြည့်လိုသည့်သဘောနှင့် လက်ရည်စမ်းခဲ့ကြ၏။

အများအားဖြင့် . . .

သိုင်းပညာတတ်စ လူရွယ်အချို့သည် သိုင်းပညာအခြေခံလေးရ လာသောအခါ သွေးနားထင်ရောက်ကြလေ၏၊

အချို့စိတ်ကို မထိန်းနိုင်ကြဘဲ ပွဲခင်းမှာ ရန်ဖြစ်ကြ၊ ချကြ၊ ချိန်းရိုက် ကြနှင့် ဆရာသမားများ၊ မိဘများ၊ မနည်းကို လိုက်လံဖြေရှင်း ထိန်းသိမ်း ရသည်များ ရှိခဲ့ကြ၏။

ဒီလိုနှင့် . . .

'ပိယဆေး'ဆိုသော ပစ္စည်းဆန်းများသည် သိုင်းလောကထဲသို့ အမှတ်ထင်ထင် ရောက်လာခဲ့လေသည်၊

◆ ◆ ◆

(၂)

ထိုအချိန်က သိုင်းပညာလိုက်စားသူများသာမက သာမန်အရပ်သား များပင်လျှင် ကာယသိဒ္ဓိပြီးဆေးကို အလိုရှိတောင့်တကုန်ကြ၏။

သို့နှင့် . . . ကွမ်းမန်း၊ ထုံးမန်း၊ ခဲမန်း၊ ရေမန်း . . . စသည့် တစ်ပွဲထိုး 'ပြီး'ဆေး များ၊

ကာယသိဒ္ဓိအင်း၊ ကာယသိဒ္ဓိ စလွယ်၊ ခုတ်မဝင်၊ တိုးမရှ ဆေးအပ်များ၊ ဆေးလုံး များ၊ ဓာတ်လုံးအဆောင်များ၊ လက်ဖွဲ့များ၊ ဂျိုးမတေများ ဝက်မာန်စွယ်၊ ဆင်မာန်စွယ် စသည့် အမတေ (အမြုတေ) အမျိုးမျိုးတို့သည် ကြီးကျယ်ထင်ရှားစွာ အရေးပါအရာ ရောက်ခဲ့၏။

အချို့ . . .၊

တကယ်ကို စွမ်းပါ၏။ အချို့သူများသည် အလိမ်အညာနှင့်မိ၍ ငွေဆုံးပြီး ဆေးရုံ၊ ဆေးခန်း ရောက်သွားကြသည်လည်း ကြုံရပါ၏။

အချို့ 'စည်း'ပေါက်၍ ဒုက္ခရောက်၏။ အချို့ စည်းလုံးပြီး သမာဓိ သီလပေါင်း၍ အဆောင်ပစ္စည်းက သိဒ္ဓိမြောက်ကာ လူလေးစား ရှင်ရိုသေ ခံရ၏။

ဒီမှာ ကျွန်တော်တို့ ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို ကြုံခဲ့ရ၏။ ကျွန်တော်တို့အစ်ကို တစ်ဝမ်းကွဲ၊ အစ်ကိုလေးမြင့်သန်းသည် ဓားသိုင်း၊ တုတ်သိုင်း၊ ဗန်တို၊ ဗန်ရှည် အလွန်ကျွမ်းကျင်တတ်မြောက်၍ . . .

အစ်ကိုလေးမြင့်သန်း၏ ဆရာသည် ( . . . )ကျေးရွာဘုန်းတော်ကြီး (ဦး . . . ) ဖြစ်၏။

ဘုန်းတော်ကြီး ဦး . . . သည် မြန်မာ့ရိုးရာ သိုင်းပညာရပ် အတော်များများကို ကျွမ်းကျင်ပိုင်နိုင်၏။

ထိုအချိန်က နိုင်ငံတော်အစိုးရကလည်း မြန်မာ့ရိုးရာသိုင်းပညာများကို ဖော်ထုတ် မြှင့်တင်နေချိန် ဖြစ်ရကား၊ ဘုန်းတော်ကြီး ဦး . . . က သူတတ်ထားသည့် ရိုးရာသိုင်းပညာများကို ညနေတိုင်း တပည့်များ၊ အလိုရှိသူများကို သင်ကြားပေးခဲ့၏။

ဘုန်းကြီးကျောင်းဝိုင်းရှေ့ရှိ ကွက်လပ်ကျယ်မြေပြင်မှာ သိုင်းပညာသင်ကြား လေ့ကျင့်သူများ မနည်းခဲ့။

အကွယ်တုတ်သိုင်း လေ့ကျင့်သံများ၊ တဖြောင်းဖြောင်း . . .။

ဓားရေးဟိန်းသံများ တခြိမ်းခြိမ်း။ ဗန်တိုခုန်သံ ကြုံးဝါးသံများက ကြက်သီးဖြန်းဖြန်းထရ၏။ အနီးဝန်းကျင်မှ လေ့လာသူများကလည်း ပွဲလမ်း

ကြည့်ရသလို ဝိုင်းနေကြ၏။

ဘုန်းတော်ကြီး ဦး . . . သည် တပည့်များကို ပညာအဆင့်ဆင့် တိုးမြှင့်သင်ကြားပေးရင်း၊ ဆရာဖြစ်ရသော် သူက ပါးစပ်နှင့်ညွှန်ကြားပြီး ဆရာဖြစ်တပည့်များနှင့် ဆင့်ပွား လက်လွှဲသင်ကြားစေ၏။

ထူးခြားသည်ကား . . .

ဘုန်းတော်ကြီး ဦး. . . သည် ထုံးမန်းတစ်ပွဲတိုးမှာ စွမ်းခြင်းဖြစ်၏။ မည်မျှစွမ်းပါသနည်းဆိုမူ . . . .

သူ့ ထုံးမန်းကို အာမထိ၊ လျှာမထိ မြို့ချခိုင်းပြီးနောက်၊ အနီးရှိ လက်နက်နှင့် ရိုက်ခုတ်စမ်းလိုက်လျှင် ပေါက်ပြကွဲရှခြင်း လုံးဝမရှိ။ အဲဒီ လောက်ကို စွမ်းလေ၏။

(နောင်အခါ ဘုန်းတော်ကြီး ပျံလွန်တော်မူသော် သူ့အလောင်းကို နံ့သာတုံးများနှင့် ထင်းပုံမီးများတင်၍ မီးသဂြိုဟ်ခဲ့ရာ လုံးဝမီးမလောင်ခဲ့။ သို့နှင့် တပည့်များက မီးပူဇော်သဂြိုဟ်ခွင့် ပြုတော်မူပါဘုရားဟု မေတ္တာရပ်ခံ အဓိဋ္ဌာန်ဝိုင်းပြုကြမှ ခန္ဓာကိုယ်ကို မီးစွဲတော်မူ၏။ မီးစွဲပြီး ပြာကျသောအခါ ပြာပုံထဲမှ ခါတ်လုံးကဲ့သို့သော ပစ္စည်းတစ်ခု ရရှိလေ၏။ ၎င်းပစ္စည်းကို သူရသင့်၊ ငါရသင့် မဖြစ်ကြတော့ဘဲ အများသဘောတူ အရိုးပြာ အိုးနှင့်အတူ မြစ်ထဲမှာ ရေမျှောပူဇော်လိုက်လေသည်။)

ကျွန်တော်သည် အစ်ကိုလေးမြင့်သန်းထံမှ သိုင်းဗန်တို၊ ဗန်ရှည် ပညာကို ကျောင်းနေစဉ်ဘဝနှင့် သင်ယူခဲ့လေ၏။

အစ်ကိုလေးက ဦးစွာဗန်တိုလက်ရေးကို သင်၏။ အဖမ်းအဆုပ် အအုပ်အရှောင်ကို အကွက်နှင့်လည်း သင်ပေး၏။ ကွက်ပျောက်လည်း သင် ပေး၏။

၎င်းနောက် တုတ်ရှည်အကွက်သိုင်းကို သုံးကွက်မှသည်စ၍ အကွက် တိုးပြီး သင်ပေး၏။

ပြီးနောက် ကွက်ပျောက်တိုက်ကွက် တုတ်ရေးများကို သင်ပေး၏။ လက်သိုင်း၊ တုတ်သိုင်းရတော့မှ ဓားတစ်လက်သိုင်း၊ ဓားနှစ်လက်သိုင်းကို

သင်ပေးခဲ့၏။

အစ်ကိုလေးမြင့်သန်းသည် ကျွန်တော့်ကို လွန်စွာချစ်ခင်လေ၏၊ ငယ်ရွယ်သူဖြစ်သည့်အပြင်၊ စိတ်ဆတ်သွေးကြွသော ကျွန်တော့်ကို သွားလေရာ စိတ်မချသည်လည်း ဖြစ်ခဲ့၏။

ကျွန်တော်တို့ လူငယ်များသည် ပွဲအလွန်ကြိုက်၏။

အထူးသဖြင့် ကျွန်တော်နှင့် သူငယ်ချင်းခင်ရွှေသည် ဘယ်နေရာမှ ပွဲလမ်း သဘင်ရှိရှိ ရောက်လေ၏။

မကြာခဏလည်း အခန့်မသင့်၍ သွားရင်းလာရင်း စကားများရန်ဖြစ်ကြရကား၊ ကိုယ်ကချလိုက်ရ၍ တစ်ဘက်အား ပေါက်ပြကွဲသည်လည်း ရှိ၏။

ကျွန်တော်တို့ ခံလိုက်ရ၍ သွေးသံရဲရဲနှင့် ပြန်ပြေးလာရသည်လည်း ရှိလေ၏။

သို့နှင့် တစ်နေ့သောအခါ . . .

အစ်ကိုလေးမြင့်သန်းသည် ဖြူဖြူအလုံးလေးနှစ်လုံးကို ယူ၍ ကျွန်တော်တို့ကို မြိုချခိုင်း၏။

"အစ်ကိုလေး . . . ဒါ ဘာပစ္စည်းလဲဟင်"

"ထုံးမန်းကွ . . . "

"ထုံးမန်းမြိုရင် ဘယ်လိုစွမ်းလို့လဲ အစ်ကိုလေးရ"

"ဒါ၊ တစ်ပွဲထိုး ထုံးမန်းလို့ ခေါ်တယ်။ ရန်တစ်ပွဲကိစ္စအတွက် အသုံးပြုရတဲ့ ထုံးမန်းပဲ။ အချို့ထုံးမန်းက တစ်နေ့ပြီး ထုံးမန်းဆိုတာ ရှိသေးတယ်။ (၂၄)နာရီခံတယ်။ ဒီထုံးမန်းကို မြိုချထားရင် အဲဒီအချိန်တိုအတွင်း တုတ်နဲ့ရိုက်၊ ဓားနဲ့ခုတ်၊ အုတ်ခဲနဲ့ထု ဘာမှမဖြစ်ဘူး"

"တကယ်"

"မြိုချလိုက်ကွာ၊ ပြီးရင် လက်တွေ့စမ်းပြမယ်"

သို့နှင့် ကျွန်တော်နှင့်ခင်ရွှေသည် အစ်ကိုလေးပေးသည့် ထုံးမန်းအလုံးသေးသေးလေးကို လက်အုပ်ချီကန်တော့၍ ယူလိုက်ပြီး ရေအကူမပါပဲ

အာမထိ လျှာမထိ လည်ချောင်းအရင်းဝမှာ ထည့်၍မြိုချကြ၏။

မနည်းမြိုချရ၏။ လည်ချောင်းထဲတစ်နေ၍ တံတွေးအကူဖြင့် မနည်းကို အကြိမ်ကြိမ်မြိုချမှ ထုံးမန်းလုံးလေးက အထဲသို့ဝင်သွားလေ၏။

သည့်နောက် . . . အစ်ကိုလေးမြင့်သန်းက တုတ်တစ်ချောင်းကို ကိုင်ရင်းက . . .

"ဘယ်လိုနေသလဲကွ"

"ကိုယ်ထဲမှာ ရှိန်းတိန်းတိန်း၊ ဖိန်းတိန်းတိန်းကြီးပဲဗျ"

"ဟိုကောင် ခင်ရွှေရော . ."

"ကျွန်တော်လည်း ရွှေတင်ကြီးလိုပဲ အစ်ကို"

"ဒါဆို . . ဟိုဘက်လှည့်ကွာ"

ကျွန်တော်တို့နှစ်ဦး အစ်ကိုလေးကို နောက်ကျောပေး၍ လှည့်နေလိုက်စဉ်၊ ကျွန်တော့်ကျောပေါ်သို့ အစ်ကိုလေး၏ တုတ်ချက် 'ဘုန်း'ခနဲကျလာပြီး၊ ကျွန်တော် ရှေ့သို့ ယိုင်ပြီး လဲကျသွားလေ၏။

ကျွန်တော်ရော ခင်ရွှေပါ လန့်သွား၏။

"ဟေ့ကောင် . . နာလား"

"ဟင့်အင်းဗျ . ."

"ဟား . . ဟား . . ဟား . . ထ,လိုက်စမ်းကွာ"

ကျွန်တော် ထ,လိုက်၏။ အစ်ကိုလေးက ကျွန်တော့်ဦးခေါင်းကို လက်ထဲက တုတ်နှင့်ခပ်ဆတ်ဆတ် ရိုက်လိုက်၏။ 'ခွပ်'ခနဲ အသံကြားရ၏။ အံ့စရာရယ် . . . လုံးဝမနာခဲ့၊ သည့်နောက် ခင်ရွှေကို စမ်း၏။ ခင်ရွှေလည်း ဘာမှမဖြစ် . . . ။

သည့်နောက် ငှက်ကြီးတောင်ဓားရှည်ကို လှမ်းယူလိုက်လေ၏။

"ရွှေတင် . . မင်း ညာလက်ကို ဆန့်ထုတ်လိုက်စမ်း"

ကျွန်တော် အစ်ကိုလေးစကားကို မလွန်ဆန်ဝံ့၍ ကြောက်ကြောက်လန့်လန့်နှင့် ညာလက်ဖျံကို ဆန့်ပေးလိုက်၏။ ဒီမှာ . . . အစ်ကိုလေးက ငှက်ကြီးတောင်ဓားနှင့် လက်ဖျံကို ခုတ်ချလိုက်၏။

'ဒုတ်'ခနဲ အသံကြားရပြီး ဓားသွားပြန်ခုန်သွားလေ၏။ နောက်တစ်ချက် ခုတ်ပြန်၏။ ဓားပြန်ခုတ်တက်သွား၏။ ကျွန်တော်တို့ နှစ်ဦးစလုံး အံ့ဩကြီးစွာ ဖြစ်နေကြ၏။

"ယုံပြီလားကွ၊ ဒီမှာ ငါ့ဓား ထက် မထက်ကြည့်"

အစ်ကိုလေးသည် ကျွန်တော့်လက်ဖျံကို ခုတ်သည့်ဓားနှင့် အနီးရှိ သစ်ကိုင်းကို ခုတ်ချလိုက်၏။ သစ်ကိုင်း တိခနဲပြတ်ကျသွားလေ၏။

ထုံးမန်း . . .

တစ်ပွဲတိုး ထုံးမန်း . . .

မြန်မာတို့ရဲ့ ရှေးဟောင်းဂမ္ဘီရပညာရပ်များထဲက အံ့ဖွယ်ကောင်းသည့် လောကီပညာဆန်း၊ အဲဒါ ကျွန်တော့် ကိုယ်တွေ့ပဲဖြစ်၏။

ဒီမှာ အစ်ကိုလေးမြင့်သန်းက စကားတစ်ခွန်း ပြောလိုက်၏။

"ဒီထုံးမန်းမြုထားတဲ့ တစ်နေ့အဖို့ ဘာမှမဖြစ်စေရဘူး။ အေး . . . ဒီနေ့ ငါ'ပြီး'တယ်ဆိုပြီး နောက်နေ့သွားမစမ်းနဲ့ မပြိုင်နဲ့၊ သွေးချင်းချင်းရဲပြီး သေရင်သေ၊ မသေလို့အခန့်မသင့်ရင် ဆေးရုံနဲ့အချုပ်ခန်း တန်းရောက်ပြီမှတ်၊ နောက်တစ်ချက် . . ဒီတစ်ပွဲတိုး ထုံးမန်းကို မြုထားတဲ့အချိန်မှာ ဖြစ်နိုင်ရင် ကံငါးပါး လုံရမယ်။ နောက်တစ်ချက်က ကိုယ်ကအလျင် သူတစ်ပါးကို စတင်မစော်ကားရဘူး။ ရန်မပြုရဘူး"

"အဲဒီလိုလုပ်ခဲ့ရင် ဘာဖြစ်မလဲ အစ်ကိုလေး"

"ကိုယ့်ဘဝကိုယ်တွေ့၊ အဲဒါ သေဘေး ရာခိုင်နှုန်း(၈၀)ပဲကွ"

◆ ◆ ◆

(၃)

ဆိုရလျှင် . . ထိုအချိန်က တစ်ပွဲတိုးထုံးမန်းသည် လွန်စွာ အရေးပါအရာရောက်လေ၏။ ပွဲလမ်းသဘင်သွားကာနီးရောက်လျှင် တစ်ပွဲတိုး ထုံးမန်းလေးမြုံ၍ သွားရသည်မှာ အတော့်ကို လုံခြုံစိတ်ချရသည်ဟု

ကိုယ့်ကိုယ်ကိုယ် ယူဆမိကြပြီး သွေးတကြွကြွဖြစ်နေကြ၏။

တစ်နေ့သောအခါ . . .

တစ်ပွဲတိုးထုံးမန်း မြုံထားသူချင်း ချကြ၊ နှက်ကြသည့် ပြဿနာနှင့် ကျွန်တော်တို့ ကြုံကြရလေ၏။

ကျွန်တော်တို့ သွားချင်းလာရင်း တိုက်မိကြလေ၏။ တိုက်မိသောအခါ လူငယ်များဖြစ်၍ တစ်ယောက်တစ်ခွန်းစကားများပြီး ရန်ဖြစ်ကြလေရာ ကျွန်တော်တို့ရန်ဘက် အသားညိုညိုနှင့် လူကလည်း ကျွန်တော်တို့ကို အုတ်ခဲနှင့်ထု၏။

ကျွန်တော်တို့ကလည်း သူ့ကို အုတ်ခဲနှင့်ပြန်ထု၊ လက်ဘက်ရည်ဆိုင် မှခုံများနှင့် အပြန်အလှန်ရိုက်ကြ၏။

လူကြီးအချို့ဝင်ရောက်ဖြန်ဖြေ၍ ရန်ပွဲက အချိန်တိုအတွင်း ပြီးသွား၏။ ဒီမှာ မှတ်မှတ်ရရ အရဲစွန့်၍ ဝင်ဆွဲသူတစ်ဦးကို ကျွန်တော်တို့ မှတ်မိ၏။ လူကြီးက အသားမည်းမည်းနှင့် အရပ်ပုပု၊ ဂင်တိုတိုဖြစ်၏။ ခေါင်းစွပ်ဦးထုပ်နှင့် . . .

ငှင်းလူမည်းမည်းကြီးက အပြန်အလှန်ရိုက်ထုနေကြသည့် ကျွန်တော်တို့အကြားသို့ အနာခံ၍ ဝင်ဆွဲရကာ ကျွန်တော်တို့ရိုက်ချက်အချို့သည် ဝင်ရောက်ဖြန်ဖြေသည့် ငှင်းလူမည်းကြီးကို ထိသည်က များ၏။

ဝင်ဆွဲရကောင်းလားဟု ဒေါသဖြစ်၍ ကျွန်တော်တို့ တီးသမျှကို ငှင်းလူကြီးသည် အဆစ်ခံလိုက်ရ၏။

ကျွန်တော်တို့ ရန်ဘက်နှစ်ဖွဲ့စလုံး သွေးထွက်သံယို လုံးဝမဖြစ်ကြရန် ပြောဆိုဆုံးမပြီး သင့်မြတ်စေရန် လက်ဆွဲနှုတ်ဆက်ကြစေ၏။ ကျွန်တော်တို့လည်း အရှည်သဖြင့်မဖြစ်လိုကြ၍ လက်ဆွဲနှုတ်ဆက်ပြီး အပြန်အလှန် တောင်းပန်ကြလေ၏။

ဒီမှာ ဝင်ဖြန်ဖြေသူ လူမည်းကြီးက . . .

"အေး . . . ဦးလေး၊ ဝမ်းသာတယ်ကွာ။ မင်းတို့လက်ရေး တိုက်ကွက်ကို ကြည့်ရုံနဲ့ မင်းတို့အားလုံး သိုင်းပညာတတ်မြောက်ထားသူတွေဆိုတာ

အကဲခတ်လို့ရပါတယ်။ လူကလေးတို့၊ ငါ့တူတို့ . . တို့ မြန်မာ့ရိုးရာ သိုင်းပ
ဟာ ကိုယ့်အချင်းချင်း အပွန်းအစွန်းမခံဘဲ ချဖို့ နှက်ဖို့၊ တိုက်ခိုက်ဖို့မှ
အသုံးပြုရမယ့် ပညာရပ်မဟုတ်ဘူးကွယ့်၊ ဒီမြန်မာ့ရိုးရာသိုင်းပညာဂ
ဒီကနေ့ နိုင်ငံတော်အစိုးရက ပြန်လည်ဖော်ထုတ် ချီးမြှင့်ပေးနေတာက . .
အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ မြင့်မားစေဖို့ပဲ။ ငါတို့ မြန်မာလူမျိုးကိုင်းချင်းသာ
များဟာ မြန်မာရှင်ဘုရင်များ လက်ထက်တော်တုန်းကလည်း တိုင်းတစ်ပ
ရန်သူကို ဒီရိုးရာသိုင်းပညာ၊ ဓားအတတ်၊ လေးအတတ်၊ ဗန်တို ဗန်ရှည်
အတတ်နဲ့ တုန့်ပြန်တိုက်ခိုက် ချေမှုန်းခဲ့တာပဲကွယ့်။ လွတ်လပ်ရေးအကြ
ကာလမှာ တို့မြန်မာသိုင်းပညာ ပြန်လည် တစ်ခေတ်ဖွံ့ဖြိုးခဲ့တယ်။ နယ်ချဲ့
လက်အောက် ကျွန်သဘောက်ဘဝနဲ့ ရောက်ရှိနေချိန်မှာ တို့လူမျိုးများ
သူရဲကောင်း မျိုးချစ်စိတ်ဓာတ်ဆိတ်သုဉ်းစေဖို့ မြန်မာစာပေကို နယ်ချဲ့
အစိုးရက မှောင်ချဖျက်ဆီးခဲ့သလို ရိုးရာစစ်ပညာရဲ့ အခြေခံဖြစ်တဲ့ သိုင်
ပညာရပ်များကို လုံးဝမသင်ကြား၊ မလေ့ကျင့်စေဘဲ ဖိနှိပ် ချိုးနှိမ်ပစ်ခဲ့တယ်
ဒါပေမယ့် ငါတို့လူမျိုးဟာ သူ့ကျွန်ခံတဲ့လူမျိုးမဟုတ်ဘူး။ ဒါကြောင့် လွတ်လ
ရေးတိုက်ပွဲအကြိုကာလမှာ နယ်ချဲ့ဆန့်ကျင်ရေး မျိုးချစ်ကြီးများက မြန်မ
ရိုးရာသိုင်းပညာကို ဖော်ထုတ်ခဲ့ပြီး နယ်ချဲ့ဆန့်ကျင်ခြေမှုန်းရေး စစ်မြေပြင်
မှာ စစ်ပညာတစ်ရပ်အနေနဲ့ လေ့ကျင့်သင်ကြားပေးလို့ တိုက်ပွဲဝင်စေခဲ့တာ
ဒီကနေ့ ဒီရိုးရာသိုင်းပညာကို နိုင်ငံတော်အစိုးရက ပြန်လည် ဖော်ထုတ်နေ
တာကလည်း ကိုယ့်အချင်းချင်းရန်ဖြစ်ရင် ချဖို့၊ နှက်ဖို့ မဟုတ်ဘူး။ နယ်ချဲ့
အပါအဝင် အဖျက်သမား ရန်သူအမျိုးမျိုးကို တိုက်ခိုက်ချေမှုန်းရာမှာ အသုံး
ပြုဖို့ စစ်ရေးအခြေခံပညာရပ်များအဖြစ် ပြန်လည်ဖော်ထုတ်နေတာ . .
ဒါကြောင့် ငါတို့ရဲ့ မြင့်မြတ်လေးစား အားကိုးလောက်တဲ့ ရိုးရာသိုင်းပညာ
ရပ်များကို တလွဲဆံပင်ကောင်းနေရာမှာ မသုံးကြပါနဲ့ ငါ့တူတို့ရယ် . .
တန်ဖိုးဖြစ်မယ့်နေရာကျမှ ထုတ်ဖော်အသုံးပြုကြပါလို့ လူလေးတို့ သိုင်းပညာ
ရှင် အဖိုးတန်လူငယ်တွေကို အဘ မေတ္တာရပ်ခံပါတယ်ကွယ်။ နားလည်
သဘောပေါက်ကြရဲ့လားကွယ် . . . ဟင်”

မိုးမခ စာပေ

“ဟုတ်ကဲ့ . . သဘောပေါက်ပါပြီ ဘကြီးခင်ဗျာ. . ”

“ကျွန်တော်တို့ နောင်ကို ကိုယ့်အချင်းချင်း ဒိပညာရပ်များနဲ့ ရန်ဖြစ်တိုက်ခိုက်ခြင်း မပြုတော့ပါဘူး အဘ ခင်ဗျာ . . ”

“သာဓုဗျာ . . . သာဓု၊ သာဓု ဒါနဲ့ လူလေးတို့ကို အဘ တစ်ခု မေးစရာ ရှိသကွယ့်၊ အဘကို လေးစားရင် မှန်မှန်ဖြေကြပါလားဟင်”

“ဘာလဲ အဘ . . . ”

“လူလေးတို့ နှစ်ဘက်စလုံး ဒီနေ့တစ်ပွဲတိုး ထုံးမန်းလိုအရာမျိုး သုံးစွဲထားကြလား”

ကျွန်တော်တို့ရော၊ ကျွန်တော်တို့နှင့် ရင်းနှီးနားလည်မှု ရှိသွားသူ ရန်ဖြစ်ဘက်များပါ မဖြေကြဘဲ ရေငုံနှုတ်ဆိတ်နေကြ၏။

“မင်းတို့ ဒီလောက် ရိုက်နှက်နေကြတာ လုံးဝမပေါက်ပြကြဘူး။ ထုံးမန်းမြိုထားတယ် မဟုတ်လား”

“ဟုတ် . . . ဟုတ်ကဲ့ခင်ဗျာ”

ကျွန်တော်က မလိမ်မညာချင်၍ အလျင်ဝန်ခံလိုက်၏၊ ဒီတော့မှ တစ်ဘက်မှ လူများကလည်း ဝန်ခံကြလေ၏။

“လူလေးတို့ ဒီထက်စွမ်းတဲ့ အဆောင်များ မလိုချင်ကြဘူးလား ဟင်”

“ဗျာ . . . ”

“တကယ် . . . ”

ကျွန်တော်တို့အားလုံး မျက်လုံးများကျယ်သွားပြီး လူကြီးကို အားကိုးမျှော်လင့်ကြီးစွာ ဝိုင်းကြည့်လိုက်ကြ၏။

“လိုချင်လို့လား”

“လိုချင်တာပေါ့ အဘရာ . . ”

“သိပ်လိုချင်တာပေါ့ဗျာ . . ”

“အေး . . . ဒါဆိုရင် မင်းတို့ ထုံးမန်းဘယ်လောက် အစွမ်းရှိသေးလဲ ဆိုတာ အရင်သိရပြီးမှ အဲဒီထုံးမန်းထက် အစွမ်းထက်သိဒ္ဓိမြောက်တဲ့ဆေးကို အဘချီးမြှင့်ခဲ့မယ်။ ကိုင်း . . ဘယ်သူ အရင်အစမ်းခံမလဲ”

"ကျွန်တော့်ကို အရင်စမ်းပါ အဘ"

ကျွန်တော်က သိဒ္ဓိမြောက်ဆေးကို ဦးစွာလိုချင်နေ၍ ပြောလိုက်သည်။

"ကိုင်း . . ဒါဆို ထလိုက်"

ကျွန်တော်က လူကြီးရှေ့မှာ ရပ်လိုက်၏။ ဒီမှာ . . လူကြီးက ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ရပ်လိုက်ပြီး လျှပ်စီးလက်သလို ကျွန်တော့် ပါးချိတ်ရှိရာသို့ ညာလက်သီးတစ်လုံး ပစ်သွင်းလိုက်၏။ ရှောင်ဖို့အချိန်ပင် မရလိုက် . . .။

"ခွပ် . ."

"အား . . အမယ်လေးဗျ"

"ဟင် . ."

"ဟာ . ."

ကျွန်တော့်မေးရိုးမှာ ကျင်ခနဲဖြစ်ပြီး ကျွန်တော့်သူငယ်ချင်းများ ရှိရာဘက်သို့ ယိုင်လဲကျသွားရာ လူကြီးက လျင်မြန်စွာလှမ်းဆွဲလိုက်ပေလို့။ နို့မို့ . . လူပါလွင့်သွားနိုင်၏။ ကျွန်တော် မျက်ရည်များဝဲသွားအောင်ကို နာကျင်သွားခဲ့၏။ သို့ဖြစ်၍ ကိုယ့်မေးရိုးကိုပွတ်ပြီး လွန်စွာအံ့ဩနေ၏။

သူငယ်ချင်းများလည်း အံ့ဩနေကြ၏။

"ကိုင်း . . ပြီးသေးရဲ့လားကွ၊ ဟေ . . ပြောလေ"

"ဟင့်အင်း၊ မပြီးတော့ဘူး၊ အား . . ကျွတ် . . ကျွတ်"

"ကဲ . . ဟိုဘက်သူငယ်ထစမ်းကွာ၊ 'ပြီး'နေသေးတဲ့လူကို ပိုပြီး အစွမ်းထက်တဲ့ဆေး အဘချက်ချင်းပေးမှာနော်"

ဒီမှာ ကျွန်တော်တို့နှင့် စကားများသောဘက်မှ "ကံညွန့်'ဆိုသူက ထရပ်လိုက်၏။

"လူကလေး . . မင်းကို အဘအုတ်ခဲနဲ့ မထုဘူး။ မင်းနဖူးကို လက်ခလယ်နဲ့ တောက်ရုံပဲတောက်မယ်၊ ခံနိုင်ပါ့မလား"

"ရပါတယ် . . အဘရာ၊ ဒါလေးများ အဟင်း"

"ကိုင်း . . ဒါဆိုစကြစို့"

ဒီမှာ . . လူကြီးက ကံညွန့်ဆိုသူ၏နဖူးကို သူညာဘက် လက်ခလယ်
အား လက်မနှင့်ဖိပြီး တောက်လိုက်ရာ . .

"တောက် . . ."

"အမလေးဗျ . . အား . . အား"

"ဟော . ."

"ဟ . . ဘယ်လိုဖြစ်ရတာလဲ၊ ကံညွန့်ရ"

"ဘာဖြစ်လို့တုန်းဟ"

ကံညွန့်ဆိုသူသည် "အမလေးဗျ"ဟု အော်ရင်း သူ့နဖူးကို လက်ဝါး
အုပ်လို့ ခေါင်းကိုရမ်းနေတော့ရာ သူ့သူငယ်ချင်းများက ထရပ်ပြီး မေးကြ
လေ၏။

"နာလို့လား လူလေးရ၊ ဖြည်းဖြည်းလေးတောက်တာပါကွ"

"အား . . နာလိုက်တာဗျာ၊ မျက်လုံးထဲ မီးပွင့်သွားသလိုပဲ အဘရ

"ဟား . . ဟား . . ဟား . . ဟား ဒါဆို မင်းတို့ မပြီးတော့ဘူး၊
မစွမ်းတော့ဘူးကွ၊ အေး . . ဒီအချိန် မင်းတို့ ရန်ထဖြစ်ပြီးချကြရင် အားလုံး
သေရင်သေ၊ မသေရင် ဆေးရုံရောက်ပြီကွ၊ ဒီမှာ ကာယသိဒ္ဓိ တကယ်'ပြီး'တ
မင်းတို့ မြင်ချင်သလားဟေ့"

"မြင်ချင်ပါတယ် ခင်ဗျ"

"ကျွန်တော်တို့အားလုံး ပြိုင်တူပြောလိုက်ကြ၏။ လူကြီးက
ကျွန်တော်တို့အားလုံးကို ကြည့်ပြီး ပြုံးနေ၏။

"ကိုင်း . . ဒါဆို ငါ့ခေါင်းကို ဟောဟို ခွေးခြေခုံပုနဲ့ ရိုက်စမ်း"

"ဗျာ . ."

"ရိုက်ကွာ . . ရော့"

သူက ခေါင်းပေါ်မှ ခေါင်းစွပ်ကိုချွတ်၍ ဦးခေါင်းကို ရဲရဲငုံ့ပေးလိုက်
၏။ ဒီမှာ . . ကျွန်တော်တို့အားလုံး လူကြီးကို ကတုံးပြောင်နှင့် တွေ့လိုက်ရ
သူ့ကတုံးပြောင်ခေါင်းပေါ်မှာ အင်းကွက်လိုလို လေးထောင့် စမကွက်ကြီး

၌အထင်းသားမြင်ရ၏။

"မင်းတို့ ကာယသိဒ္ဓိဆေးလိုချင်ရင် ရိုက်လေ. . . "

ဒီမှာပဲ ကံညွန့်ဆိုသူက ဖြစ်ချင်ရာဖြစ်ဟူသည့် သဘောနှင့် အနီးရှိ ခွေးခြေခုံပုကို စုံကိုင်ပြီး လူကြီးရဲ့ ကတုံးကို အားကုန်ရိုက်ချလိုက်ရာ . . .

"ဖြောင်း . . . "

"ခွမ်း . . . "

"ဟာ . . . "

"ဟင် . . . "

"အလိုလေး . . . "

"ဘုရားရေ . . . "

ကျွန်တော်တို့အားလုံးသာမက လက်ဘက်ရည်ဆိုင်ထဲမှ လူများပါ အံ့ဩကုန်ကြရ၏။ အကြောင်းကား ကံညွန့်ရိုက်ချက်ကြောင့် လူကတုံးကြီး ဦးခေါင်းမကွဲဘဲ ခွေးခြေပုသာလျှင် အပိုင်းပိုင်းကျိုး၍ တစ်စစီ ဖြစ်သွားသော ကြောင့်တည်း။

"မြင်ပလား၊ ကျေနပ်ပလားဟေ့ . . . ၊ အားမရသေးရင် ကြိုက်ရာ ပစ္စည်းနဲ့ ကြိုက်တဲ့လူ ရိုက်စမ်းကွာ"

ဘယ်သူမှ မရိုက်ရဲကြ၊ ကျွန်တော်တို့အားလုံး ထူးဆန်းသော အသား မည်းမည်း၊ ကတုံးနှင့် လူကြီးကိုကြည့်၍ အံ့ဩနေကြ၏။ ကြောက်ရွံ့သွား၏။ ပြီး . . . လေးစားသွားကြရလေ၏။

"အဲဒီ ကာယသိဒ္ဓိပြီးဆေးများ၊ မင်းတို့ရရင် မလိုချင်ဘူးလားကွယ့်"

"အ . . အဘ၊ ဈေး . . ဈေးပြောပါ ခင်ဗျ"

"ဟား . . ဟား၊ ဟား . . ဟား"

"ဟား . . ဟား၊ ဟား . . ဟား"

လူကြီးက အားရပါးရအော်ရယ်၏။ ရယ်လို့ဝမှ ခေါင်းစွပ်ကို ပြန်စွပ် ရင်းပြော၏။

"ဒီမှာ လူကလေးတို့ . . ၊ ငါတို့ မြန်မာ့ဂမ္ဘီရလောကီပညာရပ်မှာ

အလွန်ကို ထူးဆန်းအံ့ဩဖွယ်ကောင်းတဲ့ ပညာရပ်ဆန်းတွေရှိသကွယ့်။ အင်းအိုင်၊ ခလှဲ့၊ လက်ဖွဲ့၊ မန္တန်များအား စီရင်ပေးသူဆရာရဲ့ သီလ၊ သမာဓိ၊ ပညာစွမ်းအားကြောင့် အနည်းနဲ့အများ သိဒ္ဓိရှိကြပါရဲ့၊ ဒါပေမယ့် လက်ခံရယူ သုံးစွဲသူပေါ်မှာ အဓိကမူတည်ပြီးမှ သိဒ္ဓိက အမှန်တကယ်မြောက်တာ . . . လူကလေးတို့ရဲ့၊ လက်ခံရယူတဲ့လူက သီလ မရှိဘူး၊ သမာဓိ မရှိဘူး၊ ကိုယ်ကျင့်တရား၊ စိတ်ဓာတ်မကောင်းဘူး၊ အသုံးချ လမ်းလွဲမှားနေပြီဆိုရင် ဘယ်လို ဆရာသခင်မျိုးက စီရင်ပေးပေး၊ အဲဒီပစ္စည်း ဘာသိဒ္ဓိအစွမ်းမှ မရှိဘူး။ အေး . . သိဒ္ဓိ အမှန်အကန် စွမ်းချင်ပြီဆိုရင် ရတနာသုံးပါးကို ယုံကြည်ပါ။ အနန္တောအနန္တငါးပါးကို မပြစ်မှားပါနဲ့၊ ကံငါးပါးလုံခြုံပါ။ ဗုဒ္ဓရဲ့ ဂုဏ်တော်မန္တန်များကို နေ့စဉ်ရွတ်ဖတ်ပွားများပါ။ ကိုယ့်ကိုယ်ကိုယ် သီလ စင်ကြယ်အောင်နေပါ။ မေတ္တာ၊ ကရုဏာတရားနဲ့ ကျင့်ကြံနေထိုင်ပါ။ ဒီအချက်တွေနဲ့ ညီညွတ်နေရင် မင်းတို့အလိုလို သိဒ္ဓိမြောက်နေပြီ။ ရန်သူမျိုးငါးပါးမပြောနဲ့ (၁၀)ပါးရှိရင်တောင် အနားကပ်လို့ မရဘူးကွ၊ အေး . . အဲဒါ အဘမင်းတို့ကို ချီးမြှင့်ပေးအပ်ခဲ့တဲ့ သိဒ္ဓိဝင်ပြီးဆေးပဲ။ မင်းတို့ စရဏအား ကောင်းကောင်းနဲ့ ကျင့်ကြံပေရော့ . . . အဘသွားပြီ၊ မမိုက်ကြနဲ့၊ လိမ်မာကြ"

"လူကြီးသည် စကားလုံးများကို အားရပါးရပြောပြီးနောက် နေရာမှထ၍ လွယ်အိတ်လေးကို ကောက်လွယ်ကာ ထွက်သွားလေသည်။ ကျွန်တော်တို့အားလုံး သူ့စကားလုံး ဆုံးမစကားများမှာ နစ်မျောရင်း ငေးမောတွေးတော၍ ကျန်ရစ်ခဲ့ကြလေသည်။

(နောင်အခါ ၄င်းလူမည်းကတုံးကြီးအကြောင်း စုံစမ်းလေ့လာလိုက်သောအခါ ၄င်းလူကြီးသည် မြန်မာ့ရိုးရာသိုင်းအဖွဲ့ချုပ်မှ နာမည်ကျော် သိုင်းပညာရှင်ကြီးတစ်ဦးမှန်း သိလိုက်ရသောအခါ ပညာသိဒ္ဓိ၏တန်ဖိုးကို ကျွန်တော်တို့ ပို၍ လေးစားနားလည်သဘောပေါက်ခဲ့ရလေသည်။)

◆ ◆ ◆

**မောင်ညိုမှိုင်း** *(သန်လျင်)*

(၂၀၀၃၊ စက်တင်ဘာလ၊ အတွဲ (၃)၊ ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း)



မောင်ညီမှိုင်း (သန်လျင်)

သုစရိုက်အကျိုးကြောင့်
ဒုစရိုက်မိုးခေါင်သွားခဲ့ပြီ

# သုစရိုက်အကျိုးကြောင့် ဒုစရိုက်မိုးခေါင်သွားပြီ

(၁)

ဒီလိုအဖြစ်မျိုး ကျွန်မတို့ ငယ်ဘဝမှာ ကြုံရလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ပါဘူး ။

ရွာဦးကျောင်းဆရာတော်ထံမှာ အမေနဲ့အတူ ဥပုသ်သီလသွားစောင့်တုန်းက ရွာဦးဆရာတော်က 'လောကဓံ'ဆိုတဲ့ အကြောင်းကို ဟောခဲ့ဖူးရဲ့ . . . ။

လောကဓံနဲ့ လောကဒဏ်ကို ကျွန်မတို့ အရွယ်ရောက်စ လူငယ်များ၊ တစ်နည်း မိဘနှစ်ပါးရဲ့ အကျိုးကျေးဇူးကြောင့် မပူမပင်မကြောင့်မကြ နေထိုင်စားသောက်ရချိန်မှာ အဲဒီတရားအကြောင်းကို သဘောပေါက်နားလည်ခြင်း မရှိခဲ့သေးပါဘူး။

ဒီမှာ အမှတ်ရတဲ့ စကားများကိုပဲ ပြောပြချင်ပါတယ်။

ဆရာတော်ဦးတေဇနိယက ရတနာသုံးပါးကို မမေ့နဲ့တဲ့။

အနန္တောအနန္တ ငါးပါးကို အစဉ်ကိုးကွယ်ဆည်းကပ် ရှိသေလေးစားပါတဲ့။

သမ္မာဒေဝနတ်များ၊ လောကပါလစောင့်နတ်များ၊ မိရိုးဖလာ နတ်များကိုလည်း ကုသိုလ်ကောင်းမှုပြုဖို့၊ အမျှအတန်းပေးဝေဖို့ မမေ့နဲ့တဲ့။

ပြီး . . .

လူကို လူချင်းပဲဖြစ်ဖြစ်၊ သတ္တဝါများအပေါ်ပဲဖြစ်ဖြစ်၊ မေတ္တာ ကရုဏာ၊ မုဒိတာ စိတ်မွေးပါတဲ့။

အဲဒါ . . 'သုစရိုက်'ရဲ့ လက္ခဏာတဲ့။

သုစရိုက်အားကောင်းရင် ဒုစရိုက်အနားကို ချဉ်းကပ်လို့ မရဘူးတဲ့

နောက်ဆုံး ဆရာတော်ချီးမြှင့်ခဲ့တဲ့ ဂါထာက . . .

မင်္ဂလသုတ်တော်ထဲက ဂါထာတစ်ပိုဒ်ပဲ။

အဲဒါက ဒီလိုပါရှင် . . .။

'ဖုဋ္ဌဿ လောက ဓမ္မေဟိ
စိတ္တံ ယဿ န ကမ္ပတိ
အသောကံ ဝိရဇံ ခေမံ
ဧတံမင်္ဂလ မုတ္တမံ . .'တဲ့။

"ဒကာမတို့၊ ဒကာကြီးတို့ အဲဒီဂါထာဂုဏ်တော်ကို မန္တန်လို ထုံနေအောင် နေ့တိုင်းရွတ်၊ အချိန်ရတိုင်းရွတ်၊ အရေးကြုံတိုင်းရွတ်ကွဲ့၊ ကြားကြလား"

"မှန်ပါ့ဘုရား"

"အရှင်ဘုရား"

တစ်ယောက်က မေးရဲ့။

"ဘာတုန်းကွဲ့ . . . ဒကာမကြီးရဲ့"

"ဒီဂါထာ ဘာကောင်းပါသလဲဘုရား"

"ဒီနေ့ကစ ယုံယုံကြည်ကြည်ရွတ်၊ တစ်နေ့ အဲဒီဂါထာ အစွမ်းသိဒ္ဓိနင်တို့ သိလိမ့်မယ်"

◆ ◆ ◆

(၂)

ပထမ ကျွန်မ ဆိမ်းထွန်းပြီး ဘုရားရှိခိုးနေချိန် . . .။

လေပြင်းများ ဝေ့လာ၍ ဘုရားဆီမီးငြိမ်းသွားခဲ့၏။ သို့နှင့် ပြန်ထွန်းလိုက်သည်။ အတန်ကြာမျှ ပရိတ်ကြီးမှ မေတ္တာသုတ်၊ မင်္ဂလသုတ်၊ ဗုဒ္ဓသုတ်များကို ရွတ်ပြီး (၃၁)ဘုံကို အမျှအတန်းပေးဝေသည်။

အဖေနှင့် အမေက မိုးသံလေသံကိုနားစွင့်ရင်း တံခါးများ ပိတ်နေ၏။

မုန်တိုင်းရှိသည်လို့တော့ ကြားရသည်။ ရွာထဲမှာ ပြောနေကြသည်မှာ ကျွန်မတို့ရွာသည် ပင်လယ်နှင့် မလှမ်းမကမ်းမှာရှိ၏။ မုတ်သုန်မိုးဝင်တိုင်း၊ မိုးဦးကျတိုင်း လေပြင်းဒဏ်ကို မကြာခဏခံရဖို့များ၍ တော်ရုံ လေပြင်းကို သိပ်စာဖွဲ့လေ့မရှိကြ။

ကျွန်မ ဆရာတော်လမ်းညွှန်ခဲ့သည့် ဖုဋ္ဌသဂါထာကို သက်စေ့ရွတ်လိုက်သည်။

"ဖုဋ္ဌဿ လောက ဓမ္မေဟိ"
စိတ္တံ ယဿ နကမ္ပတိ
အသောကံ ဝိရဇံ ခေမံ
ဧတံ မင်္ဂလ မုတ္တမံ . . ."
"ဝေါ . . . ဝေါ . . . ဝေါ"
"ဝူး . . . ဝုန်း . . . ဝုန်း"
"ဝုန်း . . . ဝုန်း . . . ဝုန်း"
"ဟဲ့ . . . ဟဲ့ . . လေပြင်းတွေကျလာပြီ ကိုထွန်းလှရေ"

တောင်အရပ်မှ လေသံကြီးဟည်း၍ ပေါ်လာပြီး သစ်ပင်များ ဝုန်းဒိုင်းကြဲသံ ကြားလိုက်ရသည်။ အိမ်နောက်ဖေးမှ ကျွဲနွားများလန့်အော် ရုန်းသံကို ကြားရသည်။ ကျီးငှက်အုပ်များ ဝေါခနဲ ကျွတ်ကျွတ်ညံအော်၍ ထပျံသည့်အသံများကို ကြားလိုက်ရပြန်သည်။

"မုန်တိုင်းတဲ့ဟ"

"ဟဲ့ . . . ဟဲ့ အပြင်မထွက်နဲ့"

"ဝုန်း"

"အမယ်လေး"

"ဝေါ"

"ဟာ . . . ဟာ . . . "

"ဝပ်နေကြ၊ ဝပ်နေကြ"

လေနီကြမ်းကြီးနှင့်အတူ မိုးသီးမိုးပေါက်များ သည်းထန်စွာရွာချလိုက်သည်။ လေသည် ရေပွက်သလို အော်သံကြီးနှင့် ရွာကို ဖုံးသွားပြီးမည်းမှောင်ကျသွားသည်။

သစ်ပင်များ တောင်များ၊ ပြိုလဲကျကုန်သည်။

ရွာထဲရှိ တိရစ္ဆာန်များ ရုန်းကန်အော်ဟစ်ပြေးလွှားနေကြသည်။

"ဝေါ . . . ဝေါ"

"ဝုန်း . . . ဝုန်း"

"အမေ . . . အဲဒါ ဘာလဲဟင်"

"မသိဘူး . . . ကိုထွန်းလှ သွားကြည့်ပါဦးတော့ . . . ဘုရားဘုရား"

"ပင်လယ် ဒီရေတက်လာပြီဟေ့ . . . "

"ပြေးကြ . . . ပြေးကြ"

"ရေတွေ ရွာထဲကို ဝင်လာပြီဟေ့"

ဘာမျှမကြာလိုက် ပင်လယ်အော်သံ လှိုင်းသံများမြည်သံ၊ မိုးသံလေသံနှင့်အတူ ရွှံ့ရေလုံးကြီးများ ရွာထဲသို့ လိမ့်၍ဝင်လာသည်။

ရွာသူရွာသားများ ရရာပစ္စည်းဆွဲ၊ ကိုယ့်သားသမီးများ ချီပိုး၍ပြေးကြသည်။

ကျွန်ုပ်တို့ သားအဖသုံးယောက် အိမ်ပေါ်မှ ခုန်ချ၍ ပြေးကြသည်။ ကြောက်စရာ ကောင်းသော ဒီရေလုံးများသည် ရွာကို တိုက်စားဖုံးလွှမ်းသွားခဲ့သည်။

ငရဲပွက်မှု အော်သံများက ကမ္ဘာပျက်နေသလို။

လျင်မြန်လှသော ဒီရေနှင့် လှိုင်းများသည် မိနစ်ပိုင်းအတွင်း ရွာများကို ဖုံးလွှမ်းတိုက်ဖျက်ကာ လူနှင့်ကျွဲနွားတိရစ္ဆာန်များကို တစ်ချက်တည်း သယ်ချသွားခဲ့၏။ မျောပါသွားကြ၏။

"အဖေရေ"

"သားရေ"

"အမေ . . ."

"သမီး . . . သမီးလေး"

"အစ်ကိုရေ . . . ကယ် . . ပါ . . ဦး"

"ညီမလေး . . . ညီ . . မ . . လေး"

"အစ် . . ကို . . . အား"

ကျွန်မ ရေလုံးဒီရေအောက်မှာ မြုပ်သွားပြီး အဖေနှင့်အမေနှင့်ပါ ကွဲသွားသည်။ နေ့စဉ်မြင်ခဲ့ရသော ရွာသည် မရှိတော့။

ညအမှောင်အောက်မှာ ရွာသည် ပင်လယ်ရေပြင်လို ဖြစ်သွားသည်။

အလောင်းများ . . . ဥဒဟို မျောနေကြသည်။

ရေပေါ်ပစ္စည်းများ အနှံ့အပြားလွင့်မျောနေကြသည်။

ကံကောင်းထောက်မစွာ၊ ကျွန်မ မျောပါလာသည့် ငှက်ပျောပင်ကြီးကို ရေစုန် လေစုန်မျောရာအတိုင်း လိုက်ပါနေလိုက်သည်။

မည်းမှောင်နေ၍ ဘယ်ကိုရောက်လို့ ရောက်မှန်းမသိ။

တစ်ညလုံး မျောနေသည်။

ခေါ်သံအော်သံများအား မကြားရတော့။ ကျွန်မ အကြောက်ကြီးစွာဖြင့် ဘုရားကို တ,သည်။ အမိကို တ,သည်။ အဖကို တ,သည်။

အဘမင်းခေါင်ကို တ,သည်။ ရေငန်ပိုင် ဦးရှင်ကြီးကို တ,သည်။ နတ်ဒေဝတာများကို မေတ္တာပို့သည်။

ပြီး . . . ငှက်ပျောတုံးပင်ကြီးကို ဖက်ပြီး၊ ဖုဋ္ဌသဂါထာကို အသံဝင်သည်အထိ ရွတ်နေလိုက်သည်။

လူသည် ခိုက်ခိုက်တုန်ချမ်းနေ၏။ ခြေထောက်များ ထုံကျင်လ
သည်။ မကြာခင် အလင်းရောင်ပျို့၍ လာခဲ့သဖြင့် ဝမ်းသာသွားခဲ့သည်၊
လင်းကြက်အော်သံမကြားရ။

ဘုန်းကြီးကျောင်းက တုံးမောင်းခေါက်သံ မကြားရ။

မိမိတို့နေသော သစ်ပင်များ အချို့နှင့် ရေပြင်ကျယ်ကြီးကိုသာ
မြင်နေရသည်။ ဒါ ရွာလား၊ ပင်လယ်လား၊ မြစ်လား၊ ကျွန်မ မသိ။

"အစ်မ . . . အစ် . . မ"

"ဟင်"

တစ်ညလုံး စီးမျောသည့်ကာလ လူခေါ်သံမကြားရ၊ လူခေါ်သံ
ကြား၍ ဟိုဒီ လှည့်ကြည့်လိုက်သောအခါ . . .

သစ်တုံးတစ်တုံးကို ဖက်ပြီး မျောနေသော မိန်းကလေးတစ်ဦး၊
ခန္ဓာကိုယ်မှာ အဝတ်အစားမရှိတော့။ ဆံပင်ဖားလျားများက ရေပြင်ပေါ်မှာ
ပြန့်ကြဲလျက် . . .

"အစ် . . . မ"

"ညီ . . . မ"

ကျွန်မ အားရဝမ်းသာကြုံး၍ အော်လိုက်သည်။ လေငြိမ်စပြု၍
ရေပြင်သည် လှိုင်းမထန်တော့ဘဲ လှိုင်းကြက်ခွပ်များနှင့် စီးလူးနေသည်။

မိန်းကလေးက ကျွန်မရှိရာသို့ သစ်တုံးကို ဦးတည်၍ ကူးလာ၏။
သူမ ကျွန်မအနီးကို ရောက်လာသည်။

တစ်ယောက်လက်ကို တစ်ယောက်လှမ်းကိုင်ကြည့်သော်လည်း
လက်များက ရေခဲရိုက်ထားသလိုဖြစ်၍ ထိတွေ့မှုအရသာ သိပ်မခံစားရ၊

"ညီမ . . . ဘယ်ရွာကလဲ"

". . . ရွာက အစ်မရော"

". . . က"

"ကြောက်လိုက်တာ အစ်မရယ်၊ ကျွန်မတို့ ဘယ်ရောက်နေလဲဟင်
. . ဟီး"

"မငိုနဲ့ ညီမ၊ ဒါ ရွာလား ပင်လယ်လား၊ အစ်မလည်း မသိဘူး။ ညီမ ဘုရားစာ ရလား"

"ရတယ်"

"ဖုဌ္ဌသသရလား"

"ဟင့်အင်း"

"သမ္ဗုဒ္ဓေရော ရလား"

"ဟင့်အင်း"

"ဘာရလဲ ညီမရယ်"

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"

"အဲဒါကိုသာ ရွတ်၊ အဆက်မပြတ်ရွတ်"

ကျွန်မ ငှက်ပျောရွက်များနှင့် ကလေးမလေးရဲ့ သစ်တုံးကို ရအောင် ချည်လိုက်သည်။ ဒီလိုချည်လိုက်တော့ သူမနှင့်ကျွန်မ မကွဲမကွာ အဖော်ရ သွားခဲ့ပြီး အားရှိသွားခဲ့၏။

ကလေးမလေးက ကြောက်၍ ငိုလိုက်သည်။

အလို . . . သူမ ဘယ်လက်ပေါ်မှာ ရွှေလက်ကောက်သုံးကွင်းနှင့် ပါလား။ အဝတ်အစားတော့ မရှိ။ ကျွန်မမှာလည်း ရွှေလက်ကောက်နှစ်ကွင်း ပါသည်။

"အခုနေ အသက်ကယ်လှေရောက်လာရင် ကောင်းမှာပဲ။ အသက် ရှင်ရင်ပြီးရော ရှိတာအကုန်ချွတ်ပေးလိုက်မယ် အစ်မရယ်"

"အစ်မလည်း ဒီလိုပါပဲ ညီမရယ်"

ကျွန်မတို့နှစ်ဦး ရေစီးမျောအတိုင်း ဘုရားစာများကို ရွတ်၍နေလိုက် သည်။ နာရီ ဝက်ခန့်ရှိသောအခါ . . .

"အစ် . . . အစ်မ"

"ဘာ . . . ဘာတုန်း . . . ညီမလေး"

"ဟိုမှာ . . . ဟိုမှာ လှေနှစ်စီးတော့"

"ဘယ်မှာလဲဟဲ့ . . . မမြင်ပါလား"

ကျွန်မမျက်လုံးထဲ ဘားငန်ရေများဝင်နေ၍ အဝေးကို သဲသဲကွဲကွဲ မမြင်ရ။ မြင်ရသည်ကား ရေမျောပစ္စည်းများနှင့် လူသေအလောင်းများ တိရစ္ဆာန်သေအလောင်းများ။

ဟိုမှာ အစ်မရဲ့ . . . ကျွန်မတို့ဆီကို လာနေတာလေ။ ဘုရားသိကြ မတာပဲ။ ဒီမှာရှင့် . . . ကျွန်မတို့ ဒီမှာကယ်ကြပါဦးတော့"

ကောင်မလေးက ဝမ်းသာအားရလက်မြှောက်၍ အော်လိုက်၏။ ကျွန်မလည်း သူမနည်းတူ အသားကုန်အော်ဟစ်လိုက်၏။

"ကျွန်မတို့ကို ကယ်ပါ . . .၊ ကယ်ကြပါဦး . . . ရှင်"

မကြာခင် လှေငယ်နှစ်စီးနှင့် လူလေးယောက် မလှမ်းမကမ်းသို့ ရောက်လာ၏။ သူတို့ ဝါးဖက်ခမောက်များဆောင်းထား၍ အကျီမပါ ကျော ပြောင်ကြီးများကိုယ်စီနှင့်။

လှေနှစ်စီးသည် ရှေ့ဆင့်နောက်ဆင့် ချဉ်းကပ်လာသည်။

သူတို့ စကားလုံးဝမပြော။

ဒီမှာ ကျွန်မက ကပ်လာသည့် လှေနံကို ဝမ်းသာအားရ ရွှေ လက်ကောက်များ ဝတ်ထားသောလက်နှင့် ကိုင်လိုက်သောအခါ . . .

လှေဦးမှ လူကြီးက ကျွန်မလက်ကို လှမ်းကိုင်ပြီး ညာလက်ထဲက ဓားနှင့် ကျွန်မလက်ကိုခုတ်ရန် ရွယ်လိုက်သည်။

"ဟင်"

"ဘုရားရေ"

ကျွန်မ လျင်မြန်စွာ လက်ကိုရုပ်ပြီး ရေအောက်ကို ငုပ်လိုက်သည်။ တစ်နေရာမှာ ဘွားခနဲပြန်ပေါ်လာသောအခါ တစ်ခုသော လှေပေါ်က လူကြီးက ဟိုကလေးမလေးရဲ့ လက်ကိုဆွဲပြီး ငှက်ကြီးတောင်ဓားနှင့်ခုတ်ရန် ရွယ်လိုက်သည်။

အကင်းပါးလှသော ကလေးမလေးက ဆောင့်ရုန်းပြီး ရေအောက်သို့ ငုပ်လျှိုးသွားခဲ့၏။ ဒီအချိန်မှာ လေပြင်းများကျလာပြီး ရေပြင်သည် လှိုင်းထလာ၏။ ကျွန်မတို့နှစ်ဦး ရေပေါ်ပြန်အပေါ်မှာ တစ်ယောက်လက်

တစ်ယောက်ကိုင်ပြီး ကိုယ်ကိုဖော့၍ ရေစီးအတိုင်း မျောလိုက်ကြ၏။

လူယုတ်မာ လှေသမားလေးဦးကလည်း ကျွန်မတို့ နှစ်ဦးနောက်သို့ ဓားများကိုမြှောက်၍ လှေကို တအားလှော်ပြီးလာနေ၏။

ကျွန်မတို့က ကယ်တင်ရှင်များမှတ်၍ အားကိုးယုံကြည်နေကာမှ လက်စသတ်တော့ အချောင်သမား၊ အတ္တသမား၊ လူယုတ်မာ လူမသမာများ ဖြစ်၍ ကိုယ့်ဘဝဖြစ်စဉ်ကို ကိုယ် ရင်ထု၍မဆုံး။

"အဘိုး ကွင်းပိုင်ကြီး . . . သမီးကို ကယ်ပါ အဘိုး"

"အဘ ရေငန်ပိုင်ကြီး . . . သမီးတို့ကို ကူညီစောင့်ရှောက်ပါ အဘ"

"ဘုရား . . . ဘုရား . . . ဘုရား"

"ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော၊ သံဃဂုဏော အနန္တော . . ."

ကျွန်မတို့ ရရာ၊ အားကိုးရာများကို တမ်းတ၍ ရေထဲမှာ ကူးရှောင်နေကြသည်။ လှေနှစ်စီးကလည်း လှိုင်းလုံးများပေါ်မှာ ဦးထောင်လိုက်၊ ပြန်ကျလိုက်နှင့် ဒလကြမ်းလိုက်နေသည်။

သူတို့မျက်နှာပေါ်မှာ အကြင်နာတရား လုံးဝမရှိ။

ရက်စက်ကြမ်းကြုတ်ခြင်းနှင့် လောဘရိပ်များက တင်းကြမ်း . . .။

ဒီမှာ တစ်ဦးသောလှေက ကျွန်မတို့ကို မှီလာခဲ့သည်။ လှေဦးမှလူသည် ငှက်ကြီးတောင်ဓားနှင့် လှမ်း၍ ခုတ်ရန်ရွယ်လိုက်သည်။

"ဝုန်း"

"အမ . . လေး"

"ဟား . . ဟား"

"ဝုန်း"

"အား"

ရေမလှိုင်းလုံးကြီးနှစ်လုံးက လှေနှစ်စီးကို ပင့်လှန်၍ တင်လိုက်သလို လှေနှစ်စီး လေထဲ ရေထဲ လှိုင်းလုံးကြီးများမှာ နောက်ပြန်ကျွမ်းစိုက်ပြီး နစ်မြုပ်သွားခဲ့ကြလေသည်။

မိုးမခ စာပေ

လူ့အတ္တလေးဦး ရေထဲမှာ လူးနေကြသည်။

ကံတရားသည် အလွန်ကို ဆန်းကြယ်လှ၏။

ကျွန်မတို့ဆီ မျောလာသည့် ပျဉ်ပြားကြီးတစ်ချပ်ကို ကျွန်မတို့ လှမ်း၍ ဆွဲကိုင်လိုက်သည်။

ဒီအချိန်မှာ လူယုတ်မာလေးယောက်ကို ရေအောက်မှ တစ်စုံတစ်ယောက်က ဆွဲယူသွားသည့်အလား တစ်ယောက်ပြီးတစ်ယောက် အလန့်တကြား အော်ဟစ်ရင်း နစ်မြုပ်သွားခဲ့ကြလေသည်။

◆ ◆ ◆

(၃)

မကြာမီ လေပြင်းများ လုံးဝငြိမ်သက်သွားခဲ့၏။

အရှေ့မှ နေရောင်ပျို့ပျို့ကို မြင်ရသည်။ ငှက်အချို့ ပျံနေသည်ကို မြင်ရသည်။ ကျွန်မတို့နှစ်ဦး ပျဉ်ပြားပေါ်မှာ ရောက်ရှိပြီး ရေပြင်မှာ မျောနေသည်။

"အစ်မ . . အစ်မ"

"ဘာတုန်း . . ညီမလေး"

"ဟိုမှာ . . လှေတွေ လာပြန်ပြီ"

"ဟင်"

လှမ်းကြည့်လိုက်တော့ . . လှေသုံးစင်းနှင့် ပဲ့ချိတ်တစ်စင်း ကျွန်မတို့ရှိရာသို့ အပြေးအပြင်းလာနေသည်။

ကျောထဲမှာ စိမ့်၍ကြောက်သွားသည်။ ဒီတစ်ခါတော့ ပြေး၍မလွတ်၊ သေပြီနဲ့ တူရဲ့။

"ညီမလေး"

"အစ်မ"

"ပျဉ်ပြားအောက်ကို ဝင်နေ . . . အမြန်"

ကျွန်မတို့နှစ်ဦး ဖျဉ်ပြားအောက်မှာဝင်၍ နှာခေါင်းမျှသာ ဖော်ပြီး ကိုယ်ဖော့ မျှောပါလိုက်ကြသည်။

ဒီမှာ ပဲ့ချိတ်နှင့်လှေများ ကျွန်မတို့ဝန်းကျင်မှာ ရောက်ရှိလာ ကြသည်။

ပဲ့ချိတ်ပေါ်မှာ ယူနီဖောင်းဝတ် လူရွယ်များ . . .

"ကျွန်တော်တို့ ကယ်ဆယ်ရေးအဖွဲ့ကပါ . . . မကြောက်ကြပါနဲ့"

"ကျွန်တော်တို့ ခင်ဗျားတို့ကို ကူညီဖို့ လိုက်ရှာနေတာ"

ကျွန်မတို့ ဝမ်းသာသွားသည်။ သူတို့ကျောပေါ်မှာ လက်နက်များ လည်းပါသည်။ ဆေးသေတ္တာများလည်း ပါသည်။ ကြိုးကွင်းဖော့ကွင်းများ လည်းပါလာသည်။

ကျွန်မတို့နှစ်ဦး ဖျဉ်ပြားအောက်မှ ခေါင်းဖော်၍ ထွက်လိုက်ကြသည်။ ကျွန်မက . . .

"အစ်ကိုတို့ရှင့် . . . "

"ညီမလေး နောက်မှပြော အပေါ်ကို အရင်တက်၊ မကြောက်နဲ့"

"ဟို . . ဟို ညီမလေးမှာ အဝတ်အစားမရှိတော့ဘူး"

"ဟော . . "

"ကိုလူမောင် . . ခင်ဗျား ပုဆိုးချွတ်ပေးစမ်း"

ဒီမှာ လှေသမားကြီးတစ်ဦးက သူ့ပုဆိုးကိုချွတ်ပေးပြီး ဘောင်းဘီတို နှင့် နေလိုက်သည်။ ကျွန်မ လှေသမားကြီးပုဆိုးကို ညီမလေးထံ လှမ်းပေး လိုက်သည်။ ညီမလေးက ခေါင်းပေါ်မှစွပ်ချပြီး ဖြစ်သလိုရင်စည်း ဝတ်လိုက် သည်။

မကြာခင် . .

ကျွန်မတို့ ပဲ့ချိတ်ပေါ်သို့ အန္တရာယ်ကင်းဘေးရှင်းစွာ ရောက်သွားပြီး ပဲ့ချိတ်ရဲ့ နှင်ရာအတိုင်း၊ မကြာခင် ဒုက္ခသည်နားခိုရာသို့ မိန်းမောဟိုက်ပန်း လျက် ရောက်ရှိသွားသောအခါ . . .

အမေနှင့် အဖေ့ကိုပါ မသေမပျောက် ပြန်တွေ့ရပြီး၊ မိသားစုများ

ချုံးပွဲချ၍ ဖက်ငိုခဲ့ရသည်။

ကျွန်မတို့နှစ်ဦးက ရေပြင်မှာ မျောပါနေစဉ် ကြုံတွေ့ခဲ့ရသည့် ရင်တုန်ဖွယ် ဖြစ်ရပ်ကိုပြန်ပြောလိုက်သောအခါ . . .၊

အဖေနှင့် အမေတို့က ရင်ကိုဖိ၍ ဘုရားတသည်။

ကယ်ဆယ်ရေးရဲဘော်များသည် ကျွန်မတို့ဖြစ်အင်ကို ကြားရသော အခါ လက်နက်များကိုင်စွဲပြီး ပဲ့ချိတ်များပေါ်သို့ တက်၍ရေပြင်ရှိရာသို့ စက်ကုန်မောင်းပြီး ထွက်ခွာသွားကြလေသည်။

"သမီး . ."

"ရှင် . . အမေ"

"ညည်းတို့ ဘာကြောင့် အန္တရာယ်ဆိုးအမျိုးမျိုးက ကင်းလွတ် အသက်ရှင်နေသလဲ သိလား"

"သိပါတယ် အမေ"

"ဘာကြောင့်လဲ . ."

"ရတနာမြတ်သုံးပါးရဲ့ ကျေးဇူး၊ အနန္တောအနန္တငါးပါးရဲ့ ကျေးဇူးနဲ့ ဘုရားဂုဏ်တော်များ ကျေးဇူးပါပဲ အမေရယ် . ."

အမေက ကျွန်မကို ဖက်ထားသည်။ အဖေက ဒုက္ခသည် ညီမလေး ကို ဖက်ထား၏။ ဒီမှာ ကျွန်မလက်ကောက်နှစ်ကွင်းကိုချွတ်၍ အမေ့ကို ပေးလိုက်၍ . .

"အမေ . ."

"ဘာလဲဟင် သမီး"

"ဒီရွှေဟာ အရေးကြီးရင် အသုံးဝင်သလို . . အရေးကြုံရင် အန္တရာယ်များလှပါတယ် အမေ၊ ဒီနှစ်ကွင်းကို ရေဘေးဒုက္ခသည်များ အတွက် လှူလိုက်ပါတော့ အမေရယ်"

"သာဓု . . သာဓု . . သာဓု"

သာဓုဟု နောက်ဘက်မှ ခေါ်သံကြား၍ လှည့်ကြည့်လိုက်သောအခါ ရွာဦး ကျောင်းဆရာတော်ဖြစ်နေသည်ကို ဝမ်းသာဖွယ်မြင်လိုက်ရသောအခါ

ကျွန်မတို့ မြေပြင်မှာ ထိုင်ချ၍ ရှိသေစွာ ရှိခိုးကန်တော့လိုက်ကြလေသည်။

◆ ◆ ◆

**မောင်ညိုမှိုင်း** *(သန်လျင်)*

(၂၀၀၈-ခု၊ ဩဂုတ်လ၊ အတွဲ (၃)၊ အမှတ် (၂) ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း)



နန္ဒာစိုး (ဆင်ဖြူကျွန်း)

# မေ့မရသော ခရိုးသည်

(၁)

စင်စစ်တော့ ကျွန်တော်သည် ကျောင်းဆရာတစ်ယောက် ဖြစ်ပါသည်၊ ဘဝတစ်လျှောက်ကို ကျောင်းဆရာဘဝဖြင့် ကျင်လည်အသက်မွေးခဲ့သည်၊ သို့သော် တစ်ဘက်ကလည်း ကျွန်တော့်တွင် ဖြေဖျောက်မရသော ဝါသနာတစ်ခုက ငယ်စဉ်ကတည်းက စွဲကပ်ခဲ့ပါ၏၊ ထိုဝါသနာကား အခြားမဟုတ်၊ စာရေးစာဖတ်လိုသော ဝါသနာဖြစ်သည်၊

ထို့ကြောင့် ဝါသနာအလျောက် စာတိုပေစာများ ရေးသား၍ မဂ္ဂဇင်းများများ၊ ဂျာနယ်များသို့ ပေးပို့ခဲ့မိရာ ကံအားလျော်စွာ မကြာခဏ ဖော်ပြပေးခြင်းခံခဲ့ရပါသည်၊ သို့ဖြင့် ကျွန်တော့်မှာ စာရေးဆရာဘဝတစ်ပိုင်း ကျောင်းဆရာဘဝတစ်ပိုင်းသို့ ရောက်ခဲ့ရပါတော့သည်။ ကျွန်တော်မှာလည်း မပယ်ဖျောက်နိုင်သော ဝါသနာအလို့ငှာ ကျွန်တော့်ဘဝတွင် ထူးထူးကဲကဲကြုံခဲ့ရသမျှကို ဝတ္ထုအသွင်ဖြင့်သော်လည်းကောင်း၊ ဆောင်းပါး အသွင်ဖြင့်သော်လည်းကောင်း ရေးသားမှတ်တမ်းတင်မိခဲ့ရပါတော့သည်။

စာဖတ်သူများသို့ ယခုတင်ပြမည့် အကြောင်းအရာကလေးနှင့် ပတ်သက်၍ နိဒါန်းသွယ်သည့်သဘောနှင့် အနည်းငယ်ပြောလိုပါသည်။ အခြားမဟုတ်ပါ။ ယခု တင်ပြမည့် အကြောင်းအရာသည် စာရေးဆရာတို့၏ စိတ်ကူးစိတ်သန်းဖြင့် တင်ပြရသော စိတ်ကူးယဉ်ဇာတ်လမ်းတစ်ပုဒ် (လုံး၀-လုံး၀)မဟုတ်ရသော ကျွန်တော်၏ ကိုယ်တွေ့ ဖြစ်ရပ်မှန် အကြောင်းခြင်းရာ တစ်ခု ဖြစ်ပါကြောင်းပင်။ လောကကြီး၌ တစ်ခါတစ်ရံ မိမိ၏ ဦးနှောက် အသိဉာဏ်ဖြင့် လိုက်မမီသည့် ဖြစ်ရပ်ဆန်းကြယ်တို့ အမှန်တကယ် ရှိနေပါ သည်ဟုဆိုလျှင် မကြုံဘူးသူတို့ ယုံနိုင်ကြလိမ့်မည် မထင်ပါ။ သို့သော် ဆန်းကြယ်လှသော ထိုဖြစ်ရပ်တို့သည် လောကကြီးထဲမှာ အမှန်တကယ် ရှိနေကြပြီး ကြုံခွင့်တွေ့သူသာ ကြုံနေရတာကလည်း အသေအချာပဲ ဖြစ် ကြောင်းကိုကော့ ကျွန်တော် ယုံကြည်လက်ခံမိခဲ့ပြီ ဖြစ်ပါသည်။ မယုံကြည် လည်း ခံနိုင်ပါရိုးလား . . .။

ကျွန်တော့်ဘဝတွင် 'ဇာတိသရဉာဏ်'ဟု ဆိုကြသည့် မိမိ၏ အတိတ်ဘဝ အကြောင်းခြင်းရာများကို အတိအကျပြန်ပြောနိုင်သောဉာဏ်ကို ရှိသော ပုဂ္ဂိုလ်တစ်ဦး (တစ်ပါး)နှင့် မမျှော်လင့်ဘဲ ဆုံတွေ့ခဲ့ရပါသည်။ အခြား တစ်ပါးသူတို့၏ တစ်ဆင့်ပြန်လည်ပြောပြချက်မျိုး မဟုတ်ဘဲ၊ တိုက်ရိုက် ကိုယ်တွေ့ ကြုံတွေ့ခဲ့ရခြင်းဖြစ်သည့်အတွက် ကျွန်တော့်မှာ ထူးထွေ အံ့ရာ ဖြစ်ခဲ့ရ၏။ ယခုစာစုသည် ထိုအကြောင်းကို တစ်ဆင့် ပြန်လည်ဖောက်သည် ချမည့် စာစုဖြစ်ပေသည်။

၀တ္ထုပဲဆိုဆို၊ ဆောင်းပါးပဲပြောပြော၊ စာဖတ်သူ၏ သဘော အတိုင်းရှိပါစေ၊ ကျွန်တော်ကတော့ ကျွန်တော် ကြုံခဲ့ရသည့်အတိုင်း ပြန်လည် တင်ပြလိုက်ရပါသည်။ စာရှုသူများခင်ဗျား . . .။

◆ ◆ ◆

မြန်မာပြည်အလယ်ပိုင်း၊ မကွေးတိုင်းအတွင်း၌ ရော၀တီမြစ်

အနောက်ဘက်ခြမ်းရှိမြို့နယ်များတွင် စလင်းမြို့နယ်သည်လည်း တစ်မြို့နယ် အဖြစ် ပါဝင်ပါသည်။ စေတုတ္တရာမြို့နယ်၊ ငဖဲမြို့နယ်၊ မင်းဘူး (စကု)မြို့နယ် ပွင့်ဖြူမြို့နယ်တို့နှင့် ဟစ်ကြောတည်း ဖြစ်သည်။ ထို စလင်းမြို့နယ်အတွင်း၌ 'ခင်ပလူ'ဟု ခေါ်မည်ရသော ရွာကလေးတစ်ရွာလည်း ရှိပါသည်။ စလင်းမြို့မှ အနောက်ဘက်ဆင်ကျုံးရွာအထွက် ကားလမ်းမကြီးအတိုင်း သွားရပါသည်၊ ထို ခင်ပလူရွာကျောင်း၌ (မူ-အုပ်) မူလတန်းကျောင်းအုပ်အဖြစ် ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ကျွန်တော့်အောက်တွင် လက်ထောက်ဆရာ ကျောင်းအကူ လုပ်သားလည်း ရှိကြလေသည်။

ကျွန်တော်ကား ထို ခင်ပလူရွာ၌သာ တာဝန်ကျနေသည်။ကျွန်တော့် အိမ်ထောင်ဘက်နှင့် နေထိုင်သောမြို့က ဆင်ဖြူကျွန်းမြို့ဖြစ်သည်။ ပြောရလျှင် အတော်ကလေး ဝေးသေးသည်။ နေ့တစ်ဝက်သာသာ စက်ဘီးနင်းရသည်။ မူလတန်းကျောင်းအုပ်ကလေး ကျွန်တော့်မှာလည်း ခြေမြန်တော်ဆို၍ စက်ဘီးစုတ်ကလေးတစ်စင်းသာ ရှိပါသည်။ သည်တော့ ကျောင်းပိတ်ရက်တိုင်း အပင်ပန်းခံ၍ ကျွန်တော်မပြန်။ တာဝန်ကျရာ ခင်ပလူရွာ ကျောင်းမှာပင် အပါးခို၍ နေရသည်။ တစ်လတစ်ကြိမ်မှ အနိုင်နိုင် အားတင်းပြီးမှ ပြန်ဖြစ်ပါသည်၊ ဒါတောင် ခင်ပလူရွာမှထွက်ခဲ့၍ ဆင်ဖြူကျွန်းက အိမ်ကို ရောက်သည်နှင့် မလှုပ်နိုင်တော့ပါ။ စက်ဘီးနင်းလာခဲ့၍ ပေါင်တွေတောင့် ခြေသလုံးတွေတောင့်နေကာ သားသမီးတွေကို အနင်းခိုင်းရသည်ချည်းဖြစ်ပါသည်၊ ထိုဒုက္ခတွေကို မခံချင်သောကြောင့် ကျွန်တော်သည် ဆင်ဖြူကျွန်းမြို့က အိမ်ကိုမပြန်ဘဲ ခင်ပလူရွာ၌သာ ပေကတ်နေသည်က များပါသည်၊

ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေနေ့မျာ ၁ွင် နံနက်ပိုင်း အချိန်ပိုအဖြစ် ကျောင်းသားကျောင်းသူတွေကိုခေါ်၍ စာသင်ပေးပါသည်။ ပြဌာန်းချက်များကို စောစောပြီးအောင် သင်ပြီးလျှင် ပြန်လှန်လေ့ကျင့်ခန်းအဖြစ် နောက်တစ်ကြိမ်ပြန်လှန် စစ်ဆေးသင်ပြပေးပါသည်၊ ဒါကို ကျွန်တော်တို့ ပညာရေးလောကသုံး စကားအဖြစ် **Revision** (ရီဗီရှင်း)ပြန်သည်ဟု ခေါ်ပါသည်၊ ဒါက ကျွန်တော် နှစ်စဉ်လုပ်လေ့ရှိသော အလေ့အထဖြစ်သည်၊

အချို့သော စနေ၊ တနင်္ဂနွေနေ့များ၌ ကျောင်းက ကလေးတွေ၏ အလုပ်အကိုင်အားလပ်မှု ရှိ၊မရှိပေါ် မူတည်၍ အနားပေးရသည့်အခါမျိုးလည်း ရှိပါသည်။ ဥပမာ သူတို့မိဘများ၏ စိုက်ပျိုးရေးလုပ်ငန်းခွင်သဘောအရ အလုပ်လိုင်နေသည့်ကာလမျိုး၊ ပဲစင်းငုံနှုတ်ရက်၊ နှမ်းရိတ်ရက်စသဖြင့်ပေါ် မူတည်၍ အနားပေးရခြင်းမျိုး ဖြစ်သည်။ ကျောင်းကို ကိုယ်ခေါ်ချင်တိုင်းလည်း ခေါ်၍မရပါ။ မသင့်ပါ။ ကလေးတို့မိဘများ၏ လုပ်ငန်းခွင်အရ အလုပ်လိုင်သည့်ရက်များတွင် ကိုယ်က အလိုက်သိသိအနားပေးကာ မိဘများကို ကူညီစေရပါသည်။ ကျွန်တော်တို့ကျေးရွာများတွင် ထိုသို့ဆရာနှင့်မိဘ အပေးအယူမျှရတာမျိုးလည်း ရှိပါသည်။

ထိုသို့သော အနားပေးထားရသည့် ရက်များထဲက တစ်ရက်ပဲဖြစ်ပါသည်။ ကျောင်းသားကျောင်းသူများကိုလည်း ခေါ်မထား . . . ကျွန်တော်ကလည်း ဆင်ဖြူကျွန်းမြို့သို့ မပြန်ဖြစ်သဖြင့် အားလပ်နေသော စနေတစ်နေ့မှာ ကျွန်တော့်၌ စိတ်ကူးတစ်ခု ပေါ်လာခဲ့လေသည်။ စိတ်ကူးက ရွာ အနောက်ဘက်တောထဲတွင် နေထိုင်ကြသော ကျွန်တော့်မိတ်ဆွေများဖြစ်ကြ ဦးလှမောင်-ဒေါ်မြမယ်တို့အိမ်သို့ အလည်အပတ်သွားရန် စိတ်ကူးဖြစ်လေတော့သည်။

စင်စစ်၌ ထိုစိတ်ကူးသည် ပေါ်သင့်ပေါ်ထိုက်သော စိတ်ကူးမဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ထိုစိတ်ကူးပေါ်ချိန်က နံနက် (၉)နာရီထိုးနေပြီဖြစ်သည်။ မနက်စာ (သို့မဟုတ်)နေ့လည်စာစားရန် ကပ်နေသောအချိန်ကြီးမှာ ပေါက်ပေါက်ရှာရှာပေါ်လာသော စိတ်ဖြစ်သည်။ သို့သော် အဲဒီတုန်းက နေ့လည်စာထမင်းကလေးပြီးမှသွားလျှင် ကောင်းမည်ဆိုသော အတွေးမျိုး ကျွန်တော့်မှာ လုံးဝမဝင်။ ဦးလှမောင်တို့ ဒေါ်မြမယ်တို့တဲသို့ မြန်မြန်ရောက်ချင်သော စိတ်ကပင် ဦးစီးလျက်ရှိနေခဲ့သည်မှာ ပြန်တွေးတော့ တော်တော်အံ့ဩစရာပင် ဖြစ်နေရတော့၏။

အဘယ်သို့သော ဆွဲငင်အားတစ်ရပ်က ကျွန်တော့်ကို ညို့ငင်နေခဲ့သည်မသိ . . . ။ ကျွန်တော်သည် ဘာမျှမတွေးတော့ဘဲ ခင်ပလူရွာကျောင်းမှ

ငေါက်ခနဲထထွက်လာခဲ့မိတော့သည်ကတော့ အမှန်ပင်။ ရွာအနောက်တံခါးမှ ကျွန်တော်တစ်ယောက်တည်း စိုက်စိုက်၊ စိုက်စိုက်ဖြင့် ထွက်လာခဲ့မိတော့သည်။ ထိုအချိန်က နေသည်ကောင်းကောင်းကြီး ပူပြင်းလျက်ရှိသည်ကိုပင် သတိမထားခဲ့မိပါ။ ကျွန်တော့် မိတ်ဆွေကြီးများဖြစ်သော ဦးလှမောင်တို့တဲသို့ ရောက်ဖို့ စိတ်ကသာ ဦးဆောင်နေခဲ့လေသည်။

ရွာအနောက်ဘက်တွင် ပုသိမ်-မုံရွာကားလမ်းမကြီး (မြေနီ ကျောက်စရစ်ခင်း)ရှိပါသည်။ ထိုလမ်းမကြီးကိုကျော်၍ အနောက်ဘက်သို့ ဆက်လာခဲ့သော် တောတန်းတောင်တန်းတို့သာ ရှိပါတော့သည်။ တောထဲသို့သွား၍ မျှစ်ရှာမှို့ရှာကြသူများ ဝါးခုတ်ကြသူများလောက်ကလွဲလျှင် လူသူကင်းမဲ့ ပြတ်လပ်သွားပြီဖြစ်တော့သည်။ လူသူလေးပါး သိပ်မတွေ့ရတော့ပါ။ သို့သော် ထိုအနောက်ဘက်တောတောင် တစ်ကြော၌ မြေသစ်ထွင်ကာ နေကြာစိုက်သူများ သစ်ဝါးခုတ်ကြသူများကတော့ ထိုတောထဲမှာပင် မိမိတို့ကိုယ်ပိုင် တဲငယ်များ ထိုးကာ နေထိုင်ကြပါသည်။ ထိုတောသည် ခင်ပလူရွာနှင့် ကျောက်အိုး ရွာအကြားက တောဖြစ်ပါသည်။ ကျွန်တော့် မိတ်ဆွေ ဦးလှမောင်-ဒေါ်မြမယ်တို့မှာ ထိုနှစ်ရွာအကြားရှိ တောထဲတွင် နေကြခင်း စောင့်ရင်း တဲထိုးကာနေထိုင်ကြသော ခင်ပလူရွာသားများဖြစ်ကြလေသည်။

ကျွန်တော်သည် ထိုအနောက်ဘက်တောင်တန်းများပေါ်သို့ တက်လာခဲ့ရင်း အဘယ်အကြောင်းကြောင့် မသိရဘဲ မျက်စိလည်လျက်ရှိသည်။ ကျွန်တော် ရောက်ဖူးသွားဖူးသော နေရာများဖြစ်ပါလျက်နှင့် ရည်မှန်းချက်ထားမိရာ ဦးလှမောင်တို့တဲကို ဘယ်မှရှာမတွေ့ဘဲ တဝဲလည်လည်ဖြစ်နေပါတော့သည်။ သည်လိုနှင့် နာရီကိုကြည့်မိတော့ နေ့လည် (၁၂)နာရီကျော်ခဲ့ပေပြီ။ အာခေါင်တွေခြောက်ကပ်နေအောင် ရေငတ်သည့် ဒဏ်နှင့်အတူ ဝမ်းပိုက်ထဲက တကြုပ်ကြုပ်မြည်အောင် ဆာလောင်မွတ်သိပ်ခြင်း၏ ဝေဒနာကပါ ကျွန်တော့်ကို ဖိစီးနှိပ်စက်လာခဲ့ပေပြီ။ သို့ဖြင့် ကျွန်တော်သည် အမြင့်ဆုံး တောင်ထိပ်သို့ရောက်နေလျက်နှင့် ဘယ်ဘက်ကို မျှော်ကြည့်ကြည့်. . .၊ ကျွန်တော် ဦးတည်ရည်ရွယ်ခဲ့သည့် မိတ်ဆွေကြီး ဦးလှမောင်၏ တဲကို ရှာ

မတွေ့ဘဲ တောင်ထိပ်ပေါ်မှာပဲ ဟိုလျှောက်သည်လျှောက်ဖြင့် အချာပေါက်နေခဲ့ရတော့၏။ နောက်ဆုံးတော့ ရေငတ်သည့်ဒဏ်၊ ဆာလောင်မွတ်သိပ်သည့် ဒဏ်၊ ပင်ပန်းနွမ်းနယ်သည့်ဒဏ်တို့ကြောင့် ကျွန်တော်မှာ တောင်ထိပ်၊ သစ်ပင်ကြီးတစ်ပင်အောက်၌ ခြေပစ်လက်ပစ်ထိုင်ချလိုက်ကာ အမောဖြေ ရပါတော့၏။

ထိုအချိန်ကာလမှာပဲ ဖြစ်ပါသည်။ ကျွန်တော် နားနေရာ သစ်ပင်ကြီးနှင့် အနောက်အရပ်တည့်တည့်ဆီမှ လှမ်းကြွလာနေသော ရသေ့တလေးတစ်ပါးကို မြင်တွေ့လိုက်ရသဖြင့် ကျွန်တော် အတော်အားတက်သွားပါသည်ရသေ့ကလေးသည် အညိုရောင်သကင်္န်းကို ဆင်မြန်းထားပါသည်။ ပြီးတော့ ကျွန်တော် နားခိုနေရာ သစ်ပင်ကြီး အရိပ်အောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် လှမ်းကြွလာလေတော့သည်။

ကျွန်တော်သည် အဆောတလျင်ပင် ပုဆစ်တုပ်ကာ ရသေ့ကလေးကို ကန်တော့ပါသည်။ ရသေ့ကလေးသည် များစွာအသက်မကြီးလှသေးဟု တွက်ဆမိလိုက်၏။ သို့သော် သူ၏ မျက်နှာကား ထူးခြားစွာ ဝင်းပကြည်လင်လျက် ရှိသည်ကို သတိပြုမိလိုက်ပါသည်။ အေးမြကြည်လင်လှစွာသော မျက်နှာတော်ကို ဖူးမြင်ရသည်ကပင် ကျွန်တော့်မှာ အမောပြသွားသလို ခံစားရပါသည်။ ရသေ့ကလေးသည် ကျွန်တော့်လက်ကိုအုပ်ချီ၍ ကန်တော့သည်ကို ငြိမ်သက်စွာ ခံယူပါသည်။ ပြီးမှ ကျွန်တော်နှင့် စကားစပြည်ပြောဆိုလာပါသည်။

"ဒကာ ဒီတောဒီတောင်တစ်ဝိုက်နဲ့ စိမ်းတဲ့အထဲက မဟုတ်ပါဘူး၊ မကြာခဏ ဖြတ်သန်းသွားလာဖူးခဲ့တယ် မဟုတ်လား"

"မှန်ပါ့ . . .၊ ရောက်နေကျ၊ သွားလာဖူးနေကျ နေရာတွေပါပဲဘုရား၊ အခုတစ်ခါကျမှသာ တပည့်တော်မှာ မျက်စိလည်ချင်သလိုလို ဖြစ်နေလို့ အံ့အားသင့်နေမိရပါတယ် ဘုရား၊ ထိုအခါ ရသေ့ကလေးက ပြုံးလိုက်ပါသည်။ ပြီးနောက် . . .

"အမှန်ကတော့ မျက်စိလည်နေတာ မဟုတ်ပါဘူး . . . ဒကာလေး

ရယ်၊ ဒကာလေး ဆာလောင်မွတ်သိပ်မှု ဝေဒနာဒုက္ခနဲ့ ထိပ်တိုက်ရင်ဆိုင်တိုးနေရလို့ အမှတ်မှားသွားတဲ့သဘောပါ၊ ဒကာလေးရှာနေတဲ့ တဲစုက ဟောဟိုမှာ မဟုတ်လား . . . "

ရသေ့ကလေးက လက်ညှိုးညွှန်ပြလိုက်သဖြင့် ကျွန်တော် အံ့အားသင့်သွားရ၏။ ဟုတ်ပေသည်။ ရသေ့ကလေးလက်ညှိုးညွှန်ရာအရပ်တွင် ကျွန်တော် ရှာဖွေနေခဲ့သော မိတ်ဆွေကြီးဦးလှမောင်တို့ တဲစုကို မီးခိုးငွေ့ကလေးတလူလူဖြင့် တွေ့ရှိလိုက်ရပါချေတော့၏။ သည်လိုဖြင့် စောစောတုန်းက ကျွန်တော် ဘာကြောင့်များ မတွေ့နိုင်၊ မမြင်နိုင်ခဲ့လောက်အောင် မျက်စိရှုန်းနေခဲ့မိပါလိမ့်၊ ကျွန်တော်ရောက်နေသော တောင်ကုန်းထိပ်သည် ဤဝန်းကျင်ဝယ် အမြင့်ဆုံးနေရာဖြစ်သည်။ ရသေ့ကလေး မညွှန်ပြမီကတည်းက ကျွန်တော် တွေ့သင့် မြင်သင့်သည်ဟု ကိုယ့်ကိုယ်ကိုယ် အားမလို အားမရဖြစ်မိရပါသည်။ ပြီတော့ သည်တောတောင်ဝန်းကျင်တွင် ကျွန်တော် ကျင်လည်ကျက်စားလာခဲ့တာ နှစ်ကာလမနည်းတော့။ သို့သော် ကျွန်တော်နှင့် ယခုဆုံတွေ့နေရသော ရသေ့ကလေးကို တစ်ကြိမ်တစ်ခါမျှ ဟိုစဉ်က မတွေ့ကြုံဖူးခဲ့ပေ။ ယခုတစ်ကြိမ်တွင်မှ တော့တော့ဆိုင်ဆိုင် တွေ့ရခြင်းဖြစ်သည့်အပြင် ရသေ့ကလေးမှာ ကျွန်တော် ဆာလောင်မွတ်သိပ်နေသည်ကိုသာမက ကျွန်တော်ရှာဖွေနေသော တဲစုသည် ထိုတဲစု(ဦးလှမောင်တို့ တဲစုဖြစ်ကြောင်း အဘယ်ကြောင့် တပ်အပ်သေချာ သိနေနှင့်ရပါသနည်း။ ကျွန်တော် အတွေးစဉ်တွင် ရိုက်ခတ်လာသော ထိုထူးခြားဆန်းကြယ်မှုကပင် ကျွန်တော့်ကို ဆွံ့အသွားစေခဲ့ပေတော့သည်။

"ကဲ ဒကာလေး . . . ထ . . . ထ ရသေ့ရဲ့ ယာယီကျောင်းသခ်မ်းကို လိုက်ခဲ့ပါ။ ဝမ်းမီးငြိမ်းရအောင် ရသေ့တတ်နိုင်သမျှ ကျွေးမွေးပြုစုလိုက်မှာပေါ့ကွယ်"

ရသေ့ကလေး၏အသံကို ကရုဏာတရားဖြင့် ငြိမ်းအေးနေသောအသံဟု ကျွန်တော်ခံစားရ၏။ သို့နှင့် သူ့အမိန့်အတိုင်း ကျွန်တော် ထိုင်နေရာက ထလိုက်လာခဲ့မိရာ တည်ပင်ကြီးတစ်ပင်အောက်မှ ယာယီထိုးထားပုံရ

သော တစ်ဖက်ရပ်တဲကလေးတစ်လုံးသို့ ရောက်ရှိလာခဲ့ရတော့၏။ ဟိုးယခင်က သည်တောင်ကုန်းပေါ်တွင် မည်သည့်တဲငယ်ငယ်မျှ မရှိခဲ့၊ မည်သည့်ကျောင်းသခ်မ်းမျှ မရှိခဲ့သည်ကို ကျွန်တော်သတိတရားမှာ မီးနီကလေး တဖျပ်ဖျပ်ပြ၍ လက်တို့အသိပေးနေသလို ဆင်ခြင်နေမိ၏၊ တဲကလေးမှာ အရိပ်ရသည်ဆိုရုံမျှ ထန်းရွက်အနည်းငယ်ဖြင့် မိုးထားသော မည်ကာမတ္တ တဲကလေးသာ ဖြစ်လေသည်၊ ကျွန်တော်တို့ တဲကလေးသို့ရောက်သည်နှင့် ရသေ့ကလေးက . . .

"ကဲ . . . စားကြည့်လိုက်ပါဦး ဒကာလေး၊ ရသေ့မှာတော့ ကျွေးမွေးစရာဆိုလို့ ဒီတည်သီးပဲရှိတာပဲ"ဟု တဲအမိုးအချင်တန်းတွင် ချိတ်ထားသော လွယ်အိတ်ထဲမှ တည်သီးမှည့်များကို ကျွန်တော် ရှေ့သို့ချပေးလေ၏။ ကျွန်တော့်မှာ လွန်စွာဆာလောင်နေသည်ဖြစ်၍ ခပ်ဝေးဝေးတွင် လှမ်းမြင်နေရသော မိတ်ဆွေကြီး ဦးလှမောင်တဲစုသို့ နောက်မှသွားတော့မည်ဟု ဆုံးဖြတ်ကာ ရသေ့ကလေးကျွေးလာသည့် တည်သီးမှည့်များကို ဟန်မျှပင် မဆောင်နိုင်တော့ဘဲ တစ်လုံးပြီးတစ်လုံး စားမိပါတော့သည်။

တည်သီး (အသံထွက်မှာ-တည်သီး)၏ မူရင်းအရသာမှာ အချိုတွင် အဖန်ဓာတ်ပူးပေါင်းနေသော ဖန်ချိုအရသာဖြစ်သည်၊ သို့သော် ယခု ရသေ့ကလေးက စွန့်သော တည်သီးမျိုးကိုကား တစ်ခါမျှ မကြုံဖူးမစားဖူးခဲ့ချေ၊ လုံးဝမဖန်ဘဲ အရသာချိုမြိန်ထူးကဲလှသည့်အပြင် အနံ့ကလည်း လွန်စွာမွှေးကြိုင်နေသည်ကို တွေ့ရလေသည်၊ ထို့ကြောင့် မချုပ်တည်းနိုင်တော့ဘဲ (၂၅)လုံးကျော်ကျော်အထိ ဆက်တိုက်စားလိုက်မိသည်၊ ပြီးနောက် ရသေ့ကလေး ထပ်မံပေးကမ်းလာသည့် ဘူးသီးခြောက်ဖြင့်ထည့်ထားသည့် သောက်ရေကို ကျိုက်ချလိုက်မိသည်၊ ရေကလည်း အထူးအေးမြချိုမြိန်နေလေရာ ထိုရေကို သောက်သုံးပြီးသည့်ခဏမှာပင် လန်းဆန်းအပန်းဖြေရုံမျှမက အားအင်ပြည့်ဖြိုးလာသည်ဟု ခံစားမိရပါသည်၊ ထို့ကြောင့် ထိုသို့ကျွေးမွေးပြုစုသော ကျေးဇူးကို အောက်မေ့ဆင်ခြင်ကာ ရသေ့ကလေးကို ဒုတိယအကြိမ် ဦးချဝတ်ပြုကန်တော့လိုက်မိပါသည်၊

"ဘယ်လိုလဲ . . . ပြည့်စုံပြီလား ဒကာလေး"

"တင်ပါ့ တပည့်တော်ဝသွားပါပြီ ဘုရား"

"အင်း . . . ဝသွားပြီဆိုရင်တော့ မေးရဦးမယ်၊ ဒကာလေးရဲ့ စိတ်ထဲမှာ ကျုပ်ကျွေးတဲ့တည်သီးဟာ ကောင်းလှချည်ရဲ့၊ အရင်က ဒါမျိုး တစ်ခါမှ မစားဖူးခဲ့ပါဘူး အရသာရော ရနံ့ပါ ထူးကဲလှချည်ရဲ့လို့ အောက်မေ့နေမိတယ် မဟုတ်လား"

ကျွန်တော်ကား အတော်လန့်ဖျပ်သွားမိလေသည်။ အဘယ်ကြောင့် ဆိုသော် ကျွန်တော်၏ စိတ်ထဲတွင်၌ အမှန်တကယ်ပင် ထိုသို့အောက်မေ့နေမိ သည်ကို ရသေ့ကလေးက အပိုင်သိနေသလို မေးခွန်းထုတ်လာသောကြောင့် ဖြစ်သည်။ ထို့ကြောင့် မဆိုင်းမတွပင် ဝန်ခံလိုက်ရပါလေသည်။

"ဟုတ်ပါတယ် . . . ဘုရား၊ တပည့်တော် တစ်သက်မှာတော့ အကောင်းဆုံးအရသာရှိတဲ့ တည်သီးမှည့်ကို စားဖူးရတာပါပဲ ဘုရား"

ကျွန်တော်၏ ဝန်ခံချက်ကို ရသေ့ကလေးက ခေါင်းညိတ်ပြလိုက်ကာ မှတ်ချက်ချလေသည်။

"တကယ်တော့ မဆန်းကြယ်လှပါဘူး . . . ဒကာ၊ ကျုပ်ရဲ့ စေတနာ သဒ္ဓါထက်သန်မှုနဲ့ ဒကာရဲ့ ပင်ကိုယ်အခံ ဆာလောင်မွတ်သိပ်မှုကို ထိပ်တိုက် တွေ့ဆုံလိုက်ရလို့ ထူးကဲတဲ့အရသာရယ်လို့ ဖြစ်ပေါ်လာရတာပါ၊ ခင်ရာ ဆွေမျိုး မြိန်ရာဟင်းကောင်းဆိုသလိုပေါ့၊ အဲ့ဒီ သဘောပါပဲ"

ရသေ့ကလေးကို ကြည့်ရသည်မှာ အသက်အရွယ်ကြီးရင့်ပုံ မရသေး ပါ။ သည်တောသည်တောင်ဝန်းကျင်သို့ ရောက်ရှိလာသည်မှာလည်း သိပ် ကြာမြင့်ပုံမပေါ်သေးဟု မှန်းဆမိ၏။ ထို့ကြောင့် ဘယ်အရပ်၊ ဘယ်ဒေသ ဆီမှ ကြွချီရောက်ရှိလာခဲ့လေသနည်းဟု ကျွန်တော် စဉ်းစားတွေးဆနေမိပြန် ပါသည်၊ ထိုခဏမှာပင် ရသေ့ကလေးက မိန့်ကြားပြန်၏။

"အင်း . . . ဒကာလေးက အရင်တုန်းက မတွေ့မမြင်ဘူးခဲ့တဲ့ ကျုပ်အကြောင်းကို မှန်းဆတွေးတောနေပြန်တာကိုး၊ ကျုပ်ရဲ့ အကြောင်းကို သိလိုနေမိပြန်တယ်ပေါ့လေ"

ကျွန်တော် မျက်လုံးပြူးသွားရပြန်ပါလေသည်။ ရသေ့ကလေးသည် ကျွန်တော့် အတွေးရိပ်များကို ကြိုတင်သိမြင်နေရသည်ကား သေချာလှတော့သည်ဟု ကြက်သီးထသွားမိရတော့သည်။

"ဒကာလေး သည်တောသည်တောင်၊ သည်ပတ်ဝန်းကျင်ကို ဘာကြောင့် ရောက်လာခဲ့ရသလဲ"

"တင်ပ့ါ . . . တပည့်တော်က ကျောင်းဆရာတစ်ယောက်ပါ ဘုရား၊ ဟိုးအရှေ့ဘက် ပုသိမ်-မုံရွာကားလမ်းမကြီးအနီးက ခင်ပလူရွာကလေးက မူလတန်းကျောင်းမှာ ကျောင်းအုပ်အဖြစ် တာဝန်ထမ်းရွက်နေပါတယ်၊ နောက်ပြီးတော့ တပည့်တော်က စာပေရေးသားခြင်းကို ဝါသနာပါလေတော့ တစ်ဖက်တစ်လမ်းကလည်း စာရေးဆရာအဖြစ် မဂ္ဂဇင်းတွေမှာ စာပေတွေ ရေးသားနေပါတယ် ဘုရား"

"ဒါဖြင့် ဒကာလေးက ဘယ်လိုစာတွေကို ရေးဖြစ်နေသလဲ ဒကာလေး"

"မှန်လှပါ၊ တပည့်တော်ကတော့ သက်ရှိသက်မဲ့ မခွဲပါဘူးဘုရား၊ သက်ရှိလောကထဲက ကြုံရကြားရတဲ့ ထူးဆန်းအံ့ဩဖွယ်ရာကိစ္စတွေကို ရေးမိသလို ပရလောကထဲက ဆန်းဆန်းကြယ်ကြယ်အဖြစ်သနစ်ပေါင်းစုံကိုလည်း ရေးသားဖြစ်ပါတယ် ဘုရား၊ ရေးသားနိုင်အောင်လည်း အထူးဂရုပြု လေ့လာလိုတဲ့ ဝါသနာရှိပါတယ် ဘုရား"

ကျွန်တော့် လျှောက်ထားချက်အဆုံးတွင် ရသေ့ကလေးက ခေါင်းတဆတ်ဆတ် ညိတ်ပါသည်။ ပြီးမှ အေးဆေးတည်ငြိမ်သော လေသံဖြင့် မိန့်ကြား၏။

"ဩော် . . ခက်တော့တာပဲ ဒကာလေးရယ်၊ အင်းလေ. . ဒကာလေးက ပုထုဇဉ်ပဲဆိုတော့ ကိုယ့်ဝါသနာအလျှောက် စူးစိုက်မိတဲ့ အကြောင်းအရာတွေကိုပဲ ရှေ့တန်းတင်လေ့လာမိမှာပေါ့၊ ဒါမဆန်းပါဘူး။ အမှန်တကယ် ဒကာလေးလေ့လာရမှာက ရုပ်၊ နာမ်ခန္ဓာသင်္ခါရကိုပဲ . . . ဒကာလေးရဲ့ခန္ဓာငါးပါးကို ပြန်လေ့လာရမှာ၊ ဒကာလေး သစ္စာဆိုတာ သိရဲ့လား"

ကျွန်တော် ရိုးရိုးရှင်းရှင်းပင် ဝန်ခံလိုက်ပါသည်။ ထိုအခါ ရသေ့ကလေးက ချမ်းမြေ့စွာပြုံးလိုက်ရင်း သူ၏ လွန်မြောက်ခဲ့ပြီးသော သံသရာမှ ဘဝနှစ်ဆက်ကို ပြန်လည်မိန့်မြွက်ကြားပါလေတော့သည်။

"ကျုပ်က သောကြာသားပါ၊ အခုဘဝ လူအမည်က မောင်သောင်းတန်တဲ့၊ ကျုပ်ရဲ့အမေက ကျောင်းဆရာမတစ်ဦးဖြစ်တယ်။ အဲဒီ အခုဘဝကျုပ်ရဲ့ မွေးသမိခင်ကျေးဇူးရှင်ဟာ ကျုပ်ရဲ့ ဘဝတစ်ဆက်ကျော်တုန်းက ကျုပ်အင်မတန်ချစ်တဲ့ သမီးတစ်ယောက်ပဲ၊ သူဟာ ကျုပ်ရဲ့သမီး ဖြစ်ခဲ့ဖူးသလို ကျုပ်ကလည်း သူ့ရဲ့အဖေဖြစ်ခဲ့တယ်။ အဲဒီတုန်းက ကျုပ်နာမည်က ဦးဘအုပ်တဲ့၊ ကဲ . . ဒကာလေး သေသေချာချာနားထောင် . . . ။

◆ ◆ ◆

(၃)

ဦးဘအုပ်သည် ဗလင်းချောင်းအနောက်ဘက်တွင် ရွာခြောက်ရွာကို အုပ်ချုပ်ရသော အုပ်စုသူကြီးတစ်ယောက်ဖြစ်သည်။ ဇနီးသည် ဒေါ်ကောင်း သားသမီးသုံးဦးနှင့်အတူ သာယာချမ်းမြေ့စွာနေထိုင်ရင်း အုပ်ချုပ်ရသော ရွာခြောက်ရွာကို တရားမျှတစွာ အုပ်စိုးနေထိုင်ခဲ့၏။

တစ်နေ့သောအခါတွင် မိမိရွာသို့ ကြွရောက်လာသော ဆရာတော်ကြီးတစ်ပါး၏ ခန္ဓာဉာဏ်ရောက်၊ ဒိဋ္ဌိပြုတ်တရားကို နာကြားခွင့်ရရှိလေသည်တွင် ဦးဘအုပ်၏ စိတ်နှလုံးသည် တရားဓမ္မဘက်သို့ လုံးဝပြောင်းလဲရောက်သွားခဲ့လေတော့သည်။ ထို့ကြောင့် မပြုပြင်စတမ်းသော ယတိပြတ် ဆုံးဖြတ်ချက်တစ်ခုကိုချကာ မိမိအိမ်သူ အိမ်သားများသာမက ရပ်ရွာကိုပါ တစ်ခါတည်း ကြေညာချက် ထုတ်လိုက်လေတော့၏။

"တော်ပြီကွာ၊ ငါဒီလောကီကိစ္စတွေကို လုံးဝစိတ်မပါတော့ဘူး၊ လောကီအလုပ်တွေလည်း မလုပ်ချင်တော့ဘူး။ ဒါကြောင့် ငါရဲ့ သူကြီးတာဝန်ကို ငါ့သားကြီးနဲ့လွှဲအပ်လိုက်ပြီး ငါကတော့ ဆရာတော်ကြီးနောက်ကနေ

ရေပူရေချမ်းကမ်းလိုက်ပါရင်း တရားဓမ္မကိစ္စတွေကို လှံ့လစိုက်ထုတ်တော့မယ်"

ဦးဘအုပ်သည် အမှန်တကယ်ပင် ပြောသည့်အတိုင်း ဆောင်ရွက်သူ ဖြစ်သည်။ သူကြီးအဖြစ်မှ လုံးဝအနားယူလိုက်သည်။ ပြီးနောက် ထိုဆရာတော်ကြီးနှင့်အတူ မြန်မာပြည့်အနှံ့ ဟောပြောသော တရားပွဲများသို့ လိုက်ပါသွားပြီး တရားနာယူမှတ်သားသည်။ ထို့အပြင် ငွေကြေးလည်း တတ်နိုင်သူဖြစ်၍ ထိုခေတ်ကာလက ငွေရှစ်ရာကျော်ပေးရသော တိပ် ရီကော်ဒါကြီးတစ်လုံးကို ဝယ်ယူပြီးနောက် ဆရာတော်ကြီးအဖွဲ့ ဟောပြောသမျှ တရားများကို အသံသွင်းယူစုဆောင်းခဲ့လေသည်။

နှစ်အတန်ကြာ၍ မိမိရွာသို့ ပြန်ရောက်သောအခါ သူစုဆောင်းခဲ့သော တရားတိတ်ခွေကြီးများကို ရွာသူရွာသားများအား ပြန်လည်ဖွင့်လှစ်နာယူစေ၏။ သူကိုယ်တိုင်လည်း အကြိမ်ကြိမ်အထပ်ထပ် နာယူရုံမျှမက အာနာပါနကမ္မဋ္ဌာန်းကိုလည်း နေ့စဉ် စီးဖြန်းကျင့်ကြံအားထုတ်ခဲ့လေသည်။ ထို့ကြောင့် ကာလကြာလာသည်နှင့်အမျှ ရင့်ကျက်လာသော ပါရမီကံအလျောက်၊ ပညာဉာဏ်အလျောက်၊ ကျင့်ကြံအားထုတ်မှု ဝီရိယအလျောက် ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး၏ ဖြစ်ခြင်းပျက်ခြင်းကို အမှန်ပင်သိမြင်ခဲ့ပြီ၊ သေနည်းကိုလည်း သိပြီ။ သေရဲပြီဟု ကိုယ့်ကိုယ်ကို ယုံကြည်ချက်ရင့်သန်သူ တစ်ဦးဖြစ်လာခဲ့တော့၏။

သည်လိုဖြင့် ဦးဘအုပ်သည် အသက် (၆၆)နှစ်အရွယ်သို့ ရောက်လာခဲ့ချိန်တွင် မြတ်စွာဘုရားသော်မှ မလွန်ဆန်နိုင်သော မရဏလမ်းကို ကျော်ဖြတ်ရတော့မည့်အခါ ကာလသို့ ဆိုက်ရောက်လာခဲ့လေပြီ။ အိပ်ရာပေါ်မှ သူ၏နောက်ဆုံးအချိန်တွင် တရားရှုမှတ်ပွားများရင်းဇီဝိန်ချုပ်ကာ ဤဘဝကိုအဆုံးသတ်တော့မည်ဟု ဦးဘအုပ် ဆုံးဖြတ်ချက်ချလိုက်သည်။ ဇနီးဒေါ်ကောင်းနှင့် သားသမီးများကိုလည်း သူ၏နောက်ဆုံးအချိန်တွင် သူ့ကိုပြုစုဖို့ အနီးအနားသို့ လာစရာမလို၊ နောက်ဆုံးအချိန်တွင် တရားနှလုံးသွင်း၍သာနေတော့မည်ဟု အပြီးအပြတ် အမိန့်ချထားလိုက်၏။

ပြီးနောက် တစ်ချိန်လုံးပင် ဝေဒနာအနိစ္စကိုပင် စွဲမြဲနှလုံးသွင်းနေကာ ပြင်းထန်သော ဝေဒနာကို မတုန်လှုပ်ဘဲ ရှုမှတ်နေခဲ့သည်။ ထိုတစ်ချိန်လုံး တရားစစ် တရားမှန်ကို ငါမသေမီတွေ့ခဲ့ရပြီဟုလည်း တရားဓမ္မကို သာဓုခေါ်ကာ ပီတိဖြစ်နေခဲ့၏။

သို့သော် ထိုအချိန်ကာလကလေးမှာပင် ဦးဘအုပ်အတွက် ကြီးစွာသော အနှောင့်အယှက်ကြီးတစ်ရပ်က မမျှော်လင့်ဘဲ ဝင်ရောက်လာခဲ့လေတော့သည်။ အခြားမဟုတ်၊ သူ၏ သမီးနှင့်သားတစ်ယောက်တို့၏ ငြင်းခုန်သံများပင်တည်း။

"အဖေ မရှိတော့ဘူးဆိုရင်တော့ ငါက အဲဒီတိတ်ခွေကြီးတွေကို ဖျက်ပြီး ပြည်လှဖေတို့ မေရှင်တို့ သီချင်းတွေသွင်းမယ်"

"ဘယ်ရမလဲ . . .၊ ငါကလည်း ဥညြဘသောင်းတို့၊ ခင်မောင်ရင်တို့ သီချင်းတွေ သွင်းရမှာပေါ့၊ တိတ်ခွေတွေကို နင်တစ်ယောက်တည်း ယူလို့ ဘယ်ရမလဲ၊ ငါလည်း ငါကြိုက်တဲ့သီချင်းတွေ သွင်းဖို့ ယူရဦးမှာပေါ့"

"ဟဲ့ . . . ငြင်းခုန်မနေကြနဲ့၊ ဟိုမှာ နင်တို့အဖေက တရားမှတ်နေတာ နင်တို့အသံတွေကြားပြီး၊ တရားနှလုံးသွင်းတာ ပျက်သွားလိမ့်မယ် တိတ်တိတ်နေကြ"

သားနှင့်သမီးက ဦးဘအုပ်၏ အမြတ်တနိုးစုဆောင်းလာသော တရားတိတ်ခွေကြီးတွေကို ဝေစုခွဲတမ်းချနေသည်။ ဇနီးဖြစ်သူက တရားနှလုံးသွင်းနေသော ဦးဘအုပ်၏ နောက်ဆုံးအချိန်ကို သိ၍ သားနှင့်သမီးကို ဟန့်တားနေ၏။ ထိုစကားသံများက ဦးဘအုပ်၏ တရားရှုမှတ်ခြင်းကို မေ့လျော့ပျက်စီးသွားစေခဲ့တော့သည်။

ဦးဘအုပ်က သူစုဆောင်းလာခဲ့သော တရားတိတ်ခွေကြီးများကို ဓမ္မစေတီထိုက်သည်ဟု ယူဆယုံကြည်သူဖြစ်သည်။ အခုတော့ ဓမ္မစေတီထိုက်သော တရားတိတ်ခွေကြီးတွေကို သားမိုက်နှင့်သမီးမိုက်တို့က ဖျက်ဆီးကြတော့မှာပါလားဆိုသော အသိကြောင့် ရှုမှတ်ဆဲ တရားနေရာတွင် 'ဒေါသ' က အစားထိုးဝင်ရောက်လာခဲ့တော့၏။ ဦးဘအုပ်မှာ ကျန်းမာရေးကောင်းခဲ့

စဉ် ကာလတုန်းကလို ထို 'ဒေါသ'ကို 'အဒေါသ'ဖြစ်အောင် မထိန်းချုပ်နိုင်တော့။ ထို ဒေါသဝေဒနာအပူမီးက ဦးဘအုပ်၏ နှလုံးကို ပြင်းထန်စွာ အရှိန်ဖြင့် ဝင်ဆောင့်လာတော့သည်။ ဒေါသနှင့် ဝိညာဉ်ချုပ်ရတော့ခြင်းပင်။

တရားဓမ္မနှင့် မွေ့လျော်ခဲ့သော ဦးဘအုပ်သည် နောက်ဆုံးသေလွန်ကာနီးအချိန်ကလေး၌ ကပ်၍ နှလုံးသွင်းတစ်ချက်မှားလိုက်မိသည်နှင့်ပင် အရှုံးကြီးရှုံးသွားခဲ့ရပေတော့သည်မှာ သူကိုယ်တိုင် အိမ်ရှေ့၌ စိုက်ပျိုးထားခဲ့သည့် ရွက်လှပင်ဆပွားပင်များကြားတွင် ခွေနေသည့် ထန်းမြွေမကြီး၏ ဝမ်းဗိုက်၌ ရွှေ့ပြောင်းသန္ဓေတည်ခဲ့ရခြင်းပင် ဖြစ်လေတော့သည်။

◆ ◆ ◆

ကျွန်တော်ကား၊ ရသေ့ကလေး၏ မိန့်ကြားချက်များကို နားထောင်နေရင်းမှ ကြက်သီးမွေးညင်းများ ထသွားသည်အထိ အံ့ဩတုန်လှုပ်သွားရလေသည်။ အထိတ်တလန့်ပင် မေးမိလျက်သား ဖြစ်သွားရပါတော့သည်။

"ဒါဆိုရင် သူကြီးဦးဘအုပ်က ဒေါသနဲ့ ကွယ်လွန်ဝိညာဉ်ချုပ်ပြီးတဲ့နောက် တစ်ဘဝမှာ ထန်းမြွေဖြစ်သွားရတယ်လို့ ဆိုလိုတာလား . . . ဘုရား"

"အမှန်ပဲ . . . ဒကာလေး။ အဲဒီ ထန်းမြွေကလေး ပေါက်ဖွားကြီးပြင်းလာတော့ ဘယ်ကိုရောက်နေတယ် ထင်သလဲ၊ သူ့တရားခွေတွေကြားမှာ တိတ်ခွေအစောင့်သဘောနဲ့ နေခဲ့ရတယ်။ အစာရှာဖွေချိန်က လွဲရင် အဲဒီ တိတ်ခွေအထပ်လိုက် အပုံကြီးကြားမှာပဲ ပြန်နေတယ်။ ဒါဟာ ဝိဘဝတဏှာသဘောပဲ။ အဲဒီထန်းမြွေဘဝဟာ ကျုပ်မှတ်မိတဲ့ ကျုပ်ရဲ့ ဒုတိယဘဝပဲပေါ့။ သံသရာလည်ရပုံ ဘယ်လောက်ဆန်းကြယ်ပြီး ကြောက်စရာကောင်းလိုက်သလဲဆိုတာ စဉ်းစားကြည့်ပေတော့"

ရသေ့ကလေးက အေးချမ်းစွာပင် ပြန်လည်ဖြေကြားပါသည်။

"ဒါဖြင့် အဲဒီထန်းမြွေဘဝကရော . . . ဘယ်လို နိဂုံးချုပ်ခဲ့ရပြန်ပါသလဲ . . . ဘုရား"

"ပြောပြမယ် ဒကာလေး . . .၊ တစ်နေ့တော့ ဦးဘအုပ်ရဲ့ သူငယ်ချင်း တိုင်းရင်းဆေးဆရာကြီး ဦးမြင့်ကြူဟာ ကက်ဆက်တွေပေါ်လာကာစမှာ ကက်ဆက်တစ်လုံးဝယ်လာတယ်။ ပြီးတော့ ကွယ်လွန်သူဦးဘအုပ်ရဲ့ တရားခွေကြီး ~ ဘွထဲက တရားတွေကို ကူးယူရင်ကောင်းမှာပဲဆိုပြီး ဒေါ်ကောင်းတို့ မိသားစုဆီ ရောက်လာတယ်။ အဲဒီအချိန်မှာ ဦးဘအုပ်ရဲ့ သားသမီးတွေလည်း အိမ်ထောင်တွေ ကျကုန်ကြပြီးပြီပေါ့လေ။ ဦးမြင့်ကြူ အလိုရှိတဲ့ တိတ်ခွေတွေကို ရွေးမယ်လို့ ရီကော်ဒါကြီးနဲ့ တိတ်ခွေပုံကြီးအနားလည်း ကပ်လိုက်ရော၊ တိတ်ခွေတွေကြားမှာ ခွေအိပ်နေတဲ့ ထန်းမြွေကြီးကို မြင်ကြရတော့တာပဲ။ မြွေဆိုတာကလည်း ရုတ်တရက်တော့ မြင်သူကို ထိန်လန့်စေတတ်တဲ့ သတ္တဝါကိုး။ ဒီမှာတင် ခြေမြန်လက်မြန်ရှိတဲ့ ဦးဘအုပ်ရဲ့ သားက နှင်တံနဲ့ ကော်ထုတ်ပြီး ရိုက်သတ်တာခံလိုက်ရတော့တာပဲ။ ဒါပေမယ့် ဦးဘအုပ်ရဲ့ အတိတ်ဘဝက ဒါန၊ သီလ၊ သမာဓိတရားတွေက လာအကျိုးပေးပြီး၊ သူ့သမီးကြီးရဲ့ဝမ်းထဲကို သန္ဓေတည်ခဲ့ရပြန်တယ်။ နောက်တော့ မောင်သောင်းတန်ဆိုတဲ့ သောကြာသားလေးအဖြစ်နဲ့ ကျုပ်ကို ပြန်လည်မွေးဖွားလာခဲ့တယ် ဆိုပါတော့"

"တင်ပါ့ . . . မောင်သောင်းတန် ဘဝမှာရော ဘာတွေထူးခြားပါသေးသလဲ ဘုရား"

"မောင်သောင်းတန်ဟာ အသက်လေးနှစ်သားဘဝကစပြီး လွန်ခဲ့တဲ့ သံသရာနှစ်ဆက်က ဘဝတွေကို ပြန်သတိရပြီး ပြောပြနိုင်ခဲ့တယ်။ ဦးဘအုပ်သူကြီးဘဝက ပိုင်ဆိုင်ခဲ့သမျှ မြေယာဧကေ အတိအကျကအစ အကုန်ပြန်ပြောနိုင်တယ်။ သူ့တိတ်ရီကော်ဒါကြီးကို ဘယ်လိုဖွင့်ရပိတ်ရမယ်။ ပျက်ရင် ဘယ်လိုပြင်ရမယ်ဆိုတာတွေလည်း ဘယ်သူကမှ မသင်ရဘဲ၊ အလိုအလျောက် ကျွမ်းကျင်တတ်မြောက်နေတယ်။ သူ့မိတ်ဆွေဦးမြင့်ကြူက ရီကော်ဒါတိတ်ခွေတွေ လာယူတဲ့နေ့မှာ သူ့ကို မြွေတစ်ကောင်အဖြစ်နဲ့ သူ့သားက ရိုက်သတ်ခဲ့ကြောင်းကိုလည်း ပြောပြနိုင်တယ်လေ။ ကျုပ်ဟာ လေးနှစ်သား ဘဝကတည်းက ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ အဖန်တလဲလဲ ဖြစ်ပျက်

သံသရာလည်ခြင်း ဒုက္ခကြီးကို သိမြင်ကြောက်လန့်လို့ ကိုရင်ဘဝ၊ ရဟန်းဘဝတွေနဲ့ တရားမေ့မှုကိုပဲ တစ်သက်တာလုံး ကျင့်ကြံအားထုတ်ခဲ့တာ သည်နေ့အထိပဲ ဆိုပါတော့ ဒကာလေး . . . ”

“ဒါဖြင့် ဘယ်အရပ်တွေမှာ လှည့်လည်အားထုတ်ခဲ့ပါသလဲ ဘုရား”

ကျွန်တော်က ထပ်ဆင့်၍ မေးမိပြန်ပါသည်။

“ဒါကိုတော့ မသိချင်ပါနဲ့ ဒကာလေး။ ရဟန်းဖြစ်တဲ့အခါ ကျောင်းနဲ့နေရတယ်၊ သာမန္နာမှု လူ့လောကကိစ္စအဝဝကြောင့် လူ့လောကနဲ့ ဆက်ဆံထိတွေ့နေရတယ်။ လူတွေနဲ့ အရောဝင်နေရတယ်။ ကိုယ့်အတွက် အလုပ်လုပ်ရတဲ့အချိန်က နည်းတယ်၊ ပြီးတော့ ထိန်းသိမ်းရတဲ့ ဝိနည်းတော်တွေကလည်း အလွန်များပြားတော်မူကြပါတယ်။ ဒါကြောင့် ဝိနည်းထိန်းရနည်းပါးတဲ့ ရသေ့ဘဝကို တမင်ကူးပြောင်းလာခဲ့တာပဲ ဆိုပါတော့။ ရသေ့ဘဝနဲ့ပဲ သံသရာ ခရီးကို ဆက်လျှောက်နေတဲ့ ခရီးသွားတစ်ဦးဆိုပါတော့ ဒကာလေးရယ်”

“တင်ပါ့၊ ရှင်ရသေ့ကလေးရဲ့ မိဘတွေရော ရှိကြပါသေးသလား ဘုရား”

“မရှိကြတော့ပါဘူး၊ လွန်ခဲ့တဲ့ နှစ်ပေါင်းခြောက်ဆယ်လောက်ကပဲ ကွယ်လွန်ခဲ့ကြပါပြီ”

ကျွန်တော် ပါးစပ်အဟောင်းသား ဖြစ်သွားရပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၆၀)လောက်က သေဆုံးခဲ့ပြီဖြစ်သည့် မိဘနှစ်ပါးမှ ဖွားမြင်ခဲ့သော ဤရသေ့ကလေး၏ အသက်သည် မည်မျှရှိနေပြီနည်း။ ယခု ကျွန်တော်နှင့် ဆုံကြစဉ်ကာလမှာ အမြင်အရ ခန့်မှန်းမိသည်မှာ ရသေ့ကလေး၏အသက်သည် လေးဆယ်ဝန်းကျင်ခန့်ရှိမည်ဟု ထင်မိ၏။ ကြည်လင်သော မျက်နှာအားနှင့် ငြိမ်းချမ်းသောအသံကို ပိုင်ဆိုင်သည့် ရသေ့ကလေး၏ အသက်ကို ကျွန်တော် မည်ရွေ့မည်မျှဟု တပ်အပ်မမှန်းဆသာအောင် ရှိနေရတော့သည်။ ထိုအခိုက်မှာပင် ရသေ့လေးက ကျွန်တော့် အတွေးကို သိနေသည့်အလား မိန့်ကြားလာလေသည်။

"ဘာကိုမှ တွေးထင်မနေနဲ့ ဒကာလေး၊ အသက်အရွယ်ဆိုတာ ပညတ်ချက်တွေပဲ၊ ပရမတ်နယ်မြေမှာ မရှိဘူး၊ တဲ . . . ဒကာလေးလည်း ခရီးဆက်ပေဦးတော့ . . .၊ ဆာလောင်မွတ်သိပ်မှု ပြေပျောက်သွားပြီမို့ ဒကာလေးအလိုရှိတဲ့နေရာကို အမြန်ဆုံးရောက်ပါလိမ့်မယ်။ ကျုပ်မှာလည်း အလုပ်တွေ ရှိနေသေးတယ်၊ ဒီနေရာမှာ ကျုပ်ကို တွေ့ခဲ့ပေမယ့် နောက် တစ်ခါ လာရှာရင် တွေ့လိမ့်မယ်လို့ မမျှော်လင့်နဲ့နော်။ အကြောင်းတိုင်ဆိုင် ရင်တော့ တွေ့ကောင်းတွေ့မပေါ့လေ။ တဲ . . . ကျုပ်လည်း ခရီးဆက်လိုက် ဦးမယ်၊ သံသရာခရီးသည်အားလုံး မဂ်လမ်း၊ ဖိုလ်လမ်းကို အမြန်တွေ့ရှိ လျှောက်လှမ်းနိုင်ကြပါစေ . . . "

ကျွန်တော့်ကို နှုတ်ဆက်ပြီးနောက် သတ္တဝါဝေနေယျတို့ကို မေတ္တာ ပို့ကာ လှမ်းထွက်သွားသော ရသေ့ကလေးကို ငေးမောကြည့်ရင်း ကျွန်တော် ကျန်ရစ်ခဲ့သည်။ ရသေ့ကလေးကား တောတောင်သစ်ပင်များကြားသို့ တရွေ့ ရွေ့ တိုးဝင်သွားလေသည်။ ကျွန်တော်လည်း မမျှော်လင့်သော တွေ့ကြုံ ဆုံစည်းလိုက်ရမှုအတွက် အံ့အားသင့်ကာ တွေဝေမိန်းမောနေခဲ့မိလေ သလား မဆိုနိုင်ပေ။

"ဟော . . ဆရာကြီး ဘယ်တုန်းက ဒီတောထဲတောင်ထဲ ရောက်နေ လဲ၊ ဩော် ဒီနေ့ကျောင်းပိတ်ရက်ကိုး ဦးလှမောင်တို့တဲကို သွားဖို့လား"

ရုတ်တရက်ထွက်ပေါ်လာသော နှုတ်ဆက်သံကို ကြားရတော့ လှည့်ကြည့်မိသည်။ တောထဲတွင် ယာလုပ်ငန်း သစ်ဝါးခုတ်လုပ်ငန်းများ လုပ်ကိုင်နေလေ့ရှိသည့် ရွာက လူငယ်ကလေး မောင်ညိုကို တွေ့လိုက်ရ၏။

"ရသေ့တစ်ပါးနဲ့တွေ့လို့ စကားပြောနေတာကွ၊ မင်း မတွေ့ခဲ့ဘူး လား၊ တောထဲဝင်သွားတာ အခုလေးတင်ပဲ"

"ဟာ . . . ဆရာကြီးကလည်း ကျွန်တော် တစ်မနက်လုံး ဝါးခုတ်နေ တာ ဘယ်သူနဲ့မှ မတွေ့ပါလား၊ သည်နားမှာ ဘယ်ရသေ့ရဟန်းမှ မတွေ့မိ မမြင်မိပါဘူး၊ ကျောက်အိုးရွာနဲ့လည်း အဝေးကြီး၊ ခင်ပလူရွာနဲ့လည်း အဝေးကြီး။ ကေန္တတော့ ဆရာ မောမောနဲ့ နားရင်းအိပ်ပျော်သွားပြီး အိပ်မက်

မက်နေရာက လန့်နိုးလာသလားပဲ”

မောင်ညို၏စကားကြောင့် ကျွန်တော် မအီမလည်ဖြစ်သွားရသည်။

“ပေါက်ပေါက်ရှာရှာကွာ . . .၊ ငါက တောထဲက တောင်ကုန်းထိပ်ပေါ် နေ့ခင်းကြောင်တောင် လာအိပ်နေရမလားကွ . . .၊ ဦးလှမောင်တို့တဲကို သွားဖို့ ထွက်အလာမှာ တွေ့ကြတာပဲ။ ဟော ဟိုတဲကလေးထဲမှာ သူစွန့်လို့ တည်သီးတွေစား၊ ဘူးသီးခြောက်ထဲက ရေတွေသောက်ခဲ့သေးတယ်။ မယုံရင်လိုက်ခဲ့ပြီး ကြည့်စမ်း”

“ဟာ . . . ဒါက သွားရင်းလာရင်းနားဖို့ ကျွန်တော်တို့ ဝါးခုတ်သမားတွေထိုးထားတဲ့ တစ်ဖက်ရပ်တဲပဲ၊ တဲထိုးပြီးတာမှ သုံးလေးရက်ရှိသေးတာ”

ကျွန်တော်နှင့် မောင်ညိုတို့ ထိုတဲလေးဆီသို့ ပြန်လျှောက်ကြသည်။ တဲအတွင်းမှ လတ်လတ်ဆတ်ဆတ် အခွံသင်ပြီးစ တည်သီးအခွံများကို တွေ့ကြရတော့မှ မောင်ညိုလည်း ပါးစပ်ဟောင်းလောင်း ဖြစ်သွားလေတော့၏။ ထို့နောက် ဦးလှမောင်တို့တဲသို့ ကျွန်တော် ရောက်သွားပြီး စုံစမ်းတော့လည်း သူတို့ လင်မယားက မတွေ့ဘူးပါဟု ဆိုလေသဖြင့် ကျွန်တော့်မှာ ယီးတီးယောင်တောင် ဖြစ်ရပါဘိသည်။ ညနေစောင်းတော့မှ ရွာသို့ ကျွန်တော် ပြန်လာခဲ့ပါသည်။ သို့သော် ထိုကိစ္စက ကျွန်တော့်အတွက် ရောမပဟေဠိကြီးပင် . . .။

ညဘက်ရောက်တော့ ထုံးစံအတိုင်း ရပ်ရွာလူကြီးများနှင့် ရေနွေးကြမ်းစကားဝိုင်းဖွဲ့မိကြတော့ ကျွန်တော်က ထိုကိစ္စကို ရင်ဖွင့်မိသည်တွင် ရွာ၌ အသက်အကြီးဆုံးတန်းတွင် တစ်ဦးအပါအဝင်ဖြစ်သော ဘကြီး ဦးကြာအေးက ပြောပါသည်။ ကျွန်တော့်ကို ထောက်ခံသည့် စကားပြောပါသည်။

“ဘယ်သူမယုံယုံ၊ ကျုပ်ယုံတယ် ကျောင်းဆရာ။ ရသေ့လေးက အလွန်ချိုတဲ့ တည်သီးတွေကျွေးပြီး ဘူးသီးခြောက်ထဲက ရေအေးအေးလေး တိုက်လိုက်သေးတယ် မဟုတ်လား။ ဘကြီးလည်း လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က တစ်ကြိမ်ဆုံခဲ့ရဖူးတယ်၊ အဲဒီနောက်တော့ လုံးဝမတွေ့ရတော့

ဘူး။ အခု သူနဲ့ကျောင်းဆရာတွေ့ခဲ့တယ်ဆိုတာ ပြောသံကြားမှ ပြန်သတိရလာမိတာ . . . ”

ကျွန်တော် ဘယ်လိုမှညဏ်မမီတော့ပါ။ သို့သော် ကျွန်တော့်ဘက်က ထောက်ခံသူ ဘကြီးကြာအေးတစ်ယောက် ပေါ်လာသဖြင့် ‘တော်ချေသေးရဲ့’ ဟု သက်ပြင်းရှိုက်မိပါသည်။

“ရသေ့ဘဝနဲ့ပဲ သံသရာခရီးကို ဆက်လျှောက်နေတဲ့ သံသရာခရီးသွားတစ်ဦးဆိုပါတော့ ဒကာလေးရယ် . . . ”ဟူသော သူ၏ မိန့်ကြားချက်အရဆိုလျှင် ကျွန်တော်သည် မထင်မှတ်သော ခရီးသည်ကြီးတစ်ပါးနှင့် တွေ့ဆုံရခြင်း ဖြစ်လိမ့်မည်ဟူ၍သာ . . . ။

[ယခင် ခင်ပလူရွာကျောင်းအုပ်ကြီး ဦးသိန်းလွင်(ခ)စာရေးဆရာသိန်းထွန်း(မူဆယ်)၊ ယခု ရဟန်းတော် ဦးသံဝရ (ကျိုက်ထီးရိုးကျောင်း၊ စလင်းမြို့နယ်)၏ ကိုယ်တွေ့အဖြစ်ကို ရေးဖွဲ့ပါသည်။]

◆ ◆ ◆

**နန္ဒာစိုး** *(ဆင်ဖြူကျွန်း)*

(၂၀၀၈-ခု၊ မေလ၊ အတွဲ(၁)၊ အမှတ် (၁၁) ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း)



# မချစ်စုရဲ့ လက်ဆောင်မွန်

(၁)

ကျွန်ုပ်သည် စာပေရေးသားခြင်းကို ငယ်စဉ်ကာလကတည်းက ဝါသနာထုံခဲ့မိသည့်အလျောက် ငယ်စဉ်ကတည်းကပင် စာဂျပိုး (ကြွမ်းပိုး)ဟု သရော်လှောင်ပြောင်ခံခဲ့ရသည်အထိပင် စာဖတ်ခြင်း စာရေးသားကြည့်ခြင်း အလုပ်တို့ကို တစိုက်မတ်မတ်ပြုလုပ်လာခဲ့သူ ဖြစ်လေသည်။

ဤနေရာတွင် "စာဖတ်ခြင်း"ဟူသော အလုပ်မှာ မထောင်းတာလှ သော်လည်း (အငှားဆိုင်များ စာကြည့်တိုက်များ၊ နီးစပ်ရာ ဝါသနာတူ စာဖတ်ဖော်မိတ်ဆွေများထံမှ နှစ်သက်ရာစာအုပ်များကို အလွယ်တကူ ငှားရမ်းဖတ်ရှုနိုင်၍) "စာရေးခြင်း"ဟူသော အလုပ်မှာမူ ထင်သလောက် လွယ်ကူသည် မဟုတ်ကြောင်း လက်တွေ့သိရှိလာခဲ့ရပေသည်။ မိမိရေးသား လိုသော အကြောင်းအရာကို ပေါ်လွင်ထင်ရှားအောင် စာတစ်ပုဒ်အဖြစ် ရေးသားတင်ပြရာ၌ လိုအပ်မည့်အချက်အလက်များ ခိုင်မာအောင် ရှာဖွေ စုဆောင်းရခြင်း၊ မိမိကိုယ်တိုင် နားလည်နိုင်၍ မေးမြန်းနာယူမှတ်သားရခြင်း ထို့နောက် စာဖတ်သူများ ဖတ်ရှုကြသည့်အခါ အလွယ်တကူ သိရှိနားလည်

ခံစားနိုင်ကြစေရန် ရည်သန်၍ ကြိုးစားဖွဲ့နွဲ့ရေးသားရခြင်း၊ ရေးသားပြီး စာမူများကို ချောမောပြေပြစ်အောင် တည်းဖြတ်သုတ်သင် ရေးကူး၍ သင့်လျော်ရာ မဂ္ဂဇင်းတိုက်ကြီးများသို့ စာတိုက်မှတစ်ဆင့် ပေးပို့ရခြင်း . . . စသော စုံတကာစေ့သည့် အခက်အခဲများကို ရင်ဆိုင်ခဲ့ရလေတော့သည်။

သို့သော် . . ထိုအခက်အခဲများကို ရင်ဆိုင်ရန်အတွက် ကြီးမားသေ တွန်းအားကြီးတစ်ရပ်ဖြစ်သည့် ကျွန်ုပ်၏ "စာရေးဝါသနာထုံခြင်း" ဆိုသော အင်အားကြီး၏ ထောက်မကူညီပေးမှုကြောင့်ပင် ကျွန်ုပ်မှာ စိတ်ကူး ကလေး ပေါ်လိုက် စာရေးစားပွဲထိုင်လိုက်၊ ရေးသားလိုက်နှင့် မိမိတစ်ယောက်တည်း ဂျင်ခြေလည်အောင် အလုပ်ရှုပ်နေခဲ့ရတော့၏။ ထိုသို့စွဲမြဲစွာ မည်သူကဲ့ရဲ့ ကဲ့ရဲ့၊ မည်သူ လှောင်ပြောင်လှောင်ပြောင် အမှုထားမနေဘဲ တရေးတည်း ရေးသားရင်း ကြီးပြင်းလာခဲ့ရာ၊ အရွယ်ရောက်လာသောအခါ ကျွန်ုပ်၏ အသက်မွေးဝမ်းကျောင်းအလုပ်မှာ စာရေးခြင်းအလုပ်သာ ဖြစ်လာခဲ့ရလေ သည်။

ကျွန်ုပ်မှာ စာရေးသားခြင်းဖြင့် မချမ်းသာ မကြွယ်ဝသည့်တိုင် ဝေတ်ပြတ်မွဲတေကာ ဆင်းရဲပင်ပန်းစွာ နေထိုင်စားသောက်ရသော အခြေ အနေမျိုးသို့ ဆိုက်ရောက်ခဲ့ရခြင်းမျိုး မကြုံခဲ့ရလေ့ရသောကြောင့် ထိုအလုပ် ကိုပင် ရာသက်ပန် လုပ်ကိုင်သွားတော့မည်ဟု ဆုံးဖြတ်မိလေ၏။ ကျွန်ုပ်၏ စိတ်ကူးမှာလည်း ဝမ်းရေးအတွက် အထူးတလည် မပူပင်ကြောင့်ကြရဘဲ ခပ်အေးအေးနေထိုင်ရင်း ကိုယ်ထင်ရာလုပ်နေရလျှင် (ကိုယ်ဝါသနာပါသော အလုပ်လုပ်ကိုင်နေရလျှင်) ခဏရလာသော လူ့ဘဝတစ်သက်တာ၌ စိတ်ချမ်း သာ၍ နေပျော်သည်။ ရှေးရှေးကပါလာသော ကံအလျှင်ပြတ်၍ သေချိန်တန် သေရလျှင်လည်း သေပျော်သည်ဟု ပိုင်းဖြတ်လက်ခံထားမိပြီး ဖြစ်နေလေ တော့သည်။ ထို့ကြောင့် ယနေ့ထက်တိုင်ပင် ကျွန်ုပ်မှာ ပျော်ပျော်ကြီး ရေးသာ နေမိဆဲ ဖြစ်ပေတော့သည်။

ကျွန်ုပ်ရေးသားသော စာမူမျိုးစုံတို့မှာ မဂ္ဂဇင်းများစွာ၌ ဖော်ပြပါရှိ သည်ဖြစ်သည့်အနက် စာတည်းချုပ်ဆရာဦးကျော်ဆန်းမြင့် တည်းဖြတ်ထုတ်

ဝေနေသော 'ဂမ္ဘီရဆန်းကြယ်' မဂ္ဂဇင်းကြီးသည်လည်း ကျွန်ုပ်၏ စာမူများကို ထည့်သွင်းအသုံးပြုပေးနေသော မဂ္ဂဇင်းကြီးတစ်စောင်ပင် ဖြစ်လေသည်။ ကျွန်ုပ်သည် ယင်းမဂ္ဂဇင်းကြီးတွင် မြတ်ဗုဒ္ဓနှင့်စပ်ဆိုင်ရာသော ရသစာမူများကို ရေးသားခဲ့သည်။ တစ်ခါတစ်ရံတွင်လည်း ထူးခြားသော ဂမ္ဘီရဆန်ဆန် ဖြစ်စဉ်များကို တွေ့ရှိကြားသိရသောအခါများလည်း ရှိတတ်ပေရာ ထိုအခါမျိုးတွင်လည်း ဂမ္ဘီရဆန်းကြယ်ဝတ္ထုအဖြစ် ရေးသားပေးပို့မိသည်လည်း ရှိခဲ့လေသည်။ သို့သော် . . . ကျွန်ုပ် အဓိကအားပြု၍ ရေးသားမိသည်များမှာ ဘာသာရေးနွယ်သော ဗုဒ္ဓဝင်ရသဝတ္ထုများသာ ဖြစ်နေခဲ့၏။ ထို့ကြောင့်ပင် ထင်ပါသည်။

"ဗုဒ္ဓဝင်ရသ ဝတ္ထုတွေ ရေးသလို အခွင့်ကြုံတဲ့အခါ ဂမ္ဘီရဆန်းကြယ် ဝတ္ထုကလေးတွေလည်း ရေးပြီးပို့ပါ ဆရာ . . . အလျှင်းသင့်ရင် အသုံးပြုရတာပေါ့ . . ."

ကျွန်ုပ် ရန်ကုန်မြို့သို့ ခေတ္တခဏရောက်ရှိခဲ့၍ စာတည်းချုပ် ဆရာဦးကျော်ဆန်းမြင့်နှင့် လူချင်းဆုံတွေ့မိကြသောအခါ ၎င်းက သူ၏ဆန္ဒကို ပွင့်လင်းစွာ ပြောကြားလေသည်။

"ရေးတော့လည်း ရေးတာပေါ့ ဆရာ . . . ဒါပေမယ့် အဲဒီစာမူမျိုးက လုပ်ကြံဖန်တီးပြီး စိတ်ကူးနဲ့ရေးတာမျိုးထက် တကယ်အဆန်းတကြယ် စိတ်ဝင်စားစရာအဖြစ်အပျက်မျိုး ကြုံတွေ့လာမှ ချရေးတာမျိုးကမှ အရသာရှိတာ ဆရာရဲ့ . . . ။ ဒါမှ စာဖတ်သူတွေလည်း စိတ်ဝင်စားကြမှာ ခင်ဗျ . . ."

ကျွန်ုပ်က ကျွန်ုပ်၏ ထင်မြင်ယူဆချက်ကို ဖြေရှင်းပြလိုက်သော် ၎င်းက ခေါင်းညိတ်အတည်ပြု၍ . . .

"ဟုတ်ပါတယ် ဆရာ၊ ဒါကြောင့် အခွင့်သင့်လာတဲ့အခါ ရေးပြီးပို့ပေးပါလို့ လူချင်းတွေ့ကြတုန်း အသိပေးရတာပေါ့။ ကျွန်တော်ကတော့ စာမူက စိတ်ဝင်စားစရာကောင်းပြီး ပရိသတ်လက်ခံနိုင်မယ်လို့ ဆုံးဖြတ်မိရင် သုံးမှာပဲ ဆရာရေ . . ."

"စိတ်ချပါဆရာ . . . ၊ ဘယ်နှယ့်ဗျာ မရေးရရင် မနေနိုင်တဲ့

ဝါသနာကြောင့်ကို ဒီအလုပ်ကို လုပ်လာတဲ့လူပဲခင်ဗျ။ အခွင့်ကြုံရင် ဂမ္ဘီရ ဆန်ဆန် ဝတ္ထုစာမူမျိုးလည်း ရေးပြီး ပို့သွားရမှာပေါ့ . . . ”

ကျွန်ုပ်မှာ ပြောသာပြောနေရသော်လည်း ထိုအချိန်တွင် ထိုစာမူမျိုး ကို ရေးသားလောက်စရာ၊ မည်သည့်အကြောင်းအရာ အချက်အလက်မျှ ကြုံတွေ့လာခဲ့ခြင်း မရှိခဲ့သေးပေ . . .။

“အေးလေ . . . ကြုံလာရင် ရေးသားတာပေါ့ . . . ”ဟု စိတ်ထဲမှာ တေးမှတ်ထားမိရဆဲသော ဖြစ်တော့၏ . . .။

“ကဲ . . .၊ ဆရာလည်း ရန်ကုန်ကို ရောက်နေတုန်းဆိုတော့ တစ်ရပ် တစ်ရွာမှာ သုံးစရာစွဲစရာ ငွေကြေးလိုအပ်နေမှာပဲ . . .။ ကျွန်တော်တို့ မဂ္ဂဇင်းမှာ ဖော်ပြမယ့်စာမူတွေအတွက် စာမူခတွေကို တစ်ခါတည်း ကြိုတင် ထုတ်ပေးလိုက်မယ်ဆရာ။ စာအုပ်လက်ဆောင်ကတော့ မဂ္ဂဇင်း ထွက်တော့မှ ယူတာပေါ့၊ နယ်ဝေးကလာတဲ့ စာရေးဆရာတွေအတွက်ကျရင် ကျွန်တော်တို့ မဂ္ဂဇင်းတိုက်တွေက ဒီလိုပဲ အလိုက်တသိ ကူညီပေးရတာပဲ ဆရာရဲ့။ စာမူပါ တော့မှ စာမူခထုတ်ပေးမယ်ဆိုတာမျိုးချည်း တရားသေမှတ်ထားလို့ မသင့် တော်ပြန်ဘူးလေ”

အယ်ဒီတာချုပ် ဆရာဦးဆန်းမြင့်သည် ပြုံးရယ်၍ ပြောကြားလိုက် ရင်း ကျွန်ုပ်အတွက် စာမူခများကို ကြိုတင်၍ ထုတ်ယူခွင့်ပြုလေသဖြင့် ၎င်းအား ကျေးဇူးတင်ရပေသေးတော့သည်။ နယ်ဝေးမှသည် စရိတ်စက ငွေကြေးသောင်းဂဏန်းချီ အကုန်အကျခံ၍ ရန်ကုန်မြို့သို့လာရောက်ရခြင်း ဖြစ်ရာ ကျွန်ုပ်အတွက် ငွေကြေးလိုအပ်သည်မှာ အမှန်ပင်ဖြစ်၏။ ထို့အတွက် အထူးတလည်မပြောကြားရဘဲ အလိုက်တသိ ဆီးကြိုကူညီတတ်ကြသော မဂ္ဂဇင်းများမှ အယ်ဒီတာချုပ်များအား ကျွန်ုပ်မှာ အထူးပင် ကျေးဇူးတင်မိ ရပေသည်။

“စိတ်ချပါခင်ဗျာ . . .၊ ကျွန်တော်ကိုယ်တိုင် စိတ်ဝင်စားလောက်တဲ့ အဆန်းတကြယ်ဖြစ်စဉ်မျိုး ကြုံလာတဲ့အခါ ဆက်ဆက်ကြီးရေးပို့ပါ ဦးမယ်။ ကဲ . . . ကျွန်တော့်ကို ခွင့်ပြုပါဦး”

"ကောင်းပါပြီ ဆရာ . . .၊ နောင်လည်း ရန်ကုန်ရောက်တဲ့အခါ ဝင်လာခဲ့ပါ"

ကျွန်ုပ်တို့သည် ပြုံးရွှင်စွာ နှုတ်ဆက်လိုက်ကြပြီးနောက် ကျွန်ုပ်လည်း မဂ္ဂဇင်းတိုက်မှ ပြန်လည်ထွက်ခွာလာခဲ့လေသည်။ အယ်ဒီတာချုပ်ဆရာ ဦးကျော်ဆန်းမြင့်အား နှုတ်ကတိသာ ပြုခဲ့မိပေမည့် ထိုအချိန်အထိ ကျွန်ုပ်တွင် ရေးစရာ မည်သည့်အချက်အလက်မျှ အသင့်ရှိမနေသေးသည်ကိုတော့ ကျွန်ုပ်ကိုယ်တိုင်သာ အသိဆုံးဖြစ်ပေတော့လေသည်။

## (၂)

ကျွန်ုပ်မှာ ရန်ကုန်မြို့နှင့် ကင်းကွာနေခဲ့သည်မှာ နှစ်ချီ၍ ကြာတင်နေခဲ့ပြီး၍ ၂၀၀၇-ခုနှစ်၊ ဒီဇင်ဘာလတွင် "တစ်ခေါက်တကျင်းတော့ သွားချဉ်းမှပဲ"ဟု စိတ်ကူးပေါ်လာခဲ့ပြန်လေ၏။ ထို့ကြောင့် လိုအပ်မည့်စရိတ်စကငွေကြေးကိုရှာဖွေကာ ရန်ကုန်မြို့သို့ ထွက်ခွာလာခဲ့မိပြန်တော့သည်။

ရန်ကုန်မြို့သို့ရောက်လာလျှင် ကျွန်ုပ်တည်းခိုနေကျဖြစ်သော ကျွန်ုပ်၏စာပေမိတ်ဆွေကြီးဖြစ်သည့် ဦးသန်းမြင့်၏ နေအိမ်သို့ ချီတက်ခဲ့လေသည်၊ ဦးသန်းမြင့်မှာ အင်းစိန်မြို့နယ်တွင် နေထိုင်သူဖြစ်၏။ ၄င်းမှာ စာပေဝါသနာအိုးဖြစ်သည့်အလျောက် ကျွန်ုပ်နှင့် "ပုလင်းတူဗူးဆို့"ဟု ဆိုရလောက်အောင် အတွဲညီသူဖြစ်သည်။ ယခင်က အလယ်တန်းပြကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော်လည်း ယခုအခါတွင် ပင်စင်ယူပြီး အနားယူချိန်ဖြစ်သဖြင့် ၄င်းမှာ နေ့ရှိသမျှ တစ်သက်တာလုံး စုဆောင်းလာခဲ့သော စာအုပ်များကို ယခုမှ အတိုးချဖတ်ရှုခြင်းဖြင့် အချိန်ကုန်နေလေတော့သည်၊ နှမငယ်များမှာ အင်းစိန်ဈေးထဲတွင် ကုန်စုံဆိုင် ဖွင့်လှစ်ရောင်းချကြသူများဖြစ်၍ လူပျိုကြီးဖြစ်သော ကျွန်ုပ်မိတ်ဆွေအတွက် တစ်ဝမ်းတစ်ခါးအရေးမှာ အထူးပူပင်ကြောင့်ကြရန် မရှိချေ။

ဦးသန်းမြင့်သည် ကျွန်ုပ်ရောက်ရှိလာသည်နှင့် ဝမ်းသာအားရဆီးကြိုလေ၏။ ကျွန်ုပ်၏ အဝတ်အစားများထည့်ထားသည့် ခရီးဆောင်

လက်ဆွဲအိတ်ကို နေရာချမိစဉ်မှာပင် ၄င်းတို့အိမ်ညှေ့ခန်းအတွင်း၌ စုပုံပြည့်နှက်နေသော အခြားခရီးဆောင်ဟမ်းဘက်အိတ်များ ရှိနေသည်ကို ကျွန်ုပ် သတိပြုမိလိုက်၏။

"လာဟေ့ စာရေးဆရာ၊ ငါတို့ လက်ဘက်ရည်ဆိုင် သွားကြမယ်"

ဦးသန်းမြင့်က ထုံးစံအတိုင်း လောဆယ်လိုက်သဖြင့် ကျွန်ုပ်လည်း ၄င်းနှင့်အတူ အလှမ်းမကွာဝေးလှသော လက်ဘက်ရည်ဆိုင်သို့ လိုက်ပါခဲ့ရလေသည်။ အင်းစိန်သို့ရောက်တိုင်း ကျွန်ုပ်တို့ အတူထိုင်နေကျ လက်ဘက်ရည်ဆိုင်ပင် ဖြစ်သည်။ ထိုဆိုင်တွင် အတူထိုင်ရင်း စာကြောင်းပေကြောင်းများ လေကန်ကြသည်နှင့် ကျွန်ုပ်တို့နှစ်ဦးမှာ အချိန်ဖြုန်းလေ့ရှိကြစမြဲပင်။

"ဘယ်လိုလဲ ကိုယ့်လူ၊ ပျော်ချက်သား အတော်ကောင်းနေပါလား၊ အခုတစ်ခေါက်ရော အထူးကိစ္စများပါသေးသလား"

လက်ဘက်ရည်နှင့် မုန့်များမှာကြားပြီးသည်နှင့် ဦးသန်းမြင့်က မေးသည်။

"အထူးကိစ္စရယ်လို့တော့ မပါပါဘူးဗျာ၊ မရောက်တာကြာနေတာနဲ့ တစ်ခေါက်တစ်ကျင်းတော့ သွားချေဦးမှပဲလို့ စိတ်ကူးပေါ်လာတာနဲ့ ထွက်လာတာပါပဲ။ ထုံးစံအတိုင်း မဂ္ဂဇင်းတိုက်တွေကိုတော့ စုံအောင်သွားဦးမှာ ပေါ့လေ။ မိတ်ဆွေ စာရေးဆရာ အယ်ဒီတာတွေနဲ့လည်း မတွေ့ရတာကြာပြီ မဟုတ်လား"

"ကောင်းတယ် ကိုယ့်လူ၊ အဲလိုဆင်းချလာမှပဲ ရောက်မှာပဲ"

"ဆင်းချလာလို့ ရောက်လာတာက ဟုတ်ပါပြီ။ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းသလိုတော့ ဖြစ်ကုန်တော့မယ်ထင်တယ်။ ကျုပ် ဦးသန်းမြင့်ကို မေးစရာရှိတယ်ဗျ"

ကျွန်ုပ်က ပြောလိုက်လျှင် ဦးသန်းမြင့်က လက်ဘက်ရည်ကို တစ်ကျိုက် ငုံသောက်လိုက်ပြီးနောက် . . .

"မေးပါ့ဗျာ . . . ဘာများ မေးစရာရှိနေလို့လဲ"

"တခြားမဟုတ်ဘူး . . . အခု ခင်ဗျားတို့အိမ်မှာ ကျုပ်မရောက်ခင်

ကတည်းက ကြိုတင်ရောက်နေတဲ့ တခြားဧည့်သည်ဆောင်သည်တွေများ ရှိနေကြသလားဆိုတာပဲ။ ဧည့်ခန်းထဲမှာ တခြားခရီးဆောင် ဟမ်းဘတ် အိတ်တွေ မနည်းမနောမြင်ခဲ့သဗျ"

သည်တော့မှ ဦးသန်းမြင့်သည် 'ဟိုက်ကနဲ' မြည်တမ်းကာ သူနဖူးသူ လက်ဝါးနှင့် ရိုက်လိုက်လေသည်။

"ဟာ . . . ဟုတ်သားပဲ၊ အဲဒါကို အမှတ်တမဲ့နဲ့ မေ့နေတယ် . . . မေ့နေဆို ဧည့်သည်တွေက မနက်လင်းကတည်းက ဘုရားတွေလည်ဖူးကြဖို့ ထွက်သွားကြတာကိုး။ ဟုတ်တယ် ကိုယ့်လူရေ ကိုယ့်အမေဘက်က အဒေါ်ကြီးတွေပဲ၊ မိသားစုလိုက် ဘုရားဖူးလာခဲ့ကြတာ စုစုပေါင်း ခုနှစ်ယောက်တောင်ပဲ . . ."

"ကိုင်း . . . ဒါဆိုရင် ကျုပ်သဘောပေါက်ပြီ၊ ခင်ဗျားတို့အိမ်က ကျဉ်းကျဉ်းကလေး လာလိုက်တဲ့ဧည့်သည်တွေက တစ်ပြုံကြီးနဲ့ဆိုတော့ ညဘက်မှာ အိပ်ရာနေရာ အခက်အခဲရှိတော့မှာ သေချာတယ်"

"ဒါလည်း ဟုတ်တုတ်တုတ်ပဲ၊ ကိုယ့်အိမ်ခန်းမှာ ကျဉ်းတော့ အိမ်ရှိလူခံနဲ့ လာတဲ့ဧည့်သည်တွေမှာ တစ်စုတည်းပြားပြီး အိပ်ကြရတာ။ မောင်ရင်လာတဲ့အချိန်နဲ့ အိမ်မှာ လူကျပ်တဲ့အချိန်နဲ့ တည့်တည့်ကို တိုးနေတော့တာပါကလား . . ."

"ဒီအတွက် စိတ်မညစ်ပါနဲ့လေ၊ ကျုပ်ကလည်း ဧည့်ခန်းထဲမှာ ပုံထားတဲ့ ဟမ်းဘတ်အိတ်တွေ အများကြီးမြင်ကတည်းက သတိပြုမိပြီးသားပါ၊ ကိစ္စမရှိဘူး၊ ကျုပ် နီးစပ်ရာတည်းခိုခန်းကိုပဲ လစ်တော့မယ်ဗျာ . . ."

ကျွန်ုပ်က ကျွန်ုပ်၏ အကြံအစည်ကို ပြောပြလိုက်လေသည်၊ ဦးသန်းမြင့်သည် ကျွန်ုပ်ကို အလွန်အားနာသောမျက်နှာထားဖြင့် အကြံအိုက်သွားသလို ခေါင်းကုတ်လေတော့သည်။ ပြီးမှ မေးသည်။

"နေပါဦး၊ မောင်ရင်က ဘယ်နှစ်ရက်လောက် နေမယ် စိတ်ကူးသလဲ"

"ဟလူရဲ့ . . . ရောက်မှတော့ တစ်ပတ်ဆယ်ရက်လောက်တော့

နေမှာပေါ့ဗျ"

"နေစမ်းဦး . . . တို့မြို့နယ်ထဲက တည်းခိုခန်းတွေက ဈေးအချိုဆုံး တည်းခိုခန်းတောင်မှ တစ်ယောက်အိပ်ခန်းကို တစ်ည(၃၀၀၀)သုံးထောင် ကျပ်လောက် ပေးရတယ်ထင်တယ်ဟ၊ ဆယ်ရက်ဆိုရင် သုံးသောင်းပဲ။ ည ကလေးအိပ်ရုံ၊ ကျောလေးခင်းရရုံနဲ့ ငွေသုံးသောင်းတောင်ကုန်ရမှာ နှမြော စရာကြီးကွာ . . .၊ ကိုယ့်ဆီလာတုန်း ကိုယ့်တာဝန်ပေါ့၊ နေဦး၊ ငါ တစ်နည်း နည်းကြံဦးမယ်"

ဦးသန်းမြင့်သည် အတန်ကြာအောင် စဉ်းစား၍ အကြံထုတ်နေလေ သည်။ ညအိပ်ရမည့်အရေးမှာ ယနေ့ညပင် စတင်ရင်ဆိုင်ရမည့်ကိစ္စဖြစ်၍ အချိန်ဖင့်နှေးနေ၍ မဖြစ်၊ ယခု နေ့ခင်းပိုင်းကတည်းက ထိုပြဿနာကို ဖြေရှင်းထားမှ အဆင်ပြေနိုင်ပေမည်။ ကျွန်ုပ်မှာ ၎င်းတို့အိမ်မှာ အမြဲနေထိုင် တည်းခိုလေ့ရှိသူဖြစ်၍ ၎င်းတို့ အိမ်၏ကျဉ်းမြောင်းမှုကို ကြိုတင်သိထားပြီး ဖြစ်လေသည်။ ထို့ကြောင့် ညပိုင်းတွင် အိပ်ရာနေရာ အခက်အခဲကြုံရမည် ကို သိပြီးဖြစ်၍ အချိန်ရှိခိုက်ကတည်းက ထိုပြဿနာအတွက် အဖြေရှာထား ရန် စဉ်းစားခြင်းဖြစ်တော့သည်။

"ဟ . . . ငါ အကြံရပြီကွ၊ အဲဒီကိစ္စအတွက် စိတ်မပူနဲ့တော့၊ မောင်ရင့်လို ခပ်အေးအေးတိတ်တိတ်ဆိတ်ဆိတ် တစ်ယောက်တည်းနေလေ၊ အလုပ်လုပ်လို့ အဆင်ပြေလေဆိုတဲ့ စာရေးဆရာတစ်ယောက်အနေနဲ့ တည်းခိုနေထိုင်ဖို့ အသင့်တော်ဆုံးတစ်နေရာကို ငါ စဉ်းစားမိပြီ"

ဆယ်မိနစ်ခန့်ကြာတော့မှ ဦးသန်းမြင့်မှာ အကြံဉာဏ်ပေါ်လာပြီး၊ ယခုမှ ထွက်ပေါက်ရ၊ အသက်ရှုချောင်သွားသလို မျက်နှာထားနှင့် ဝမ်းသာ အားရပြောလေသည်။

"လုပ်စမ်းပါဦး . . . ဘယ်လိုစဉ်းစားမိလို့လဲ"

"ဟ . . . ဝေးဝေးနေရာ မဟုတ်ဘူးကွ။ ငါတို့အိမ်နဲ့ တစ်လမ်းပဲ ခြားတယ်။ ငါးမိနစ်လောက်လျှောက်ရင် ရောက်ကရော၊ အဲဒါက ငါ အလုပ် လုပ်ခဲ့တဲ့ ကျောင်းပဲ၊ ကျောင်းအုပ်ဆရာမကြီး မိသားစုလည်း အဲဒီ ကျောင်း

ဝင်းထဲက အိမ်ကလေးမှာ နေကြတယ်။ အခုရက်တွေက ဒီဇင်ဘာကျောင်းဆယ်ရက် ပိတ်ထားတဲ့ရက်ဆိုတော့ ကျောင်းသူ ကျောင်းသားတွေ မလာကြဘူးလေ။ ကျောင်းက ရေမီးအပြည့်အစုံရှိတယ်၊ အုတ်တစ်ထပ်လှာချင်းတက်ဆောက်ထားတာမို့ အဆောက်အဦးကလည်း လုံခြုံတယ်၊ ပြီးတော့လူရှင်းတယ်၊ အဲဒီက စာသင်ခန်းလွတ်တစ်ခန်းမှာ မင်းကို နေရာချထားပေးရုံပဲ။ ဆရာမကြီးကို ငါလိုက်ပြောပေးမယ်၊ ကျောင်းပြန်မဖွင့်ခင်အထိဖြင့်မင်းတစ်ယောက်တည်းနေပါလေ့ကွာ၊ စာရေးချင်ရင်လည်း အဆင်ပြေပါ့၊ စာရေးခုံတွေ အဆင်သင့်ပဲ"

"ခင်ဗျားရဲ့ ကျောင်းအုပ်ဆရာမကြီးက ပြောလို့ လက်ခံနိုင်ရင်တော့ကောင်းသားပဲ . . . "

"ဟ . . . နှစ်ပေါင်း (၂၀)ကျော် လက်တွဲအလုပ်လုပ်လာခဲ့ကြတဲ့ မိတ်ရင်းဆွေရင်းတွေပါကွ၊ ငါပြောလို့ လက်မခံမရှိပါဘူး . . . ပြောနေကြာတယ်။ ဒီက လက်ဘက်ရည်ဆိုင်က အပြန်ပဲ တစ်ခါတည်းဝင်တွေ့သွားကြရအောင်။ ပေါက်လွတ်ပဲစား၊ ကလေကချေအမူးသမား လူရမ်းကားမျိုးကိုလာပို့တာမှ မဟုတ်ပဲကွ၊ ဂုဏ်သရေရှိအမျိုးအစား စာပေဆုရပြီးသား စာရေးဆရာကို လာပို့တာပဲဟာ၊ စိတ်ချ၊ ဆရာမကြီးက ဝမ်းမြောက်ဝမ်းသာ လက်ခံကူညီပေးလိမ့်မယ် ဟား . . . ဟား"

ဦးသန်းမြင့်မှာ သူ့အကြံအစည်အတွက် သူ့ဟာသူ အတော် သဘောကျ နေပုံရသည်။ ဒီဇင်ဘာကျောင်းဆယ်ရက်ပိတ်သည်မှာ ကျွန်ုပ်ရောက်သည့်နေ့တွင်မှ နှစ်ရက်သာ ရှိသေးသည်ဖြစ်ရာ ကျွန်ုပ်မှာ ကျောင်းဖွင့်ချိန်အထိ နေထိုင်မည်ဆိုလျှင် (၉)ရက်တိတိ နေထိုင်တည်းခိုခွင့် ရရှိနိုင်မည်ဖြစ်ပေသည်။

ကျွန်ုပ်တို့နှစ်ဦးသည် လက်ဘက်ရည်ဆိုင်မှ ပြန်ထလာခဲ့ကြချိန်တွင် တစ်ဆက်တည်းပင် ထိုကျောင်းအုပ်ဆရာမကြီးထံသို့ ဝင်ရောက်ခဲ့ကြလေသည်။ ဦးသန်းမြင့်သည် ကျွန်ုပ်နှင့် ဆရာမကြီး မိသားစုအား မိတ်ဆက်ပေးပြီးနောက် လာရင်းကိစ္စ ဖွင့်ဟပြောကြား အကူအညီတောင်းလေ၏။

"ဟာ . . . မိတ်ရင်းဆွေရင်းတွေပဲ ကူညီရမှာပေါ့။ ရပါတယ်ဆရာ။ စာသင်ခန်းတစ်ခန်းပေးထားမယ်။ အခန်းသော့လည်း ဆရာ့လက်ထဲ ထည့်ပေးထားမယ်။ ဆရာအပြင်ထွက်မယ်၊ မြို့ထဲသွားမယ်ဆိုတော့ ကိုယ့်အခန်းသော့ ကိုယ့်ဟာကိုယ် ပိတ်သွားပေါ့။ ကျောင်းမဖွင့်ခင် ကစ်ပတ်ရှစ်ရက်တော့ ဘယ်သူမှမရှိဘူးဆရာ။ ဆရာတစ်ယောက်တည်းပဲ လွတ်လွတ်လပ်လပ် နေလို့ရပါတယ်။

ဆရာမကြီးမှာ အထူးပင်ဖော်ရွေလှသူ ဖြစ်သည်။ ကျွန်ုပ်၏ အခက်အခဲကို ဝမ်းမြောက်ဝမ်းသာ ကူညီမှုပြုပေသည်။ ထို့ကြောင့် ထိုနေ့ နေ့ခင်းပိုင်းမှာပင် ကျွန်ုပ်လည်း နေထိုင်တည်းခိုမည့် ကျောင်းဆောင်သို့ ပြောင်းရွှေ့ခဲ့လေသည်။ ကျွန်ုပ်အတွက် ရရှိသော စာသင်ခန်းမှာ အတော်ပင်ကျယ်ဝန်းပြီး လုံခြုံလှသည်၊ လျှပ်စစ်မီးကလည်း လေးပေမီးချောင်းနှစ်ချောင်းပင် ဖြစ်နေ၍ ထိန်ထိန်လင်းနေသည်။ ကျွန်ုပ်နှင့် ဦးသန်းမြင့်တို့သည် ကျောင်းသားများထိုင်သည့် ထိုင်ခုံတန်းလျားများကို ဆက်စပ်လိုက်သည်နှင့် နှစ်ယောက်အိပ်ခုတင်တစ်လုံးစာမျှ ကျယ်ဝန်းသော အိပ်ရာကို ရရှိလေသည်၊ ပြီးနောက် သင်ဖြူးခင်းစောင်၊ ခေါင်းအုံးများမှာ နေရာချ။ ခြင်ထောင်,ထောင်၊ ညဘက် ကျွန်ုပ်စာရေးနိုင်ရန်၊ စားပွဲကုလားထိုင်များ ပြင်ဆင်ဖြင့် တက်ညီလက်ညီ လုပ်ရှားလိုက်ကြရာ ညနေမစောင်းသေးခင်မှာပင် ကျွန်ုပ်အတွက် တည်းခိုခန်းမှ အိပ်ခန်းများထက် ပို၍ ကျယ်ဝန်းသေသပ်သော ကွန်းခိုရာနေရာကို ရရှိခဲ့ရလေတော့သည်။ မိတ်ကောင်းဆွေကောင်းတို့၏ ထောက်ပံ့ ကြည့်ရှုမှုသည် တန်ဖိုးဖြတ်၍ မရနိုင်အောင် ကျေးဇူးများလှပါတကား။

(၃)

ကျွန်ုပ်မှာ စိတ်အေးချမ်းသာစွာပင် ထိုကျောင်းမှာပင် နေထိုင်တည်းခိုခဲ့လေသည်၊ ကျွန်ုပ်၏ မိတ်ဆွေကြီးဦးသန်းမြင့်၏ နေအိမ်နှင့်လည်း (၅)မိနစ်ခန့်လျှောက်လျှင် ရောက်တော့သည်ဖြစ်ရာ ထိုကျောင်းဆောင်သည် ကျွန်ုပ်တည်းခိုရန်အတွက် ပဋိရူပကျလှသည်ဟု ဆိုရတော့မည် ဖြစ်သည်။

ဆရာမကြီးတို့ မိသားစုနှင့် ကျွန်ုပ်မှာလည်း ရက်ပိုင်းအတွင်းမှာပင် ခင်မင်ရင်းနှီးသွားကြတော့၏။ ဦးသန်းမြင့်သည် မိုးလင်းသည်နှင့် တစ်ခေါက်၊ ညဘက်တွင် တစ်ခေါက နေ့စဉ်ရောက်ရှိလာကာ ကျွန်ုပ်နှင့် လက်ဘက်ရည်ဆိုင်အတူထိုင်၍ စကားကောင်းလေ့ရှိသည်။ ကျွန်ုပ်မှာ စားရေးသောက်ရေးနှင့် ပတ်သက်၍ ဆရာမကြီးတို့မိသားစုအား ဒုက္ခမပေး။ မြို့ထဲသို့ထွက်လျှင် မြို့ထဲမှာပင် စား၏။ မြို့ထဲသို့ မထွက်သည့်နေ့လည်း မရှိပေရာ ကျွန်ုပ်မှာ ကြုံရာဆိုင်မှာပင် စားသောက်နေရသဖြင့် ၄င်းတို့က ကျွေးမွေးဧည့်ခံလိုလျှင်ပင် လူကို ဖမ်းမမိနိုင်သောကြောင့် လက်လျှော့ကြရမည့် အနေအထား ဖြစ်ပေသည်။

ကျွန်ုပ်မှာလည်း မြို့ထဲမှ မဂ္ဂဇင်းတိုက်များသို့ ဝင်ထွက်သွားလာခြင်း၊ စာမူပေးခြင်း၊ စာမူခထုတ်ခြင်း၊ ခေတ္တနားချိန်တွင် (၃၃)လမ်းဘက်ဘက်ရည်ဆိုင်၌ ရေးဖော်စာပေမိတ်ဆွေများနှင့် ထိုင်၍ လေကန်ခြင်း၊ ညဘက်တွင် ဦးသန်းမြင့်နှင့်အတူ လက်ဘက်ရည်ဆိုင်ထိုင်၍ စကားပြောခြင်း . . . စသည်တို့ဖြင့် ဂျင်ခြေလည်နေပေရာ ညအိပ်သည်ဆိုရုံမျှသာ ဖြစ်နေပေတော့သည်၊

"နေရထိုင်ရတာ အဆင်ပြေရဲ့လား ဆရာ"ဟု ဆရာမကြီးတို့ မိသားစုကလည်း ဂရုတစိုက် မေးမြန်းဖော်ရကြပါပေသည်။ ကျွန်ုပ်လည်း အဆင်ပြေပါကြောင်း အမြဲပြောပြရလေသည်။ သည်လိုနှင့် ကျွန်ုပ်နေထိုင်လာခဲ့ရာ (၅)ရက်မြောက်သောတစ်ညတွင် ထုံးစံအတိုင်း စာဖတ်ပြီး အိပ်လေ့ရှိသည့်အတိုင်း ဆယ်နာရီဆယ့်တစ်နာရီတွင် အိပ်ရာမဝင်ဘဲ ညဥ့်နက်သန်းခေါင်ကျော်သည်အထိ စားပွဲထိုင်ခဲ့လေသည်။

ထိုနေ့က ကျွန်ုပ် ပင်တိုင်တာဝန်ယူ ရေးသားပေးနေသော မဂ္ဂဇင်းများထဲမှ ရယ်စရာမဂ္ဂဇင်းနှင့် ပျော်ပျော်ရွှင်ရွှင် မဂ္ဂဇင်းတိုက်များသို့ ရောက်ရှိခဲ့လေသည်၊ ဤတွင် ထည့်သွင်းဖော်ပြစရာ ပေးထားသော ကျွန်ုပ်၏ စာမူများ၊ ပြတ်လပ်နေပြီဖြစ်ကြောင်း ၄င်းတို့က ဆီးကြိုပြောကြားကြလေတော့သည်။ မဂ္ဂဇင်းတွင် ပင်တိုင်ရေးသော စာရေးဆရာသည် အနည်းဆုံးနှစ်လ၊ သုံးလစာ ကြိုတင်ပေးထားမှ အဆင်ပြေလေ့ရှိသည်။ သက်ဆိုင်ရာ အယ်ဒီ

တာမင်းများအဖို့လည်း စဉ်တိုက်ဆက်တိုက် ဖော်ပြနိုင်ရန် စီစဉ်ဖို့ ကြိုတင်ပြင်ဆင်ကြရသည် ဖြစ်၏။

"မထူးပါဘူး ဆရာရယ် . . .၊ ရန်ကုန်ရောက်တုန်း လေးငါးလစာ တစ်ဖြတ် ဖြတ်ပေးထားခဲ့ပါ။ ဒါမှ စိတ်အေးရမယ်။ စာမူခတွေလည်း တစ်ခါတည်းကြုံတုန်း ကြိုထုတ်ယူသွားပေတော့။ စာအုပ်တော့ ထွက်မှပဲ စာတိုက်ဂ ပို့လိုက်တော့မယ်။ အာစရိ ချက်ချင်းမပြန်သေးဘူး မဟုတ်လား"

ခင်မင်ရင်းနှီးပြီးဖြစ်သော အယ်ဒီတာက တစ်ဆက်တည်း စာမူတောင်းခံလေတော့ရာ . . "အေးဗျာ၊ ဒီလိုဆိုလည်း သန်ဘက်ခါလောက်ကျမှ လာပို့ပေးမယ်။ ဒီနေ့ညနဲ့ နက်ဖြန်တစ်ရက်တော့ မြို့ထဲမထွက်လာတော့ဘဲ ထိုင်ရေးလိုက်မယ် . . . "ဟု ပြန်ပြောမိလေ၏။ သည်တော့ ၎င်းက ခွီးခနဲရယ်ပြီး . . .

"မနက်ဖြန် မြို့ထဲထွက်လာတော့ရော ဘာထူးမှာလဲ ကိုယ့်လူရဲ့၊ မနက်ဖြန်က ဆန်းဒေးလေ၊ မဂ္ဂဇင်းတိုက်တွေ အကုန်ပိတ်သဗျ။ ကိုယ့်လူ မြို့ထဲလာလည်း အချိန်ကုန် လူပန်းပဲ . . ."

"ဟား . . . ဟုတ်သားပဲ၊ ကိုင်း . . . ဒါဆို သေချာပြီ၊ မနက်ဖြန် တစ်နေ့လုံး စာမူတွေရေးရုံပဲ။ တနင်္လာနေ့ကျမှ ယူထားလိုက်ပေတော့ . . ."

ကျွန်ုပ်မှာ နှုတ်ကတိပြုခဲ့ပြီးရာ ထိုညမှာပင် စတင်၍ စားပွဲထိုင်ရလေတော့သည်။ ည (၉)နာရီခန့်တွင် ဦးသန်းမြင့်နှင့် စကားစောစောဖြတ်ကာ လက်ဘက်ရည်ဆိုင်မှ ထပြန်ခဲ့ရ၏။ ကျွန်ုပ်စာရေးရန် ရှိသည်ဖြစ်၍ ဦးသန်းမြင့်ကလည်း ခပ်စောစောပင် လမ်းခွဲပေးလေသည်။

သည်လိုနှင့် ည (၉)နာရီခွဲခန့်တွင် ကျွန်ုပ်စားပွဲထိုင်၏။ ကျွန်ုပ်၏ အခန်းမှာ လုံခြုံလှသည်။ ပတ်လည်မှ ပြတင်းတံခါးများနှင့် အဝင်အထွက် တံခါးများကို အသေအချာ ချက်ချ၍ပိတ်လိုက်ပြီးသည်နှင့် ပြင်ပဝန်းကျင်နှင့် အဆက်အသွယ်ဖြတ်ပြီး ဖြစ်လေတော့သည်။ ကျွန်ုပ်လည်း စားပွဲအောက်ခြေ ပတ်လည်၌ ခြင်ဆေးခွေသုံးလေးခွေကို တစ်ပြိုင်နက်တည်း ထွန်းညှိပြီးသည်နှင့် မဂ္ဂဇင်းသို့ပေးရန် ပင်တိုင်ကဏ္ဍစာမူများကို ရေးသားလေတော့သည်။

စာမူ(၂)ပုဒ်ပြီးသွားသေအာခါတွင် နာရီကိုကြည့်သော် ညဥ့်နာရီပြန် နှစ်ချက် ထိုးလေပြီ။ ကျွန်ုပ်လည်း အတော်ညောင်းညာသွားပြီဖြစ်၍ ဘုံမှူနှင့်ဖြတ်ကာ အိပ်ရာဝင်ဖို့ ဆုံးဖြတ်လိုက်၏။

စားပွဲမှထ၍ . . . အိပ်ရာဆီသို့ အကူးတွင် အပြင်ဘက်ကော်ရစ်ဒါဆီမှ တစ်စုံတစ်ယောက်ဖြတ်လျှောက်သွားသလို ခြေသံတရှပ်ရှပ်ကို ကြားလိုက်ရ၏။ ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်နေပြီဖြစ်၍ ထိုခြေသံအတွက် ကျွန်ုပ်မှာ အံ့အားသင့်မိသေး၏။ သို့သော် . . . တစ်စုံတစ်ယောက် အိမ်သာသို့ အပေါ့အပါးထသွားတာပဲ ဖြစ်မည်ဟုသာ တွေးလိုက်မိ၏။ အခန်းပတ်ချာလည်မှ တံခါးများ၏ ပေါက်ချိတ်များကို တစ်ပတ်ပတ်၍ အသေအချာ စစ်ဆေးလိုက်ပြီးနောက် ကျွန်ုပ် အိပ်ရာဝင်၏။ မအိပ်မီ အိပ်ရာခေါင်းရင်းဘက်သို့ ဦးတည်၍ စိတ်အမှတ်ဖြင့် ရှိခိုးကန်တော့လိုက်ပြီး ဘုရားဂုဏ်တော်ကိုးပါးနှင့် သရဏဂုံကို ရွတ်ဆိုပူဇော်ပြီးမှ အိပ်သည်။ တစ်ကိုယ်လုံးညောင်းညာ တောင့်တင်းနေသည်ဖြစ်၍ ကျွန်ုပ်မှာ အိပ်ရာပေါ် ပက်လက်ခြေဆန့်၍ လဲလျောင်းလိုက်ရသည်နှင့်ပင် အတော်သက်တောင့်သက်သာ ရှိလှပေသည်။ ဘာမျှ မကြာလိုက်ခင် ကျွန်ုပ်အိပ်ပျော်သွားတော့သည်။ အခန်းမျက်နှာကျက်မှ လေးပေမီးချောင်းကြီးနှစ်ချောင်း လင်းထိန်လျက်။ မီးမပိတ်ဘဲအိပ်ရန် ဆရာမကြီးက မှာထားကြား၍ မည်သည့်မီးကိုမှ မီးမပိတ်ခဲ့။

"ကိုယ့်လူရေ . . . မထသေးဘူးလား၊ ညက အတော်ညဥ့်နက်အောင် ထိုင်လိုက်တယ်နဲ့တူတယ်။ ထတော့ဟေ့ . . . (Tea) တီးသွားဆွဲဖို့တောင် နောက်ကျနေပြီ . . ."

အခန်းတံခါးခေါက်သံ တဒေါက်ဒေါက်နှင့်အတူ ဦးသန်းမြင့်၏ ကျယ်လောင်သောအသံကြီးကို ကြားလာတော့မှ ကျွန်ုပ်အိပ်ရာမှ နိုးလေတော့သည်။ နာရီကိုကြည့်သော် နံနက်ရှစ်နာရီပင် ထိုးပေတော့မည်ကို တွေ့ရ၏။ သည်တော့မှ ကျွန်ုပ်အား လက်ဘက်ရည်ဆိုင်သွားဖို့ ဦးသန်းမြင့် လာနှိုးနေခြင်းဖြစ်ကြောင်း သတိဝင်လာကာ အိပ်ရာမှ လူးလဲထလိုက်သည်။

"နိုးပြီဗျို့ . . . ၊ လာပြီ . . . လာပြီ"

ကျွန်ုပ်လည်း အသံပြန်ပေးလိုက်ရင်း အိပ်ရာမှ ဆင်းကာ ပိတ်ထားသော တံခါးများ၏ ပေါက်ချိတ်များကို လိုက်ဖွင့်ပေးရလေသည်။ ပြတင်းတံခါးများကိုပါ ဖွင့်လိုက်သောအခါ နေရောင်ခြည်တို့ပါ တိုးဝင်လာ၍ တစ်ခန်းလုံး လင်းလင်းထိန်သွားတော့၏။ ဦးသန်းမြင့်လည်း အခန်းထဲဝင်လာကာ အိပ်ရာခြင်ထောင်များကို ကူသိမ်းလေသည်။

"တဲ . . မျက်နှာသွားသစ်ပေတော့ကွာ . .၊ လက်ဘက်ရည်ဆိုင်သွားမယ်"

"အိုကေဗျာ . . ခဏလေးစောင့်၊ ညက ညဥ့်နက်သွားလို့ ဒီနေ့စောစော မနိုးတာဗျ၊ ခင်ဗျားလာနှိုးပေလို့သာပဲ . ."

ကျွန်ုပ်လည်း ဦးသန်းမြင့်အား ပြန်ပြောလိုက်ရင်း အခန်းပြင်သို့ထွက်ရန် အိပ်ရာခုတင်ခြေရင်းမှ ဖိနပ်ကိုရှာ၏။ အဲဒီတော့မှ အံ့ဩစရာကြုံရတော့၏။ ကျွန်ုပ်၏ သားရေဖိနပ်တစ်ဘက်မှာ ပျောက်ခြင်းမလှ ပျောက်နေတော့၏၊ တစ်ခန်းလုံးအနှံ့ ရှာဖွေသည့်တိုင် ဘယ်နေရာမှာမှ မတွေ့ရတော့။

"ခွကျတာပဲဗျာ၊ ကျုပ် သားရေဖိနပ်တစ်ဘက် ပျောက်နေတယ်ဗျ"

"ဟေ . . . သေသေချာချာ ရှာစမ်းပါဦးကွာ၊ တစ်ဖက်တည်း ကွက်ပျောက်ရတယ်လို့ . . . "

ဦးသန်းမြင့်လည်း ကျွန်ုပ်နှင့်အတူ အခန်းနေရာအနှံ့ လိုက်ရှာ၏။ ဘယ်မှာမှ မတွေ့။ ကြွက်တို့၊ ကြောင်တို့၊ ခွေးတို့လို သတ္တဝါတစ်ကောင်ကောင်က ဝင်ဆွဲသည်ဆိုရအောင်လည်း အခန်းသည် အလွန်လုံခြုံသော အခန်းဖြစ်၏။ အခင်းကလည်း မည်သည့်ကြွက်တွင်းမျှ မရှိသော အုတ်ကွန်ကရစ်ခင်းဖြစ်သည်၊ အုတ်လွှာချင်းတက်ထားသော နံရံလေးဘက်ကလည်း အောက်ခြေမှသည် အမိုးသွပ်ပြားများထိတိုင် အခိုင်အမာအလုံပိတ်ဖြစ်သည်၊ အခန်းတံခါးများကိုလည်း ကျွန်ုပ်အိပ်ရာဝင်ခါနီးတွင် ထပ်မံ၍ စစ်ဆေးကြည့်ခဲ့မိသေးသည်ပင်။ ထို့ထက် ပိုသေချာသည်ကား ညက ကျွန်ုပ်အိပ်ရာဝင်ခါနီးတွင်မှ ထိုဖိနပ်နှစ်ဘက်စလုံးကို ခြေရင်းဘက်တွင် ချွတ်ခဲ့ခြင်း

ဖြစ်တော့သည်။

"အုံသြစရာပဲဗျ၊ လူဝင်ယူတယ်ဆိုရင် တစ်ရုံလုံး စီးသွားမှာပေါ့၊ ပြီးတော့ တခြားလည်း အဲဒီဖိနပ်ထက် တန်ကြေးရှိတဲ့ ပစ္စည်းတွေ အများကြီးပဲ၊ စာရေးခုံပေါ်တင်ထားခဲ့တဲ့ လက်ပတ်နာရီပဲ ကောက်သွားဦးတော့ဗျာ၊ သောင်းကျော်တန်နာရီဗျ . . . ။ ကျုပ် အဝတ်အစား၊ ဟမ်းဘတ်အိတ်လည်း ရှိတာပဲ . . . ခြေရာလက်ရာ မပျက်ဘူး၊ အဲဒီ ဖိနပ်တစ်ဘက်တည်းပဲ ကွက်ပျောက်နေတာ တော်တော်ဆန်းနေပြီ။ တစ်ညလုံးပိတ်ထားခဲ့တဲ့ တံခါးတွေလည်း အခု ခင်ဗျားလာအော်နှိုးမှ ကျုပ်ထဖွင့်ပေးရတာ . . . ။ ဟုတ်တော့ မဟုတ်သေးဘူးထင်တယ်"

ကျွန်ုပ် နားမလည်နိုင်စွာ ပြောမိ၏။ ဦးသန်းမြင့်လည်း တစ်စုံတစ်ရာကို တွေးနေသော မျက်နှာထားနှင့်ရှိ၏။

"ဒါ့ထက် . . . ညက မင်းဘယ်အချိန်မှ အိပ်ရာဝင်သလဲ"

"ည နာရီပြန်နှစ်ချက်ထိုးပြီးပြီဗျ . . . "

"အဲဒီအချိန်မှာ တခြားထူးထူးခြားခြားများ ဘာတွေ တွေ့မိ ကြားမိသေးလဲ"

"ဘာမှ မတွေ့မိပါဘူး၊ မတွေ့ဆို ကျုပ်က အခန်းတံခါးတွေမှ မဖွင့်ဘဲ . . . အပေါ့အပါးထွက်သွားတာမျိုးလည်း မလုပ်ခဲ့ဘူး။ အဲ . . . သတိရပြီ အိပ်ရာဝင်မယ်လုပ်တော့ အခန်းပြင်ဘက် ကော်ရစ်ဒါပေါ်မှာ လမ်းလျှောက်သွားသလို ခြေသံတရှပ်ရှပ်တော့ ကြားမိသလိုလိုပဲဗျ၊ တစ်ယောက်ယောက် အပေါ့အပါး ထသွားတာပဲထင်လို့ တံခါးဖွင့်မကြည့်မိဘူး . . . "

"တစ်ယောက်ယောက် အပေါ့အပါးထသွားတယ်လို့ မောင်ရင်က ထင်နေပေမယ့် အဲဒါလည်း မဖြစ်နိုင်ဘူးကွ။ ဒီကျောင်းဝင်းထဲမှာ မောင်ရင်နဲ့ ဆရာမကြီးတို့မိသားစုပဲရှိတာ၊ ပြီးတော့ ညနာရီပြန် နှစ်ချက်ထိုး သန်းခေါင်ကျော်အချိန်ကြီးလေ . . . ဆရာမကြီးတို့ အိမ်သားတွေထဲက တစ်ယောက်ယောက် အပေါ့အပါးထသွားမယ်ဆိုရင်လည်း အိမ်သာက သူတို့နေတဲ့ဘက်မှာ ရှိတာ . . . ၊ မောင်ရင့်အခန်းရှေ့ ကော်ရစ်ဒါဘက်ကို လျှောက်လာစရာ

အကြောင်းမှမရှိဘဲ၊ မောင်ရင် အိမ်သာသွားချင်ရင်သာ ဒီကနေ ထလျှောက်သွားရဖို့ ရှိတယ်မဟုတ်လား . . .”

ဦးသန်းမြင့်ပြောသည်မှာ အမှန်ပင်ဖြစ်၏။ အိမ်သာအဖြစ် ဆောက်လုပ်ထားသော သုံးခန်းတွဲတိုက်တန်းရှည် အဆောက်အဦးကလေးသည် ဆရာမကြီးတို့ မိသားစုနေထိုင်သော ကျောင်းဝင်းထောင့်မှ အိမ်ကလေးအနီး၌ ရှိသည်။ ထို့ကြောင့် အိမ်သာသွားမည့်သူသည် ကျွန်ုပ်နေထိုင်ရာ ကျောင်းစာသင်ခန်းများဘက်သို့ လာရန်မလိုချေ။

“ဒါလည်း ဟုတ်တာပဲ၊ ကျုပ်တော့ မတွေးတတ်အောင် ဖြစ်နေပြီဗျာ”

“ကဲ . . လောလောဆယ် လက်ဘက်ရည်ဆိုင် ထွက်ကြဖို့ကို ဘယ်လိုလုပ်မလဲကွ၊ မင်းတ ခြေဖဝါးသက်သက် လျှောက်လိုက်ရမလို ဖြစ်နေပြီ”

ဦးသန်းမြင့်၏ စကားကြောင့် ကျွန်ုပ်ရယ်လိုက်သည်။

“ဘယ်တတ်နိုင်မလဲဗျ။ ခြေဖဝါးချည်း လျှောက်လိုက်လာရုံပေါ့ . . လမ်းကျမှ တွေ့တဲ့ဖိနပ်ဆိုင်တစ်ဆိုင်မှာ အသစ်တစ်ရံဝယ်စီးရတော့မှာပေါ့ ဒီကိစ္စများ ခက်လွန်လွန်းလို့ . . .”

“ကိုင်း . . ဒါဖြင့်လည်းကွာ တစ်ဘက်တည်း ကျန်နေမှတော့ နောက်တစ်ရံဝယ်ရမှာက ဝယ်ရမှာပါပဲ၊ သွားကြစို့ . . .”

ကျွန်ုပ်လည်း အခန်းတံခါးများကို လိုက်ပိတ်ကာ သော့ခတ်ခဲ့ပြီး ခြေဖဝါးသက်သက်နှင့်ပင် ထွက်လိုက်လာခဲ့ရပေတော့သည်။ လမ်းကျမှ အသင့် တွေ့ရသော ဖိနပ်ဆိုင်တစ်ဆိုင်မှ နောက်အသစ်တစ်ရံကို ဝယ်စီးရလေသည်။ လက်ဘက်ရည်ဆိုင်မှာ ထိုင်ကြသည့် တစ်ချိန်လုံး၌လည်း ဦးသန်းမြင့်မှာ ထိုကိစ္စအတွက် မကျေမနပ်ဖြင့် ပြောမဆုံးနိုင်အောင် ရှိလေသည်။ ဆိုင်မှာထ၍ ပြန်လာကြချိန်၌ ဦးသန်းမြင့်က ပြော၏။

“နေဦးကွာ . . .၊ ဒီကိစ္စကို ဆရာမကြီးကို အသိပေးဦးမှ ဖြစ်မယ်”

“ဘာလို့ ပြောနေမှာလဲဗျာ . . . အားနာစရာကြီး၊ သူတို့လည်း ဘာတတ်နိုင်မှာမို့လဲ . . .”

"ဟာ . . . မင်း မသိသေးပါဘူးကွာ၊ အသာနေစမ်းပါ . . ."

သို့နှင့် ကျွန်ုပ်ကျောင်းဝင်းထဲ ပြန်ရောက်ကြသောအခါ ကျောင်းဝင်းထဲအနှံ့သို့ မကျေမချမ်းဖြင့် တစ်ပတ်ပတ်၍ ရှာကြပြန်သေး၏၊ လုံးဝ မတွေ့ရတော့ပေ။ ကျွန်ုပ်၏ အခန်းထဲမှာသာ ကျန်ရစ်သော ဖိနပ်တစ်ဘက်ကို ငေါင်းစင်းစင်းတွေ့ရ၏၊ ကျွန်ုပ်တို့နှစ်ဦး၏ လှုပ်လှုပ်ရွရွဖြစ်နေမှုကို မြင်သောအခါ ဆရာမကြီးက လာမေးလေသည်။

"ဆရာတို့ . . . ဘာပျောက်လို့ လိုက်ရှာနေတာလဲ၊ တစ်ခုခုကို ရှာနေကြသလားလို့ . . ."

"ဟုတ်တယ် ဆရာမကြီးရေ . . . ကျွန်တော့်လူ စာရေးဆရာရဲ့ ဖိနပ်တစ်ဘက် ပျောက်သွားလို့ တွေ့နိုးနိုးလိုက်ရှာနေတာ၊ မတွေ့လည်း ကိစ္စတော့ မရှိတော့ပါဘူး . . . အသစ်တစ်ရံ ဝယ်လာခဲ့ပြီးပါပြီ"

ဦးသန်းမြင့်က ဆရာမကြီးကို ရှင်းပြလိုက်သည်။ ထို့နောက် ကျွန်ုပ်လည်း ညကမှ ရှိနေသေးကြောင်း မိုးလင်းအိပ်ရာထတော့မှ မတွေ့တော့ခြင်းဖြစ်ကြောင်း ဆရာမကြီးကို ရှင်းပြရချေ၏။ ဆရာမကြီးက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေ၏။ ကျွန်ုပ်၏ စကားဆုံးသွားတော့မှ ဆရာမကြီးက ဦးသန်းမြင့်ကို မေးဆတ်ပြလိုက်ကာ မေးလေ၏။

"အဲဒီကိစ္စ . . . ဆရာ ဘယ်လိုထင်သလဲ ဆရာ . . ."

"မဟုတ်မှလွဲရော၊ ကျွန်တော်တော့ မချစ်စုရဲ့ လက်ချက်လို့ ထင်မိတာပဲ ဆရာမကြီး . . ."

ဆရာမကြီးက ဦးသန်းမြင့်၏စကားကို ခေါင်းညိတ်ထောက်ခံလိုက်လေသည်။

"ဟုတ်မယ် . . . ကျွန်မလည်း အဲလိုပဲ ထင်မိတာပဲ . . ."

ဆရာမကြီးနှင့် ဦးသန်းမြင့်တို့က အတိုင်အဖောက်ညီနေသော်လည်း ကျွန်ုပ်ကား ဘာမျှနားမလည်နိုင်ပေ။ ထို့ကြောင့် မေးမြန်းစုံစမ်းရပေတော့သည်။

"နေပါဦး ဆရာမကြီးရဲ့ . . .၊ အဲဒီမချစ်စုဆိုတာ ဘယ်ကလဲ . . .

ကျွန်တော့် ဖိနပ်တစ်ဘက်ပျောက်တဲ့ကိစ္စနဲ့ ဘယ်လို ပတ်သက်နေလို့လဲ"

"အင်း ပြောရင်တော့ ဆရာလည်း ယုံမယ်မထင်ပါဘူး ဆရာရယ်။ ဒါပေမယ့် ကျွန်မ ပြောပြပါ့မယ် . . . မချစ်စုဆိုတာ ကျွန်မ လက်အောက်မှာ အမှုထမ်းသွားတဲ့ ဒီကျောင်းက ကျောင်းဆရာမလေးပါ။ အသက်က (၃၀)လောက်ပဲ ရှိပါသေးတယ်။ ဒီကျောင်းမှာ တာဝန်ထမ်းဆောင်ရင်းက မြို့ထဲမှာ အက်ဆီးဒင့်တစ်ခုဖြစ်ပြီး ရုတ်တရက်ကွယ်လွန်သွားတယ် ဆရာ၊ သူက ဒီကျောင်းကို သိပ်သံယောဇဉ်ကြီးတယ်၊ ခင်တွယ်တယ်၊ သူသေတော့ သင်္ဂြိုဟ်ခါနီးမှာ ကျွန်မက ဒီကျောင်းဟာ သင်နဲ့မသက်ဆိုင်တော့တာမို့ သင်သွားလိုရာသွားနိုင်ကြောင်း အမိန့်ပြန်စာတော့ ဖတ်ခဲ့ပါရဲ့ . . .၊ ဒါပေမယ့် မရဘူး ဆရာ၊ သူက သိပ်ခင်တွယ်တဲ့ ကျောင်းမို့လား မသိဘူး။ ဒီကျောင်းမှာပဲ တဝဲလည်လည် မှီတွယ်နေတယ် ထင်ပါရဲ့၊ တချို့ကလည်း နေဝင်မိုးချုပ်စတို့၊ မနက်လင်းအားကြီးတို့လို အချိန်တွေမှာ . . အဲဒီ မချစ်စုရဲ့ အရိပ်ကို အမှတ်တမဲ့မြင်လိုက်ကြရတယ်လို့ ပြောတဲ့သူတွေလည်းရှိတယ်"

ကျွန်ုပ်ကား အဲဒီတော့မှပင် ဇာတ်ကြောင်းစုံ သိရပေတော့သည်။ ဦးသန်းမြင့်လည်း ထိုဆရာမလေးကို မသေမီကပင် သိရှိခင်မင်ခဲ့သူတစ်ဦး ဖြစ်နေချေတော့၏။

"ဒါဖြင့် ဆရာမကြီးကိုယ်တိုင်ရော . . . အဲဒီ မချစ်စုနဲ့ တွေ့ဖူးသလား။ ဆရာမကြီး ူကွယ်လွန်ပြီးခါ အချိန်နောက်ပိုင်းကျမှ မေးတာနော်"

"ဟင့်အင်း . . . ကျွန်မကိုယ်တိုင်တော့ မတွေ့ဖူးပါဘူး ဆရာ . . .၊ တကယ်လို့ တွေ့ခဲ့ရင်လည်း ကျွန်မကတော့ အလန့်တကြားဖြစ်မိလိမ့်မယ် မထင်ဘူး။ ဘာလို့လည်းဆိုတော့ မချစ်စုက သိပ်သဘောထား နူးညံ့သိမ်မွေ့တာ ဆရာရဲ့၊ အခုကိစ္စမှာလည်း ကျွန်မတို့ တွက်ဆသလို မချစ်စုရဲ့ လက်ချက်ဖြစ်ခဲ့ရင်လည်း ဒါဟာ သူရှိနေကြောင်း အသိပေးရုံသက်သက် သဘောလောက်ပြတာပဲဖြစ်မယ်ဆရာ။ ဆရာ့ကို ထိတ်လန့်တကြားဖြစ်အောင် နှောင့်ယှက်ခြောက်လှန့်လိုတဲ့ သဘောထားမျိုး မဖြစ်နိုင်ပါဘူး။ ဒါတော့ ကျွန်မ အာမခံတယ်"

"ကိစ္စမရှိပါဘူး ဆရာမကြီးရယ် . . .၊ အဲလို သိလိုက်ရတော့လည်း မိမိပြုဖူးသမျှ ကုသိုလ်အဖို့ကို အမျှအတန်းပေးဝေလိုက်ရင် ပြီးတာပါပဲ။ ကျွန်တော့်အဖို့ စိတ်အနှောင့်အယှက်ဖြစ်စရာ အကြောင်းမရှိပါဘူး"

"အင်း . . . ဆရာကတော့ ကျွန်မတို့ဆီမှာ တည်းခိုနေထိုင်ရင်း တိုက်တိုက်ဆိုင်ဆိုင် ရေးစရာတစ်ပုဒ် ရတော့မယ်ထင်တယ် ဆရာ"

"ရတော့လည်း ရေးလိုက်ရုံပေါ့ ဆရာမကြီးရာ၊ မချစ်စုက ပေးတဲ့ ဝတ္ထုတစ်ပုဒ်ပေါ့ . . ."

ကျွန်ုပ်၏ စကားကို ဆရာမကြီးနှင့် ဦးသန်းမြင့်တို့က သဘောကျစွာ ရယ်မောကြလေသည်။

သို့နှင့် ထိုနေ့က ကျွန်ုပ်မြို့ထဲသို့ မထွက်တော့ဘဲ တစ်နေကုန်ပင် စာမူများရေးသားနေလိုက်လေသည်။ ညဘက်တွင် ဦးသန်းမြင့်နှင့်အတူ လက်ဘက်ရည်ဆိုင် ထိုင်လိုက်သေး၏။ မိမိအခန်းသို့ ပြန်ရောက်၍ ည (၁၀) နာရီဝင်၏။ မအိပ်မီ၌ အခန်းတံခါးများကို လိုက်လံစစ်ဆေးလိုက်သေး၏။

ထိုညက . . . အိပ်ရာဝင်ကာနီး ဘုရားရှိခိုးရာတွင်တော့ ခါတိုင်း ကဲ့သို့ မဟုတ်တော့ဘဲ၊ ဘုရားရှိခိုးပြီးချိန်တွင် ထိုမချစ်စုဆိုသော ဆရာမလေး အား ရည်စူး၍ မေတ္တာပို့ အမျှဝေလိုက်ပါသည်။

"ကဲ . . . မချစ်စုရေ . . . ဦးအနေနဲ့ မချစ်စုဆိုတဲ့ တူမအရွယ် ဆရာမလေးကို မမြင်ဖူး၊ မတွေ့ဖူးခဲ့ပေမယ့် ဦးပြုခဲ့ဖူးသ ကောင်းမှုကုသိုလ် အဖို့ဘာဂကို အမျှအတန်းပေးဝေပါတယ်။ အမျှရ၍ သာဓုအနုမောဒနာ ခေါ်နိုင်ပါစေလို့လည်း မေတ္တာပို့ပါတယ် . . .။ ဒီဝန်းကျင်မှာ မချစ်စုရဲ့ ဝိညာဉ်နေခဲ့ရင်လည်း ဒီအမျှဝေသံကို ကြားနိုင်ပါစေ . . . သိနိုင်ပါစေ၊ အမျှ . . . အမျှ . . . အမျှ"

ကျွန်ုပ်သည် မချစ်စုအား ရည်စူး၍ လေးနက်စွာ မေတ္တာပို့ အမျှဝေ လိုက်ပြီးမှ အိပ်စက်လေသည်။ ထုံးစံအတိုင်း လေးပေမီးချောင်းကြီးတွေကို မမှိတ်ဘဲ အိပ်ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်၏ စိတ်ထဲတွင် ထူးထူးခြားခြား ကြောက်ရွံ့ထိတ်လန့်နေမှုများလည်း မရှိ . . .။ အေးချမ်းစွာပင် သမားရိုးကျ

အတိုင်း အိပ်ပျော်သွားခဲ့သည်သာ ဖြစ်တော့၏။ သို့သော် နောက်တစ်နေ့ နံနက်မိုးသောက်သောအခါတွင်ကား ကျွန်ုပ် မယုံကြည်နိုင်လောက်အောင် အံ့အားသင့်စရာဖြစ်ရပ်တစ်ခုကို ကြုံဆုံရပေတော့သည်။ အခြားမဟုတ် မနေ့က ကျောင်းဝင်းအနှံ့၊ အိပ်ခန်းအနှံ့ လိုက်လံရှာဖွေ၍ မတွေ့ရှိခဲ့သော ကျွန်ုပ်၏ ပျောက်သွားသော ဖိနပ်တစ်ဘက်မှာ ကျွန်ုပ်၏ ဒသနင်းထဲသို့ မည်သည့်သူတစ်ဦးတစ်ယောက်မျှ ဝင်လာနိုင်စရာ အကြောင်းမရှိ၊ ကျွန်ုပ်မှ အံ့အားသင့်စွာပင် မူလဖိနပ်ဟောင်းကို ပြန်စီးရလေတော့သည်။

ဦးသန်းမြင့် ရောက်လာသောအခါ ကျွန်ုပ်က ထိုအကြောင်းကို ပြောပြ၍ ဖိနပ်ဟောင်းကို ပြလိုက်သော် ကိုယ့်လူလည်း ပါးစပ်အဟောင်း သား ဖြစ်နေချေတော့သည်။

"ငါတော့ မနေနိုင်တော့ဘူးဟေ့၊ ဒီအကြောင်းကို ဆရာမကြီးကို သွားပြောပြဦးမယ် . . . "

"ကိုင်းပါဗျာ . . . ပြောချင်ရင်လည်း လက်ဘက်ရည်ဆိုင်က ပြန် လာမှပဲ ပြောပါတော့ . . . ၊ ကျုပ်တို့ နောက်ကျနေပြီ။ အင်း . . . မနေ့က ဝယ်တဲ့ ဖိနပ်အသစ်ကတော့ ပြန်သိမ်းထားလိုက်ရတော့မှာပဲဗျာ . . . "

ကျွန်ုပ်က ဖိနပ်အသစ်ကို ကျွတ်ကျွတ်အိတ်ငယ်တစ်အိတ်ဖြင့် ထည့်ရင်း ပြောလိုက်တော့ ဦးသန်းမြင့်က ထိုဖိနပ်ကို ငုံ့ကြည့်ရင်း မှတ်ချက် ပေးလေသည်။

"အေး . . . ၊ တစ်ရက်ပဲ စီးရသေးတာဆိုတော့ သိမ်းထားပေဦးတေ ပေါ့ကွာ . . . တကယ်တော့ ဒီဖိနပ်အသစ်ဟာ ပရလောကထဲက တစ်စုံတစ် ယောက်ရဲ့ ကျီစယ်မှုကြောင့် မင်းပြေးဝယ်ရတဲ့ အမှတ်တရဖိနပ်ပဲကွ သေချာပါတယ်ကွာ . . . မချစ်စုရဲ့ ကျီစယ်မှုပဲ ဖြစ်မှာပါ။ မင်း ဒီအကြောင် ကို စာတစ်ပုဒ်ရေးဖို့တောင် ကောင်းနေပြီကွာ . . . "

"စိတ်သာချ ကိုယ့်လူ . . . ၊ ကျုပ်ကလည်း ရေးဖြစ်အောင်ရေးမှာ စောင့်ဖတ်ဖို့သာပြင်ပေတော့ . . . ။ ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းက စာတည်းချု ဦးကျော်ဆန်းမြင့်ကို ဂမ္ဘီရဆန်းကြယ်ဝတ္ထုမျိုးလည်း ရေးပို့ပါဦးမယ်လို့ နှုတ်

ကတိကျွံထားတာကြာပြီ။ ခုမှ အဲဒီနွတ်ကြွေးကို ဆပ်ရတော့မယ်။ ရေးပြီးရင် အဲဒီဝတ္ထုကို "မချစ်စုရဲ့ လက်ဆောင်မွန်"လို့ပဲ လွယ်လွယ်ရိုးရိုးကလေး ပေးလိုက်တာပေါ့ဗျာ . . . ။ ဒီဖိနပ်အသစ်က သူ့ကြောင့် ပြေးဝယ်ရတာဆိုတော့ ကျုပ်ကို သူ အမှတ်တရပေးလိုက်တဲ့ လက်ဆောင်လို ဖြစ်နေတာမဟုတ်လား"

ကျွန်ုပ်၏ ပြန်လည်ဖြေကြားချက်အဆုံးတွင် မိတ်ဆွေကြီး ဦးသန်းမြင့်လည်း သဘောကျစွာ တဟားဟားရယ်မောလိုက်လေတော့သတည်း။

**နန္ဒာစိုး** *(ဆင်ဖြူကျွန်း)*

(၂၀၀၈-ခု၊ မေလ၊ အတွဲ (၃)၊ အမှတ် (၁) ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း)

၀



## တမလွန်မှနှောင်ကြိုးတစ်မျှင်

# တမလွန်မှ နှောင်ကြိုးတစ်မျှင်

(၁)

"သံယောဇဉ် . . သံယောဇဉ် . . စကားလေးသုံးလုံးကို ညွှန်းဆို ရန်လည်း . . နည်းမယ်မထင် . . တကယ့်ကို တွေးပြန်တော့ မသေးတဲ့ အားအင် . . ကမ္ဘာမြေတစ်ခုလုံး . . သိမ်းကျုံးပြုပြင် . . သူခိုင်းစေသမျှ သာပင် . . လူတိုင်းနေရတာပင် . . "

ဂီတပညာရှင် တေးရေးဆရာ ဘဘဘိုကလေးတင့်အောင်၏ 'သံယောဇဉ်' ဟု အမည်ရသော အထက်ဖော်ပြပါ တေးသီချင်းကို ဂီတနှင့် မစိမ်းသူတိုင်း ကြားဖူး ခံစားဖူးကြပါလိမ့်မည်။ မှန်ပါသည်။ သံယောဇဉ်ဟု သောကြိုးသည်ကား မျက်စိဖြင့် တိုက်ရိုက်မြင်တွေ့ရတာ မဟုတ်ပေမယ့် အံ့ဩစဖွယ်ဆန်းကြယ်သော ခိုင်မြဲသည့် ကြိုးတစ်ချောင်း ဖြစ်လေသည်။

ထိုသံယောဇဉ်ကြိုး၏ ဆန်းကြယ်သော ခိုင်မြဲမှုသည် တစ်ခါတစ်ရံ၌ မည်သို့မျှ မျှော်လင့်မထားခဲ့မိရသော ရင်နင့်စဖွယ်ဖြစ်ရပ်မျိုးတွေကို ပြန်လည် ထင်ဟပ်နိုင်စွမ်းလည်း ရှိနေပါသည်။ 'ဂမ္ဘီရ'ဟူသော စကားစု၏ အဓိပ္ပာယ်

သည် 'ဆန်းကြယ်ခြင်း'ဟု သက်ရောက်ဖွင့်ဆိုနိုင်သည် ဆိုပါကအနှို
သံယောဇဉ်'ဆိုသော ကြိုးကလေးကိုလည်း 'ဂမ္ဘီရဆန်လှသော ကြိုးကလေး'
ဟု ပြောလို့ရနိုင်ပါမည်လား။ ကျွန်တော် မဝေခွဲတတ်နိုင်ပါ။ သည်မျှအထိ
ကျွန်တော် ဉာဏ်မမီပါ . . .။

သို့သော် . . . ခိုင်မြဲလှစွာသော ထိုသံယောဇဉ်ကြိုးတစ်မျှင်နှင့်
ပတ်သက်၍ အဆန်းတကြယ်ကြုံခဲ့ရဖူးသော အဖြစ်အပျက်ကလေးတစ်ခု
ကျွန်တော့်ဘဝမှာ ရှိခဲ့ဖူးတာတော့ သေချာလေသည်။

◆ ◆ ◆

(၂)

ဘိုကလေးမြို့မှ ကျွန်တော်တို့ စက်လှေစတင်ထွက်ချိန်က နံနက်
(၁၀)နာရီခွဲပြီးပြီဖြစ်လေသည်။ ရေတက်ကို စောင့်နေရသဖြင့် ဤသို့ ထွက်
ချိန် အတန်ငယ်နောက်ကျသွားရခြင်းဖြစ်ကြောင်း စက်လှေဆရာက ရှင်းပြ၍
သိရခြင်းပင်။ အညာသားဖြစ်သော ကျွန်တော်ကား မြစ်ဝကျွန်းပေါ်ဒေသမှ
မြစ်ချောင်းတို့၏အထာကို နကန်းတစ်လုံးမျှ နားလည်ကျွမ်းဝင်သူ မဟုတ်ပါ။

စက်လှေကလေး ကမ်းစပ်မှခွာသွားသော်လည်း ကျွန်တော်နှင့်
ဗွီဒီယိုဆရာကိုသန်းဇော်တို့ကတော့ ကမ်းပေါ်ပေါ်မှာပင် ဆင်းကျန်ရစ်ခဲ့ကြ
သည်။ ကိုသန်းဇော်က ကျွန်တော့်ညွှန်ကြားချက်အတိုင်း စက်လှေကမ်းပါးမှ
ထွက်ခွာသွားပုံကို ဘိုကလေးရေပြင်ရှုခင်းနှင့်တကွ ဗွီဒီယိုမှတ်တမ်းတင်
ရိုက်ကူးလေ၏။ သူ့ကင်မရာမှ မီးနီကလေးက တဖျပ်ဖျပ်။ စိတ်တိုင်းကျ
ရိုက်ကူးပြီးမှ စက်လှေကို ကမ်းပြန်ကပ်ရန် လက်ပြ၍ ပြန်ခေါ်ရသည်။ ပြီးမှ
ကျွန်တော်နှင့် ဗွီဒီယိုဆရာတို့ စက်လှေပေါ်ပြန်တက်ကာ ကမ်းကပြန်ထွက်ခွာ
စေရသည်။ ဘိုကလေးမြို့မှ စက်လှေထွက်ခွာခဲ့ကြပုံကို လိုချင်သဖြင့် သက်
သက် အပင်ပန်းခံကာ ရိုက်ကူးရခြင်းဖြစ်လေသည်။

မလွယ်ဘူးဗျာ . .။ ဟောဒီဆရာနဲ့တွဲရတာ ရုပ်ရှင်ဒါရိုက်တာနဲ့ တွဲရတာကျနေတာပဲ၊ တော်တော် အသေးစိတ်မှတ်တမ်းတင် ရိုက်ခိုင်းတာ'

ကင်မရာမင်း ကိုသန်းဇော်က ကျွန်တော့်ကို နောက်ပြောင်ကျီစယ်သည်။ ကျွန်တော်က ပြန်ရှင်းပြရ၏။

"ဟုတ်ပါပြီ ဆရာရယ်၊ ကျွန်တော်က အလကားနောက်တာပါ စိတ်ချ။ အကောင်းဆုံး၊ အပြည့်စုံဆုံးဖြစ်အောင် ရိုက်ပေးမယ်။ အခွေကောင်းတော့ ကျွန်တော်လည်း နာမည်ရတာပေါ့။ နောင်လည်း ကျွန်တော့်ကို ခေါ်သုံးချင်တာသုံးပေါ့ ဆရာရယ်'

ကိုသန်းဇော်ကား ကိုယ်ပိုင်ဗွီဒီယိုမှတ်တမ်းတင်ရိုက်ကူးရေးလုပ်ငန်းတည်ထောင်ထားသော ကင်မရာမင်းဖြစ်ပြီး အတော်ပင် စိတ်ရှည်ပါသည်၊ စက်လှေခုတ်မောင်းလာရာတစ်လျှောက် ရေပြင်ပေါ်မှ ပေဒါအုပ်များ၊ နံဘေးမှ ဈေးလှေများ၊ ကမ်းစပ်မှ ဓနိတန်းများ၊ ချောင်းလက်တက်ကလေးများပင်မကျန်၊ အကွက်စေ့အောင် ရိုက်ကူးသည်။ တဆက်တည်းပင် စက်လှေဝမ်းထဲမှ လိုက်ပါလာကြသော သတို့သားနှင့် မိဘဆွေမျိုးများ၊ လက်ဘက်သုပ်ပန်းကန်များ၊ မုန့်ပန်းကန်များကို အလယ်မှာချလျက် ဝိုင်းဖွဲ့စားရင်း ရယ်ရယ်မောမော စကားကောင်းလာကြသည့် စက်လှေအဖွဲ့တော်သားများပင် မကျန်စိတ်တိုင်းကျ ရိုက်ကူးမှတ်တမ်းတင်နေသည်မှာ ဆေးလိပ်ပင် မဖွာအား။

'စက်လှေကို အရှေ့ဘက်ချောင်းကဝင်ဟေ့ . .၊ နုံ၊ ပြာ၊ တွဲ၊ တောင်တဲ့ . . နဂါးခေါင်းက တောင်ဘက်လှည့်နေတာ'

သတို့သမီး၏ အဒေါ်တစ်ဦးဖြစ်သူ ကြည့်မြင်တိုင်မှ ဒေါ်ဒေါ်ကြည်က အော်ဟစ်သတိပေးလိုက်သဖြင့် တောင်ဘက်ချောင်းမှ ဝင်မည်ပြုနေသည့် စက်လှေကို မော်ကမန်းရေပြင်ဘက်သို့ ဦးတည်ရွှေ့ပြောင်းရင်း အရှေ့ဘက်ချောင်းပေါက်သို့ ဦးလှည့်လိုက်ကြရသည်။ ဈေးပြန်ဘောက်တူတွေကတော့ အများသားပင်။ ထိုဘောက်တူများကို ရှောင်တိမ်းရင်းဖြင့် စက်လှေကို အရှိန်လျှော့ချလိုက်ကြသည်။ မကြာမီ စက်လှေဆိုက်တော့မည်မို့ စက်လှေ

ပေါ်မှ အမျိုးသမီးများက လှုပ်လှုပ်ရှားရှားပြင်ကြဆင်ကြလေပြီ။ ကျွန်တော် အပါအဝင် အညာသူ၊ အညာသား၊ သတို့သားဘက်က ပါလာသူတွေကတော့ မရင်းနှီးသော မြစ်ဝကျွန်းပေါ် ရှုခင်းကို ငေးမောလျက်။

ဦးတည်ရာဖြစ်သည့် သတို့သမီးရွာဖြစ်သော ကျိုးချောင်းရွာသို့ ရောက်ပေပြီ။ ရွာတံတားထိပ် ကမ်းပါးဦးပေါ်မှ လာရောက်ကြိုဆိုနေကြသော သတို့သမီး၊ ၎င်း၏မိခင်နှင့် ဆွေမျိုးများကား ဝမ်းသားအားရရှိလှပါသည်။ ဘုစုခရုမှစ၍ သက်ကြီးသက်ရွယ်အိုများအထိ စုံလင်လှသည်။ သတို့သမီး မနှင်းဖြူမှာ ကျိုးချောင်းရွာသူ၊ ဘွဲ့ရပညာတတ်တစ်ဦး ဖြစ်သလို၊ သတို့သား မောင်ထွန်းလွင်မှာလည်း အလားတူ ဘွဲ့ရပညာတတ် လူရည်မွန်ကလေးတစ်ဦးပင် ဖြစ်သည်။ သူတို့က တက္ကသိုလ်မှာတွေ့ကြ၊ ရည်ငံခဲ့ကြခြင်းပင် ....။

ကျွန်တော်ကတော့ မောင်ထွန်းလွင်၏ဦးလေးတစ်ဦးသဖွယ် ရှိသော ရပ်ဆွေရပ်မျိုးဖြစ်သည်။ မောင်ထွန်းလွင်၏ ဖခင်ဖြစ်သော ဦးချစ်ဖေနှင့် ကျွန်တော်က ညီအစ်ကိုတွေလို ချစ်ခင်ရင်းနှီးကြသည့် ပုလင်းတူဘူးဆို့တွေ၊ ယခုလည်း ဦးချစ်ဖေ၏ သူ့သားတော်မောင် မိန်းမတောင်းရမ်း မင်္ဂလာခရီးမှာ လိုက်ပါလာခဲ့ရရုံမက ဗွီဒီယိုရိုက်ကူးရေးမှာပါ စေတနာ့ဝန်ထမ်း ညွှန်ကြားသူအဖြစ် တာဝန်ယူပေးခဲ့ရသူ ဖြစ်တော့သည်။

ရပ်ရွာဓလေ့လားတော့ မသိ။ သတို့သမီးတောင်းရမ်းမည့် ကျွန်တော်တို့အဖွဲ့သည် သတို့သမီးအိမ်တွင် တည်းခိုမှုမပြုကြရဘဲ အရပ်သင့်ရာ အခြားဆွေမျိုးတစ်ဦး၏အိမ်တွင် တည်းခိုရန် နေရာချထားပေးခြင်း ရလေသည်။ ထိုအိမ်ကြီးကလည်း ကျယ်ဝန်းလှပါပေ့။ ထိုအိမ်ကြီးတွင် တစ်နာရီမျှ အပန်းဖြေပြီးကြချိန်ရောက်တော့မှ သတို့သမီးမနှင်းဖြူနှင့် သူ့မောင်ဝမ်းကွဲများ သတို့သားမောင်ထွန်းလွင်ကို လာရောက်ခေါ်ငင်သဖြင့် ညှိခံပွဲကျင်းပမည့် အိမ်သို့ လိုက်ပါသွားလေသည်။

◆ ◆ ◆

(၃)

'ဟ . . ငါ့လူရ .၊ အချိန်က ကိုယ့်ဘက်ပါလာပြီဟ . .၊ တို့နှစ်ယောက် ကြံကြဦးစို့ . .'

သတို့သား၏ ဖခင်ဖြစ်သော ဦးချစ်ဖေက နေကလေးစောင်းမည်ရှိသေး၊ ကျွန်တော့်ကို ဆော်ဩလာ၏။ ကျွန်တော်ကလည်း သဘောပေါက်ပါသည်။ ဘိုကလေးကမ်းနားဆိုင်တွင် နှစ်ယောက်သား၊ မစို့မပို့ကလေးမျှဝင် "ပက်"ခဲ့ကြရတာ မဟုတ်လား။ သည်အထဲ ခရီးက ပန်းလာသေးသည်ဟု ဆိုနိုင်သေးသည်လေ။ ကျွန်တော်တို့မှာ "လက်ကျန်"ရယ်လို့ မရှိတော့၊ သည်တော့ ကျွန်တော်က ပြန်အကြံပြုရသည်။

"ရွာဖျားအစွန်ထိ လျှောက်ကြည့်ကြတာပေါ့ဗျာ၊ တစ်ဆိုင်မဟုတ် တစ်ဆိုင် တွေ့ရမှာပေါ့။ သတို့သမီးအိမ်ကိုလည်း ခဏတော့ ဝင်ကြည့်ကြသေးတာပေါ့"

ဦးချစ်ဖေက ပြုံး၍ ခေါင်းညိတ်သည်။ ပြီးနောက် တည်းခိုအိမ်ရှင်ကို ခွင့်ပန်ကာ ကျွန်တော်တို့နှစ်ယောက် အတူထွက်ခဲ့ကြ၏။ ပထဦးစွာ အလှမ်းမဝေးလှသော သတို့သမီးအိမ်သို့ ဝင်သည်။ မင်္ဂလာညည့်ခံပွဲ ကျင်းပမည့် သတို့သမီးအိမ်ရှေ့မှမဏ္ဍပ်ကား ကျွန်တော်တို့အဖို့ အထူးအဆန်းပင်၊ အပေါ်မှ ဓနိခက်၊ အုန်းလက်များ မိုးထား၏။ မျက်နှာကျက်ဘိုင်ဖုံးနှင့် နံဘေးအဆင်အကာတို့မှာ ငါးဖမ်းပိုက်အသစ်ကျပ်ချွတ်များဖြင့် ပြင်ဆင်ထားသည်ကို တွေ့ရ၏။ မဏ္ဍပ်အနီးတွင် ညည့်သည်များအတွက် ချက်ပြုတ်နေကြသော အိုးသူကြီးအဖွဲ့ရှိပြီး ဗွီဒီယိုအဖွဲ့ကလည်း မှတ်တမ်းတင်ရိုက်ကူးနေကြ၏၊ ချက်ပြုတ်ရေးအဖွဲ့မှာလည်း ချွေးတလုံးလုံးနှင့် ရယ်ရယ်မောမော ပျော်ပျော်ပါးပါး ချက်ပြုတ်နေကြလေသည်။

ကျွန်တော်တို့လည်း ထိုအဖွဲ့များကို နှုတ်ဆက်၍ ဆက်လျှောက်လာခဲ့ကြသည်။ ရွာတောင်ဖျား မြောက်ဖျားမှာ ဗျို့တစ်ဟစ်သာ,သာမက စေးသော်လည်း ရွာလယ်တွင် လူသွားအုတ်စီလမ်းကလေးတစ်ခုမှလွဲ၍ အခြား

ကွေ့စရာ၊ ချိုးစရာ လမ်းမရှိချေ။ ပတ်ဝန်းကျင်တစ်ခုလုံး အုန်းပင်၊ ကွမ်းသီးပင်၊ ငှက်ပျောပင်များဖြင့် စိမ်းစိုအုပ်မိုးလျှက်ရှိသည်။ ရေတက်လာလျှင် လှောင်ထားနိုင်သည့် ရေလှောင်ကန်များ၊ မိုးရေခံသည့် ရာဝင်စဉ့်အိုးကြီးများကိုတော့ အိမ်တိုင်းလိုလို တွေ့ရပေသည်။ ရေနွေးကျို၊ ထမင်းဟင်း ချက်ပြုတ်လိုလျှင် ထိုမိုးရေကို သုံးကြသည်။ ဆေးကြောလျှော်ဖွပ်ရန်ကတော့ ပင်လယ်ရေ ရောစပ်ပါဝင်သည့် ချောင်းရေကိုသာ အသုံးပြုကြသည်ဟု နောက်မှ သိရ၏။

ကျွန်တော်တို့သည် စကားတပြောပြောနှင့် လျှောက်လာခဲ့ကြရာ ရွာထိပ်ရှိဘုန်းတော်ကြီးကျောင်းနှင့် စေတီကလေးတစ်ဆူကို လွန်သောအခါ မော်ကျွန်းသွား ပုသိမ်ကားလမ်းမပေါ်သို့ ရောက်ခဲ့ကြလေသည်။ ရွာမှာ လွန်စွာမရှည်ရလေကား ထိုလမ်းမကြီးသည် ရွာအပြင်တွင်ဖြစ်ကြောင်း သိရပေ၏။ အံ့ဩစရာကောင်းသည်ကား ရွာအပြင်သာ ရောက်လာခဲ့ကြရပြီဖြစ်သည့်တိုင် ကျွန်တော်တို့ မျှော်မှန်းသည့် ဆိုင်မျိုးတွေ့ဖို့ဝေးစွ၊ အသုပ်ဆိုင်ကလေးတစ်ဆိုင်မျှပင် မတွေ့ကြရခြင်းဖြစ်သည်။

'တို့ဦစွာက ဟုတ်ရောဟုတ်သေးရဲ့လားကွာ . . .၊ ရွာရှိပြီး အရက်ဆိုင်ကလေး၊ အသုပ်ဆိုင်ကလေးတစ်ဆိုင်မှ ရှာမတွေ့ဘူးဆိုတာ သဘာဝမကျသေးဘူးထင်တယ်။ တစ်ရွာလုံး အရက်မသောက်တဲ့ သူတော်ကောင်းတွေချည်း နေကြလေရော့သလား။ မင်းနဲ့ငါတော့ ကိုယ့်လိပ်ပြာကိုယ် ရှက်ကြရမလိုလို ဖြစ်နေပြီဟေ့ . . . .'

ဦးချစ်ဖေကတော့ စိတ်ပျက်စွာ ညည်းညူစပြုလေပြီ။ 'မရှိပါဘူး' ဆိုမှ ပို၍ သွေးတောင်းလာပုံရ၏။

'ကဲပါ အစ်ကိုရာ . .၊ နည်းနည်းတော့ ဆက်လျှောက်သေးတာပေါ့'

ဘာကြောင့်မှန်းမသိ။ ကျွန်တော်က ထိုစကားကို အလိုအလျောက် ပြောမိလျက်သား ဖြစ်နေပြန်သည်။

'ဟော့ . . . ဟိုရှေ့မှာ တဲတစ်တဲကွ၊ တချို့ရွာတွေက အဲလို ရွာအပြင်

ဘက်က တဲတွေမှာ ရတတ်တယ်။ ဆက်လျှောက်ကြည့်ကြရအောင်'

မှန်သည်။ ကျွန်တော်တို့ လျှောက်လာနေသော လမ်းမကြီး နံဘေးတစ်နေရာတွင် တဲကလေးတစ်လုံးကို မြင်ရ၏။ တဲထဲတွင် လူတစ်ယောက်ထိုင်နေပြီး သူ့ရှေ့တွင် ပုလင်းတစ်လုံးနှင့် ပန်းကန်ပြားတစ်ချပ်နှင့်။ တဲအနီးသို့ ရောက်ကြသည်နှင့် ထိုလူက ပြုံးရွှင်စွာသော မျက်နှာထားနှင့် ဆီးကြိုပြောလာလေသည်။

'ဟော . . . မင်္ဂလာဆောင်လာတဲ့ အညာကဧည့်သည်တွေ ထင်ပါရဲ့ . . . လာကြပါဗျာ။ ကျွန်တော်လည်း တစ်ယောက်တည်း ပျင်းနေတာနဲ့ အတော်ပဲ။ အဖော်စောင့်နေတာလေ'

တဲပေါ်ကလူက လိုလိုလားလား ဖိတ်ခေါ်သဖြင့် ကျွန်တော်တို့ ဝင်ထိုင်လိုက်ကြသည်တွင် သူက ထပ်ပြော၏။

'ဧည့်သည်တွေကို အားတော့နာပါရဲ့။ ဒါပေမယ့် ကျွန်တော် ရှိတာနဲ့ပဲ ဧည့်ခံပါရစေ၊ ကျွန်တော့်မှာ ခနိရည်တော့ ရှိပါတယ်။ အမြည်းကတော့ ဘဲဥကြော်ပေါ့ဗျာ'

'ကျေးဇူးပဲ ညီလေးရာ . . .၊ တို့များလည်း ညနေတိုင်ရင် ယမကာတစ်မျိုးမျိုးတော့ နည်းနည်းဖြစ်ဖြစ် မှီဝဲချင်တတ်တယ်ကွ၊ အဲဒါ လိုက်ရှာရင်း ရွာလမ်းသာဆုံးသွားရော ဘယ်မှာမှ မတွေ့တာနဲ့ ဆက်လျှောက်လာရင်း ညီလေးဆီရောက်လာတာပဲ . . ဒီရွာက အထူးအဆန်းပဲ။ တစ်ဆိုင်မှ ရှာမတွေ့ခဲ့ဘူးဗျာ၊ အံ့ရော'

'ရပါတယ်ဗျာ၊ ခနိရည်ကော၊ ဘဲဥကြော်တွေရော၊ အများကြီးပါ။ အားမနာစတမ်း သုံးဆောင်ပါ'

ဦးချစ်ဖေနှင့် တဲပေါ်ကလူကတော့ အတိုင်အဖောက်ညီသွားကြလေပြီ။ တကယ်ကတော့ ကျွန်တော်တို့မှာ ခနိရည်ကို လုံးဝမမြင်ဖူးခဲ့ကြသူများသာဖြစ်၏။ သည်တော့လည်း အတွေ့အကြုံအသစ်ပဲပေါ့လေ။ အစပိုင်းတွင် အိုးတိုးအမ်းတမ်း ရှိနေကြသေးသော်လည်း တစ်ပုလင်းကုန်သွားပြီး

သောအခါတွင် လျှာသွက်အာသွက်ဖြစ်လာကြတော့သည်။ ဦးချစ်ဖေက နှုတ်သွက်လျှာသွက်ဖြင့် မေးသည်။

'ညီလေးက ဒီမှာ တစ်ယောက်တည်းလာသောက်နေတော့ ဒီရွာက မဟုတ်ဘူးလား . . .'

'ဒီရွာသားအစစ်ပါဗျာ။ ဒါပေမယ့် ရွာထဲမှာ မနေရတာတော့ သုံးနှစ်ကျော်သွားပြီဗျာ'

'ရွာထဲမှာ မနေရတာ'ဆိုသော ထိုလူ၏အသုံးအနှုန်းက ဆန်းလှသည်ဟု ကျွန်တော်ထင်မိသည်။ ထို့ကြောင့် ထိုလူကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်မိသည်။ လူက လူရည်သန့်ပင်။ ဘိုကေကိုပြောင်အောင် ဆီမွှေးလိမ်းလျက် ရှေးဟောင်းရုပ်ရှင်မင်းသားများသဖွယ် ဆံပင်ကို နောက်လှန်ဖြီးထားသည်။ အသားက လတ်လတ်၊ မျက်လုံး၊ မျက်ခုံးကောင်းလှ၏။ နောက်တစ်ချက် ဆန်းကြယ်နေသည်ကား ယခုခေတ်တွင် သိပ်မဝတ်ဆင်ကြတော့သည့် ရှေးရိုးရွှေကြယ်သီးကြိုးတပ် ခေါက်လက်ရှည်အင်္ကျီနှင့် ကချင်ပုဆိုးမှာ ခေါက်ရိုးကျိုးကလေးပင် မတွန့်မကြေသေး။ တဲအောက်တွင် ချွတ်ထားသည့် ဖိနပ်မှာ ကတ္တီပါကြက်သွေးရင့်ရောင်ဖြစ်သည်။ စကားဟာဟာပြောလျှင် ရွှေသွားကလေးပေါ်၍ ပေါ်၍လာပေသေးသည်၊ ချုပ်၍ပြောရလျှင် သန့်ပြန့်သပ်ရပ်သော လူတစ်ယောက်ပင် ဖြစ်သည်။ ရွာထဲမှာ မနေရလောက်အောင် ချို့ယွင်းနေသည့် ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်စုံတစ်ရာမျှ မတွေ့ရချေ။ အများက ဝိုင်းပယ်လောက်စရာ ရုပ်ဆင်းသဏ္ဌာန်သော်လည်းကောင်း၊ အနာရောဂါ တစ်စုံတစ်ရာသော်လည်းကောင်း၊ စိုးစဉ်းမျှမရှိသော ထိုလူက အဘယ်ကြောင့် 'ရွာထဲမှာ မနေရတာလဲ'ဟူသော စကားလုံးကို သုံးစွဲရလေသနည်းဟု အံ့အားသင့်မိရပါ၏။ ထိုစဉ်မှာပင် သူက ထပ်မေးလာပါသည်။

'ဒါနဲ့ အညာက ဧည့်သည်တွေဆိုတော့ ရွာထဲက မင်္ဂလာဆောင်အိမ်ကို လာကြတာထင်ပါရဲ့ . . .၊ သတို့သားဘက်က မွေးချင်းသားချင်းဆွေမျိုးတွေထဲက များလားဗျာ'

'ဟုတ်ကဲ့၊ ဒီဘက်က အစ်ကိုကြီးက ဦးချစ်ဖေတဲ့ ခင်ဗျ၊ သတို့သားရဲ့ ဖခင်ပါ၊ ကျွန်တော်ကတော့ သတို့သားရဲ့ ဦးလေးလို့ဆိုနိုင်လောက်တဲ့ ရပ်ဆွေရပ်မျိုးပါ၊ ဦးချစ်ဖေနဲ့က ညီအစ်ကိုရင်းချာတမျှပါပဲ၊ စာရေးဆရာလုပ်ပါတယ်၊ ကျောင်းဆရာလည်း လုပ်ပါတယ်'

သည်တစ်ခါတော့ ကျွန်တော်ကပင် ကြားဝင်၍ ဖြေကြားပေးလိုက်ပါသည်၊ ထိုအခါ ထိုလူက အနောက်တိုင်းဆန်ဆန် လက်ကမ်းပေးကာ နှုတ်ဆက်လာသဖြင့် ကျွန်တော်လည်း ပြန်လက်ကမ်းလိုက်ရပါ၏၊ အလို ဘုရား . . . ဘုရား၊ သူ့လက်ကြီးက ရေခဲတုန်းတမျှ အေးစက်နေတာပါပဲလား၊ သည်မှာ အတူတူသောက်စားနေကြတာ နွေးထွေးရမှာပါ၊ ကေန္တတော့ သည်လူဟာ လူမသိနိုင်တဲ့အတွင်း ရောဂါဘယတစ်မျိုးမျိုး ခံစားနေရသူပေပဲလား ဟု ကျွန်တော် တွေးလိုက်မိ၏၊ ထိုအတွင်းရောဂါ တစ်စုံတစ်ရာကြောင့် ရွာထဲမှာမနေရတာနဲ့တူပါရဲ့ဟု အောက်မေ့လိုက်မိပါသည်၊

'တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျား . . .၊ ခုလို သတို့သားရဲ့ ဖခင်ရော၊ ဦးလေးလို ရင်းနှီးချစ်ခင်တဲ့ ကျောင်းဆရာ၊ စာရေးဆရာကိုရော နှစ်ယောက်လုံးနဲ့ တစ်ပြိုင်နက်တည်း သိခွင့်ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်လည်း ပြောချင်တာလေးတွေကို ပြောခွင့်ရတာပေါ့လေ . . .'

သူ့စကားက ဆန်းလှသည်၊ မျက်နှာပုံပန်းကတော့ ကြောက်ရွံ့စရာ မဟုတ်သည့်တိုင် သာမန်ပုံမှန်အနေအထားမှ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့သည်ဟု ကျွန်တော် သတိပြုလိုက်မိ၏၊ ထိုစဉ်မှာပဲ သူက ပြောပါသည်၊

'ဆရာတို့နဲ့ ဆွေမျိုးတော်ရတော့မယ့် သတို့သမီးလေး မနှင်းဖြူက ကျွန်တော့်သမီးပါ'

'ဗျာ . . .'

ရုတ်တရက်ထွက်လာသည့် သူ့စကားကြောင့် ကျွန်တော်တို့ နှစ်ယောက်စလုံးပင် အာမေဋိတ်သံ ပြိုင်တူထွက်သွားခဲ့ရ၏၊ သူက ခေါင်းညိတ်ပြကာ ထပ်မံအတည်ပြု ပြောဆိုပြန်လေသည်၊

'ဟုတ်တယ်၊ မမြသက်နဲ့ ကျွန်တော်ဟာ ငယ်ငယ်လင်မယားပဲ။ သူနဲ့ ကျွန်တော့်မှာ သမီးနှစ်ယောက်ရခဲ့ကြတယ်။ အခု လက်ထပ်မယ့် မနှင်းဖြူက အကြီးမပဲ။ အေးလေ ကျွန်တော်လည်း သမီးနဲ့ မတွေ့ရတာ သုံးနှစ်ကျော်ခဲ့ပြီပဲပေါ့။ ဒီသမီးငယ်လေးတွေကိုယ်စီ အိမ်ထောင်ကျပြီး၊ သူတို့ဘဝလေးတွေ အခြေတကျ ဖြစ်သွားလို့ စိတ်အေးရပြီဆိုတဲ့ အချိန်ကျမှပဲ ကျွန်တော်လည်း ဒီဝန်းကျင်က ခွာနိုင်တော့မယ် ထင်ပါရဲ့ဗျာ'

သူ့အသံမှာ ဆွေးမြည့်ကြေကွဲလျက် ငိုသံပါနေသလို ထင်မိရပါသည်။

'ဆရာတို့ကို လူကြီးတွေအနေနဲ့ ကျွန်တော် တောင်းပန်ပါရစေ။ ကျွန်တော့်သမီးလေး မနှင်းဖြူဟာ သူတက်ဖူးတဲ့ ရန်ကုန်တက္ကသိုလ်ကျောင်းက လွဲလို့ ဘယ်ကိုမှ ရောက်ဖူးသွားဖူးတဲ့ ကလေးမဟုတ်ပါဘူးဗျာ။ လူအများနဲ့လည်း ထိတွေ့ဆက်ဆံရေးနယ်ပယ် ကျယ်ဝန်းခဲ့တဲ့သူ မဟုတ်ပါဘူး။ အခုတော့ ဆရာတို့ ချွေးမ၊ တူမဖြစ်လာရပါတော့မယ်။ ဒီတော့ သမီးကလေးများ လူမှုဆက်ဆံရေး မကျွမ်းကျင်ခဲ့ရင် သင်ပြပေးကြပါ။ ဆိုဆုံးမပေးကြပါ။ ဦးတို့ရဲ့သားကိုလည်း မမြင်ဖူးသေးပေမယ့် ကျွန်တော့် သားအရင်းလိုပဲ ယူဆပါတယ်။ သမီးလေးကို သားမှတ်မှတ်၊ မယားမှတ်မှတ် ကြင်ကြင်နာနာပေါင်းသင်းဖို့ တောင်းပန်ပေးစေချင်ပါတယ်။ တကယ်လို့ ကျွန်တော့်သမီးလေးကို ဆုံးမလို့မှမရခဲ့ရင် ဟောဒီကျိုးချောင်းမြေကို အရောက် ပြန်ပို့ပေးကြစေချင်ပါတယ်လို့ မှာလိုက်ပါရစေ ခင်ဗျား . . .'

ထိုသူသည် ဟန်ဆောင်ပြောဆိုနေခြင်း မဟုတ်ပါ . . .။ တုန်ရင်နေသော သူ့လေသံကပင် တလေးတနက် သူ့ရင်ထဲမှ လှိုက်တက်လာခဲ့သော စကားတွေဖြစ်ကြောင်း သက်သေခံနေသလို ရှိပါသည်။

'စိတ်ချပါ . . . ကိုဘယ်သူ . . .'

'ဟုတ်ကဲ့ . . .၊ ကျွန်တော့်နာမည် အေးငွေပါ'

'စိတ်ချကိုအေးငွေ . . .၊ ကျွန်တော့်အစ်ကိုကြီးက သူ့သားအပေါ် ဩဇာညောင်းပါတယ်။ ကလေးကလည်း လိမ္မာပါတယ်ဗျာ။ ခင်ဗျား သမီး

အတွက် စိတ်ချပေးစမ်းပါ။ ကဲ . . . ကျွန်တော်တို့လည်း သွားမယ်။ မကြာခင် နေဝင်တော့မယ်ဗျ၊ သန်ဘက်ခါကျမှပဲ ပြန်တွေ့ကြသေးတာပေါ့ဗျာ'

အချိန်က လင့်လာပြီဖြစ်၍ ကျွန်တော်က နှုတ်ဆက်စကားပြောလိုက်ရသည်။ ကျွန်တော်တို့က ဧည့်သည်တွေဆိုတော့ အိမ်ရှင်တွေမျက်နှာကို ပြန်ထောက်ထားရဦးမည်။ နေချင်သလို စိတ်ရှိတိုင်းနေလို့ မသင့်တော်ဘူး မဟုတ်လား။ ပြီးတော့ သတ်မှတ်ထားသောနေ့ရက်အရ သန်ဘက်ခါတွင် မောင်ထွန်းလွင်နှင့် မနှင်းဖြူတို့ မင်္ဂလာပွဲကြီး ကျင်းပတော့မည်ဖြစ်၍ ထိုနေ့ကျမှပဲ ပြန်ဆုံကြစို့ ပြောလိုက်ရ၏။ သို့သော် ထိုစကားကို ကိုအေးငွေက ခေါင်းခါပြသည်ကိုသာ ကြုံရလေသည်။ ကျွန်တော်ကား အံ့အားသင့်ပြီးရင်း သင့်နေရတော့၏။

'ကျွန်တော် လာနိုင်မယ်မထင်ပါဘူး ဆရာတို့ရယ်၊ ခုလို အမိက ကျတဲ့ ဆရာတို့ကို ကြိုတင်မှာကြားခွင့်ရတာနဲ့ပဲ ကျေနပ်လှပါပြီဗျာ'

သူ့ကိုနှုတ်ဆက်ပြီး ကျွန်တော်တို့ ထပြန်လာခဲ့ကြသည်။ လမ်းမကြီးပေါ်ရောက်၍ ပြန်လှည့်ကြည့်လိုက်မိသောအခါ တဲအတွင်းမှာ ကိုအေးငွေကို မတွေ့ရတော့။ ဘယ်အချိန်က ဘယ်လိုထပြန်သွားသည်ကို ကျွန်တော်တို့ မသိကြရပါ။ ရွာဆီသို့ လျှောက်လာကြရင်း မကြာမီမှာပင် ကျွန်တော်တို့နောက် လိုက်လာကြပုံရသော လူခံ၊ ရွာခံတစ်အုပ်ကြီးနှင့် တိုးရပါတော့သည်၊ စုစုပေါင်း ခုနစ်ဦးထက်မနည်းသော ထိုရွာခံလူစုသည် ကျွန်တော်တို့ကို လိုက်ရှာခြင်းဖြစ်ကြောင်း သိသာပါသည်။

'ဟော . . . ဟိုမှာဟော့ . . . အညာက သတို့သားအဖေနဲ့ ဦးလေးတို့နှစ်ယောက်၊ တွေ့ပြီ . . . တွေ့ပြီ'

ဝမ်းသာအားရအော်ဟစ်သံနှင့်အတူ ကျီးချောင်းရွာသားတစ်ခု ကျွန်တော်တို့ထံ အပြေးအလွှားရောက်လာကြ၏။

'အံ့ပါ့ . . . ဆရာတို့ရယ်၊ ဘယ်များရောက်နေကြတုန်း တစ်ရွာလုံးကို နှံ့နေပြီပဲဗျာ။ ကဲလာ . . . ပြန်ကြစို့၊ အမေကြီးတို့ စိတ်ပူနေကြရော့မယ်'

သူတို့အထဲမှာ အသက်ကြီးကြီးဦးသန်းလွင်ဆိုသူက တွေးတွေးဆဆ မေးခွန်းထုတ်သည်။

'ဆရာတို့ လမ်းလျှောက်သွားကြတာတော့ ဟုတ်ပုံမရဘူး၊ ဟိုဒင်း သွားရှာကြတာများလား . . .'

သူက လက်မကိုထောင်၍ ပါးစပ်နားကိုတေ့ကာ မော့ဟန်ပြု၍ မေးသဖြင့် ရှက်ရှက်နှင့်ပင် ဝန်ခံလိုက်ကြရ၏။

'ပြောရောပေ့ါ ဆရာတို့ရယ်၊ ရွာထဲမှာလည်း စီစဉ်လို့ရပါတယ်။ ဆိုင်တွေမှပုံလို့ပါ။ အခုရော အဆင်ပြေခဲ့ကြလား'

'ခင်ဗျားတို့ကသာ ပြောနေ၊ ကျုပ်တို့နှစ်ယောက်ဖြင့် တစ်ဆိုင်မှ ရှာမတွေ့ဘူး။ ဒါပေမယ့် အခုတော့ အဆင်ပြေခဲ့ပါပြီ။ ခင်ဗျားတို့ရွာသား ကိုအေးငွေဆိုတဲ့လူက ကျကျနနညွှန်ခဲ့လိုက်ပါတယ်။ ခနိရည်နဲ့ အမြည်းက ဘဲဥကြော်တွေ အလျှံပယ်ပါဗျာ'

ကျွန်တော်က ပြန်ရှင်းပြလိုက်တော့ အားလုံးပင် မျက်လုံးပြူးသွားကြ တာကို မြင်ရ၏။ လန့်ဖျပ်သွားကြပုံပင်။

'နာမည်က ဘယ်သူဗျ . . . ဆရာရဲ့ . . .'

'ကိုအေးငွေတဲ့ဗျား၊ သတို့သမီးရဲ့အဖေတဲ့ ပုံပန်းသဏ္ဌာန်က . . .'

ကျွန်တော်က ပုံပန်းသဏ္ဌာန်နှင့်တကွ ဝတ်ဆင်ထားသော အဝတ် အစားကအစ ပြန်ရှင်းပြလိုက်သည်နှင့် ထိုလူအုပ်ထဲမှ အသက်အကြီးဆုံး ဖြစ်သူ ဦးသန်းလွင်က သူ့နဖူးသူ လက်ဝါးနှင့်ရိုက်ကာ . . .

'ကိုင်းကွာ . . .၊ တည့်တည့်ကို တိုးခဲ့ကြတာကိုး။ မဖြစ်ဘူး ဆရာတို့ ရေ မြန်မြန်သွားကြရအောင်'

တစ်ဆက်တည်းပင် ရွာသို့ တစ်ချိုးတည်းဦးဆောင်၍ လစ်တော့ သည်။ ကျန်ရွာခံများကလည်း စကားသံပင် မဟလာတော့ဘဲ ခပ်သုတ်သုတ် နှင့်ကြလေသဖြင့် ကျွန်တော်တို့လည်း ခပ်မြန်မြန်ပင် လိုက်ပါခဲ့ကြရတော့ သည်။ သည်လိုနှင့် ရွာလယ်လမ်းကလေးသို့ ပြန်ရောက်လာကြတော့ ဦးချစ်

ဖေက ကျွန်တော့်ကိုလက်ကုတ်၍ အံ့အားတသင့် ပြောလေသည်။ သူပြောမည်ဆိုလည်း ပြောချင်စရာ အကြောင်းအရာပါပေ။

'တစ်ခုခုတော့ ထူးနေပြီထင်တယ်ဟေ့၊ ကြည့်စမ်း၊ တို့စောစောကထွက်လာကြတုန်းက ဒီဆိုင်တွေကို ဘာလို့မမြင်ခဲ့ကြရတာလဲ။ ကြည့်ဦးဟ . . .၊ အရက်ဆိုင်ကလေးတွေမှ လမ်းဟိုဘက်ဒီဘက် မျက်စောင်းထိုးကလေးတွေ တင်ပါကလား . . .'

သည်တော့မှ ကြည့်လိုက်မိတော့ ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုမအူမလည်ကြီး ခံစားလိုက်ရပါချေတော့သည်။ ဟုတ်ပါသော်ကော။ လမ်းတစ်ဘက်က ဆိုင်က အနီတွေ၊ အနက်တွေအထိ ပုလင်းမျိုးစုံ ကောင်တာပေါ်တင်၍ရောင်းနေသလို အခြားတစ်ဘက်ဆိုင်က 'ရွာထွက် တောစစ်စစ်နှင့် ဘီအီးရပြီ'ဟု ဆိုင်းဘုတ်ကလေး ထောင်ထားပါသလား။ ပြီးတော့ . . . လမ်းနံဘေးကပ်လျက်မှာပင် ထင်ထင်ရှားရှားရှိနေသည်။ ဒါတွေကို ကျွန်တော်တို့ အသေအချာရှာခဲ့ကြသူ နှစ်ယောက်လုံး အဘယ်ကြောင့် တူတူညီညီ မျက်စိမှောက်ကာ မမြင်ခဲ့ကြပါသနည်း။

'ခက်တော့ခက်နေပြီ ဦးသန်းလွင်ရေ . . .၊ စောစောတုန်းက ကျွန်တော်တို့နှစ်ယောက်လုံး မျက်လုံးဖြဲရှာပါလျက်နဲ့ ဒီဆိုင်တွေကို မတွေ့ခဲ့ကြတာ အမှန်ပဲ။ ခုမှ ဒီဆိုင်တွေ ဘယ်ကရောက်လာသလဲဟုန်း ခင်ဗျ. . .၊ ကျွန်တော်တို့ကတော့ အတော်စဉ်းစားရကျပ်နေပြီ . . .'

ကျွန်တော်က တအံ့တသြ ဝန်ခံချက် ပေးလိုက်မိ၏။ သို့သော် ရွာခံဖြစ်သော ဦးသန်းလွင်၏ မှတ်ချက်ချသံက ကျွန်တော့်ကို ပို၍ အံ့အားသင့်သွားစေခဲ့တာ အမှန်ပါပေ။ သူ့မှတ်ချက်စကားက အံ့သြစရာဖြစ်၏။

'ဘာမှမဟုတ်ဘူး ဆရာတို့ရေ . . .၊ ဒီဆိုင်တွေက အစောကြီးကတည်းက ရှိနေတာပါပဲ။ ဒါပေမယ့် ဆရာတို့မျက်စိမှောက်ပြီး မမြင်အောင် ကိုအေးငွေက တားထားခဲ့တာ။ ပြီးမှ သူပြောချင်တာလေးတွေ ပြောရ၊ မှာရအောင် ဆရာတို့နှစ်ယောက်ကို သူ့ဆီ အရောက်လှမ်းခေါ် ညှိခံစကား

ပြောတာပဲ။ ဆရာတို့ ပြောလို့သာပဲ၊ ဓနိရည်သောက်၊ ဘဲဥကြော်မြည်းခဲ့ကြ တယ်ဆို၊ ကျုပ်တို့တော့ ဆရာတို့ဆီက ဘယ်ဓနိရည်နံ့မှ မရဘူး။ ကဲ . . . အခု ရော . . . ရိဝေဝေလေးမှ ကျန်သေးရဲ့လား . . .'

သည်တော့မှ ကျွန်တော်နှင့် ဦးချစ်ဖေတို့ တစ်ယောက်ကိုတစ် ယောက်ကြည့်ကာ မျက်လုံးပြူးသွားကြရလေတော့သည်။ မှန်ပေသည်။ ရိဝေဖို့ ဝေးစွ . . .၊ ကျွန်တော်တို့နှစ်ယောက်လုံးပင် ကြည်ကြည်လင်လင်ကြီးတွေ ရှိနေကြပေသည်တကား။

◆ ◆ ◆

(၄)

သံယောဇဉ်ဆိုသော ကြိုးတစ်မျှင်၏ ဆန်းကြယ်လှစွာသော ရင်နင့် ဖွယ် ဖြစ်ရပ်မျိုးကို ကြုံလာရမည်ဟု ဘယ်တုန်းကမျှ မမျှော်လင့်ခဲ့ဖူးသော ကျွန်တော်သည် ထိုနေ့ညမှာပင် ဂမ္ဘီရဆန်လှသည့် သံယောဇဉ်ကြိုးတစ်မျှင်၏ ဖြစ်ရပ်ဆန်းနှင့် နှာခေါင်းကျည်ပွေ့ထိပ်တိုက် တွေ့ရပါတော့သည် . . . ဟုပဲ ပြောရပေတော့မည်။

ကျွန်တော်နှင့် ဦးချစ်ဖေတို့နှစ်ယောက်၏ ကြုံခဲ့ရသော ညနေပိုင်း အဖြစ်အပျက်က ရွာမှာ ဟိုးလေးတကျော်ဖြစ်သွားခဲ့၏။ ထိုနေ့ညပိုင်းမှာပင် သတို့သမီး၏ အိမ်ကြီးအပေါ်ထပ်တွင် လူစုံတက်စုံ၊ ပြောမဆုံးပေါင် တောသုံး တောင်ဆိုသလို စုဝေးဖြစ်ခဲ့ကြတော့သည်။ စိတ်ဝင်စားသူ ရွာသူရွာသား အများစုလည်း ရောက်ရှိလာကာ နားထောင်ကြလေသည်။

သတို့သမီးလေး မနှင်းဖြူ၏ မိခင်က ဒေါ်မြသက်ဖြစ်ပြီး၊ အဘွားက ဒေါ်စာဖြူဖြစ်သည်။ အဘွားဒေါ်စာဖြူသည် ကျွန်တော်တို့ ပြန်လည်ဖောက် သည်ချသော ကိုအေးငွေ၏ ပုံပန်းသဏ္ဍာန်၊ အဝတ်အစား၊ ဟန်အမူအရာ သည်တို့ကို သေချာစွာနားထောင်ပြီးသော် . . .

'ဩော် ... ဖြစ်ရလေ သားလေးရယ် ...'

ဟု ညည်းညူလိုက်ပြီးနောက် ကြေကွဲတုန်ရီစွာ ပြောကြားလိုက်လေသည်။

'အမှန်ပါပဲ၊ ဆရာလေးတို့ တွေ့ခဲ့ကြရတာဟာ အဘွားရဲ့သားပါ၊ ပောဒိမြေးကလေး မနှင်းဖြူရဲ့ အဖေအရင်းပါ။ လွန်ခဲ့တဲ့ သုံးနှစ်ကျော်က ဆုံးသွားခဲ့ပြီးဖြစ်တဲ့ အဘွားရဲ့ သားအစစ်ပါပဲကွယ်'

'ဗျာ ...'

သည်တစ်ခါ 'ဗျာ'လိုက်ကြရသူများကား ကျွန်တော်နှင့် ဦးချစ်ဖေတို့ပင်တည်း။ ကျွန်တော်ကား ညနေကမှ လက်ဆွဲနှုတ်ဆက်လိုက်ရသဖြင့် ထိတွေ့လိုက်ရသော ရေခဲတုံးတမျှ အေးစက်နေသည့် ထိုသူ၏ လက်ဖဝါးမှ အထိအတွေ့ကို ပြန်လည်သတိရနေမိ၏။ ဒါကထားဦး ...၊ သူက ဘာကြောင့် ကျွန်တော်တို့နှင့်အတူ ခနိရည်သောက်ကာ စကားတွေ အချီအ ပြောနေနိုင်ခဲ့တာတဲ့လဲ။ ကျွန်တော် ညဏ်မီအောင် မတွေးတတ်၊ အဖြေမရှာ တတ်တော့ပြီ။ သည်လို အတွေ့အကြုံမျိုးကို မကြုံခဲ့ဖူးတာလည်း သေချာလှ သည် မဟုတ်ပါလား။

'ဘယ်လိုများ ဖြစ်ရတာလဲဗျာ ... စိတ်မကောင်းလိုက်တာ၊ ဒါကြောင့် ဒိမင်္ဂလာပွဲကို သူလာနိုင်မှာမဟုတ်ပါဘူးလို့ ပြောခဲ့တာကိုး'

ကျွန်တော်က စိတ်မကောင်းစွာဖြင့်ပင် မေးမြန်းစပ်စုမိပြီး ဖြစ်နေ ပြန်တော့သည်။ ဤမှာပင် အဘွားဒေါ်စာဖြူက လွန်ခဲ့သည့်သုံးနှစ်ကျော်က သေဆုံးသွားခဲ့သည်ဆိုသော သူ၏သား ကိုအေးငွေအကြောင်းကို အကျဉ်းချုံ ၍ ပြန်လည်ပြောပြပါလေသည်။ ဖြစ်စဉ်အကျဉ်းကား ဤသို့တည်း ...၊

◆ ◆ ◆

(၅)

ကိုအေးငွေကား ပညာတတ်၊ လူရည်သန့်ဖြစ်လျက် အကြေ၊ အညာ စုန်ဆန်သွားလာကာ ကုန်စည်ကူးသန်းရောင်းဝယ်တတ်သူ ဖြစ်သည့် အလျောက် အလွန်အပေါင်းအသင်းဆုံသူ တစ်ယောက်ဖြစ်သည်။ သူ့ မိတ်ဆွေတွေမှာ အကြေသား၊ မြေလတ်သား၊ အညာသူ၊ အညာသား စသဖြင့် စုံလင်ပေါများလှသည်။

လေးငါးနှစ်မျှ အရောင်းအဝယ်လုပ်ခဲ့ရာတွင် သိသိသာသာ မြတ် စွန်းလျက် မိခင်ဒေါ်စာဖြူ၏ အိမ်သည်လည်း ကိုအေးငွေ၏ မိတ်ဆွေ သင်္ဂဟမျိုးစုံ ခိုလှုံတည်းခိုရာဌာနကြီး ဖြစ်၍လာလေသည်။ ထိုမိတ်ဆွေ သင်္ဂဟ များထဲတွင် မထွေးရီဆိုသော အညာတောင်သာသူကလေးမှာ ကိုအေးငွေနှင့် အရင်းနှီးဆုံးဖြစ်ကြောင်း မိခင်ဒေါ်စာဖြူရော၊ ဇနီးဖြစ်သူ မမြသက်ကပါ အကဲခတ်မိကြ၏။ မထွေးရီမှာ ချောမောလှပသော မုဆိုးမ ကလေးဖြစ်ခြင်း ကြောင့် မမှားသင့်တာ မမှားရအောင် ကျယ်ကျယ်တစ်မျိုး တိုးတိုးတစ်သွယ် နားချခဲ့ကြရသည်။ သို့သော် ကိုအေးငွေက ငြင်းသည်။

'မဟုတ်ပါဘူး . . အမေနဲ့ မမြသက်ရယ်၊ ရိုးရိုးခင်ကြတာပါ။ မထွေးရီက အားကိုးရာမဲ့ကလေးမို့ ကျွန်တော့်ကို အားကိုးအားထားပြုပြီး ရောင်းဝယ်လုပ်ကိုင်နေရှာတာပါ'

သည်တော့လည်း မိခင်နှင့်ဇနီးတို့မှာ ဆက်မပြောသာဘဲ ငြိမ်နေခဲ့ ကြရပြန်တော့၏။ သို့သော် ယခင် ခရီးထွက်လျှင် တစ်လခန့်သာ ကြာတတ် သော ကိုအေးငွေမှာ နောက်ပိုင်းတွင် လေးငါးခြောက်လကြာမှ တစ်ခေါက် ပြန်ရောက်လာလေတော့သည်။ ခင်မင်ရင်းနှီးသည့် အညာဘက်မှ မိတ်ဆွေ များက ကိုအေးငွေကို လွှတ်ထားရန်မသင့်ကြောင်း၊ တောင်သာတွင် မထွေးရီ နှင့် မရှင်းမလင်း ငြိတွယ်နေကြပြီဖြစ်ကြောင်း၊ တောင်သာတွင် အိမ်သစ်တစ် လုံးပင် ဆောက်လုပ်နေထိုင်နေပြီဖြစ်ကြောင်း၊ ပြောကြားလာကြဖန်များ သည်နှင့် လူလွှတ်၍ စုံစမ်းစေရာ သားလေးတစ်ယောက်ပင် ရနေပြီဖြစ်

ကြောင်း သိရတော့သည်။ ဒေါ်စာဖြူတို့မှာကား မကျေနပ်။ ဒေါသဖြစ်ရုံမှ တစ်ပါး ဘာမျှမတတ်နိုင်တော့။ ကုန်ကူးသည့်အလုပ်မှာလည်း ရပ်ဆိုင်းသွားပြီဖြစ်ရာ အမြတ်အစွန်း ဝေးစွ၊ အရင်းငွေပင် ပြန်မမြင်ကြရတော့ချေ။ ထိုအချိန်တွင် သည်မှာကလည်း သမီးကြီးမနှင်းဖြူနှင့် သမီးငယ်မနှင်းမူတို့ အရွယ်ကလေးတွေ ရစပြုလာကြပြီဖြစ်သည်။

'တစ်ခေါက် ပြန်ရောက်လာတာကတော့ တော်တော်သနားစရာကောင်းတယ်။ လူကလည်း ကျသွားတာ ချုံးချုံးကျပဲ။ အညာမှာ စီးပွားပျက်သတဲ့။ ဒါနဲ့ အမေလည်း မနေနိုင်ဘဲ အရင်းအနှီးကလေး ထုတ်ပေးမိပြန်တယ်လေ'

'အဲဒီတော့ကော အမေကြီး . . .'

စိတ်ဝင်စားစွာ နားထောင်နေခဲ့သော ရွာသူကလေးတစ်ယောက်က စကားထောက်မေးသည်။ အဘွားဒေါ်စာဖြူက ပင့်သက်ချရင်းဖြေပါသည်။

'ဆုံးရှုံးရပြန်တာပါပဲကွယ်၊ သူကိုယ်တိုင်က စိတ်ဓာတ်ကျနေပြီပဲ။ နောင်တအပူမီးတွေ တောက်နေပြီဆိုတော့ စီးပွားရေးကို ဘယ်မှာ လာထုထုခံခံကြိုးစားချင်တော့မှာလဲ၊ အမေကြီးကတော့ သားအရင်းမို့လား။ သူ့ကို စိတ်ဆိုးပေမယ့် တကယ်တမ်း မအေ့ဆီပြန်လာကပ်တော့လည်း ပစ်ပစ်ခါခါနှင်မထုတ်ရက်ခဲ့ပါဘူး'

စိတ်ဓာတ်ကလည်းကျ၊ အညာမှာလည်း အခြေမကျ။ မထွေးရီကလည်း နေမကောင်းဆိုတော့၊ ကိုအေးငွေ နောက်ဆုံးအခေါက်ပြန်အလာကား၊ အတော်ပင်ကြာသွားသည်။ ဒေါ်စာဖြူမှာ သားပင်ဖြစ်လင့်ကစား၊ ချွေးမနှင့် မြေးမကလေးများနှင့်အတူ နေလာရသူဖြစ်လေတော့ သားကို အရောတဝင်နေထိုင်ပြ၍ မဖြစ်၊ မှန်တန်းမျှသာ နေထိုင်ရ၏။ မမြသက်ကတော့ လင်ကို အဖက်မလုပ်ချင်တော့၊ စိတ်နာနေပြီ။ သမီးလေးတွေကလည်း အဖေကို အဖေဟုပင် မခေါ်ကြတော့။ ကိုအေးငွေမှာ နေစရာမရှိပြီ။ တစ်နေကုန်အရက်ဖြင့်သာ နှစ်ပါးသွားနေတော့သည်။

မိုးမခ စာပေ

နောက်ဆုံးတော့ အမေကလည်း မကြည်၊ ဇနီးသည်ကလည်း လက်မခံ၊ သမီးလေးများက လစ်လျူရှုဆိုသည့် ဒဏ်တွေကို တောင့်မခံနိုင်တော့သည်လား၊ ကိုအေးငွေတစ်ယောက် သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့လေသည်။

'အိပ်မက်ထဲမှာ ဆရာတို့ အခုပြောတဲ့ အဝတ်အစားတွေနဲ့ပဲ၊ အေးလေ . . . အဲဒါတွေက သူအသက်ပျောက်တုန်းက နောက်ဆုံးထုတ်ဝတ်သွားတဲ့ အဝတ်အစားတွေပါပဲ။ သူ့ကိုယ်သူ စီရင်တော့မယ်ဆိုတော့ ဖိနပ်ကလေးတောင် ကြက်သွေးရောင် ကတ္တီပါဖိနပ်သစ်ကလေးစီးလို့၊ အဲဒီ အဝတ်အစားတွေနဲ့ပဲ အိမ်မက်ထဲမှာ အမေ့ကို လာလာပြတယ်။ သူဒီနားမှာပဲ ရှိနေတယ်ဆိုတဲ့အကြောင်း လာပြောတာ မကြာမကြာမက်တယ်။ ရွာထဲက တချို့ကလည်း သူ့ကို ဒီလိုပဲ ရွာဝန်းကျင်မှာ မြင်လိုက်တယ်ပြောတဲ့ သူပြောတယ်၊ ဒါပေမယ့် အမေက ငါစိတ်စွဲတာပဲ နေမှာလို့ထင်ခဲ့တယ်။ ခုတော့ ငါ့ သားလေးမှာ တမလွန်ဘဝကတောင် သမီးလေးတွေအပေါ် သံယောဇဉ် ကြီးနေသေးတာကိုး။ သားရေ အမျှ . . . အမျှ . . . အမျှ . . .၊ အမေပြုခဲ့သမျှ ဒါန၊ သီလ၊ ဘာဝနာအဖို့တို့ကို အမျှဝေပါတယ်။ မင်းသံယောဇဉ်တွေကိုဖြတ်ပြီး သာဓုခေါ်နိုင်ပါစေကွယ်'

အမေကြီးဒေါ်စာဖြူ၏ ဆွေးမြည့်ကြေကွဲဖွယ် အမျှဝေသံကို ကိုအေးငွေတစ်ယောက် ကြားသိ သာဓုခေါ်နိုင်ပါမည်လား . . .။ ဒေါ်မြသက်နှင့် မနှင်းဖြူကလေးတို့မှာမူ အမေကြီးဒေါ်စာဖြူ၏ လက်မောင်းတွေကို တစ်ဖက်တစ်ချက်ကကိုင်ရင်း မျက်ရည်ဥများ စီးကျနေကြလျက် . . .။

◆ ◆ ◆

(၆)

မောင်ထွန်းလွင်နှင့် မနှင်းဖြူတို့၏ မင်္ဂလာပွဲကား အောင်မြင်ပြီးမြောက်ခဲ့လေပြီ။ ကျွန်တော်တို့အဖွဲ့များမှာလည်း တစ်ရွာလုံးက ဧည့်ဝတ်ပြု

ကြသည်နှင့် ကျိုးချောင်းရွာတွင် တစ်ပတ်ခန့်ကြာသွားပြီးနောက် အားလုံးနှင့် ခင်မင်ရင်းနှီးခဲ့ကြလေပြီ။ သို့ပေမယ့် ညီ့သည်တို့ မည်သည် အချိန်တန်တော့ အိမ်ပြန်ကြရစမြဲပဲ မဟုတ်ပါလား . . .။ မနက်ဖြန် မနက်တွင် ကျွန်တော်တို့ အားလုံး ပြန်ကြပေတော့မည်။ ကျိုးချောင်းရွာတွင် နောက်ဆုံးနေထိုင်ခဲ့သော ညက လသာသော ညတစ်ည ဖြစ်ပါချေ၏။

ကျွန်တော်ကား အိမ်ရှေ့ချောင်းစပ်တံတားထိပ် (ဘောက်တူဆိုက်ရန်နေရာ)တွင် အေးအေးလူလူ လာထိုင်နေမိခဲ့၏။ မနှင်းဖြူ ညီမလေးဖြစ်သော မနှင်းမူကလေးက ကျွန်တော့်ကို ခင်မင်သည်မို့ သူမလည်း လိုက်လာကာ ကျွန်တော့်အနီးတွင် ထိုင်ရင်း နှုတ်ဆက်စကား ထွေရာလေးပါးတွေ ပြောနေမိခဲ့ကြ၏။ ညဆယ်နာရီခန့်ရှိပါပြီ။ မင်္ဂလာဆောင်အိမ်မှာကား မီးချောင်းတထိန်ထိန်နှင့် စကားဝိုင်းဖွဲ့ကောင်းနေကြဆဲ၊ ထိုအချိန်ကလေးမှာပဲဖြစ်ပါသည်။

ကျွန်တော် ရှေ့ချောင်းရိုးထဲမှ ဘောက်တူကို ခတ်တက်ဖြင့် ခတ်လာသော ရေသံကို ကြားရ၏။

'ဗျို့ . . . စာရေးဆရာ၊ မအိပ်သေးဘူးလား။ ကျွန်တော် လာနှုတ်ဆက်တာနော်၊ မနက်ဖြန်ပြန်ကြမယ်ဆိုလို့ . . .'

ကျွန်တော် ဖြန်းခနဲ ကြက်သီးထသွားပါသည်။ ပီပြင်တိကျသော ကိုအေးငွေ၏အသံကို နားနှင့်ဆတ်ဆတ်ကြားလိုက်ရပါတကား။ အသံလာရာကို ကြည့်လိုက်တော့ လရောင်အောက် ချောင်းရိုးထဲမှာ ထင်ရှားစွာ မြင်လိုက်ရသူက ကိုအေးငွေ။

'အယ် . . ဟိုမှာ ဖေဖေရယ်တော့ . .၊ ဖေဖေ . . ဖေဖေ . .၊ ဖေဖေ့ကို ဦးဦးမြင်လိုက်တယ်နော်'

ကျွန်တော့်နံဘေးမှ မနှင်းမူကလေး၏ အသံပေါ်လာသည်နှင့် ဘောက်တူခတ်သံ ပျောက်သွားသည်။ ငြိမ်သက်နေသော ချောင်းရေပြင်ကိုသာ လရောင်ဝင်းဝင်းအောက်၌ မြင်တွေ့ရတော့သည်။ မနှင်းမူကလေးက

ရှိက်၍ငိုလေပြီ . . .။

'မငိုပါနဲ့ ကလေးရယ် . . .၊ ညည်းအဖေရဲ့ ဝိညာဉ်ဟာ ဒီပတ်ဝန်းကျင်မှာပဲ ရှိနေသေးတယ်။ အမှတ်တရဆွမ်းသွတ်ပြီး အမျှဝေမှ ကျွတ်မယ်ကွဲ့'

ကလေးမလေးကို နှစ်သိမ့်၍ ပြန်ခေါ်လာရပေမယ့် ကျွန်တော့်နှစ်သိမ့်စကားကို ကျွန်တော် တာဝန်မယူရဲပါ။

'ဒီသမီးကလေးတွေ ကိုယ်စီ အိမ်ထောင်ကျပြီး၊ သူတို့ဘဝလေးတွေ အခြေတကျဖြစ်သွားလို့ စိတ်အေးရပြီဆိုတဲ့ အချိန်ကျမှပဲ ကျွန်တော်လည်း ဒီဝန်းကျင်က ခွာနိုင်တော့မယ်ထင်ပါတယ်ဗျာ'

ကိုအေးငွေ၏ ထိုစကားသံကို ကျွန်တော်ပြန်လည်ကြားယောင်လာမိသောကြောင့် ဖြစ်ပါသည်။ သူ့စကားအတိုင်းသာဆိုလျှင် သမီးကြီးမနှင်းဖြူက သူ့အိုးနှင့် သူ့အိမ်နှင့် ဘဝတစ်ခု ထူထောင်သွားခဲ့ပြီးပြီ ဆိုသော်လည်း သမီးငယ်ကလေး မနှင်းမူကတော့ ယခုမှ ပီဘိကလေးသာသာ၊ အပျိုဖော်ဝင်စ အရွယ်ကလေးမှာပဲ ရှိနေပါသေးသည်။

ထိုသမီးငယ်ကလေး အိမ်ထောင်ပြုသွားသည့် ကာလအထိပဲ ကြီးစွာသော သံယောဇဉ်ဖြင့် တရစ်ဝဲဝဲစောင့်ကြည့်နေပေဦးမှာလား။ ကျွန်တော် မမှန်းဆနိုင်။ ကျွန်တော် မဝေခွဲနိုင်။ ကျွန်တော် မဆုံးဖြတ်နိုင်။ သို့သော် 'အရေးဟဲ့'ဆိုလျှင် ဂီတနှင့် ယဉ်ပါးခံစားတတ်သော ကျွန်တော့်အဖို့မူ ဘဘဘိုကလေးတင့်အောင်၏ သံယောဇဉ်ဆိုသော တေးစာသားကလေးတွေကိုသာ တသိမ့်သိမ့် သတိရလာမိရသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

'အာသဝေါကုန်ပြား . . ဘုရားမြတ်ရှင် . . အရိယာသူတော် စင်တို့ကလွဲလျှင် . . သံယောဇဉ် . . နှောင်ကြိုးတစ်မျှင် . . ဇွတ်တိုးဝင် မေတ္တာနွယ်ပန်း . . ဆင်မြန်းမိလျှင် . . အမှားအမှန်ဝေဖန်တွေး ဦးနှောက်နဲ့တွေး . . ရေးရေးမျှမမြင် . . တဲ့လေ။

◆ ◆ ◆

<u>ဝန်ခံချက်</u>

ဤဝတ္ထုသည် စာရေးသူ၏စိတ်ကူးယဉ်ရေးသားချက်များ မဟုတ်ပါ။ ဦးချစ်ဖေသည် ယနေ့ထိတိုင် ဆင်ဖြူကျွန်းမြို့၌ သက်ရှိထင်ရှားနေထိုင်လျက်ရှိပြီး မောင်ထွန်းလွင်+မနှင်းဖြူတို့မှာလည်း ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်တွင် ယနေ့တိုင် နေထိုင်ကြဆဲ ဖြစ်ပါသည်။

◆ ◆ ◆

**နန္ဒာစိုး** *(ဆင်ဖြူကျွန်း)*

(၂၀၀၈-ခု၊ နိုဝင်ဘာလ၊ အတွဲ (၁)၊ အမှတ် (၅) ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း)



# နောက်ဆုံးလက်ဆောင်

(၁)

ကိုတင်ဦးနှင့် မဆန်းယဉ်တို့ လင်မယားမှာ နတ်ဘက်သော လင်မယားဖြစ်သည်ဟု အရပ်က မှတ်ချက်ချကြရသော လင်မယားဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် နှစ်ဦးစလုံးပင် အလွန်ရိုးသားဖြူစင်ကြပြီး အလုပ်အကိုင်ကို ကြိုးစားသည့်နေရာတွင်လည်း အတွဲညီလှသောကြောင့်ဖြစ်သည်။ အသုံးအစွဲ ကျစ်လျစ်စေ့စပ်မှုရှိရာ၌လည်း တူညီကြသည်။

ကိုတင်ဦးသည် ယောကျ်ားသားတစ်ဦးပင် ဖြစ်သော်လည်း အသောက်အစား လောင်းကစားမှု မရှိရုံမျှမက အခြားယောကျ်ားသားအတော်များများကဲ့သို့ လက်ဘက်ရည်ဆိုင်ထိုင်သော အလေ့အကျင့်ပင် မရှိ။

'လက်ဘက်ရည်အချိုသောက်တာဟာ အပိုငွေဖြုန်းတာပဲ။ အိမ်မှာ ထမင်းဝအောင်စားပြီးမှတော့ . . . တခြားဘာကို အပိုငွေအကုန်ခံပြီး သောက်ရမလဲ။ ညကတည်းက မနက်စာထမင်းကြမ်းကျန်အောင် ထမင်းကို ပိုပိုသာသာချက်၊ မနက်စောစောကျ အဲဒီထမင်းကြမ်းကို ဟင်းကျန်နဲ့ နယ်ဖတ် လူးလဲစားလိုက်ရင် ပြီးရော'ဟု ပြောလေ့ရှိသလို . . . ပြောသည့်

အတိုင်းလည်း ကျင့်သုံးသူဖြစ်၏။ ညှော်ခံရမည့် တစ်ရပ်တစ်ကျေးမှ ညှော်သည် မျိုး ရောက်လာသည့်အခါမျိုးတွင် လက်ဘက်ရည်ဆိုင်သို့ လိုက်၍၊ လက်ဘက် ရည်၊ မုန့်တို့ဖြင့် ညှော်ဝတ်ပြုလေ့ရှိသော်လည်း သူဟာသူ တစ်ကိုယ်တည်းအား ဖြင့်မူ လက်ဘက်ရည်ဆိုင်သို့ ခြေဦးမျှ လှည့်တတ်သူ မဟုတ်ချေ။

ထို့အတူ မဆန်းယဉ်သည်လည်း 'မကုန်သင့်တာ မကုန်စေရ' ဟူ သောဝါဒကို လက်ကိုင်ထားသူဖြစ်၏။ အခြားမိန်းမသူများကဲ့သို့ မနက် လင်း သည်နှင့် မုန့်ဟင်းခါးကလေးစားလိုက်ဦးမှ၊ ခေါက်ဆွဲသုပ်ကလေး၊ ဆီချက် ကလေးစားလိုက်ဦးမှဆိုသလို နံနက်စောစော စားသောက်ဖွယ် အခြားအရာ များကို အာရုံရောက်သူမဟုတ်။ ညကကျန်သည့်ထမင်းကြမ်းကိုသာ ရှိသည့် ဟင်းကျန်ဖြင့် မညည်းမညူ စားတတ်သူမျိုးဖြစ်သည်။

သူတို့ လင်မယားက သူတို့အတွက် အသုံးအစွဲ ချွေတာစေ့စပ်ကြ သော်လည်း တစ်ဦးတည်းသာ အားပြုစရာကျန်ရစ်နေသည့် ကိုတင်ဦး၏ မိခင်ကြီးအတွက်မူ နှမြောတွန့်တိုခြင်းမရှိဘဲ သုံးစွဲကြလေသည်။ မိခင်ကြီးက နံနက်စောစောက မုန့်ဟင်းခါးစားချင်သည်ဆိုလျှင်လည်း ချွေးမဖြစ်သူ မဆန်းယဉ်က အပြေးအလွှားသွားဝယ်ကာ ပြင်ဆင်ကျွေးမွေးသည်။ ကော်ဖီ နှင့် မုန့်စားချင်သည် ဆိုလျှင်လည်း မဆိုင်းမတွပင် ရှေ့အရောက် တိုက်ကျွေး ပြုစုကြသည်။ မဆန်းယဉ်မှာ သူမ၏ မိဘနှစ်ပါးစလုံး ကွယ်လွန်ခဲ့ကြပြီး ဖြစ်သလို ကိုတင်ဦးအဖို့မှာလည်း ဖခင်ကွယ်လွန်ပြီးဖြစ်၍ သူတို့ လင်မယား တွင် ကိုးကွယ်အားထားရာဆို၍ ထိုမိခင်ကြီးတစ်ဦးသာ ကျန်ရှိတော့သည် ဖြစ်ရာ အထူးပင် ဂရုတစိုက် ကြည်ညိုစောင့်ရှောက်ကြပေသည်။ ကိုတင်ဦး၏ တစ်ဦးတည်းသော ညီမငယ်ဖြစ်သည့် စုစုထွေးမှာလည်း အစ်ကိုနှင့် ယောက်မ ဖြစ်သူတို့၏ ပုံစံအတိုင်း ပိပိပြားပြား သေသေဝပ်ဝပ်နေထိုင်တတ် သူ ဖြစ်လေသည်။

ကိုတင်ဦးအလုပ်အကိုင်မှာ အဝတ်အထည်များ ရောင်းချသော လုပ်ငန်းဖြစ်သည်။ သို့သော် သူတို့လင်မယားမှာ မြို့ဈေးထဲ၌ ဆိုင်ခန်းဖွင့်

လှစ်ရောင်းချခြင်းမျိုး မဟုတ်ဘဲ ဆင်ဖြူကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ တစ်ရွာဝင်တစ်ရွာထွက် လှည့်လည်ရောင်းချခြင်း ဖြစ်သည်။ ရောင်းချမည့် လုံချည်၊ အကျီနှင့် အဝတ်အထည်အပိုင်းအစများကို မန္တလေးမြို့မှ ဝယ်ယူကာ မိမိတို့နယ်အတွင်း ကျေးရွာများသို့ လှည့်လည်ရောင်းချကြခြင်းပင်။

ထိုသို့ ကျေးရွာများသို့ လှည့်လည်ရောင်းချခြင်းသည် လူပင်ပန်းသော်လည်း ငွေကြေးအမြတ်အစွန်းအားဖြင့် မြို့ဈေးထဲ၌ ထိုင်၍ရောင်းချခြင်းထက်ပို၍ တွက်ချေကိုက်သည်။ မြို့ဈေးအတွင်းမှာမူ အခြားအခြားသော အပြိုင်အထည်အဝတ်ဆိုင်များ ရှိနေသောကြောင့်၊ ရောင်းအားမကောင်းလှ၊ ဝယ်သူကလည်း သူ့မိတ်နှင့်သူ ကိုယ့်မိတ်နှင့်ကိုယ် မျှ၍နေပေရာ၊ အရောင်းသွက်လှပါသည်ဆိုသော နေ့သည်ပင် တကယ်ပြန်ဆန်းစစ်တော့ နေ့ထွက်ကိုက်သည်ထက် အနည်းငယ်ပိုရုံမျှ ရောင်းချရသော နေ့မျိုးလည်း ရှိသကဲ့သို့ ဈေးဦးပင် ဟုတ်ဟုတ်ငြားငြား မပေါက်လိုက်ရသော နေ့မျိုးလည်း ရှိလေသည် ဖြစ်၍ ရောင်းရသည့်နေ့များနှင့် မရောင်းရသည့်နေ့များကို ပူးပေါင်းကာ ပျမ်းမျှကြိမ်နှုန်းတွက်လိုက်သော် အမြတ်အစွန်းမှာ သိသာများပြားသည်ဟု မဆိုနိုင်တော့ပေ။ နေ့စဉ် ကုန်ကျနေသော စားဝတ်နေမှု စရိတ်၊ ကျန်းမာရေး၊ လူမှုရေးအထွေထွေစရိတ်တွေကလည်း ပုံမှန်ထွက်နေသည်ဆိုတော့ ရရစားစား ဝါးဝါးမျိုမျိုပဲ၊ ဘဲစားဘဲချေသဘောမျှသာ ဖြစ်နေပြီး ကြီးပွားတိုးတက်ရန် လမ်းစမမြင်နိုင်ဟု ကိုတင်ဦးက တွက်ချက်သည်။ သူ့တွက်ကိန်းကိုလည်း မဆန်းယဉ်ကို ချပြကာ တိုင်ပင်ခဲ့လေသည်။

'မဆန်းယဉ်ရေ . . . ငါတို့ ရောင်းဝယ်ဖောက်ကားနေပုံကတော့ ရေများရာ မိုးရွာဆိုသလို ဖြစ်နေတယ် ထင်တယ်။ ဒီလိုကိုယ်နဲ့ အပြိုင်ဆိုင်ပေါင်းစုံရှိရာအရပ်မှာ . . . ရောင်းနေတာနဲ့စာရင် ဈေးဆိုင်ရှားပါးတဲ့ တောရွာကျေးလက်တွေကို တစ်ရွာဝင်တစ်ရွာထွက် နယ်လှည့်ရောင်းချတာကမှ ကုန်ပစ္စည်းအပေါ်မှာလည်း အမြတ်အစွန်းကို ထိုက်သင့်သလောက် ပိုမြှင့်တင်လို့ ရနိုင်မယ်။ ပြီးတော့ ကျေးလက်တောရွာ ရွာသူရွာသားတွေဟာ

ရှိုးသားကြတယ်။ လယ်ထဲမှာ ဝယ်စရာငွေကြေးမရှိတဲ့သူတွေ ဖြစ်ပစေဦး။ သူတို့ သိုလှောင်ထားတဲ့ စပါးတို့၊ ပဲတို့၊ နှမ်းတို့လို သီးနှံထွက်ကုန်ပစ္စည်းတွေနဲ့ တန်ဖိုးသင့် ကြေးနှုန်းထပ်ပြီး ရောင်းလို့ဝယ်လို့ ဖြစ်တယ်။ ကိုယ့်ကုန်ပစ္စည်းပေါ်ကလည်း မြတ်စွန်းဦးမယ်၊ အဲဒီလို ပစ္စည်းချင်းထပ်ပြီး ရောင်းရတဲ့ သီးနှံထွက် ကုန်တွေပေါ်ကလည်း မြတ်စွန်းဦးမယ်။ ဒီတော့ ငါ့သဘောကတော့ အဲလိုသာ ရွာစဉ်နယ်လှည့်ဈေးသည် လုပ်ချင်တော့တယ်ကွာ။ ကိုယ့်ဆိမှာ ကိုယ်ထိုင်ရောင်းနေတာနဲ့စာရင် သွားရလာရကရိကထများပြီး ပိုပင်ပန်းမှာတော့ရှိတယ်။ ဒါပေမယ့် အဲဒီလို ပင်ပန်းခံတဲ့အတွက် အကျိုးအမြတ်လည်း ပိုရလာလိမ့်မယ်လို့ ထင်တယ်ဟေ့'

'သွားရလာရ သယ်ရပိုးရတဲ့ ခရီးစရိတ်တွေ တက်လာဦးမှာကိုလည်း ထည့်တွက်ဦးလေ ကိုတင်ဦးရဲ့"

"ဟ . . . ဒါကတော့ စရိတ်စကအတွက် ဈေးဖိုးကို မြှင့်ရမှာပေါ့ကွ။ မြို့ပေါ်မှာ တစ်ရာနဲ့ရောင်းတဲ့ပစ္စည်းကို နှစ်ရာပေးဝယ်ရလည်း သူတို့ဆီ အိမ်တိုင်ယာရောက်လာရောင်းတဲ့ ဈေးသည်အပေါ် မြော်မြင်မနေကြဘဲ ကျေကျေနပ်နပ် ပေးဝယ်ကြမှာပါပဲ။ အလုပ်မပျက် အကိုင်မပျက်၊ ကိုယ့်ရွာမှာတင်ကိုယ် အဆင်သင့်ထွက်ဝယ်ရုံမို့ လာရောင်းတဲ့ ဈေးသည်ကိုတောင် ကျေးဇူးတင်ကြလိမ့်ဦးမယ်။ အရေးကြီးတာက လူကြားမကောင်းလောက်အောင် လောဘသားရွက်တက်ပြီး တစ်ရာတန်ပစ္စည်းကို ရောင်းဈေး တစ်ထောင်ဆိုသလိုမျိုး နင်းခနဲ မသတ်မှတ်ဖို့ဘဲ လိုပါတယ်။ လာရသွားရ၊ သယ်ရပိုးရတဲ့ ခရီးစရိတ်တွေလည်း ရှိတယ်ဆိုတာကို ဈေးဝယ်တွေကလည်း တွက်ချက်ပြီး နားလည်ထားကြပြီးသားပါ။ သူ့ဘက်ကိုယ့်ဘက် မျှတညီညွတ်အောင် ရောင်းဝယ်နိုင်မယ်ဆိုရင် ဖောက်သည်အသစ်၊ မိတ်အသစ်တွေ ရလာမှာ အမှန်ပဲ'

'ဒီလိုဆိုလည်း ကိုတင်ဦး သဘောပဲတော် . . . အမေ့ကိုလည်း တိုင်ပင်ကြည့်ကြသေးတာပေါ့'

မဆန်းယဉ်ကလည်း လင်တော်မောင်၏ သဘောထားကို အထူးတလည် ကန့်ကွက်နေသည်မဟုတ်၊ စီးပွားရေးကို မောင်တစ်ထမ်း မယ်တစ်ရွက် ကြိုးစားရှာဖွေလိုသူသာ ဖြစ်၏။ ထို့ကြောင့် မိခင်ကြီးကို ဖွင့်ဟတင်ပြတိုင်ပင်ကြသောအခါ မိခင်ကြီးကလည်း လိုလားစွာပင် သဘောတူညီလေသည်။

'အေး . . ငါ့သားကြီးက ပိုတိုးတက်အောင် ကြိုးစားဖို့ ပြောလာတာပဲ၊ စီးပွားဥစ္စာဆိုတာလည်း အချိန်အခါရှိတုန်း သွားနိုင်လာနိုင်နဲ့ ကျန်းမာရေးကောင်းတုန်းရှာဖွေရတာ တစ်ခေါက်တစ်ကျင်း အစမ်းသဘောနဲ့ ရောင်းဝယ်ကြည့်ကြဦးပေါ့။ ငါ့သမီးကလည်း ချက်ပြုတ်စရာစား၊ အိုးစားခွက်ကအစ တောင်းကြီးကြီးတစ်လုံးနဲ့ ပါအောင်သယ်သွား၊ ရောက်ရာရွာမှာ ဝယ်ခြမ်းချက်ပြုတ်စားတော့ စားစရိတ်လည်း အထူးပိုပြီး ကုန်စရာမရှိပါဘူး။ အမေ့အတွက်တော့ စိတ်ဖြောင့်ဖြောင့်သာ ထားသွားကြ။ သမီးငယ် စုစုထွေး တစ်ယောက်လုံး ပြုစုဖို့ ကျန်ခဲ့မှာပဲ ပူစရာမရှိဘူး'

ကိုတင်ဦးတို့ လင်မယား၏ဆန္ဒကို မိခင်ကြီးသာမက အိမ်မှာကျန်ရစ်ခဲ့မည့် ညီမငယ်စုစုထွေးကလည်း ကူညီဖြည့်ဆည်းပေးလေသည်။

'ဟုတ်တယ် အစ်ကိုရဲ့ . . . ၊ အမေ့အတွက် ဘာမှနောက်ဆံတင်းအနေပါနဲ့၊ ကျွန်မတစ်ယောက်လုံး ရှိနေမှာပဲ။ အားလုံး စိတ်ချသာသွား'

ကိုတင်ဦးမှာ ညီမလိမ္မာ၏ အကြောင်းကိုသိပြီးဖြစ်၍ အထူးပင်အားတက်မိတော့သည်၊ နယ်လှည့်ဈေးသည်အဖြစ် စတင်လုပ်ကိုင်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်ကြပြီးသည်နှင့် မန္တလေးမြို့သို့ ကုန်သွားဝယ်သောအခါ ထုံးစံဝယ်နေကျထက် ပို၍ များပြားအောင် တိုးမြှင့်ဝယ်ယူခဲ့လေသည်၊ ပြီးနောက် အိမ်အတွက်ကုန်ကျနိုင်မည့် စားသောက်နေထိုင်မှုစရိတ်ကို ညီမငယ်နှင့် မိခင်ကြီးလက်ထဲအပ်ခဲ့ကာ နယ်လှည့်ဈေးသည်ဘဝကို စတင်အကောင်အထည် ဖော်ခဲ့လေတော့သည်၊

သူတို့မြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်ရာတွင် အမိကအားကိုးအားထားပြုရသည်မှာ နွားလှည်းသာဖြစ်၏။ မြို့မှ စတင်ထွက်လာ

စက လယ်ထွန်စက်နောက်တွဲ ထွေလာဖြင့် လိုက်ပါခဲ့ကြရ၏။ သူတို့ စတည်းချရသည်မှာ ရွာတိုင်းတွင် အသင့်ရှိပြီးဖြစ်သော ရွာလယ်ဇရပ်ကြီးများသာဖြစ်သည်။ ဖြန့်ခင်းကာ တည်းခိုရောင်းချကြသည်။ မဆန်းယဉ်က အသင့်ပါသောအိုးခွက်များဖြင့် ရွာမှ ဆန်နှင့် ဟင်းချက်စရာများ ဝယ်ယူ ချက်ပြုတ်ရ၏။ တစ်ရွာလျှင် လေးရက်၊ ငါးရက်နေထိုင် တည်းခိုရောင်းချကြသည်။ ငွေကြေးနှင့်သာမက ရာသီပေါ်ထွက်ကုန်သီးနှံများနှင့်လည်း အလဲအထပ်ပြု၍ ရောင်းချကြသဖြင့် ပဲစဉ်းငုံ၊ ပဲကြီး၊ မြေပဲ၊ စပါး၊ နှမ်း အစရှိတောင်သူလှောင်ကုန်သီးနှံများလည်း အိတ်ကြီးအိတ်ငယ်များဖြင့် စုဆောင်းရရှိကြသည်။ ငါးရက်တစ်ပတ်ရှိမှ ရွာခံနွားလှည်းတစ်စီးကို ငှားကာ နောက်တစ်ရွာသို့ ကူးကြသည်။

ကိုတင်ဦး၏ တွက်ကိန်းကား အမှန်ပင်ဖြစ်သည်။ သူ့ဘက်ကိုယ့်ဘက် သင့်တင့်မျှတရုံ အမြတ်အစွန်းနှင့် ရောင်းချသည်ဖြစ်ရာ ကျေးရွာများက ကျေနပ်စွာဝယ်ယူအားပေးကြလေသည်။ မိတ်သစ်ဆွေသစ်များလည်း တိုးပွားလာခဲ့သည်။ နယ်လှည့်ခရီးတစ်လျှောက် ရွာများမှ စုဆောင်းရရှိခဲ့သော သီးနှံမျိုးစုံကို မြို့သို့ပြန်ရောက်သောအခါ ပွဲရုံကြီးများသို့ ပြန်သွင်းခြင်းဖြင့် သီးနှံမျိုးစုံပေါ်မှ အမြတ်အစွန်းများလည်း ထပ်မံရရှိလေသည်။ ယို့အပြင် သူတို့ရောင်းချနေသော အဝတ်အထည်များသာမက ရွာဈေးဝယ်များက မှာကြားကြသော အခြားကုန်သည်များလည်း ပူးတွဲရောင်းချရန် ဈေးကွက်မျက်စေ့ ပွင့်လာခဲ့ကြ၏။

'ကိုတင်ဦးတို့ရေ . . . နောက်တစ်ခေါက် ရွာကိုလာရင် ငါးပိငါးခြောက်ကောင်းကောင်းလေး သယ်ခဲ့ကြပါ'

'အလှူအတန်းသုံးဖို့ အမွှေးတိုင်၊ ဖယောင်းတိုင်အစ၊ လက်ဖက်၊ ပဲကြော်၊ ချင်းကလေးအဆုံး သယ်ခဲ့ကြပါ။ မရောင်းရမရှိဘူး။ လက်နှိပ်မီးနဲ့ဓာတ်ခဲတို့၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောလ်ပင်တို့ ဘုန်းကြီးလှူဖို့ ဒွိစုံသက်န်းတို့အစုံရောင်းရတယ်"

ရွာပေါင်းစုံမှ တိုးပွားလာသော မိတ်သစ်များ၏ မှာကြားချက်များ ကြောင့်ပင် ကိုတင်ဦးတို့ လင်မယားမှာ တစ်ခေါက်ထက်တစ်ခေါက် ကုန် ပစ္စည်းများကို အမျိုးအမည်စုံနိုင်သမျှစုံအောင် ဖြည့်ဆည်းသယ်ယူ ရောင်းချ ကြရ၏၊ သည်လိုနှင့် တစ်နှစ်မှ နှစ်နှစ်၊ နှစ်နှစ်မှ လေးနှစ် . . . ကာလတာ ရှည်သောအခါ ရွာစဉ်တစ်လျှောက်တွင် ကိုတင်ဦးတို့ လင်မယား၏ ဖောက်သည် အသိမိတ်ဆွေတွေချည်း ဖြစ်လာတော့သည်။ ရွာတိုင်းတွင်လည်း ရွာလယ်ဇရပ်မှာ မဟုတ်တော့ဘဲ ပင်တိုင်တည်းခိုရောင်းချစရာ မိတ်ဆွေအိမ် များ ရရှိလာခဲ့တော့၏။ သည်လိုဖြင့် ကိုတင်ဦးတို့ လင်မယားမှာ နယ်လှည့် အရောင်းဈေးသည်ဘဝဖြင့် ကြိုးစားရှာဖွေစုဆောင်းလာခဲ့ကြသည်မှာ အနှစ် (၂၀)ပြည့်လုနီးပါးတိုင်ခဲ့လေသည်။ စီးပွားဉစ္စာလည်း တိုးတက်လာခဲ့ကြ သည်။ သို့သော် အကြွားအဝါမရှိ၊ အပိုကုန်ကျစရာကို မစဉ်းစားဘဲ အနေ ကျစ်ကျစ်ဖြင့် နေတတ်ကြသူများဖြစ်သည့်အလျောက် သာမန်သက်ကယ်မိုး ဝါးထရံကာ သုံးပင်အိမ်ငယ်ကလေးဖြင့်သာ ရောင့်ရဲစွာနေထိုင်ခဲ့ကြရလေ သည်။ လင်မယားနှစ်ယောက်လုံး နှစ်ဦးသဘောတူ စုဆောင်းကြသည်မှာ ရွှေတိုရွှေစများသာ ဖြစ်၏။ နှစ်စဉ်တတိတိ တိုးပွားလာသော ရွှေထုပ်ကလေး ကိုသာ ကျစ်ကျစ်ပါအောင် ဖြည့်ဆည်းစုဆောင်းလာခဲ့ကြ၍ နှမငယ်စုစုထွေး ကိုလည်း သင့်တော်သော အိမ်ထောင်ဖက်ဖြင့် အိမ်ယာထူထောင်ပေးနိုင်ခဲ့ ကြ၏။ စုစုထွေးမှာ အိမ်ထောင်ကျသွားသော်လည်း သျှောင်နောက်ဆံထုံးပါ မဟုတ်ပေ။ အကြောင်းမှာ ကိုတင်ဦးတို့လင်မယားက နယ်လှည့်ချိန်ကများနေ သူများဖြစ်၍ မိခင်ကြီးကို အနီးကပ်ပြုစုရန် . . . အိမ်မှ ခွာမရသောကြောင့် သူမယောက်ျားကိုသာ ကိုယ့်အိမ်ခေါ်ထားရသောကြောင့် ဖြစ်သည်။ ကိုတင် ဦးတို့ လင်မယားကတော့ နှမငယ်လင်မယားကို အိမ်မှာထားကာ သူတို့ ရောင်းရေးဝယ်တာကိစ္စများကို အားစိုက်ကြိုးစားနေခဲ့ကြမြဲပင်။

သို့သော် တစ်ချိန်မှာတော့ မိခင်ကြီး၏ ကျန်းမရေးက ဖောက်လာ သည်။ မြို့က ဆရာဝန်ကိုပြတော့ မကွေးတိုင်းဆေးရုံကြီးသို့ ထပ်ဆင့်ညွှန်

ပြန်၏၊ မိခင်ကြီးတွင် စွဲကပ်လာသောရောဂါမှာ လည်ချောင်းကင်ဆာ ဟူပေသောကြောင့်တည်း။ မန္တလေးဆေးရုံကြီး၌ ဓာတ်ကင်၍ကုသည်။ သူ့ခေတ်သူ့အခါအလျောက် ကုသပေးနေသော ဆရာဝန်ကြီးများက ညွှန်ကြားသည့်ဓာတ်ဆေး ထိုးဆေး မျိုးစုံဖြင့် ကုသည်။ သို့သော် ခြောက်လခန့်အကြာမှာပင် ထိုရောဂါနှိပ်စက်၍ မိခင်ကြီး ကွယ်လွန်တိမ်းပါးသွားရရှာတော့သည်။

မိခင်ကြီးကို ဆေးဝါးကုသနေရသော ခြောက်လခန့်အတွင်း ကိုတင်ဦးတို့ အရောင်းအဝယ်ကိစ္စတွေ အတော်နှောင့်နှေးသွားခဲ့ရသည်။ ဖောက်သည်ကျေးရွာများသို့ ဈေးရောင်းသွားခဲ့သေးသော်လည်း . . . ယခင်ကလို စိတ်ဖြောင့်ဖြောင့်ဖြင့် တစ်လကိုးသီတင်း လှည့်လည်မနေနိုင်၊ နောက်ဆုံးတင်းနေရသဖြင့် တစ်ပတ်ဆယ်ရက်ခန့်ကြာလျှင် မြို့သို့ပြန်ပြေးပြီး၊ မိခင်ကြီးအခြေအနေကို အကဲခတ်နေခဲ့ရသည်။ မိခင်ကြီးမကွယ်လွန်မီ နောက်ဆုံးသုံးလလောက်ကတော့ လုံးဝပင်ရပ်နားထားလိုက်ရတော့သည်။ ဈေးရောင်းမလှည့်တော့ဘဲ အိမ်မှာပင် အနီးကပ်ပြုစုနေခဲ့ကြရ၏။ သည်လိုဖြင့် ကိုတင်ဦး၏လက်ပေါ်မှာပင် မိခင်ကြီး ကွယ်လွန်သွားခဲ့ရတော့သည်။

အသက်ရှိစဉ်က ကျေနပ်လောက်အောင် ပြုစုလိုက်ရသဖြင့် ကိုတင်ဦးတို့ ကျန်ရစ်သူများက မိခင်ကြီးအတွက် အပူသောကကို တရားနှင့် ဖြေကြပါ၏။ ကောင်းမွန်စွာ သင်္ဂြိုဟ်လိုက်ကြပြီး သက်ပျောက်ဆွမ်း၊ မြေကျဆွမ်း စသဖြင့် ကုသိုလ်ပြု အမျှဝေပေးကြ၏။ ရပ်ရွာထုံးစံအတိုင်း ခုနစ်ရက်တစ်ပတ်ပြည့်သောနေ့တွင်လည်း ရက်လည်ဆွမ်းအဖြစ် သံဃာတော်များကို ဆက်ကပ်လှူဒါန်းကာ ရေစက်ချ အမျှဝေလိုက်ကြ၏။ မိခင်ကြီး၏ ဘဝတစ်ခုကား ပြီးဆုံးသွားခဲ့လေပြီ။

'တို့အမေကတော့ အဆန်းပဲဟ၊ တို့ရေစက်ချ အမျှဝေတာကို သာဓုခေါ်နိုင်သလား၊ မခေါ်နိုင်ဘူးလား၊ တို့အမျှဝေတာကိုပဲ သူမသိဘူးလားမပြောတတ်တော့ဘူး . . . အရပ်ထဲက ဟိုလူဒီလူတွေ ပြောကြသလို အရိပ်အရောင်လည်းမပြ၊ အသံလည်းမပေး၊ အိပ်မက်လည်း မမက်၊ သူအိပ်ခဲ့တဲ့

အခန်းထဲက ဘာပစ္စည်းကလေးတစ်ခုမှလည်း မလှုပ်၊ ငြိမ်ချက်သားကောင်း လိုက်သမှ လွန်ရောပဲ၊ ဘာမှကို ထူးထူးခြားခြားရယ်လို့ မပြလာဘူး အံ့ရော ကွာ . . .'

ရက်လည်ဆွမ်းသွတ်ရေစက်ချသည့်နေ့က ကိုတင်ဦးက အားမလို အားမရဖြင့် ပြောမိတော့ မဆန်းယဉ်က မှတ်ချက်ချသည်။

'အိုတော် . . . အမေက မသေခင်တုန်းကလည်း ခပ်အေးအေးနေ တဲ့လူပဲ။ ကျုပ်တို့ အမျှဝေတာကို သူ သာဓုခေါ်ရရင်လည်း တကူးတကလာပြီး အရိပ်အငွေ့တွေ ပြနေမှာမဟုတ်ပါဘူး။ သူ့ကုသိုလ်ကံ ညွှန်တဲ့လမ်းပဲ အေးအေး ဆက်သွားမယ့်သူပါ'

ဟုတ်တာမဟုတ်တာ နောက်ထား၊ ဇနီးသည် မဆန်းယဉ်၏ မှတ် ချက်ချစကားအတိုင်းပင် ဖြစ်ပေလိမ့်မည်ဟုသာ ကိုတင်ဦး မှတ်ယူ နှလုံးသွင်း လိုက်ရလေတော့သည်။

မိခင်ကြီးအတွက် ရက်လည်ဆွမ်းသွတ်ကိစ္စပြီးသည့်နောက် တစ် ပတ်ခန့်မှာပင် ကိုတင်ဦးတို့ လင်မယားနှစ်ယောက် သူတို့မူလလုပ်ငန်း ကလေးကို ပြန်ကောက်ရသည်။ ဈေးရောင်းမလှည့်လည်ဘဲ သုံးလခန့် နေ လိုက်ရသဖြင့် အိမ်မှာပင် ကုန်ပစ္စည်းများ၊ အဝတ်အထည်အိတ်ကြီးများ သောင်တင်စုပုံနေသည် မဟုတ်လား။ သည်ကုန်ပစ္စည်းမျိုးစုံထဲမှာ ငွေတွေ အိပ်နေသည်။

ထို့ကြောင့် နှမငယ် စုစုထွေးတို့ လင်မယားကို အိမ်ဦးထားရစ်ခဲ့ကာ သူတို့၏ ဖောက်သည်ကျေးရွာများသို့ ထွက်ခွာလာခဲ့ကြသည်။ မရောက် တာကြာခဲ့ပြီမို့ ရွာခံမိတ်ဆွေများကလည်း ဝမ်းသာအားရ ဆီးကြိုကြ၏။ သည်လိုနှင့် သရက်တောကျေးရွာမှာ ငါးရက်တိတိ တည်းခိုနေထိုင်ရောင်းချ ခဲ့ပြီး ရွာစဉ်အတိုင်း ဝါးရုံစုကျေးရွာသို့ နွားလှည်းဖြင့် ကူးခဲ့သည်။ ဝါးရုံစု ရွာမှာ မိတ်ဆွေဦးဖိုးအောင်၏ အိမ်တွင် တည်းခိုပြီး ရောင်းချရာ နှစ်ရက်သာ ရှိသေး၏။ ထိုဒုတိယညမှာပင် ကိုတင်ဦး အိပ်မက်မက်လေသည်။

အိပ်မက်ထဲတွင် သူ၏မိခင်ကြီးကို မြင်ရ၏။ မိခင်ကြီးက အရေးတကြီးပြောသောစကားမှာ "ဟဲ့ . . သားကြီး၊ အဲဒီက ဈေးရောင်းရမယ့်ငွေကို မက်မနေနဲ့၊ အိမ်ကိုမြန်မြန်ပြန်"ဟူ၍ ဖြစ်လေသည်။ ဘာမျှ ပြန်ပြောချိန်မရလိုက်ခင်မှာပင် ကိုတင်ဦး ဖျပ်ခနဲ လန့်နိုးသွားသည်။ လန့်ဖျပ်ပြီး အိပ်ရာထဲ ငေါက်ခနဲ ထလိုက်မိသော်လည်း "ငါ့ကိုက စိတ်စွဲလို့နဲ့ တွေ့ပါတယ်။ ရက်လည်ဆွမ်းသွတ်အမျှဝေတဲ့နေ့ကတောင် မမက်ဘဲနဲ့"ဟု မှတ်ချက်ချပြီး ပြန်အိပ်လိုက်သည်။ သို့သော် နောက်တတိယညမှာလည်း ဘုရားရှိခိုးပြီးမှ အိပ်ပါလျက်နှင့် မိခင်ကြီးကို အိပ်မက်မက်ပြန်သည်။ 'သားကြီး . . . အေးမနေနဲ့၊ အရေးကြီးတယ်။ အိမ်ကို အမြန်ပြန်။ နင့်မိန်းမကိုထားခဲ့ပါ။ သူရောင်းလို့လည်း ဖြစ်တဲ့ဟာကို'ဟု ဆိုပြန်၏။ 'ဘာဖြစ်လို့လဲ . . . အမေ'ဟု မေးမည်ပြုဆဲမှာပင် မိခင်ကြီး၏ပုံရိပ်ပျောက်ကွယ်သွားသည်ဟု မက်ကာ လန့်နိုးလေသည်။ ရေအေးတစ်ခွက်သောက်ပြီး မိခင်ကြီးကို ရည်စူး၍ မေတ္တာပို့ အမျှဝေပြီး ပြန်အိပ်ရ၏။

သို့သော် မနက်လင်းသည်နှင့် မဆန်းယဉ်ပြောလာသော စကားကြောင့် ကိုတင်ဦး မျက်လုံးပြူးသွားရလေတော့သည်။

"ကျုပ် မိုးလင်းခါနီးတုန်းက အိပ်မက်မက်တယ်တော့၊ အိပ်မက်ထဲမှာ အမေပေါ်လာပြီး 'နင့်ယောကျ်ားကို အမြန်ဆုံးအိမ်ပြန်လွှတ်၊ ဒီကောင်အမေပြောတာကို နားမထောင်ဘူး။ အခု မနက်လင်းရင် သရက်တောထွေလာ ကြုံလိမ့်မယ်။ အဲဒါနဲ့ အမြန်တင်လွှတ်လိုက်'လို့ ရေးကြီးသုတ်ပျာပြောတယ်။ ကျုပ်လည်း လန့်နိုးလာရော"

"ဟေ . . . ဟုတ်လား၊ မနေ့ညတုန်းက ငါလည်း အိပ်မက်မက်တာပဲ 'ဒီက ဈေးရောင်းရမယ့်ငွေကို မက်မနေနဲ့၊ အိမ်ကို အမြန်ပြန်လို့'ပြောတယ်။ ငါလည်း စိတ်စွဲလိုနဲ့ တွေ့ပါတယ် အောက်မေ့တာ ညကထပ်မက်တယ်။ 'အေးမနေနဲ့ အရေးကြီးတယ်။ အိမ်ကို အမြန်ပြန်'လို့ပဲ ထပ်ပြောပြန်တယ်။ 'ဈေးရောင်းတာက နင်ရောင်းနေခဲ့လို့လည်း ဖြစ်တာပဲ။ နင့်ကို ထားခဲ့ပေါ့'တဲ့ဟ"

ကိုတင်ဦး ပြန်ပြောလိုက်တော့ မဆန်းယဉ်အတော် လန့်သွားဟန်တူသည်။

"မဖြစ်ဘူး ကိုတင်ဦးရေ၊ တစ်ခုခုတော့ ထူးနေပြီထင်တယ်။ လေးငါးရက် ဟိုမှာနေပြီး စောင့်ကြည့်လို့ ဘာမှမထူးဘူးဆိုတော့လည်း ပြန်လာခဲ့တာပေါ့။ ကျုပ်က ဒီမှာ ဈေးရောင်းနေခဲ့လို့ ဖြစ်ပါတယ်။ အားလုံးလည်း ကိုယ့်အသိအကျွမ်းမိတ်ဆွေတွေ ဖြစ်နေကြပြီပဲ။ စိတ်ပူစရာမရှိဘူး"

ဆက်လက်ပြောကြဆိုကြရင်း ထိုအကြောင်းကို ရွာခံအိမ်ရှင် ဦးဖိုးအောင်တို့ မိသားစုသိရှိသွားကြသည်။

"ဟုတ်သားပဲ မောင်တင်ဦးရယ်။ နောက်မှ မပြန်လိုက်မိလေခြင်းဆိုပြီး နောင်တရနေဦးမယ်။ ထူးတော့ ထူးနေတာအမှန်ဆိုတော့ ပြန်လိုက်ပေါ့။ ဟုတ်တယ်၊ ဒီနေ့ သရက်တော ထွေလာထွက်ဖို့ ရှိတယ်။ ငါတော် မနက်ကမှ ယာထဲသွားရင်း တစ်ဆင့်ကြားနဲ့သိခဲ့ရတာ။ ဒါဆို မင်းတို့ အိပ်မက်ထဲက ဘယ်လိုလုပ်ပြီး ကြိုသိနေကြရတာလဲ"

"ကျွန်တော်လည်း မပြောတတ်ဘူး . . . ဦးလေးဖိုးအောင်ရဲ့"

ထိုစဉ်က သရက်တော ထွေလာ (ထွေလာ-လယ်ထွန်စက် နောက်တွဲယာဉ်၊ ထိုယာဉ်ဖြင့် ခရီးသည်နှင့်ကုန်စည်များ တင်ဆောင်ပြေးဆွဲသည်)သည် နေ့စဉ်ပုံမှန် မထွက်ပေ။ ကုန်ရရှိမှုအပေါ် မူတည်ပြီး (၅)ရက်၊ (၇)ရက်ရှိမှ တစ်ကြိမ် ပြေးဆွဲနေချိန်ဖြစ်သည်။ အားလုံးကလည်း တိုက်တွန်းနေသည့်အပြင် ကိုတင်ဦးကိုယ်တိုင်လည်း စိတ်လေးလာသလိုလိုရှိ၍ ပြန်လိုက်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။ ထိုနေ့ ညနေဘက်မိုးချုပ်ချုပ်တွင် မြို့ကို ပြန်ရောက်သည်။ ထွေလာခရီးမှာ တစ်နေကုန်စီးရသော ခရီးဖြစ်၏။

"ဟင် . . . အစ်ကို ပြန်ရောက်လာပြီ။ ဈေးရောင်းစရာ ကုန်ပစ္စည်းတွေက ရွာမှာကုန်သွားပြီလား"

နှမငယ်က တအံ့တသြဖြင့် ဆီးကြိုမေးသည်။ တအံ့တသြဖြစ်ရခြင်းမှာ ကိုတင်ဦးတို့က အိမ်မှာ မည်သည့်ရောင်းချစရာ ကုန်ပစ္စည်းမျှ လက်ကျန်

မထားခဲ့ဘဲ ရှိသမျှအားလုံး တိုက်သွားသဖြင့် သည်မျှရက်တိုတိုကလေးနှင့် ရောင်းကုန်နိုင်စရာ မရှိသည့်ကြားက လူပြန်ရောက်လာသောကြောင့် ဖြစ်သည်။

"ဟာ ငါတို့ကုန်တွေက ဒီရက်ကလေးနဲ့ ဘယ်လိုလုပ်ရောင်းလို့ ကုန်မလဲဟ။ တခြားကိစ္စရှိလို့ ပြန်လာတာ။ ငါ ဒီမှာ လေးငါးရက်တော့ နေရဦးမယ်။ ပြီးမှ ပြန်သွားမယ်"

"ဒါဆို အစ်ကို ပြန်ရောက်လာတာအတော်ပဲ၊ ကျွန်မတို့ လင်မယား လည်း မင်းဘူးကို သွားမလို့၊ ကိုမြင့်ဆောင်အမေက အတော်နေမကောင်း ဖြစ်နေလို့ဆိုပြီး လာခဲ့ကြဖို့ မှာနေတာ (၂)ရက်ရှိပြီ။ သူ့အလုပ်က မပြတ်သေး လို့ နေနေကြရတာ၊ သူ့အလုပ်က ဒီနေ့လက်စသတ်မှာ . . .။ ဒါကြောင့် မနက်ဖြန်တော့ အိမ်တံခါးပိတ် သော့ခတ်ခဲ့ပြီး သွားကြမှပဲလို့ စဉ်းစားထား ကြတာ အခု အစ်ကိုက လေးငါးရက်နေဦးမယ်ဆိုတော့ အိမ်ကို သော့မခတ်ခဲ့ ရတော့ဘူးပေါ့"

"နင့်ယောက္ခမ နေမကောင်းတာလား။ အေး ငါပြန်ရောက်တုန်း သွားချင်လည်း သွားကြလေ"

ခရီးပန်းလာသဖြင့် ညစာစောစောစားပြီးသည်နှင့် ကိုတင်ဦး အိပ်ရာဝင်လိုက်၏။ နောက်တစ်နေ့မနက်စာ စားပြီးချိန်တွင်တော့ စုစုထွေး တို့ လင်မယားက သူ့မယောက္ခမရှိရာ မင်းဘူးမြို့သို့ ကားကြုံဖြင့် လိုက်သွား ကြ၍ အိမ်မှာ ကိုတင်ဦးတစ်ယောက်တည်းသာ ကျန်ခဲ့၏။ 'အရေးကြီးတယ် . . . အိမ်ကို အမြန်ပြန်'ဆိုသော မိခင်ကြီး၏ အိပ်မက်ကတော့ ဘာမှ ထူးခြားမလာ။ ထို့ကြောင့်ကိုပင် နေ့လည်စာစားအပြီး ဗိုက်လေးလေးဖြင့် ထမင်းလုံးစီရင်း စဉ်းစားနေမိရင်းက ကိုတင်ဦး အိပ်ပျော်သွားသည်။

ဘာမျှကြာလိုက်သည် မထင်။ ညနေ (၃)နာရီခန့်မှာပင် စီခနဲ ငရဲပွက်သလို ဆူညံစွာထွက်ပေါ်လာသော မီးလှန့်သံချောင်း ခေါက်သံများနှင့် လူသူအော်ဟစ်သံများကြောင့် ဖြုန်းခနဲ လန့်နိုးရလေတော့သည်။ 'မီးလောင်

နေပြီ . . . မီးလောင်နေပြီ'ဆိုသော အော်ဟစ်သံများကြောင့် လူးထဲထကာ အိမ်အပြင်သို့ ပြေးထွက်ခဲ့သည်။ အများဝိုင်းအုံပြေးကြသောကြောင့် အရှေ့အရပ်ကို မျှော်ကြည့်လိုက်သော် မည်းခနဲတက်လာသော မီးခိုးလုံးကြီးတွေကို မြင်ရ၏။ ကိုတင်ဦး၏အိမ်နှင့် မီးလောင်နေသောနေရာနှင့်က တစ်ဖာလုံ နီးပါး ဝေးသေးသည်။ လေက အနောက်ဘက်မှ ပင့်တိုက်နေသဖြင့် မီးက အရှေ့အရပ်သို့ ဆက်ကူးသွားသည်။ ထို့ကြောင့် အိမ်ဝင်းတံခါးများကို သော့ ခေတ်ပိတ်ခဲ့ကာ မီးလောင်ရာသို့ ပြေးသွားပြီး၊ အများနှင့်အတူ ဝိုင်းကူငြိမ်း သတ်သည်။ မိမိတို့နေထိုင်ရာ အနောက်ဘက်ပိုင်းကတော့ ကေန်လွတ်လိမ့် မည်ဟု ယုံကြည်မိသောကြောင့်ဖြစ်၏။

သို့သော် . . ကိုတင်ဦးတွက်ထားသလို ဖြစ်မလာ . . .။ ဝေ့ဝဲ တိုက်ခိုက်လာသော လေကြောင်းအပြောင်းတွင် မီးက မိမိတို့ အနောက်ပိုင်း ဘက်သို့ ပြန်လျှည့်လာချေတော့သဖြင့် ကိုယ့်ဂေဟာ ကိုယ်ပြန်ပြေးရလေတော့ သည်။ အိမ်မှာတော့ ပစ္စည်းများများစားစား မရှိပါ။ မိမိတို့ လင်မယား၏ အဝတ်သေတ္တာတစ်လုံးနှင့် အုပ်ချုပ်စက်ခေါင်းပဲ သယ်စရာရှိသည်။ ရောင်း ကုန်ပစ္စည်းတွေက ရွာမှာရောက်နေသည်။ အိမ်မှာ ဘာမျှမကျန်ရစ်ခဲ့။

အများနည်းတူပင် ကိုတင်ဦးလည်း ကိုယ့်အိမ်ထဲကပစ္စည်းလေးတွေ ကို မီးလွတ်ရာ အဝေးသို့သယ်ပြေးရ၏။ အဝတ်သေတ္တာနှစ်လုံး အပ်ချုပ်စက် ခေါင်းနှင့် ဘုရားစင်က ဆင်းတုတော်အပါအဝင် တန်ဖိုးရှိမည့် ပရိဘောဂ အသုံးအဆောင်ပစ္စည်းများကို အချိန်မီသယ်ယူလိုက်နိုင်သည်။ မြို့မြောက် ဘက်ခြမ်းရှိ ရပ်ကွက်ကြီးနှစ်ခုလုံး လောင်ကျွမ်းသွားသည်။ ထိုမီးကြီးထဲမှာ ကိုတင်ဦး၏ အိမ်ကလေးလည်း ပါသွားသည်ပင် ဖြစ်၏။ သို့သော် . . . ဟောင်းနွမ်းလှပြီဖြစ်သော အခွံမျှသာရှိတော့သည် သုံးပင်အိမ်ငယ်ကလေးသို့ အခြားသူများနှင့် စာလျှင် ဆုံးရှုံးရမှု တန်ဖိုးမကြီးမားလှဟု ဖြေသိပ်ခွင့်ကလေး ရပေသေး၏။ အိမ်အမိုးသက်ကယ်နှင့် အကာဝါးထရံကိုပင် ယခုတစ်ခေါက် ဈေးရောင်းကအပြန်တွင် ဖျက်သိမ်း၍ အသစ်မိုးတော့၊ ကာတော့မည်ဟု

ဆုံးဖြတ်ထားခဲ့ကြပြီ ဖြစ်ပါသည်။

"ဘုရား . . . ဘုရား အရေးကြီးတယ်။ အိမ်ကို အမြန်ပြန်ဆိုတဲ့ အိပ်မက်ရဲ့ အဓိပ္ပာယ်က ဒါကိုး"

ကိုတင်ဦး အဲဒီတော့မှ . . . သဘောပေါက်သွားကာ ကြက်သီးမွေးညင်းတွေထသွားသည်။ အကယ်၍ သူသာပြန်မရောက်ခဲ့သော် . . စုစုထွေးတို့ လင်မယားကလည်း ယနေ့ပင် မင်းဘူးသို့သွားရန် ဆုံးဖြတ်ထားကြပြီးဖြစ်၍ ဤအိမ်ကလေးသည် ဆွဲသူလွဲသူမဲ့စွာ သည်အတိုင်းပင် ရှိသမျှပစ္စည်းအားလုံး မီးစာဖြစ်ရတော့မည်မှာ သေချာလှပေသည်။ အခြားပစ္စည်းတွေကအရေးမကြီး၊ သူတို့ လင်မယား အနှစ်နှစ်အလလက ကျစ်ကျစ်ပါအောင် တတိတိစုဆောင်းခဲ့ရသည့် နှစ်ဆယ်ကျပ်သားကျော်ကျော် ရွှေထုပ် ကလေးကတော့ အရေးကြီးပါသည်။ ထိုရွှေထုပ်ကလေးကို သူတို့အဝတ်သေတ္တာအောက်ခြေမှာ သိမ်းဆည်းထားခြင်း ဖြစ်ပါသည်။ သည်ရွှေထုပ်ကလေးသာ ပါသွားလျှင်တော့ သူတို့တစ်သက်တာ စုဆောင်းခဲ့သမျှဟာ တစ်ညနေနှင့်ပင် ဆုံးရှုံးရတော့မည်ဖြစ်၏။ ယခုတော့ အိမ်အိုဟောင်း အခွံကလေးပါသွားသည်မှလွဲလျှင် ကိုတင်ဦးတို့မှာ စည်းစိမ်ပြုတ် ဘဝပျက်သွားသည်ဟု မဆိုသာသေးပါ။

"တော်သေးတာပေါ့ . . . တိုက်တိုက်ဆိုင်ဆိုင် အစ်ကိုအချိန်မီ ရောက်လာလို့၊ နို့မို့ဆိုရင် ကျွန်မတို့လည်း မင်းဘူးသွားနေတာနဲ့ အကုန်ပြုတ်ပဲ"

နောက်တစ်နေ့ . . . မီးသတင်းကြား၍ ပြန်ပြေးလာသော နှမငယ်က ရင်ဘတ်ဖိရင်း ပြောသည်။ ထို့ကြောင့် ကိုတင်ဦးက . . .

"အေး . . . အဲဒါ ငါ့ကို ကျေးဇူးမတင်နဲ့၊ အမေ့ကို ကျေးဇူးတင်" ဟု အစချီကာ ဝါးရုံစုရွာတွင် မက်ခဲ့သော အိပ်မက်များအကြောင်းကို ပြန်ရှင်းလိုက်ပြလိုက်တော့ စုစုထွေး အံ့အားတသင့်ဖြင့် မျက်လုံးဝိုင်းနေတော့သည်။

"ဒါဆိုရင် အမေ မကျွတ်လွတ်သေးဘူးဆိုတဲ့ သဘောပေါ့ အစ်ကိုရဲ့၊

ကျွန်မတို့ တစ်လလည်ဆွမ်းသွတ်တဲ့ နေ့ကျရင် ... အမေ့နာမည်ခေါ်ပြီး အမျှအတန်း ထပ်ဝေမှ ဖြစ်မယ်"

နှမငယ် စုစုထွေးပြောသည့် အတိုင်းပင် ... မိခင်ကြီးအတွက် ကွယ်လွန်ခြင်း တစ်လပြည့်နေ့တွင် သံဃာတော်များအား လပြည့်ဆွမ်းအဖြစ် ဆက်ကပ်လှူဒါန်းကာ မိခင်ကြီးနာမည်ကိုခေါ်၍ အမျှအတန်း ပေးဝေလိုက်ကြ၏။ ထိုနေ့ညမှာပင် 'သားကြီးရေ ... အမေ့လမ်းအမေသွားပြီနော်'ဟု အိပ်မက်လိုလို ဘာလိုလိုဖြင့် မိခင်ကြီး၏အသံကို နောက်ဆုံးကြားလိုက်ရပေတော့သည်။ ကိုတင်ဦးကတော့ လက်ထဲတွင်ကျန်ရစ်ခဲ့သော ရွှေထုပ်ကလေးကိုမြင်တိုင်း မိခင်ကြီးကို ယနေ့ထက်တိုင် သတိရ အမျှဝေလျက်ရှိပါသည်။ တကယ်တော့ သည်ရွှေထုပ်ကလေးသည် အမေက နောက်ဆုံးအကြိမ်အဖြစ် ပေးအပ်ခဲ့သော ချွေးနှီးစာလက်ဆောင်အထုပ်ကလေးဟု ဆိုနိုင်သည် မဟုတ်ပါလား။

[မှတ်ချက်။ ကယာကံရှင်ဆန္ဒအရ အမည်ပြောင်းထားသော ဖြစ်ရပ်မှန် ဖြစ်ပါသည်။]

◆ ◆ ◆

**နန္ဒာစိုး** *(ဆင်ဖြူကျွန်း)*

(၂၀၀၈-ခု၊ ဩဂုတ်လ၊ အတွဲ (၃)၊ အမှတ် (၂) ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း)



# မြို့စားမင်းရဲ့ လက်ဝတ်ရတနာ

(၁)

လွန်ခဲ့သော နှစ်ပေါင်းရာကျော်ကာလ၊ ပဒေသရာဇ်ခေတ် မြို့စား နယ်စားများ အုပ်ချုပ်ကြသည့်အချိန်၊ မြန်မာပြည်အလယ်ပိုင်း မြို့ကလေး တစ်မြို့အနား၊ ရွာကလေးတစ်ရွာတွင် အတော်အတန် စည်းစိမ်ဥစ္စာကြွယ်ဝ သော အိမ်ကြီးရှင်တစ်ယောက်သည် မြနှင်းနွယ်ဟူသော အမိအဖမဲ့ တစ်ကောင်ကြွက် မိန်းကလေးတစ်ယောက်ကို အမွှလုပ် မွေးစားသမီးအဖြစ် ခေါ်ထားခဲ့လေ၏။ မြနှင်းနွယ်သည် လိမ္မာရေးခြားရှိသလောက် ရုပ်ရည် ချောမောလှပသူ ကလေးတစ်ယောက်လည်းဖြစ်၏။ ယခု ဖော်ပြလတ္တံ့သော ဝတ္ထုအကြောင်းအရာမှာ ထိုမြနှင်းနွယ်ဆိုသော မိန်းမချောကလေး တစ် ယောက်၏ အဖြစ်အပျက်ပင် ဖြစ်ပါ၏။ လွမ်းစရာ၊ သနားစရာ ဇာတ်လမ်း ကလေးတစ်ပုဒ်အဖြစ် . . . မှတ်တမ်းတင်ရလေသော် . . .။

◆ ◆ ◆

(၂)

ဥစ္စာကြွယ်ဝသည့် အမယ်ကြီးဒေါ်မြမယ်သည် ခင်ပွန်းသည် ဆုံးပြီးနောက် မြနှင်းနွယ်ကို သမီးတစ်ယောက်အဖြစ် မွေးစားထားခဲ့ရာမှ နှစ်အတန်ကြာလာသည့်အခါ သံယောဇဉ်ဖွဲ့နှောင်မိပြီး သမီးရင်းကလေး တစ်ယောက်နှင့်မခြား ချစ်အားပိုခဲ့ရှာလေသည်။ ဒေါ်မြမယ်သည် ယောကျ်ားမရှိတော့သည့်အလျောက် ကျန်ခဲ့သည့် ရွှေငွေဥစ္စာရတနာများကို ထုခွဲရောင်းချ စားသောက်ရင်း အသက်မွေးလာခဲ့ရာ နှစ်အတန်ပင် ကြာခဲ့ပြီဖြစ်၏။

"သမီး . . . မြနှင်းနွယ်၊ သမီးကလည်း အမေ့အပေါ် သစ္စာရှိရှိ တာဝန်သိသိ စောင့်ရှောက်ပြုစုခဲ့လေတော့ အမေကလည်း သမီးအပေါ် သမီးရင်းကလေးတစ်ယောက်နဲ့မခြား ချစ်ခင်ခဲ့ရတယ်။ နောင် အမေမရှိတော့တဲ့နောက် ဟောဒီအိမ်ကြီးနဲ့ ကျန်ခဲ့မယ့်စည်းစိမ်တွေဟာ သမီးရဲ့ ပစ္စည်းတွေပဲဖြစ်ရမယ်။ ဒီတော့ . . . သမီးဟာ စာမတတ်၊ ပေမတတ်၊ ကျေးတောသူကလေးတစ်ယောက် ဖြစ်ပေမယ့် ကိုယ့်ကိုယ်ကိုတန်ဖိုးထားရမယ်။ ကြင်ဖက်သက်နှံ ရွေးတော့မယ်ဆိုရင် သာမာန် သူရင်းငှား၊ လယ်သမား ချောင်းသမားနဲ့တော့ မဖြစ်စေချင်ဘူး။ သင့်တင့်လျောက်ပတ်တဲ့သူကို ရွေးချယ်စေချင်တယ်"

ဒေါ်မြမယ်က သမီးရင်းလေးနှင့်မခြား ချစ်ခင်နေမိပြီဖြစ်၍ မိခင်ရင်းကဲ့သို့ စကားပြောဆိုလာ၏။ မြနှင်းနွယ်ကလည်း မိန်းမကောင်းပီသစွာဖြင့် အမေ့စကားနားထောင်ပါမည်ဟု အာမခံတွေ့ခဲ့လေ၏။ သို့ဖြစ်၍ မြနှင်းနွယ်ကလေးသည် ရွာနီးချုပ်စပ်က လူပျိုကာလသားများနှင့် ခပ်ကင်းကင်းရှင်းရှင်း နေခဲ့ရရှာလေ၏။ မြနှင်းနွယ်ခမျာ တစ်နေ့တစ်နေ့ အိမ်မှာမွေးထားသည့် ခွေးကလေး၊ ကြောင်ကလေး၊ ကြက်တူရွေးကလေးတို့နှင့်သာ အပျင်းဖြေရင်း အချိန်ကုန်ခဲ့ရရှာလေ၏။

တစ်နေ့သောအခါ မြနှင်းနွယ်တို့နေထိုင်ရာရွာကလေးသို့ ပူပူနွေးနွေး မြို့စားကလေးတစ်ယောက် ရောက်လာလေ၏။ မြို့စားကလေး၏အမည်

ကား နေသူရိန်ဖြစ်လေ၏။ နေသူရိန်သည် ဒေါ်မြမယ်နှင့် ဆွေရိပ်မျိုးရိပ် မကင်းဖြစ်ပြီး ဒေါ်မြမယ်အား သူမြို့စားဖြစ်ချိန်တွင် လာရောက်ကန်တော့ ခြင်းဖြစ်၏။ ဖခင် မြို့စားကြီးကွယ်လွန်သွားသဖြင့် နေသူရိန် မြို့စားရာထူးယူ ခဲ့ရသော်လည်း သူ့အသက်မှာ သုံးဆယ်ပင် မပြည့်တတ်သေးချေ။

မြို့စားမင်းနေသူရိန် သူတို့ရွာကလေးသို့ ရောက်လာသည့်အချိန် တွင် ဒေါ်မြမယ်ကအစ မြနှင်းနွယ်အထိ တစ်အိမ်လုံး မအားမလပ်ရအောင် အလုပ်များလေတော့၏။ မြို့စားမင်းကလေး တည်းခိုနေထိုင်မည့်အခန်းကို ရှင်းလင်းလျက် သပ်ရပ်လှပအောင် ပြင်ဆင်ရသည့်ကိစ္စ၊ မြို့စားမင်းကလေး လျှာအရင်းမြက်စေရန် ဘာဟင်းချက်ရမည်ကို စီစဉ်ရသည့်ကိစ္စများကို မြ နှင်းနွယ်ကိုယ်တိုင် စီစဉ်လုပ်ကိုင် ချက်ပြုတ်ရလေ၏။

ထို့နောက် မြို့စားမင်းကလေး ရွာနီးချုပ်စပ် ဟိုဟိုသည်သည် သွား လာကြည့်ရှုချင်သည်ဆိုသောအခါတွင် လမ်းပြအဖော်အဖြစ် မြနှင်းနွယ်တ ပင် ဦးဆောင်ပို့ပေးရလေ၏။ တစ်နေ့သောညနေခင်းတွင် မြို့စားမင်းနှင့် အတူ မြနှင်းနွယ်သည် ချောင်းရိုးတစ်လျှောက် လမ်းလျှောက်ရင်း စကား စမြည် ပြောခဲ့၏။

"နှမလေးမြနှင်းနွယ်ကို ကြည့်ရတာ မြို့ကြီးပြကြီးတွေကို ရောက် ဖူးဟန်မတူဘူးနော်"

"ဟုတ်ပါတယ် မောင်ကြီးရယ် . . . နှင်းနွယ်တို့က ဒီတောမှာပဲ မွေးပြီး၊ တောမှာပဲ ကြီးပြင်းခဲ့ရတာပါ။ မြို့ကြီးပြကြီးဆိုတာ ဟိုလူပြော သည် လူပြောသာ ကြားဖူးခဲ့ရပြီး တစ်ခါတစ်ခေါက်မှ မရောက်ဘူးခဲ့တာ အမှန် ပါပဲ"

"နှမလေးမြနှင်းနွယ်ကို ကြည့်ရတာ သာမာန်ကျေးတောသူတစ် ယောက်နဲ့ မတူဘူးကွယ့်"

"ဟုတ်ကဲ့လား . . . မောင်ကြီးရယ်"

"ဟုတ်တယ် မြနှင်းနွယ် . . . မောင်ကြီးရဲ့မျက်စိထဲမှာတော့ နှမ

ကလေးဟာ မြို့ကြီးသူတစ်ယောက်ထက်တောင် လှပချောမောနေပါသေးတယ်။ လူမတန် နတ်တမျှ လှပသူလို့ပဲ ဆိုရမှာပေါ့လေ”

“မြှောက်အားကြီးလှချည်လား မောင်ကြီးရယ်”

“မြှောက်တာမဟုတ်ရပါဘူး နှမလေးရယ်၊ မောင်ကြီးရဲ့စိတ်ရင်းအတိုင်း ပြောလိုက်မိတာပါ။ တကယ့်ကို နတ်မိမယ်ကလေးပာစ်ပါးကို ကြည့်မြင်ရတဲ့အတိုင်းပါပဲ”

နေသူရိန်၏စကားကြောင့် မြနှင်းနွယ်၏မျက်နှာကလေးမှာ ရှက်သွေးဖြာသွားရရှာလေ၏။ ထိုကဲ့သို့ စကားတွေ အပြန်အလှန်ပြောနေကြစဉ်မှာပင် မမျှော်လင့်ဘဲ မိုးသားတိမ်ရိပ်များ တရိပ်ရိပ်တက်လာကြပြီး မကြာခင်မှာပင် မိုးကြီး သည်းထန်စွာရွာလေတော့၏။ နေသူရိန်နှင့် မြနှင်းနွယ်တို့နှစ်ယောက်လည်း မိုးခိုစရာနေရာကို အမြန်ဆုံးရှာကြည့်ကြလေရာ ကံအားလျော်စွာပင် ကျောက်ဂူကြီးတစ်ခုကို တွေ့လိုက်ကြရသဖြင့် ထိုနေရာသို့ အပြေးအလွှား ရောက်သွားမိခဲ့ကြ၏။

ကျောက်ဂူကြီးထဲသို့ ပြေးဝင်သွားသောအခါ သူတို့နှစ်ယောက် မိုးခိုနိုင်သည့် အတော်အတန်ကျယ်ဝန်းသည့် ဂူ ဖြစ်နေသည်ကို တွေ့ရလေ၏။ ထိုမျှသာမကသေး ဂူထဲတွင် ခြောက်သွေ့နေသောထင်းစများနှင့် မီးခတ်ကျောက်များကိုပါ တွေ့ကြရလေ၏။

“ဒီဂူဟာ အမဲလိုက်မုဆိုးတွေ စတည်းချတဲ့ဂူ ဖြစ်ပုံရတယ် မြနှင်းနွယ် . . .၊ ထင်းတွေရော၊ မီးခတ်ကျောက်ပါ အဆင်သင့်တွေ့ရတယ်။ ကိုယ်တို့ မိုးရေတွေစိုရွှဲနေကြတာနဲ့ အတော်ပါပဲ”

နေသူရိန်သည် ပြောပြောဆိုဆို ထင်းခြောက်များကို စုပုံပြီး မီးခတ်ကျောက်ကို တဂျောက်ဂျောက် ထိခတ်လျက် မီးမွှေးလေတော့၏။ မကြာခင်မှာပင် နေသူရိန်၏ဝီရိယကြောင့် ဂူထဲတွင် မီးပုံတစ်ပုံ ဖြစ်လာလေ၏။ မိုးရေကြောင့် စိုရွှဲကာ ခိုက်ခိုက်တုန်နေသော မြနှင်းနွယ်လည်း မီးလှုံကာ အနွေးဓာတ် ရယူနိုင်ရှာလေတော့၏။

သူတို့မီးဖိုပြီးသည်အထိ ရွာနေသောမိုးသည် စဲမသွားသေးဘဲ ပို၍ပင် သည်းထန်လာကာ အုံးအင်းသရော ရွာချနေပြန်လေတော့၏၊ ထိုအခါ မြို့စားမင်းနေသူရိန်၏ မျက်ဝန်းအစုံတွင် သူ့အရှေ့ရှိ မိုးရေစိုရွှဲဖြင့် ကပိုကယို လှချင်တိုင်းလှနေသော မြနှင်းနွယ်၏ ရုပ်ရည်က အဆက်မပြတ်ဖမ်းစားညို့ငင်နေသလို ရှိတော့၏၊

မြနှင်းနွယ်၏အလှကို မီးတောက်များအောက်တွင် ပြည့်ပြည့်စုံစုံတွေ့နေရသော နေသူရိန်၏ရင်သည် ရှိုင်းရှိုင်းပျပျပင် ခုန်လှုပ်လာလေတော့၏။ ထို့နောက် ဖိုမသဘာဝအတိုင်း ချစ်တင်းနှီးနှောလိုသည့် ဆန္ဒများ တဖွားဖွားပေါ်လာပြီးနောက် နှစ်ဦးသား နီးစပ်သွားကြလေတော့၏။ မြနှင်းနွယ်ခမျာမှာလည်း မြို့စားမင်းမှတစ်ပါး ယောကျ်ားသနာဆိုသည်ကို မထိတွေ့ရဘူးလေကား ဗောင်းတော်ညိတ် စိတ်တော်သိ ဆိုသည့် စကားကဲ့သို့ မငြင်းမပယ်မိဘဲ အလိုတူလိုက်လျောမိရှာလေတော့၏။

မိုးရွာသည့်ကာလ တစ်ဗဟိုရ်မျှအချိန်သည် မြနှင်းနွယ်၏ဘဝကို အများကြီးပြောင်းလဲသွားစေခဲ့၏။ မြနှင်းနွယ်သည် အပျိုစင်တစ်ယောက်ဘဝမှ လျော့ကျရွှေ့လျားသွားခဲ့ရရှာတော့၏။

ထို့နောက် မိုးများစဲသွားကာ မြနှင်းနွယ်နှင့် နေသူရိန်တို့နှစ်ဦးသား ဂူထဲမှ ပြန်ထွက်လာခဲ့ကြ၏။ သို့သော် အလာတုန်းကခြေလှမ်းများကဲ့သို့ကား မဟုတ်တော့။ အထူးသဖြင့် မြနှင်းနွယ်၏ ခြေလှမ်းများသည် လွန်စွာလေးလံဆိုင်းငံ့လွန်းနေ၏။ ရင်ထဲမှာပြင်းထန်သောဝေဒနာ တစ်ခုကို ခံစားနေရ၏။ အမှားအယွင်းကြီးတစ်ခုခုကို ကျူးလွန်မှားယွင်းမိသလိုမျိုး၊ နောင်တရနေမိသလိုမျိုး နေမထိထိုင်မသာ . . .။

ရက်မကြာမီမှာပင် မြို့စားနေသူရိန်သည် မြို့တော်သို့ ပြန်ရန် ပြင်ဆင်လေတော့၏၊ ထို့နောက် သူမပြန်မီမှာပင် မြနှင်းနွယ်အား ပိုးပုဝါစဖြင့် ထုပ်ထားသည့် အထုပ်ကလေးတစ်ထုပ်နှင့် ပေစာတစ်စောင်ကို မှတ်မှတ်ရရပေးသွားခဲ့လေ၏။ မြနှင်းနွယ်သည် နေသူရိန်ပြန်သွားသည့် အချိန်မှာပင်

သူ့ရင်ထဲက အသည်းနှလုံး အစုံအား ထုတ်ယူသွားသကဲ့သို့ ခံစားရလေ၏။

အချစ်ဟူသည့် အရသာကို ခံစားမည်ရှိဆဲမှာပင် အချစ်သည် မြနှင်းနွယ်ထံမှ ထွက်ပြေးပျောက်ကွယ်သွားခဲ့လေတော့၏။ မြနှင်းနွယ်သည် အထုပ်ကလေးနှင့်ပေစာကို ရင်မှာပိုက်လျက် မျက်ရည်မိုးတွေ သွန်းဖြိုး ရွာစွေခဲ့ရ၏။ နေသူရိန်ပြန်သွားပြီး မကြာမီမှာပင် မြနှင်းနွယ်သည် နေသူရိန်ပေးသွားခဲ့သောအထုပ်ကလေးကို ဖြည်ကြည့်လိုက်မိ၏။ ဝင်းဝါသောရွှေစများ ဖြစ်နေသည်ကို တွေ့ရသဖြင့် မြနှင်းနွယ်က . . .

"ဒါတွေ ဘာလုပ်ရမှာတုန်း"

ဟု ရေရွတ်ကာ ပြတင်းပေါက်မှ အဝေးသို့ လွှင့်ပစ်လိုက်လေတော့၏။ ထို့နောက် မြနှင်းနွယ်သည် ပေစာလေးကို မြတ်မြတ်နိုးနိုး ကိုင်တွယ်ကာ ယုယစွာ ဖတ်ရှုဖြစ်လေ၏။

*နှမလေး မြနှင်းနွယ် . . .*

*တကယ်လို့ ကံစပ်တယ်ဆိုရင် နှမကလေးမှာ သားယောကျ်ား ရင်သွေးရတနာကလေးများ ထွန်းကားခဲ့မယ်ဆိုပါက ရင်သွေးငယ်နှင့်အတူ ရွှေမြို့တော်သို့ လိုက်လာခဲ့စေချင်ပါတယ်။ လိုက်လာတဲ့အခါ မောင်တော်ရဲ့ လက်ဝတ်ရတနာကို ဝတ်လာခဲ့ဖို့ မမေ့ပါနဲ့။ ရွှေမြို့တော်မှာ အရာပေးပြီး မြှောက်စားပါ့မယ်။*

*မောင်တော်နေသူရိန်*

စာကား စာတိုကလေးဖြစ်လေ၏။ စာထဲကအတိုင်း အဓိပ္ပာယ်ကို အသေအချာစဉ်းစားကြည့်ပါက သားယောကျ်ားကလေးသာမရခဲ့ပါက ဒီတစ်သက် သူနှင့်မြနှင်းနွယ်တို့ တွေ့ခွင့်ရှိတော့မည် မဟုတ်ချေ။ ချစ်သူနှင့် ပြန်ဆုံနိုင်ကြရန်အရေးမှာ မြနှင်းနွယ်အနေနှင့် ရင်သွေးသားရတနာကို ရပါစေဟု ဆုမွန်ကောင်း တောင်းရုံသာ ရှိလေတော့၏။

ထိုစာတိုကလေးကို ဖတ်ရသောအခါ မြနှင်းနွယ်သည် လက်ဝတ်ရတနာဆိုသည်ကို သွား၍ အမှတ်ရလိုက်ကာ စောစောက လွှင့်ပစ်လိုက်သည့် ရတနာများကို အပြေးအလွှား သွားရောက်ရှာဖွေရလေတော့၏။ တခြားသော ရွှေစများမှာ အရေးမကြီးသော်လည်း လက်စွပ်ရတနာဆိုသည်မှ အရေးကြီးသည် မဟုတ်ပါလား။

မြနှင်းနွယ်သည် အတော်ကလေး ကြိုးပမ်းရှာဖွေပြီးမှပင် မြက်တောစပ်သို့ ရောက်နေသည့် ပတ္တမြားလက်စွပ်ကလေးကို သွား၍တွေ့ရကာ ဝမ်းသာအားရဖြင့် လက်တွင် စွပ်ထားခဲ့လေ၏။

ကာလအတန်ကြာသောအခါ မြနှင်းနွယ်ဆုတောင်းသည့်အတိုင်း သားရတနာကလေးကို ရရှိခဲ့လေတော့၏။ သားငယ်ကလေး အခါလည် အရွယ်ရောက်သည်အထိ စောင့်ဆိုင်းပြီးသည့်အခါ . . . မြနှင်းနွယ်သည် မြို့စားမင်းရှိရာသို့ ကလေးငယ်နှင့်အတူသွားရန်အကြံဖြင့် မိခင်ကြီး ဒေါ်မြမယ်အား ခွင့်ပန်လေ၏။

ဒေါ်မြမယ်လည်း တားမြစ်ရန်မသင့်သောကြောင့် မြနှင်းနွယ်တို့ မြို့သို့သွားရန် ခွင့်ပြုရလေ၏။ မြို့နှင့် ရွာမှာ အတန်ငယ်ဝေးသောကြောင့် သားအမိနှစ်ယောက်တို့သည် ခရီးပြင်းနှင်ရရှာလေ၏၊ ပင်ပန်းလွန်းသောကြောင့် ကလေးငယ်သည် လမ်းတွင်အပြင်းဖျားကာ သေဆုံးသွားလေတော့၏။ မြနှင်းနွယ်လည်း သားသေကလေးကိုပိုက်ကာ အရူးတစ်ပိုင်း ဖြစ်လျက် ခရီးဆက်ခဲ့ရရှာသဖြင့် . . .

ထို့နောက် ခရီးဆက်ရန် ကျန်သေးသောကြောင့် သင့်လျော်ရာ တစ်နေရာတွင် သားသေကလေးကို မြေမြှုပ်သင်္ဂြိုဟ်လိုက် ခရီးဆက်ခဲ့ရပြန်လေတော့၏။ မြို့တော်သို့ရောက်သောအခါ မြနှင်းနွယ်သည် မြို့စားနှင့်တွေ့ရန် ကြိုးပမ်းခဲ့ရလေ၏။ မြို့စား နေသူရိန်နှင့်တွေ့သောအခါ နေသူရိန်သည် မြို့စားကတော်တစ်ဦးကို တင်မြှောက်ပြီးသား ရှိနေသည်ကို တွေ့ရလေ၏၊

မြနှင်းနွယ်လည်း ပတ္တမြားလက်စွပ်တော်ကို ပြကာ . . .

"ဒါ မြို့စားမင်းရဲ့ လက်စွပ်တော်ပါ . . ."

ဟု အစချီကာ သူတို့ရွာကလေးတွင် ဖြစ်ပျက်ခဲ့ပုံ အစအဆုံးကို ပြောပြလေ၏။ ထိုအခါ မြို့စားက ဒါဖြင့် 'သားဆိုတာကရော'ဟု မေးလေရာ ခရီးလမ်းတွင် ပန်းဖျားဖျား၍ သေဆုံးသွားခဲ့ကြောင်း ပြောပြရာ မြို့စားက ခေါင်းကို ယမ်းခါလိုက်၏။

"ဒါမဖြစ်နိုင်ဘူး . . . ဒီမိန်းကလေး ငါ့ကို သက်သက်ညာနေတာပဲ၊ သူ့ကို ငါ့ကွယ်ရာကို ဆွဲထုတ်သွားကြ၊ သူ့နေရပ်ကို ပြန်ခိုင်းကြ . . ."

ဟူ၍ နှင်ထုတ်လိုက်လေ၏။ မြနှင်းနွယ်က မည်မျှပင် ငိုယို တောင်းပန်ခဲ့သော်လည်း မြို့စားကလက်မခံသဖြင့် နောက်ဆုံးတွင် မြို့ကြီးမှ ပြန်လည်ထွက်ခွာခဲ့ရလေ၏။ နှလုံးသားကြေကွဲလျက် ပြန်လာရသော မြနှင်းနွယ်သည် စိတ်နှင့်လူနှင့် မကပ်ရှာတော့။ လမ်းတွင် အစာရေစာ စားသောက်ရမည်ကိုပင် အမှတ်မရတော့ . . .။

မြနှင်းနွယ်သည် အရူးတစ်ပိုင်းဖြစ်လျက် ရွာသို့ပြန်လာခဲ့လေရာ ချောင်းကလေးနံဘေး ကျောက်ဂူကြီးသို့ အရောက်တွင် စိတ်လျှော့ကာ လဲကျသေဆုံးခဲ့ရလေတော့၏။ ထိုကျောက်ဂူကြီးကား မိုးကြီးသည်းထန်စွာ ရွာသည့်နေ့ကလေးတစ်နေ့တွင် မြို့စားလေးနေသူရိန်နှင့်အတူ မြနှင်းနွယ်တို့ ချစ်ရည်လူးခဲ့ကြရာ ချစ်သက်သေနေရာကလေးပင် ဖြစ်ပါ၏။

များမကြာမီ ကာလအတွင်းမှာပင် ချောင်းကလေးနံဘေးရှိ ကျောက်ဂူနားဝန်းကျင်တွင် နေဝင်ရီသရောအချိန်များ၌ မြနှင်းနွယ်ကို တွေ့ကြရသည်ဟု ဆိုကြ၏။ မြနှင်းနွယ်ကလေးသည် ဆံပင်များဖားလျားချထားလျက် လူပုံပန်းပုံစံအနေအထားမျိုး ဖြစ်နေပြီး . . . ခရီးသွားများနောက်သို့ လိုက်ကာ ပတ္တမြားလက်စွပ်ကလေးကို ကိုင်လျက် . . .

"ဒါဟာ မြို့စားမင်းရဲ့လက်စွပ်ပါနော်၊ ကျွန်မက မြို့စားမင်းကတော် မြနှင်းနွယ်ပါနော် . . ."

ဟူ၍ ငိုသံပါကလေးဖြင့် ပြောလေ့ရှိသည်ဆို၏။ အတန်ကြာသည့်

တိုင် နောက်မှလိုက်ပါလာခဲ့ပြီး ဂူနှင့်ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ ဖျတ်ကနဲပျောက်သွားလေ့ရှိသည်ဆို၏။ ထိုနေရာ ထိုဒေသတွင် မြနှင်းနွယ်သည် နှစ်ပေါင်းများစွာကြာသည်အထိ မကျွတ်နိုင်ရှာဘဲ ထိုကဲ့သို့တိုင်တည်ခြောက်လှန့်လေ့ရှိသည်ဟု ပြောစမှတ်ပြုကြ၏။ မြနှင်းနွယ်ကလေး၏ လွမ်းစရာဇာတ်လမ်းကလေးမှာ . . . ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်လျက်ရှိ၏။

◆ ◆ ◆

(၃)

မြန်မာပြည် တန်တလျားတွင် မြနှင်းနွယ်ကဲ့သို့ အလားတူဇာတ်လမ်းမျိုးတွေ မည်ရွေ့မည်မျှရှိနေခဲ့ကြသည် မသိ။ မသိတတ်နိုင် . . .။

◆ ◆ ◆

ဧေဗျာထူးဆမ္မဝေဝံ
**လင်းရောင်တင်**

(၂၀၀၇-ခု၊ ဇွန်လ၊ အတွဲ (၂)၊ အမှတ် (၁၂) ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း)


လင်းရောင်တင်

## ရွှေချီးဖြူ မူလခဲ

တစ်နေ့သ၌ ကျွန်ုပ်၏အထက် ခေါင်းနင်းဆင်းဖြစ်သော အစ်မ ဖြစ်သူ ဒေါ်တင်နန်းမြအိမ်သို့ ကိစ္စရှိသဖြင့် ရောက်ရှိသွားရလေ၏။ ကိစ္စ ဆိုသည်မှာ တခြားမဟုတ်။ မုဆိုးမဖြစ်သူ အစ်မငယ်၏နေအိမ်သည် နှစ် ပေါင်းများစွာ မပြင်ဆင်ဘဲထားသောကြောင့် ယိုင်နဲ့ပြိုလဲကျတော့မယောင် ရှိနေလေရာ . . . စည်ပင်ကလည်း တရရပြင်ခိုင်းနေသောကြောင့် ဝိုင်းဝန်း ၍ ပြုပြင်ကြရမည့်အရေးအတွက် ကျွန်ုပ်တို့သည်လည်း နိုင်သလောက် ဝိုင်းဝန်းပံ့ပိုးရန် သွားရောက်ရခြင်းဖြစ်လေ၏။

ထိုသို့ သွားရောက်ရင်း တပေါင်းလနေမှာ ပူပြင်းလှသောကြောင့် ချက်ချင်းအိမ်မပြန်ဖြစ်သေးဘဲ အစ်မအိမ်တွင်ပင် နေခိုကာ တူမများ တည်ခင်းကျွေးမွေးသည့် သတ်သတ်လွတ်မနက်စာကလေးကို စားလျက် နားနားနေနေ စကားစပြည်ပြောလျက်ရှိလေ၏။ ထိုအခိုက် ဝါးဦးထုပ်ကလေး ကို ခေါင်းဆောင်းရင်း အသက်ခြောက်ဆယ်ကျော်ခန့်ရှိမည့် ခပ်ဖိုင့်ဖိုင့် အမျိုးသမီးကြီးတစ်ဦးသည် အစ်မနာမည်ကို ခေါ်ရင်း အိမ်ပေါ်သို့ တက်လာ လေ၏။

နံနက်စာစားပြီး ခြေပြစ်လက်ပြစ်ထိုင်ကာ ရောက်တတ်ရာရာ

စကားပြောနေမိသည့် ကျွန်ုပ်လည်း အဒေါ်ကြီးကို အားနာသည့်သဘောဖြင့် သပ်သပ်ရပ်ရပ်ပြင်၍ ထိုင်ရ၏။

"နေပါစေဆရာ . . .၊ ကျွန်မက အဝေးကြီးက ဧည့်သည်မဟုတ်ပါဘူး . . .။ ဟိုဘက် နှစ်အိမ်ကျော်ကပါ။ ဒီလိုပဲ နေ့လည်နေ့ခင်း မနန်းဆီ လာနေကျ။ မနန်းကလည်း အမြဲ ကျွန်မအိမ် လာလည်တာပဲ"

ဧည့်သည်အဒေါ်ကြီးက လက်ကာပြရင်း ဆဲ့လ်အင်ထရိုဟုခေါ်သည့် ကိုယ်တိုင်မိတ်ဆက်သည့်နည်းဖြင့် သူ့ကိုယ်သူ မိတ်ဆက်လေ၏။

"ဟုတ်တယ် မောင်လေး . . .၊ ဒါ ဒေါ်ကြည်ညွန့်တဲ့ အစ်မနဲ့ သိပ်ခင်ကြတာ . . ညီအစ်မတွေလိုပဲ"

ဒေါ်ကြည်ညွန့် . . .၊ ဒေါ်ကြည်ကြည်ညွန့်ဟူ၍ စိတ်ထဲ၌ ပဲ့တင်ထပ်ကာ ရွတ်ကြည့်မိ၏။ ဒီနာမည်မျိုး ကြားဖူးသလိုလိုပဲ . . . ဟူ၍လည်း တွေးဖြစ်လိုက်၏။ ကြားဖူးနေသည့်နာမည်မှာ ဒေါ်ကြည်ညွန့်မဟုတ်၊ ဒေါ်ညွန့်ကြည်သာ ဖြစ်လေ၏။ ဒေါ်ညွန့်ကြည်ဆိုသည်မှာ ကျောက်ကုန်းတွင် နေခဲ့ဖူးသည့် ကျွန်ုပ်၏အစ်မလတ် ဒေါ်တင်စန်းမြနှင့် ခြံချင်းကပ်လျက် နေဖူးကြသည့် အမျိုးသမီးကြီးဖြစ်၏။ သူတို့နှစ်ယောက်ကား ယခုကဲ့သို့ မတည့်ကြချေ။ ခြံချင်းကပ်လျက် တကျက်ကျက်ဖြစ်ကြ၏။ မြေကိစ္စဖြင့် တရားတဘောင်တွေ ရင်ဆိုင်ခဲ့ကြရသည်ကို မှတ်မိနေ၏။ မည်သူလွန်သည် မလွန်သည်ကို မမှတ်မိတော့။

သတိရမိသည်ကား အခြားမဟုတ်။ အစ်မအလတ်သည်ကား ထိုဒေါ်ညွန့်ကြည်ဆိုသူနှင့် အိမ်နီးနားချင်းဖြစ်ပြီး ရန်သူများသဖွယ် ဖြစ်ခဲ့ကြသော်လည်း အစ်မငယ်၏မိတ်ဆွေ ဒေါ်ကြည်ညွန့်သည်ကား ညီအစ်မကဲ့သို့ ချစ်ခင်နေကြသည်ကို မြင်တွေ့နေရသောကြောင့် ဖြစ်၏။ လောကကြီးသည် ဤသို့ပင် ဖြစ်၏။ တိုက်ဆိုင်သော ခြားနားမှုတွေ ရှိနေကြလေ၏။

"ကျွန်မမောင်လေးက ဂမ္ဘီရစာတွေရေးတယ်။ သူရေးတဲ့ ဝတ္ထုတွေကလည်း ဂမ္ဘီရဝတ္ထုတွေချည်းပဲ။ အခုလည်း သူလေ့လာခဲ့ဖူးတဲ့ အတွေ့အကြုံတွေနဲ့ ဓာတ်နန်းတစ်ခုဖွင့်မလို့ လုပ်နေတယ်"

"ဓာတ်နန်းဟုတ်လား၊ ဘယ်မှာ ဖွင့်မှာလဲ"

အစ်မနန်း၏ စကားကြောင့် ဒေါ်ကြည်ညွန့်မှာ မျက်လုံးအရောင်တောက်လက်ကာ ချက်ချင်း မေးခွန်းထုတ်လေတော့၏။

"ကျောက်မြောင်း၊ ဗျိုင်းရေအိုးစင်တွေ ကွက်သစ်ဘက်မှာ ဖွင့်မှာပါ အစ်မ၊ တပေါင်းလပြည့်နေ့မှာ ဖွင့်ဖို့စီစဉ်ထားတယ်။ အောင်ချမ်းသာလမ်း၊ တိုက်နံပါတ် (၃)၊ (၄)လွှာမှာ ဖွင့်မှာ"

"ဓာတ်နန်းဆိုတော့ ဟောမှာ ပြောမှာပေါ့နော်"

"ဟုတ်ကဲ့ . . . မနက်(၉)နာရီကနေ (၁၂)နာရီအထိ ခုနစ်ရက်သားသမီးတွေကို ကူညီတဲ့အနေနဲ့ ဟောပြောပေးမယ်၊ ဆယ့်နှစ်နာရီနောက်ပိုင်းတော့ စာတွေရေးရမယ်လေ"

"ကောင်းတယ်၊ ကောင်းတယ် . . .၊ အစ်မတို့လည်း လာခဲ့မယ်လေ"

"ဓာတ်နန်းလို့မှည့်ခေါ်ရတဲ့ အဓိကအချက်ကတော့ အဲဒီမှာ ဘုရားရဟန္တာဓာတ်တော်တွေပါ ပူဇော်ထားမယ်လေ၊ ဖူးမြော်ကြည်ညိုရတာပေါ့"

"ဓာတ်တော်တွေကော ပွားပြီး ပူဇော်လို့ရလား"

"ရတာပေါ့ အစ်မရယ် . . .၊ ရအောင် စီစဉ်ပေးထားပါ့မယ်"

"ဓာတ်တော်တွေ ပူဇော်ချင်နေတာနဲ့ အတော်ပဲ"

ဒေါ်ကြည်ညွန့်သည် ကျေနပ်သွားသည့်အမူအရာဖြင့် ပြောလိုက်လေ၏။

"ပူဇော်တယ်ဆိုမှ အိမ်က ဘုရားဓာတ်ပုံတော်လေးကို သွားသတိရတယ်ဆရာ၊ အဲဒါလည်း ဆရာတို့ရေးနေတဲ့ ဂမ္ဘီရဝတ္ထုတွေလိုပဲ၊ တော်တော့်ကိုထူးဆန်းတယ် ဆရာ"

"ပြောစမ်းပါဦး ဒေါ်ကြည်ညွန့်ရယ် . . .၊ ဘယ်လိုများ ထူးဆန်းတာလဲဗျ"

"ကျွန်မတို့အိမ်မှာ သံသေတ္တာကြီးတစ်လုံးရှိတယ်ဆရာ၊ အဲဒီသေတ္တာထဲမှာ ကျွန်းသေတ္တာပေါက်စကလေးတစ်ခုလည်း ရှိတယ်။ ကလေးတွေ အဖေရှိတုန်းကတော့ အဲဒီလက်တစ်ဝါးလောက်ရှိတဲ့ ကျွန်းသေတ္တာကလေးထဲမှာ ပိုက်ဆံတစ်ပြားတစ်ချပ်မှ မထားနိုင်အောင် ပြောင်တလင်းခါသွားခဲ့တယ်။ မုဆိုးမဘဝဆိုတော့ ဘယ်မှာလာ စုမိဆောင်းမိရှိနိုင်မှာလဲ

ဆရာရယ် . . ."

"ဟုတ်တာပေါ့လေ . . ."

"ဒါပေမယ့် ဆရာ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကစပြီး ကျွန်မအခြေအနေ ပြောင်းလဲသွားတယ်။ ခုနကပြောတဲ့ ကျွန်းသေတ္တာကလေးထဲမှာ ပိုက်ဆံတွေ စုမိဆောင်းမိလာတယ်"

"စီးပွားရေးလုပ်ငန်းတွေ အဆင်ပြေလို့လား"

ကျွန်ုပ်စကားကြောင့် ဒေါ်ကြည်ညွန့်က ခေါင်းကို ယမ်းခါလိုက်လေ၏။

"ကျွန်မက အသက်ကြီးပြီးပဲ ဆရာရယ် . . . ဘယ်ကလာစီးပွားရေးလုပ်နိုင်မှာလဲ၊ သားသမီးပေးစာကမ်းစာလေးတွေ စုထားရတာပါ"

"ဒေါ်ကြည်ညွန့်က ဘာပြောချင်တာလဲ။ အဲဒီကျွန်းသေတ္တာကလေးက ငွေတွေပွားပွားလာတယ်လို့ ပြောချင်တာလား"

"ကျွန်းသေတ္တာလေးက ငွေပွားတာတော့ မဟုတ်ပါဘူးဆရာရယ် . . . ဒါပေမယ့် အဲဒီကျွန်းသေတ္တာလေးထဲမှာ ရောက်နေတဲ့ ဘုရားဆင်းတုတော်ကလေးက ထူးခြားတာဆရာ။ အဲဒီဓာတ်ပုံကလေး ကျွန်းသေတ္တာကလေးထဲရောက်နေတာ တွေ့ရပြီးနောက်ပိုင်း အဲဒီထဲမှာ ငွေစက္ကူလေးတွေ ထည့်ထည့်စုရင်း တဖြည်းဖြည်းတိုးပွားလာတာပါပဲ။ အဲ. . . အဆင်ပြေတဲ့အခါကျတော့လည်း အဆင်ပြေသလောက် ပြန်ထည့်လိုက်တာပဲ။ တစ်ခါတလေ ဖျင်းဖျင်းရှိတဲ့အခါ အဲဒီကျွန်းသေတ္တာကလေးကို အပြင်ထုတ်၊ အထဲက ငွေစက္ကူတွေကို သေသေချာချာရေတွက်ကြည့်တော့တာပဲ"

"ဒီတော့ . . ."

"အဲဒါကို ပြောတာပါ ဆရာ . . .၊ ရေလိုက်တိုင်း အမြဲတမ်း သိန်းဂဏန်းကျော်ကျော်နေတယ်၊ ဘယ်တော့မှ လျော့မသွားဘူး"

ကျွန်ုပ်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

"ဒါကတော့ဗျာ . . .၊ ဒေါ်ကြည်ညွန့်ရယ် . . . ခင်ဗျားယူသုံးတဲ့ ပိုက်ဆံအရေအတွက်က နည်းနေပြီး ထပ်ဖြည့်တဲ့ပိုက်ဆံအရေအတွက်က ပိုများနေလို့ လျော့ပါးမသွားတာ နေမှာပေါ့၊ ဒါကို တိုးပွားတယ်လို့ ဆိုနိုင်

မလား။ ထူးဆန်းတယ်လို့ ပြောနိုင်မလား . . .”

“ကျွန်မက ငွေအရေအတွက် လျော့တာကို ဘာမှပြောတာ မဟုတ်ဘူး။ ဆရာရဲ့ ကျွန်မပြောချင်တာက ထူးဆန်းနေတာက ဒီဘုရားဆင်းတုတော် ဓာတ်ပုံကလေးကို ကျွန်မ မထည့်ဘဲ သော့ခတ်ထားတဲ့ သေတ္တာလေးထဲ ရောက်နေတဲ့အကြောင်းကို ပြောချင်တာ”

“ဒါကလည်းဗျာ . . . ခင်ဗျားမထည့်ပေမယ့် သမီးတွေရှိသေးတယ် မဟုတ်လား သူတို့အထဲက တစ်ယောက်ယောက် မပြောမဆို ထည့်ထားတာ ဖြစ်ချင်ဖြစ်နေမှာပေါ့”

“မဟုတ်ဘူး ဆရာ . . .၊ သမီးတွေအားလုံးကို မေးပြီးပြီး ဘယ်သူကမှ ဒီဓာတ်ပုံကို သေတ္တာထဲမထည့်ဘူးလို့ ပြောကြတယ်။ ကျွန်မသမီးတွေ လိမ်ညာမပြောတတ်တာလည်း ကျွန်မ အသိဆုံးပဲလေ ဆရာရယ်၊ ကဲ . . . ဒီတော့ မဆန်းဘူးလား ဆရာ”

“ဟုတ်တယ် . . . ဒေါ်ကြည်ညွန့် အဲဒါဆိုရင်တော့ ဆန်းတယ်ဗျာ။ ဘယ်သူလာထည့်သွားမှန်း မသိတဲ့ ဓာတ်ပုံလေးတစ်ပုံရှိတဲ့ ငွေသေတ္တာထဲမှာ ငွေမပြတ်ဘူးဆိုတဲ့ အကြောင်းအရာကတော့ ဆန်းသွားပြီဗျာ၊ ဒါနဲ့ ပြောစမ်းပါဦး ဒေါ်ကြည်ညွန့်ရယ်။ ဘယ်လိုဆင်းတုတော်ပုံလဲဗျ၊ ဆင်းတုတော်ရဲ့ဘွဲ့ အမည်က ဘာတဲ့လဲ”

“ကျောက်ဆင်းတုတော်ပုံလေးပဲတော့၊ ခေါင်းမှာ သိကြားဆောင်းတာမျိုး ချွန်ချွန်ဆောင်းထားတယ်”

“မကိုင့်လို့ ပြောပါဗျာ . . .”

“ဟုတ်တယ်၊ ဆရာပြောတဲ့ဟာကြီး ဆောင်းထားတယ်။ ပြီးတော့ ဘုရင်ကွေ ဝတ်သလိုလည်း အချွန်အတက်တွေ စလွယ်တွေ ဝတ်ထားတယ်”

“တန်တော့ . . . ဒေါ်ကြည်ညွန့်ပြောပုံအရဆိုရင် ဒီဆင်းတုတော်ဟာ ဇမ္ဗူပတိမင်းချွတ်ခန်းဆင်းတုတော်ပဲဗျ။ ရှေးဘုန်းက ရှင်ဘုရင်တွေ၊ မင်းညီမင်းသားတွေဟာ အဲသလို ဇမ္ဗူပတိမင်းချွတ်ခန်း ပုံတော်ဆင်းတုတော်ကို တမင်တကာ ထုလုပ်ကိုးကွယ်လေ့ရှိကြတယ်။ ဘာလို့လဲဆိုတော့ သူတို့မှာ ရှိနေတဲ့ မာန်တွေ မာနတွေ ဒေသတွေ လျော့ပါးကင်းစင်ကြရအောင်လို့ပဲ”



ဝိညာဉ်တစ်ပုံ

(ဟာသဝတ္ထု)

# ဝိညာဉ်ဓာတ်ပုံ

ပျက်ရယ်ပြုခြင်း အပြောင်အပျက်ပြုလုပ်ခြင်းဆိုတာ အခါအားလျော်စွာ မကောင်းမှုကို ဆောင်တတ်တယ်။ ရယ်မောပျော်ရွှင်ဖို့အတွက် သက်သက်ပဲဖြစ်ဖြစ်၊ လှောင်ပြောင်ကြည်စယ်ခြင်းတစ်ခုအတွက်ပဲဖြစ်ဖြစ်၊ စကြနောက်ကြတာတွေ ရှိတယ်။ "ကျီစားသန်က ရန်များတတ်တယ်"ဆိုတဲ့ စကားတောင်ရှိတယ် မဟုတ်လား။ အသက်တစ်ရာမနေရပေမယ့် အမှုတစ်ရာ ပွေ့ရသတဲ့။ လူဆိုတာကလည်း အခက်သားလား။ ညဉ်တို့၊ စရိုက်တို့ ဆိုတာတွေရှိတယ်။ မွေးကတည်းကပါလာတဲ့ အကျင့်စရိုက်ဆိုတာ ကောင်းတာဖြစ်ဖြစ်၊ မကောင်းတာဖြစ်ဖြစ် အပြီးတိုင်ဖျောက်ဖျက်ပစ်ဖို့ဆိုတာ ခက်တယ်။ မလွယ်ကူလှဘူး၊ ယခု ကျွန်တော် စာဖတ်သူတွေကို ရေးပြမယ့်ဝတ္ထုလေးက အကျီးစားသန်၊ အနောက်သန်သူလူတစ်ယောက်ရဲ့ အကြောင်းပါ။ ဒီအကြောင်းက ကျွန်တော့်ကိုယ်တွေ့တော့ မဟုတ်ဘူး။ ကျွန်တော်နဲ့ ညီအစ်ကိုလိုခင်မင်ရတဲ့ သူငယ်ချင်းတစ်ယောက်က တစ်နေ့တော့ ကျွန်တော်ရှိရာ သိမ်ဖြူဈေးကလေးကို ရောက်လာတယ်။ သူငယ်ချင်းနှစ်ယောက် မတွေ့မဆုံဖြစ်ကြတာ ကြာပြီဖြစ်တော့ လက်ဘက်ရည်ဆိုင်လေး တစ်ဆိုင်မှာ

ထိုင်ဖြစ်ရင် ၊စာရေးနေတဲ့ ကျွန်တော့်အကြောင်းကို သိနေ တဲ့ သူငယ်ချင်းက "ဟော့ကောင် အောင်ကျော်၊ မင်းကို ငါဇာတ်လမ်းလေး တစ်ပုဒ်ပြောပြမယ်။ ဝတ္ထုရေးကွာ"ဆိုပြီး ပေးခဲ့တဲ့ဇာတ်လမ်းလေးတစ်ပုဒ်ပါ။ ဒီအဖြစ်အပျက်က တော့ သူတို့နေတဲ့ နယ်ဒေသလေးတစ်ခုမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ဆန်း လေးတစ်ခုပေါ့။ အချိန်ကတော့ လွန်ခဲ့တဲ့ (၁၀)နှစ် ကျော်လောက်ကပေါ့။

◆ ◆ ◆

ဒီနေ့ မကျည်းပင်အိုင်ရွာက ကိုမြသွေးရဲ့ ဈာပနမြေချသင်္ဂြိုဟ်မယ့် နေ့ဖြစ်လေသည်။ ကိုမြသွေးက လွန်ခဲ့သော (၃)ရက်ခန့်က ပိုးထိ၍ ဆုံးပါးခဲ့ သည်။ ကိုမြသွေးဆုံးတော့ ဇနီးဖြစ်သူ မတင်ဝင်းက သားသမီး (၃)ယောက်နဲ့ ကျန်ခဲ့တယ်။ ဩော် . . . ကံကြမ္မာဆိုတာကလည်း အခက်သားလား။ မြေနိမ့် ရာလှံစိုက်ဆိုသလို မရှိရှာလို့ ငါးဖားလေးတွေ ရှာကြံစားရတဲ့ဘဝမှာ တစ်နေ့ က မိုးတွေသည်းနေတဲ့ လမိုက်ရက်တစ်ရက်မှာ ကိုမြသွေး ခရေတောချောင်း ကလေးနံဘေးမှာ ထောင်ထားတဲ့ မြှုံးတွေဖော်ဖို့အသွား ပိုးထိခဲ့တယ်၊ သား ဇော၊ မယားဇောတွေနဲ့ အိမ်ရောက်အောင် အားတင်းပြန်လာတဲ့ ကိုမြသွေး အိမ်ရှေ့လည်းရောက်ရော . . .

"မိတင်ရေ . . . ဟော့မိတင်"

နှစ်ခွန်းသာ ခေါ်လိုက်နိုင်တယ်၊ အိမ်ကလေးရှေ့မှာ ဟပ်ထိုးလဲ သေပွဲဝင်သွားတော့တယ်။

"အလို . . . ကိုမြသွေးအသံနဲ့ တူလိုက်တာ"

မီးခွက်လေးထွန်းရင်း အိမ်ရှေ့ကိုဆင်းလာတော့ မိုးရေထဲမှာ လဲကျ သေဆုံးနေတဲ့ ကိုမြသွေးကို တွေ့ရတယ်။

"အမလေး လုပ်ကြပါဦးတော်၊ ဒီမှာ ကိုမြသွေး ဘာဖြစ်လာတယ် မသိဘူး"

အနီးအပါး အိမ်နီးချင်းတွေ ရောက်လာတော့ ကိုမြသွေး အသက်

မရှိတော့။ ဒီတော့လည်း အသုဘအတွက်ပြင်ဆင် လုပ်စရာရှိတာတွေလုပ်၊ ကိစ္စတွေအားလုံးကိုတော့ မကျည်းပင်အိုင်ရွာက ကာလသားခေါင်းဆောင် ထွန်းမောင်က ဦးဆောင်တယ်။ ဘုန်းကြီးကိစ္စကိုတော့ ကျုပ်တို့ရွာကလေးထိပ် က ရွာဦးကျောင်းဆရာတော် ဦးသောဘိတက တာဝန်ယူတယ်။ ကျုပ်တို့ မကျည်းပင်အိုင်ရွာကလေးမှာ အသုဘကိစ္စပေါ်လာပြီလားဆိုရင် တစပြင် သုသာန်ကတော့ ဟိုရွာအစွန်းကလေးမှာရှိတဲ့ ခရားပင်ကုန်းဆိုတဲ့ သုသာန် လေးမှာ ပြုလုပ်တယ်။ ခုလည်း ရပ်ဓလေ့ ရွာဓလေ့ထုံးစံလေးတွေရှိတဲ့အတိုင်း မြသွေးရဲ့ရုပ်ကလာပ်ကို မွန်းလွဲ(၁)နာရီလောက်မှာ ရွာသူရွာသားတွေနဲ့ ခရားပင် ကုန်း သုသာန်လေးကို ပို့ဆောင်သင်္ဂြိုဟ်ကြမယ်။ ကျေးလက်တောရွာဆိုတာ ကလည်း သိတယ်မဟုတ်လား။ တစ်ဦးဦးဒုက္ခရောက်ပြီဆိုရင် မခေါ်လိုက်နဲ့၊ ကူညီမယ့်သူတွေ ဝိုင်းဝန်းမယ့်သူတွေ တစ်အုံတစ်မ။ အင်း မြသွေးရဲ့ကုသိုလ်ပဲ လို့ ဆိုရမယ်။ ဒီနေ့အသုဘချမယ့်ရက်မှာ မိုးလေဝသက ကြည်လင်နေတယ်။ သွေ့သွေ့ခြောက်ခြောက်ဖြစ်တယ်။ သူတစ်နိုင်၊ ကိုယ်တစ်နိုင်နဲ့ မ,တည်ကူပံ့ လာတဲ့ ငွေဆိုတာလည်း မနည်းတော့ဘူး။ သူ့ကိစ္စပြီးရင်တောင်မှ သူ့မိသားစု အတွက် အနည်းအကျဉ်းဆိုသလို ကျန်နေခဲ့နိုင်တယ်။ အင်း . . လူတစ် ယောက်အတွက် နေရေးကအရေးကြီးသလို၊ သေရေးကလည်း အရေးကြီး တယ်။ ဒါတောင် တောအရပ်မှာမို့လို့ စရိတ်စကဆိုတာ ကျဉ်းတာ။ မြို့မှာဆို ရင် ရွာလည်ပြီ။ ဒီလိုနဲ့ တစ်နာရီသာသာမှာ မြသွေးရဲ့အသုဘကို မြေချဖို့ ရွာသားတွေက သယ်ဆောင်ရင်း ခရားပင်ကုန်းသုသာန်လေးကို သွားကြ တယ်။ သူ့ယောကျ်ားရှိစဉ်တုန်းက ပုံရိပ်တွေကို ပြောပြောပြီးငိုရှာတဲ့ မိတင်ဝင်းရဲ့အဖြစ်ကိုကြည့်ပြီး အသုဘလိုက်ပို့တဲ့သူတွေ မျက်ရည်မဆည်နိုင် ကြဘူး။ ဒီလိုနဲ့ ခရားပင်ကုန်းသုသာန်လေးကို ရောက်တော့ သုသာန်လေးထဲ မှာရှိတဲ့ ဇရပ်ကလေးမှာ မြသွေးကို သရဏဂုံတင်၊ လူကြီးတွေက တရားနာ နေကြတုန်း အသုဘလိုက်ပို့တဲ့ လူတွေထဲမှာ မကျည်းပင်အိုင်ရွာက အစ အနောက်သန်တဲ့ လှခင်နဲ့ ပေတိုး၊ ထွန်းကျော်၊ အောင်မောင်း၊ ညွှက်စိဆိုတဲ့ ကာလသားတစ်သိုက်လည်း ပါတယ်။ သုသာန်လေးထဲ ဟိုနားသည်နားသွား

ရင်း လှခင်က မိန်းကလေးတစ်ဦးရဲ့ ဓာတ်ပုံကလေးတစ်ပုံကို ကောက်ရတယ်။ အဲဒီဓာတ်ပုံလေးဟာ မကြာမီရက်ပိုင်းလောက်ကမှ သေဆုံးလို့ လာသင်္ဂြိုဟ်ထားတဲ့ သေဆုံးသူတစ်ဦးရဲ့ ဓာတ်ပုံလေ။ မိန်းကလေးရဲ့ ဓာတ်ပုံလေးက အရမ်းချောတယ်။

"ဟာ . ဟေ့ကောင်တွေ ဒီမှာ ကြည့်စမ်း၊ ချောလိုက်တဲ့ မိန်းကလေးကွာ၊ နှမြောစရာကြီး"

လှခင်က ဓာတ်ပုံလေးကို ကြည့်ပြီးပြောတော့ အောင်မောင်းက

"လှခင် . . ပေးပေး ဒါ ငါ့ရည်းစားကွ၊ ငါ့မှာ ရည်းစားမရှိတာနဲ့ အတော်ပဲကွ"

ဓာတ်ပုံလေးက အောင်မောင်းရဲ့ လက်ထဲကိုရောက်သွားပြန်တယ်။ တဖန် အောင်မောင်းလက်ထဲကနေ ကျော်ထွန်း၊ ပေတိုး၊ ညွှက်စိတို့လက်ထဲ သူက ယူသွားလိုက်၊ ငါက ယူသွားလိုက်။

"ဒါ ငါ့မိန်းမကွ၊ ဒီလိုရုပ်ချောချောလေးရရင် သိပ်ကောင်းမှာကွာ"

ထွန်းကျော်အပြောဆုံးတော့ ပေတိုးကလည်း . . .

"ဟေ့ကောင် ထွန်းကျော်၊ မင်းပြောတာမှားတယ်။ အဲဒါ ငါ့ရည်းစား၊ ငါ့အဖေက ပေးစားဖို့ သဘောတူထားတာ"

ထိုအခါ ညွှက်စိမှလည်း . . .

"ဟေ့ကောင်တွေ မင်းတို့ပြောတာ တစ်ယောက်မှ မမှန်ဘူး။ သူ့အဖေ အမေတွေက ငါနဲ့ မပေးစားလို့ စိတ်ညစ်ပြီး အဆိပ်သောက်သေသွားတာ ဟား . . . ဟား . . . ဟား"

ညွှက်စိရဲ့ စကားဆုံးတော့ . . .

"ဟေ့ကောင်တွေ ပေးပေး၊ ဒါ ငါ့ချစ်ချစ်ကွ . . . ငါ့အိမ်ခေါ်သွားရမယ်"

ထို့နောက်တွင်တော့ သုသာန်လေးမှကောက်ရသည့်အမျိုးအမည်မသိ ချောမောသော မိန်းကလေးတစ်ဦး၏ ဓာတ်ပုံလေးတစ်ပုံက လှခင်၏ အကျႌအိတ်ကလေးထဲမှာ ပါသွားရင်း မြသွေး၏ဈာပန မြေချ၍ပြီးသည်တွင်

အသီးသီး မကျည်းပင်အိုင်ရွာကလေးသို့ ပြန်လာခဲ့ကြတော့သည်။

◆ ◆ ◆

နေ့ခင်းက ဖြစ်ပျက်ခဲ့ဟာ အကြောင်းအရာလေးများကို လူကြီးများ တစ်ဦးတစ်ယောက်မှ မသိခဲ့ပေ။ လှခင်တို့ လူငယ်တစ်စုသာ သိခဲ့သည်။ အိမ်ပြန်ရောက်တော့ မြသွေးရဲ့အသုဘအိမ်ကလေးမှာ လုပ်ကိုင်စရာလေး များကို လုပ်ကိုင်ရင်း ညဘက်တွင်လည်း အိမ်သားများကို အဖော်အဖြစ် ရက်လည်သည့်အထိ လှခင်တို့ ကာလသားတစ်စု အိပ်စောင့်ရလေသည်။

"တုံ . . . တုံ . . . တုံ"

ရွာမြောက်ဘက် ရွာဦးကျောင်းမှ ကုလားတက်ခေါက်သံ (၁၂)ချက် ကို ကြားလိုက်ရသည်။

မြသွေးတို့ အိမ်ကလေးပေါ်တွင် စကားပြောသူပြော၊ ကစားသူ ကစား၊ တချို့အရပ်သူများက အိမ်ကလေးရှေ့တွင် ရေနွေးကို ကျိုနေသည်။

"ဝုတ် . . . ဝုတ် . . . ဝုတ်"

ထိုအချိန်တွင် ခွေးနက်ကြီးတစ်ကောင်၏ ဝါးလုံးထိုးဟောင်သံများ အဆက်မပြတ်ပေါ်ထွက်နေသည်။ မကြာမီရွာမြောက်ပိုင်းမှ ခွေးများ၏ အူသံ များက ဆက်ကာဆက်ကာ ပေါ်လာပြန်၏။ အိမ်ရှေ့တွင် ရေနွေးအိုးကျို နေကြသော ဖိုးလေးသာခင်နှင့် ရွာသားသုံးလေးဦးက အိမ်ရှေ့တည့်တည့်သို့ လာ၍ ဟောင်နေသော ခွေးနက်ကြီးတစ်ကောင်ကို . . .

"ဟာ . . . ဒီခွေးကလည်း ဟောင်လိုက်တာ သွားသွား"

အနီးအပါးက ခဲတစ်လုံးဖြင့်ပေါက်ကာ မောင်းထုတ်လိုက်မှ ခွေးနက် ကြီးသည် ထွက်ပြေးသွားတော့သည်။ မြသွေး၏ အိမ်ကလေးပေါ်တွင် ကစား ဝိုင်းကလေးသုံးခုသာ ရှိသည်။ လှခင်တို့လူငယ်တစ်စု ကစားနေသော ဝိုင်းမှ စတင်ကာ . . .

"အောင်မလေးဗျ လုပ်ကြပါဦး အောင့်လို့ဗျာ . . . အောင့်လို့"

လှခင်တစ်ယောက် ကောက်ခါငင်ကာ အော်ရင်း လူးလိမ့်နေလေတော့သည်။

"ဟဲ့ဟဲ့ ထားမိတို့ . . .၊ မယ်ကြွေတို့ လာကြစမ်း။ အိမ်ထဲက ပရုတ်ဆီဘူး ယူခဲ့ကြစမ်း"

အဘွားတစ်ဦးရဲ့ အသံ . . ။

"အမလေး မခံနိုင်တော့ဘူး၊ သေတော့မယ်ဗျ။ ဆေးရုံကို ပို့ကြပါဗျာ။ ဆေးရုံကို ပို့ပေးပါ"

လှခင်၏ ညည်းညူအော်ဟစ်သံက အဆက်မပြတ် ပေါ်ထွက်လာသည်။ မကြာမီ ထွန်းကျော်၊ ပေတိုး၊ ညွက်စိ၊ အောင်မောင်းတို့လည်း တစ်ယောက်ပြီးတစ်ယောက် လူးလိမ့်ကာ အော်လေတော့သည်။

"ဟဲ့ ဘာတွေဖြစ်ကြတာလဲ . . ."

"အမလေး အောင့်လိုက်တာဗျာ၊ သေရတော့မယ် . . .၊ ဆေးရုံ ပို့ကြပါဗျာ"

"ဒီကလေးတွေ ဘာတွေစားမိကြသလဲ မသိဘူး"

အော့သူအော့၊ အောင့်သူအောင့်၊ တချို့က ဝမ်းတွေသွားကြသည်။

"ကဲ . . . ကဲ ဒီအတိုင်းကြည့်နေလို့ မဖြစ်ဘူး။ သိန်းဆောင် မင်းရဲ့ လှည်းကို သွားပြင်၊ ဆေးရုံကို သွားရမယ်"

ဖိုးလေးသာခင် စကားဆုံးတော့ သိန်းဆောင်မှာ လှည်းကို အမြန်သွား၍တပ်ကာ မြို့နယ်ဆေးရုံကလေးရှိသည့် တစ်မိုင်သာသာခရီးသို့ ရွာသူကြီးများနှင့် သွားရောက်ကြတော့သည်။

◆ ◆ ◆

ဆေးရုံရောက်၍ ဆရာဝန်များမှ ရောဂါများရှာဖွေကြည့်သည့်အခါတွင် ထူးထူးခြားခြားဟူ၍ မတွေ့ရ။

"ဟဲ့ မယ်ခင်၊ ဒီကလေးတွေအဖြစ်က ရိုးမှရိုးရဲ့လား မသိဘူး"

အရိုးလေးမြည္တွန့်၏ ကောက်ချက်ချသံစကား၊ နောက်ဆုံးတော့လည်း ဆေးရုံမှာ တစ်ရက်ခန့် နေခဲ့ကြပြီး ဆင်းလာခဲ့ကြတော့သည်။ ထိုသို့ဖြစ်ပျက်သော သတင်းက မကျည်းပင်အိုင်ရွာကလေးထဲသို့ နောက်တစ်နေ့တွင် တစ်မုဟုတ်ချင်း ပျံ့နှံ့၍သွားလေတော့သည်။

"ဟဲ့ ညက မြသွေးရဲ့အိမ်မှာ လှခင်တို့လူစု အောင့်သူအောင့်၊ အန်သူအန်၊ တချို့လည်း ဝမ်းတွေလျှောလို့ ညတွင်းချင်း မြို့နယ်ဆေးရုံပို့ရတယ်တဲ့"

"ညက (၁၂)နာရီကျော်ကျော်လောက်မှာ ရွာမြောက်ပိုင်း ခရားပင်ကုန်းသုသာန်လေးဘက်ကနေ ခွေးနက်ကြီးတစ်ကောင် ရောက်လာပြီး မြသွေးတို့အိမ်ကလေး ရှေ့ကနေ ဝါးလုံးထိုးဟောင်တယ်။ နောက် မကြာခင်မှာတော့ အဲဒီလိုဖြစ်တော့တာပဲတဲ့"

ဟိုနားတိုးတိုး၊ သည်နားတိုးတိုး၊ ဟိုမှာလည်း သည်အကြောင်း၊ ဒီမှာလည်း သည်အကြောင်းများဖြင့် မြသွေးတို့အိမ်တွင် ညကဖြစ်ပျက်ခဲ့သော အကြောင်းအရာလေးများက လူတိုင်းပါးစပ်ဖျားဆိုသလို ရှိတော့၏။ ကာယကံရှင်များပင်ဖြစ်ခဲ့ကြသည့် လှခင်၊ ထွန်းကျော်၊ ညွှက်စိ၊ ပေတိုး၊ အောင်မောင်းတို့ပင် တစ်ဦးကိုတစ်ဦးကြည့်ကာ ကျောချမ်းချင်စရာ ဖြစ်လာကြတော့သည်။ ကာယကံရှင်အသီးသီး၏ မိဘများနားသို့လည်း ထိုသတင်းက တစ်မုဟုတ်ချင်း ပျံ့နှံ့၍ သွားလေတော့သည်။

"ဟဲ့သား . . . မင်းတို့ ဟိုတစ်နေ့က မြသွေးရဲ့ဈာပနကို သုသာန်ပို့ရင်း ဘာတွေအပြောင်အပျက် လုပ်ခဲ့ကြသလဲ"

"ဘာ . . . ဘာမှ မလုပ်ခဲ့ပါဘူး အမေ"

ထွန်းကျော်၏ အမေကမေးတော့ စိုးရွံ့ထိတ်လန့်သော အမူအယာများဖြင့် ထွန်းကျော်တစ်ယောက်ဖြေသည်။

"အေး . . .၊ မလုပ်ခဲ့ဘူးဆိုရင်လည်း မင်းတို့သူငယ်ချင်းတစ်စု ဟိုတစ်နေ့ညက ဖြစ်ပျက်ပုံက အတော့်ကို အံ့ဩထူးဆန်းစရာပဲ။ တစ်ယောက်တည်း ဖြစ်တာလည်းမဟုတ်ဘူး။ အားလုံးအကုန် တစ်ပြိုင်နက်တည်း ဖြစ်ကြတာ။ ပြီးတော့ ဖြစ်တဲ့အချိန်ကလည်း တစ်ချိန်တည်းပဲ"

ထို့နောက် အရာတစ်ခုကို စဉ်းစားဟန်ပြုလိုက်ပြီးမှ . . .

"အမေ့အထင်တော့ မင်းတို့ဖြစ်ပျက်ပုံဟာ မရိုးသားဘူး။ အမှား တစ်ခုခုတော့ ရှိနေပြီထင်တယ်"

ထို့နောက် ခင်ပွန်းဖြစ်သူကိုလှထွန်းဘက် လှည့်ကာ . . .

"ကိုလှထွန်း"

"ဘာလဲ ကျင်မ"

"ကျုပ်သားကို သက်န်းလေးစီပေးချင်တယ်"

ထို့နောက်တွင်တော့ အကျဉ်းရုံးကာ ထိုနေ့တွင်ပင် ရွာဦးကျောင်း ဆရာတော် ဦးသောဘိတထံတွင် ထွန်းကျော်အား မိဘများက သင်္ကန်းဝတ် ပေးလိုက်လေသည်။ ဆံချ၊ တရားနာစသော ကိစ္စများက မှောင်ရီပျိုးပျရှိမှ ပြီးဆုံးသွားသည်။ ထွန်းကျော်၏မိသားစုများ ရွာဦးကျောင်းကလေးမှ ပြန် သွားကြသည်။ ထွန်းကျော်သည် သက်န်းစီး၍ ရဟန်းပြုလိုက်သော်လည်း မျက်နှာကားမရွှင်မပျ။ သာယာသောအသွင်မရှိ။ တစ်စတစ်စ သိမ်းရုပ်လာ သောညတစ်ခု၏ အမှောင်များကိုသာကြည့်ရင်း အရာတစ်ခုခုကို စိုးရွံ့ထိတ် လန့်နေသည်။ ည (၈)နာရီခန့်တွင် ရွာဦးကျောင်းမှ သံဃာတော်များအားလုံး ဘုရားရှိခိုးဝတ်ပြုကြပြီး တရားထိုင်ကြကာ ည(၉)နာရီခန့်တွင် အိပ်စက်ကြ သည်။ ဆရာတော်ဦးသောဘိတနှင့် ဦးပဥ္စင်းကြီးတချို့ ကျောင်းတော် ဆောင်ကြီးပေါ်တွင် အိပ်စက်ကြသော်လည်း မနေ့ညနေကမှ သက်န်းစီးထား သော ကိုရင်ထွန်းကျော်နှင့် ကျောင်းရှိ ကိုရင်ငယ်လေးအချို့မှာ ကပ္ပိယကြီး တစ်ဦးနှင့်အတူ သိမ်တစ်ခုထဲတွင် အိပ်စက်ကြသည်။ မောပန်းသွားသည့် ဒဏ်ကြောင့်လည်းကောင်း တမြန်နေ့က ဝမ်းလျှော၍ ဆေးရုံသို့ တစ်ရက်ခန့် တက်ခဲ့ရခြင်းများကြောင့်လည်း တမေ့တမောအိပ်ပျော်၍ သွားလေတော့ သည်။

ရုတ်တရက် အိပ်မောကျနေရာမှ ဖျတ်ခနဲနိုးလာသည်တွင် ကျောင်း ဆောင်ကြီးပေါ်မှ အုန်းမောင်းသံ (၁၂)ချက်ကို ကြားလိုက်ရသည်။ မျက်လုံး များက ပြန်၍အိပ်မပျော်။ ထိုအခိုက် ကျောင်းကလေး၏ မြောက်ဘက်ဆီမှ

ခွေးကြီးတစ်ကောင်၏ ဆွဲဆွဲငင်ငင် အူလိုက်သောအသံများကို ကြားလိုက်ရ
သည်။

"ဝုတ် . . . ဝုတ် . . . ဝုတ်"

ခွေးအူသံကြီးသည် မိမိ၏အနားသို့ နီးကပ်သည်ထက် နီးကပ်၍
လာသည်သို့ ထင်မြင်လာသည်။ တစ်ခါတစ်ခါ မိမိ၏မျက်စိထဲတွင် ပြေး၍
ကိုက်တော့မည့်အလား အသွင်သဏ္ဌာန်တစ်စုံဖြင့် ဝါးလုံးထိုးဟောင်နေသော
ခွေးနက်ကြီးတစ်ကောင်၏ ပုံရိပ်က ထင်ထင်ရှားရှား မြင်နေရပြန်သည်။
မကြာမီ မိမိ၏ ဗိုက်ထဲမှ သရိုးသရီအဖြစ်ကလေးများ ပေါ်လာကာ ချက်ချင်း
ဗိုက်မှာထိုး၍ အောင့်လေတော့သည်။

"အမယ်လေး . . . လုပ်ကြပါဦးဗျာ။ ဗိုက်အောင့်လို့ သေတော့မယ်"

ကိုရင်ထွန်းကျော်၏ အော်သံကြောင့် ကပ္ပိယကြီးနှင့်အတူ အခြား
ကိုရင်လေးများပင် နိုးလာလေတော့သည်။

"ကိုရင် ကိုရင် ဘာဖြစ်လို့လဲ . . . "

ကပ္ပိယကြီး၏ အမေး . . .

"အမလေး လုပ်ပါဦးဗျာ၊ ဗိုက်အောင့်လို့ ဆေးလေးဘာလေး တိုက်ပါ
ဦး"

"ဟို . . . ဟို ကိုရင်တစ်ပါး ကျောင်းကြီးကိုသွားပေးပါ။ ဆရာတော်
ကို နှိုးပြီးလျှောက်ပေးပါ"

မကြာမီ ကိုရင်လေးတစ်ပါးက ကျောင်းကြီးဆီသို့ ထွက်ခွာသွားကာ
ခဏကြာတော့ သိမ်ကလေးထဲသို့ ပြန်လာသည်။

"ဆရာတော်က ကိုရင်ထွန်းကျော်ကို ကျောင်းကြီးဆီ ခေါ်လာဖို့မှာ
လိုက်တယ်"

ထို့နောက် ကပ္ပိယကြီးနှင့်အတူ ကိုရင် (၃)(၄)ပါးခန့်က ကိုရင်
ထွန်းကျော်အားထမ်းကာ ကျောင်းကြီးပေါ်သို့ ခေါ်ဆောင်လာခဲ့ကြတော့
သည်။

ထွန်းကျော်ကို သင်္ကန်းဝတ်ပေးသည့်ညတွင် ရွာဦးကျောင်းကလေး၌

ထွန်းကျော်တစ်ယောက် ယခင်နေ့ညကကဲ့သို့ ဗိုက်တွေ မခံမရပ်နိုင်အောင် အောင့်ကာ ဝမ်းများလျှောခဲ့သည့် သတင်းများက နောက်တစ်နေ့တွင် ဒုတိယ အကြိမ်အဖြစ် ပေါ်ထွက်လာခဲ့ပြန်သည်။ ဤတွင် မိဘများမှ စိုးရိမ်သထက် စိုးရိမ်လာကြကာ မေးမြန်းရတော့သည်။ လှခင်အား မိဘများက . . .

"ဟော့ကောင်လှခင် . . .၊ မင်းတို့ သူငယ်ချင်းတစ်စု မြသွေးရဲ့ အသုဘချတဲ့နေ့က သချိုင်းမှာ ဘာတွေ နောက်ခဲ့ပြောင်ခဲ့ကြသလဲ မှန်မှန် ပြောစမ်း"

"ကျွန် . . . ကျွန်တော် အမှန်အတိုင်း ပြောပါတော့မယ် အဖေ။ ကျွန်တော်တို့ ကိုမြသွေးရဲ့ အသုဘကို ခရားပင်ကုန်းသုသာန်လေးကို လိုက်ပို့ တဲ့နေ့က သုသာန်တစ်နေရာကနေ ဒီမိန်းကလေးတစ်ဦးရဲ့ ဓာတ်ပုံလေးတစ်ပုံ ကို ကောက်ယူခဲ့ပါတယ်။ ဒီမှာပါ အဖေ"

ထို့နောက် မိမိဗိုက်ဆံအိတ်ကလေးထဲတွင် ထည့်ညှပ်ထားသော မိန်းကလေးရဲ့ ဓာတ်ပုံလေးကို ထုတ်၍ပြလေသည်။

"ဟာ . . . မင်းတို့ အတော်ခက်တဲ့ ကောင်တွေပဲကွာ။ မလုပ် ကောင်းတာတွေ လုပ်ခဲ့ကြတယ်။ ကြည့်စမ်း၊ ကြည့်စမ်း တော်သေးတာပေါ့။ မသေကောင်း မပျောက်ကောင်း၊ ဒါမျိုးဆိုတာ မစ,မနောက်ကြရဘူး။ ရပ်ဓလေ့ ရွာဓလေ့ဆိုတာရှိတယ်။ ရွာကို ခိုက်တတ်တယ်။ လူကြီးသူမတွေရဲ့ ပြောသံဆိုသံတွေကို မင်းတို့ မကြားဖူးဘူးလား"

လှခင်တစ်ယောက်ကတော့ တုံဏှိဘာဝေလုပ်နေ၏။ မိမိပြုလုပ်ခဲ့ ကြသော အလုပ်မှားတစ်ခုအတွက် စိုးရိမ်စိတ်၊ ကြောက်ရွံ့စိတ်များဖြင့် ထိတ် လန့်နေပုံရသည်။

"အဲဒီဓာတ်ပုံလေးရဲ့ ပိုင်ရှင်အမျိုးသမီးလေးက သိပ်ကိုချောတော့ ကျွန်တော်တို့ သူငယ်ချင်းတစ်စု ဓာတ်ပုံလေးကို သူက ယူလိုက်၊ ငါက ယူလိုက် နဲ့၊ တစ်ယောက်တစ်ပေါက် သားပြောမယားပြော ဆိုတာမျိုးတွေတောင် ပြောခဲ့မိပါတယ် အဖေ"

"အင်း . . . ကျော်မကောင်း၊ ကြားမကောင်းကွာ။ တစ်ရွာလုံး

တစ်ရပ်လုံးမှာလည်း အုတ်အော်သောင်းနင်းကို ဖြစ်လို့။ မဖြစ်ဘူး မဖြစ်ဘူး။ ဒီအတိုင်းဆိုရင် မတွေးရဲစရာ ဆိုးကျိုးတွေ တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်လာနိုင်တယ်။ ရွာလူကြီးတွေနဲ့ တိုင်ပင်ပြီး ဒီဓာတ်ပုံကိုလည်း သုသာန်မှာ ပြန်ထားရမယ်။ စော်ကားမော်ကား၊ သားပြောမယားပြော၊ ပြောဆိုမိတဲ့ ဝိညာဉ်ပိုင်ရှင် မိန်းခလေးကိုလည်း မင်းတို့ တောင်းပန်ရမယ်"

ထိုနေ့ညတွင် လှခင်တစ်ယောက်မှာ ဘာမှမဖြစ်သော်လည်း အောင်မောင်းတစ်ယောက်မှာတော့ ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက် လေတော့သည်။ ည(၁၂)နာရီခန့်တွင် မိမိတို့နေထိုင်ရာ အိမ်ကလေးဆီသို့ အရပ်ရှည်ရှည်ထောင်ထောင်မောင်းမောင်းနှင့် လူတစ်ယောက်ဝင်လာကာ . . .

"အောင်မောင်း . . . ဒီအိမ်မှာ အောင်မောင်းဆိုတာ ရှိသလား"

လို့ မေးတယ်။ အဲဒီအခါမှာ အောင်မောင်းက အိမ်ရှေ့တံခါးပေါက်ကလေးနားကိုထွက်လာပြီး အိမ်ရှေ့လမ်းမပေါ် ကြည့်လိုက်တယ်။ လူတစ်ယောက်နဲ့ ခွေးနက်ကြီးတစ်ကောင်က အိမ်ရှေ့မှာရပ်ရင်း . . .

"ဟေ့ကောင်၊ အောင်မောင်းဆိုတာ မင်းလား . . ."

"ဟုတ်ပါတယ် . . . ကျွန်တော် အောင်မောင်းပါ"

"မင်း သုံးလေးရက်ခန့်က ခရားပင်ကုန်းသုသာန်က မိန်းကလေးတစ်ယောက်ရဲ့ ဓာတ်ပုံကိုယူလာပြီး သားပြောမယားပြောပြောကြတဲ့ သူတွေထဲမှာ မင်းရောပါတယ် မဟုတ်လား"

"ကျွန် ကျွန်တော် မပါပါဘူး ခင်ဗျာ"

"ဟေ့ကောင် . . . ငါ့ကို ညာမနေနဲ့ မင်းလည်းပါတယ်။ အေး . . . မင်းတို့ကောင်တွေ ကြပ်ကြပ်သတိထား . . .၊ မင်းတို့ထဲက တစ်ယောက်ယောက်ကို သေအောင်လုပ်မယ်"

ထိုသို့ ကြိမ်းဝါးပြီးနောက် ရွာမြောက်ပိုင်း ခရားပင်ကုန်းသုသာန်လေးရှိရာဘက်ဆီသို့ လှည့်၍ ပြန်သွားလေတော့သည်။ အိပ်ရာမှ လန့်၍ နိုးလာသော အောင်မောင်းတစ်ယောက် မိမိမြင်မက်ခဲ့သော အိပ်မက်ကို

တွေး၍ ကြောက်နေမိသည်။

"အမေ . . အမေ ထပါဦး"

"ဟဲ့ . . ဘာဖြစ်လို့လဲ၊ ဗိုက်အောင့်ပြန်ပြီလား"

"ဗိုက်အောင့်လို့ မဟုတ်ဘူး အမေ။ အမေ့ကို သားပြောပြစရာ ရှိလို့"

အမေအိပ်ယာမှာ နိုးလာသည်တွင် လွန်ခဲ့သော သုံးလေးရက်ခန့်က မိမိတို့ ဖြစ်ပျက်ခဲ့သော အဖြစ်လေးများကို အစမှအဆုံးတိုင် အမေ့အား ပြောပြလိုက်သည်။

"အိုကွယ် . . . မင်းတို့ကလည်း မလုပ်ကောင်း မလုပ်အပ်တာတွေ လုပ်ခဲ့ကြတယ်၊ ကြည့်စမ်း . . . ကြည့်စမ်း။ လူကြီးတွေ ခုမှ သိရတယ်။ အချိန်မီလို့ တော်သေးတာပေါ့။ တစ်ခုခုဖြစ်ပြီးမှသာ သိရရင် ရင်ကျိုးရပြီ။ မဖြစ်ဘူး။ မနက်လင်းရင်တော့ ရွာကလူကြီးတွေနဲ့ တိုင်ပင်ပြီး တစ်ခုခုလုပ်မှ ဖြစ်တော့မယ်"

မကြာမီ သန်းခေါင်ကြက်တွန်သံတစ်ခုက ရွာကလေးပေါ်သို့ ဖြန့်ကျက်ရင်း ကျရောက်လာတော့သည်။ အရှက်၏အစိတ်အပိုင်းတစ်ခုဆီ ဦးတည်ရင်း နိုးကပ်လာသည်မို့ ညက အေးစိမ့်စိမ့်ချမ်း၍ လာသည်။ အမောကိုယ်စီကို ဘေးချင်း ရွာသူရွာသားအားလုံးကတော့ အိပ်မောကျရင်း တိတ်ဆိတ်လျက်ရှိနေကြသည်။

◆ ◆ ◆

ဒီနေ့ မကျည်းပင်အိုင်ရွာကလေးထိပ်က ခရားပင်ကုန်းသုသာန်လေးမှာ ရွာလူကြီးသုံးလေးယောက်ခန့်နဲ့အတူ ကန်တော့ပွဲလေးတစ်ပွဲကိုပေးပြီး လှခင်တို့အုပ်စု သွားတောင်းပန်ကြတယ်။ ခရားပင်ကုန်း သုသာန်လေးထဲ ရောက်ပြီး ခေတ်ပုံလေးကောက်ယူခဲ့ရာ နေရာလေးမှာ ကန်တော့ပွဲလေးနဲ့ ခေတ်ပုံလေးကိုထားရင်း ဖိုးလေးသာခင်က . . .

"ကဲ . . . ကဲ ပရလောကမှ မတွေ့မမြင်နိုင်တဲ့ ဒီဓာတ်ပုံပိုင်ရှင် မိန်းကလေးကို ကျုပ်တို့ ရွာမိရွာဖလူကြီးများက လေးလေးစားစားနဲ့ တောင်းပန်ပါတယ်။ အမိုက်အမဲကလေးတွေကို ခွင့်လွှတ်ပေးပါ။ မသိနားမလည်လို့ နောက်ပြောင်ကျီစယ်ခဲ့မိတာတွေအားလုံးကိုလည်း ခုချိန်ကစလို့ ကျေကျေနပ်နပ် ခွင့်လွှတ်ပေးပါ။ နောက်နောင်ကိုလည်း ဒီလိုအဖြစ်မျိုးတွေ မဖြစ်စေရပါဘူး။ ကျေနပ်တယ်၊ ခွင့်လွှတ်တယ်ဆိုရင် ကျေနပ်ကြောင်း၊ ခွင့်လွှတ်ကြောင်း သိသိသာသာပြပါ"

ရွာလူကြီး ဦးသာခင် ထိုသို့ပြောလိုက်သည်နှင့် ချက်ချင်းဆိုသလို လေများက တဟူးဟူးအော်မြည်ရင်း သုသာန်လေးထဲရှိ သစ်ပင် သစ်ကိုင်းများ ဘယ်ညာယိမ်းနွဲ့လှုပ်ရှားရင်း (၁)မိနစ် (၂)မိနစ်ခန့် တိုက်ခိုက်သွားကြသည်။

လှခင်တို့လူစုနှင့် ရွာလူကြီးများအားလုံးလည်း မကျွတ်မလွတ်သည့် ပရလောကမှ မိန်းကလေးအား အမျှသုံးကြိမ် ပေးဝေနေကြရင်း မိမိတို့၏ မကျည်းပင်အိုင်ရွာကလေးဆီသို့ ပြန်လာခဲ့ကြတော့သည်။ ထိုနေ့မှစ၍ ညစဉ် ညစဉ် (၁၂)နာရီခန့်တွင် ခွေးနက်ကြီးတစ်ကောင်သည် ခရားပင်ကုန်း သုသာန်လေးဘက်ဆီမှ ရောက်ရောက်လာပြီး မကျည်းပင်အိုင်ရွာကလေးဆီသို့ ထိုးကာဟောင်နေသည်ဟူသော သတင်းစကားလေးများက တစ်စတစ်စ မှိန်ဖျော့လာရင်း တစ်စွန်းတစ်စမျှပင် မကြားရတော့ဘဲ ရှိလေတော့သည်။

◆ ◆ ◆

**ဆုမွန်ဦး** *(ဟသ်ာတ)*

(၂၀၀၇-ခု၊ မတ်လ၊ အတွဲ (၁)၊ အမှတ် (၉) ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း)

# ဆုမွန်စိုး

(ဟာသဝတ္ထု)

ကမ္ဘာ့သယယေဓလ(၃)လုံး



## ကျွဲသယ ဆေး(၃)လုံး

ကြာကြာညောင်းညောင်း ကာလအတော်ကြာကြာအထိ ဝေဝေဝါး ဝါးနိုင်လှသော ဒေါသအဟုန်တို့ဖြင့် ဟုန်းဟုန်းတောက် ရုတ်ချည်းအေးမြ လာကြ၏။ မှတ်မှတ်ရရ ဒီဇင်ဘာ (၂၄)ဆိုသော ရက်လေးတစ်ရက်၊ နှစ်စဉ် ဆောင်းရက်များတွင် ခရီးတစ်ခု(သို့)တစ်ခု သွားလာတတ်သော မိမိ၏ ဇနီးမှ ဦးဆောင်ဦးရွက်ပြုရင်း ဤနှစ်များတွင်တော့ ဒေးစွန်ပါတောင်တော်မြတ်နှင့် ပဲခူးဘုရားစုံ ဖူးရန် ဘီအမ်ကားကြီးတစ်စီးဖြင့် လမ်းသူ၊ လမ်းသား(၅၀)ခန့်တို့ က နံနက်(၆)နာရီခန့်တွင် ရန်ကုန်မှ ထွက်လာခဲ့ကြသည်။

လမ်းခရီးတစ်လျှောက် ဘေးဘီဝဲယာတစ်ခိုတွင် ချုံပုတ်ချုံနွယ် တောတန်းသစ်ပင်များကို တွဲခိုခြုံသိုင်းထားသော နှင်းတွေက တဖွေးဖွေး၊ ရပ်ကွက်သားတချို့နှင့် ရောနှောရင်း ကား၏ နောက်ဆုံးဘက် အလယ်တန်း ခုံတန်းလျားများတွင် ထိုင်ကာလိုက်လာရင်း နံနက်(၉)နာရီ ခန့်တွင်တော့ ပဲခူးရိုးမ၏ တောင်စွယ်တောင်တန်းတစ်ခုဖြစ်သည့် ဒေးစွန်းပါတောင်တော် မြတ်၏ ခြေရင်းဆီသို့ ရောက်ကြ၏။ မိမိတို့ကားပေါ်မှ ဆင်းရန် ပစ္စည်းများ ချနေစဉ်အတွင်း တချို့သော ဘုရားဖူးခရီးသည်များက ဒေးစွန်ပါတောင် ပေါ်သို့ တက်နေနှင့်ကြပြီ။ ဒေးစွန်ပါ တောင်တော်ကြီးသည် သစ်ပင်သစ်ရိပ်

များကြောင့် နံနက်(၉)နာရီဆိုသော်လည်း နှင်းများက နေရာအနှံ့ ဖွေးဖွေး သိုင်းခြုံနေသည်။

တောင်ပေါ်သို့ တက်ရာလမ်းသည် လှေကားစကြီများ ဆောက်ထား၍ တောင်ကြောများတည်နေမှုအလိုက် ကွေ့လိုက်ကောက်လိုက်၊ နိမ့်လိုက်၊ မြင့်လိုက် တည်ဆောက်ထားသည်။ လှေကားစကြီတစ်ဘက် တစ်ချက်တွင် အများအပြားရှိသည်က နတ်ကွန်းနှင့်နတ်နန်း၊ စကြီ တစ်လျှောက်တွင်လည်း ယောဂီဝတ်များစွာကို တွေ့ရှိရသည်။ ဤတောင်တော်စခန်းသည် တရားအားထုတ်ကျင့်ကြံရာ အရိယာနွယ်ဝင်ပုဂ္ဂိုလ်တို့၏ သာသနာ့နယ်မြေ တစ်ခု ဖြစ်သည်။ ကားပေါ်မှ အဆင်း . . .

"အစ်မကြီးတို့မှာ ခေါင်းဆောင်က ဘယ်သူလဲ"

ကားဒရိုင်ဘာရဲ့ မေးသံစကားအဆုံး . . .

"ကျွန်မပဲ . . ."

"ဒါဆို နာရီကို တိုင်ပင်သတ်မှတ်ပေးပါ အစ်မ"

"ကဲ အားလုံး (၁၀း၃၀)နာရီကျရင် ပြန်ထွက်ကြမယ်"

ထို့နောက် မိမိတို့ မိသားစု ညီတော်မောင်ကိုကျော်ဆန်းတို့ ဇနီးမောင်နှံ၊ တူမလေးချောစုတို့ သားအမိစုစုပေါင်း (၈)ယောက်က တောင်တော်မြတ်၏ ခြေရင်းတွင် ဖြန့်ခင်းထားသည့် စကြီလှေကားများကို တရွေ့ရွေ့ တက်လာခဲ့သည်။

"အမေကြီး . . . သားကို ပိုက်ဆံအကြွေတွေပေး၊ သားယောဂီတွေကို အလှူခံထည့်ချင်လို့"ဆို၍ ဇနီးလုပ်သူထံပြေးလာရင်း တောင်းဆိုနေသော သားငယ် ပိုင်ပိုင်အား မိခင်ဖြစ်သူက ရန်ကုန်မှ ယူဆောင်ထည့်သိုလာသည့် တစ်ဆယ်တန်အကြွေများကို ပေးလိုက်သည်။ လမ်းခရီးသည် လှေကားထစ်များ ခင်းထားသော်လည်း တောင်ကြောများအလိုက် ဖောက်ထားသည်ဖြစ်၍ တချို့နေရာများတွင် အလွန်မြင့်မားသော ကုန်းများကို တက်ရသည်။

"အေးလေမောလိုက်တာ ကျိုက်ထီးရိုးများ တက်ရသလိုပဲ"

ဟူသည့် ညီမလှလှရီနဲ့ တူမလေးချောစုတို့နှစ်ယောက်ကို အားပေးရင်း ကျွန်တော်နဲ့ ညီမောင်ကျော်ဆန်းတို့မှ ဦးဆောင်ရင်း တဖြည်းဖြည်း

တက်လာခဲ့ကြသည်။ သားလေးနှစ်ယောက်ဖြစ်သည့် ရဲထက်နဲ့ ပိုင်ပိုင်တို့ နှစ်ယောက်မှာတော့ ကလေးများပီပီ စကြိုတစ်ဘက်တစ်ချက်ကို အလှူခံ ပုဂ္ဂိုလ်များ၊ ယောဂီဝတ်များကို အလုအယက် အလှူငွေများကိုထည့်ရင်း မိမိတို့ရှေ့မှ ပြေး၍တက်သွားကြတော့သည်။

မြွေလိမ်မြွေကောက် ကြောင်လိမ်လှေကားသဖွယ် လမ်းများကို တက် လာရင်း နာရီဝက်သာသာခန့်ကြာတော့ ဒေးစွန်ပါတောင်တော်မြတ်ပေါ်သို့ ရောက်ရှိကြသည်။ ဒေးစွန်ပါဘုရားမှာ တောင်ထွဋ်ထိပ်ဖျားတွင် တည်ထား သော စေတီငယ်တစ်ခုသာ ဖြစ်သည်။ စေတီပတ်ဝန်းကျင်တွင် ဘုန်းကြီး ကျောင်းများ၊ ဓာတ်နန်းများစွာကို တွေ့ရသည်။ လက်သမားတချို့ ဘုရား စောင်းတန်းများကို ပြင်ဆင်ပြုလုပ် တည်ဆောက်နေသည်ကိုလည်း တွေ့ရ သည်။ ဘုရားကိုတစ်ပတ်ပတ်ရင်း မိမိတို့၏ဘုရားဖူးခရီးသည်များကို ရှာဖွေ မိ၏၊ တစ်ဦးတစ်ယောက်မျှပင် အစအနမတွေ့ရ။

နေလုံးသည် ပိန်းပိတ်နေသော နှင်းများကြားက အတင်းခွဲ၍ တက် လာသည်။ နုထွေးသောနေခြည်စများက ဘုရားပရဝုဏ်ပေါ်သို့ ဖြာဆင်းကျ ရောက်လာသည်၊ ဘုရားကုန်းတော်ပေါ်မှ အနောက်ဘက်သို့ ကြည့်လိုက် သည့်အခါ ခပ်ဖျဖျတောင်ကုန်းငယ်တစ်ခုပေါ်တွင် ကျောင်းသင်္ခမ်းတစ်ခုနှင့် ဘုရားတစ်ဆူကို တွေ့ရသည်။ ဘုရားဖူးတချို့ကို မေးမြန်းကြည့်သည်တွင် ကျိုက်စွန်ပါဘုရားတစ်ဆူကို တွေ့ရပြန်သည်။ နွားဇော့တောင်ဘုရားဟူ၍ သိရသည်။ လက်တွင် ပုတီးလေးကိုင်၍ သွားလာနေသော ယောဂီတစ်ပါး အား . . .

“ဆရာလေး ရန်ကုန်က ဘုရားဖူးတွေ မတွေ့မိဘူးလား၊ ဘယ်ဘက် ကို ဆင်းသွားတာမြင်လိုက်ပါသလဲ ခင်ဗျာ”ဟု မေးမြန်းရာ

“မမြင်လိုက်ဘူး . . .”

ဟူသည့် မရေမရာ အဖြေတစ်စကိုသာ ရလိုက်သည်။ နွားဇော့ တောင် ဟူသော အိုးစည်ဗုံမောင်းဆိုင်းသံများကို ကြားနေရသည်။ သားဖြစ်သူ ပိုင်ပိုင်မှ . . .

. “ဖေဖေကြီး နွားဇော့တောင်ကိုသွားမယ်၊ ဆိုင်းသံဗုံသံတွေလည်း

ကြားတယ်၊ သွားကြည့်ရအောင်၊ သို့သော်လည်း ဇနီးလုပ်သူမှ ဒေးစွန်ပါ တောင်တော်မြတ်၏ အနောက်စူးစူးမှ ဘုရားဆီသို့သာ လက်ညိုးညွှန်ပြ နေရင်း . . .

"လာပါ . . . တစ်ခါတလေလာတာ ဟိုက ကျိုက်စွန်ပါဆိုတဲ့ ဘုရား ဆီကိုပဲ သွားကြရအောင်ဟု ပြောပြောဆိုဆို ရှေ့မှဦးဆောင်ရင်း သားငယ် အားလက်ဆွဲ၍ ဘုရားကုန်းတော်ပေါ်မှ ဆင်းသွားသော ဇနီးသည်၏နောက် သို့ ကျွန်တော့်သားကြီး ရဲထက်၊ ညီ မောင်ကျော်ဆန်းတို့ ဇနီးမောင်နှံ၊ တူမလေး ချောစုတို့သားအမိ အပြေးလိုက်ရင်း ဆင်းလာခဲ့ကြသည်။

◆ ◆ ◆

လက်မှနာရီကို ကြည့်တော့ နံနက်(၁၀)နာရီရှိပြီး နာရီဝက်သာသာ အချိန်လေးနှင့် ဤတောင်ထိပ်ရှိဘုရားသို့ ရောက်နိုင်ပါ့မလားဟူသော အတွေးဖြင့် ခပ်ဖြည်းဖြည်းဆင်းလာခဲ့သည်။ တောလမ်းများသည် လူအသွား အလာနည်းပါးခြင်းကြောင့် ကောင်းကောင်းမွန်မွန်ဟူ၍ သိပ်မရှိလှ။ လမ်း များကို မှတ်သားထားသည့် အမှတ်အသားအဖြစ် ဝါးရုံသစ်ပင်များတွင် ချည် နှောင်ထားသော သာသနာ့အလံလေးတချို့ကို တွေ့ရသည်။

တောလမ်းများ၏ တစ်ဘက်တစ်ချက်မှ လျှိုကြီးများမှာ ကြောက် မက်ဖွယ်လီလီ နက်ရှိုင်းနေသည်။ ချုံနွယ်ပိတ်ပေါင်းများ ဝါးရုံများက နေ ပြောက်ထိုး၍ပင် မရနိုင်အောင် ထူထပ်နေသည်။ ဘုရားဖူးဧည့်သည်များ ထဲမှ တစ်ယောက်ဖြစ်သည့် ကိုအုန်းသိန်းဆိုသူမှာ သားဖြစ်သူအား ရှာဖွေ ရင်း မိမိတို့အုပ်စုနှင့် ပါလာသည်၊ ကိုအုန်းသိန်းမှာ ရဲထက်၊ ပိုင်ပိုင်တို့နှင့် ရှေ့မှခပ်သွက်သွက်သွားကြရင်း အတန်ကြာတော့ လူစလူနပင် မတွေ့ရ တော့။ တောလမ်းသည် မြင့်သွားသော တောင်ကုန်းများကို မှော့၍တက်နေ ရာမှ အတန်ငယ်ပြေ၍သွားရင်း လျှိုကြီးများထဲသို့ ခဲရာခဲဆစ်တက်ရပြန် သည်၊ အဆင်းလှေကားထစ်များ၊ အတက်လှေကားထစ်များကိုလျော၍ ခြေချော်မကျစေရန် ကတုတ်သဖွယ် တုတ်ခံ၍ဝါးများဖြင့် ပြုလုပ်ထားသည်၊

"ဟေး . . . တို့တော့ လာမိတာမှားပြီထင်တယ်"

ဇနီးလုပ်သူမှ ညည်းလိုက်သည်။ ထို့နောက် တောတန်းတစ်ခု အထက်တွင် တစ်ထောက်နားကြသည်။ ထိုအခိုက် ကျိုက်စွန်ပါဘုရားမှ ပြန်လာသော ဘုရားဖူးဧည့်သည် (၃)(၄)ဦးနှင့် တွေ့ဆုံသည်။ တူမလေး ချောစုမှ . . . .

"ရောက်ဖို့နီးပြီလား၊ ဘယ်လောက်လိုသေးလဲ"ဟူသော စကားကို အမေး လူကြီး(၂)ဦးမှ . . .

"ရောက်တော့မယ် နီးနီးလေးပဲလို့တော့တယ် . . တက် . . . တက်"

ဟု ပြောဆိုသွားသော်လည်း ထိုသူများနှင့်ပါလာသည့် မိန်းကလေး တစ်ဦးကတော့ "အဝေးကြီးရှိသေးတယ်၊ တောင်(၃)(၄)ခုကိုတောင် တက်ရဦးမှာ"ဟု ဆိုသည်။

မိမိတို့အားလုံး မောပန်းနွမ်းဟိုက်ကာ နေကြသည်။ ရောက်လု ရောက်လုနှင့် တက်လာခဲ့သော်လည်း ခရီးက မနီးသေး၊ ဝေးမြဲဝေးလျက် မိမိမှ ဇနီးလက်ကိုဆွဲ၍ တောင်ကြောတစ်ခုပေါ်သို့ တက်ရင်း . . .

"အဲဒါ မင်းရှည်တာ၊ ဟိုခပ်နီးနီးက မြင်ရတဲ့ နွားဇွေ့တောင်ကိုပဲ သွားပါဆိုတာကို ပြောမရဘူး၊ ဒီတောင်ဘက်ကို ဆင်းလာတယ်"

"ကျုပ်လည်း ဘယ်သိပါ့မလဲတော်၊ နီးမယ်ထင်လို့လာခဲ့တာပေါ့"

အချီးအကွေ့ လမ်းကလေးများကို ရောက်တိုင်းပင့်သက်ကို ရှိုက်ရင်း အမောဖြေမိ၏။ တူမလေးချောစုကတော့ တောင်ကုန်းလေးအထက် သစ်ပင်ရိပ်တွင် ခြေပစ်လက်ပစ်ထိုင်ရင်း အတန်ကြာတဲ့အထိ အမောဖြေလျက်ရှိနေတော့၏။ ထိုအခိုက် . . .

မိမိတို့ထိုင်၍ နားနေသည့် လျှိုထဲရှိ စမ်းချောင်းကလေးဘေးမှ မြောင်၍ ထွက်လာသော အသက်(၆၀)အရွယ်ခန့်ရှိသည့် အဘိုးကြီးတစ်ဦးကို တွေ့ရသည်။ အဘိုးကြီးတွင် သစ်ကိုင်း၊ သစ်ခြောက်များကို နွယ်များဖြင့်ချည်၍ ထမ်းလာသည်။ ကျောတွင်လည်း ဝါးကျည်တောက်ရေဗူးကြီးတစ်လုံးကို လွယ်ပိုး၍ ထားသည်။

မိမိမှစတင်၍ . . .

"အဘ . . . အဘ ကျိုက်စွန်ပါဘုရားကိုရောက်ဖို့ တော်တော်လို သေးလား"ဟု၍ မေးလိုက်သည်။

"မလိုတော့ပါဘူး၊ ရောက်တော့မှာပါကွဲ့။ ဒါနဲ့ သားတို့က ကျိုက်စွန် ပါ ဘုရားဖူးဖို့ လာကြတာလား"

"ဟုတ်ပါတယ် အဘ . . . ဒေးစွန်ပါတောင်တောင်မြတ်ကြီးကိုဖူး ရင်း ဒီဘက်မှာရှိတဲ့ ကျိုက်စွန်ပါဘုရားကို ဖူးချင်လို့ ဆင်းလာခဲ့တာပါ"

"အင်း . . . မင်းတို့ တော်တော်မောနေကြပြီပဲ . . ."

မိမိတို့နားနေသည့် တောင်ကုန်းလေးနားတွင် ထမ်းလာသောထင်း ခြောက်များကို ချလိုက်ပြီး ခါးတွင် လွယ်ပိုးထားသော ရေဗူးဝါးကျည်တောက် ကြီးကို ဖြုတ်ကာ . . .

"ကဲ ရော့ . . . ရော့၊ ဒီဆေးလေး (၁)လုံးကို ရေနဲ့သောက်လိုက် သောက်လိုက် အမောပြေသွားမယ်"

ပြိုင်တူဖြန့်လိုက်ကြသော မိမိတို့၏လက်များထဲကိုတော့ ညိုညစ်ညစ် စေတီသဏ္ဌာန် ထိပ်ချွန်ချွန် ဆေးလုံးလေး (၃)လုံးကို ထည့်ပေးလိုက်သည်။

"ကျန်တဲ့နှစ်လုံးကို အိမ်ရောက်ရင် ပုလင်းလေး (၁)လုံးမှာထည့်၊ ရေနဲ့ရောပြီး သတ္တဝါအပေါင်းကို ဆေးဝါးအဖြစ်နဲ့လှူ၊ ကျန်တဲ့ (နောက်) တစ်လုံးကိုတော့ စီးပွားရေးလုပ်ငန်းကိုင်ငန်း အရောင်းအဝယ်ကိစ္စတွေ အတွက် အသုံးပြု ကြားလား"

"ဟုတ် ဟုတ်ကဲ့ပါအဘ . . ."

အဘိုးအိုပေးသော ဆေးလုံး (၃)လုံးအနက် (၁)လုံးဆီကို ရေဗူးဝါး ကျည်တောက်ကြီးထဲမှ ရေများနှင့် ကိုယ်စီသောက်လိုက်ကြသည်။ အံ့ဩထူး ခြားစွာ ညောင်းညာနေသော အညောင်းအညာများက ယူပစ်လိုက်သလို ပျောက်သွားပြီး၊ မောပန်းနေသောအမောများက ဘယ်မှာ ဘယ်ဆီ ပျောက် သွားကြသည်မသိ။ လန်းလန်းဆန်းဆန်းဖြစ်၍ သွားတော့သည်။

ထို့နောက် အဘိုးအိုမှ . . .

"ငါ့သားတို့က စိတ်အားထက်ထက်သန်သန်နဲ့ ဒီဘုရားကို ဖူးချင်နေ တာကိုးကွ၊ ဒီဘုရားက တောင် (၃)ခုကိုကျော်ပြီးမှ ရောက်တယ်။ ခရီးကြမ်း

တယ်။ ဒါကြောင့် ဘုရားဖူးအတော်များများက မလာမသွားကြဘူး။ ထူးထူးချွန်ချွန်လာတဲ့ ဘုရားဖူးတချို့တလေတော့ ရှိပါရဲ့၊ ဒါပေမယ့် ဇွဲမရှိဘူး။ ဒီနေရာ တစ်ဝိုက်ကပဲ လှည့်ပြန်သွားကြတာများတယ်"

"ဒါနဲ့ သားတို့၊ သမီးတို့က ဘယ်အရပ်က လာကြတာလဲကွဲ့"

"ကျွန်တော်တို့ ရန်ကုန်က လာကြတာပါ အဘ"

အဘိုးအိုကိုကြည့်တော့ မုတ်ဆိတ်ကျင်စွယ်တချို့က သုတ်သင်ထားမှုမရှိ၊ ညိုဖျော့ဖျော့အသားရောင်ပေါ်တွင် ရှုပ်ရှုပ်ထွေးထွေး ရှိနေကြ၏။ ကိုယ်ခန္ဓာပေါ်တွင် အင်္ကျီမရှိ၊ ခါးအောက်ပိုင်းတွင်တော့ ညိုညစ်ညစ် ပုဆိုးတစ်ထည်ကို ဝတ်ထားသည်။ အတန်ကြာတော့ တောင်ကြောများပေါ်သို့ အုံ့ဆိုင်းနေသော သစ်ပင်များဆီ အကြည့်တစ်စုံကို ကြည့်လိုက်ပြီးမှ . . .

"ကဲ . . . ကဲ သွားကြ၊ သွားကြ၊ ရောက်ပါပြီ။ နေလည်းမြင့်သွားပြီ။ အင်း . . ခုလောက်ဆို အမောတွေ ပြေသွားကြရောပေါ့"

"ဟုတ်ကဲ့ . . ကျေးဇူးပါပဲအဘ၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

"အေးအေး . . ကောင်းပါပြီကွယ်"

မိမိတို့တောလမ်းကလေးကို ဆက်ရန် ခြေလှမ်းစမိတော့ ထိုအဘိုးအိုသည် ထင်းခြောက်ကလေးများကိုထမ်းကာ လျှိုတစ်ခု၏လမ်းကလေးအတိုင်း ဝင်ရင်း လျှောက်၍သွားတော့သည်။

◆ ◆ ◆

ခပ်ပြေပြေတောင်ကုန်းလေးတစ်ခုကို ကျော်လိုက်တော့ ကျောင်းသခ်မ်းဝေးတစ်ခုကို ဘွားခနဲတွေ့လိုက်ရသည်။ တောင်ထိပ်တွင်တည်ထားသော စေတီမှာ ရွှေရောင်များ တဖိတ်ဖိတ်လက်လာရင်း ဆည်းလည်းသံလွင်မြမြကိုပင် ကြားနေရသည်။

"ရောက်ပြီဟေ့ . . . ရောက်ပြီ"

ဟု ရှေ့မှသွားနေသော မောင်ကျော်ဆန်းမှ ဝမ်းသာအားရ အော်လိုက်သည်။

"ရောက်ပြီလားဟေ့ . . ."

အမေးတစ်ခုကို ထပ်ဆင့်ရင်း မိမိတို့တစ်သိုက် ခြေလှမ်းများကို ခပ်သွက်သွက်နှင်လိုက်သည်။

တောင်ထွဋ်သည် ထင်ထားသည်ထက် မတ်စောက်နေသည်။ တောင်ထိပ်ဘုရားပေါ် သို့တက်ရန် လှေကားထစ်များကိုတော့ ကျောက်သားတို့ဖြင့် သေသပ်ကျနစွာ တည်ဆောက်ထားသည်။ ထိုအခိုက် ကျိုက်စွန်ပါဘုရားပေါ်မှ သားနှစ်ယောက်နှင့် ရှေ့မှဦးဆောင်သွားနှင့်နေသော ကိုအုန်းသိန်း ဆင်းလာသည်။

"ဝေးလိုက်တာအစ်မရာ၊ ဟို ဘုရားဖူးအဖွဲ့တွေ ဘယ်တက်နိုင်မှာလဲ။ ကျွန်တော်တို့တောင် မနည်းတက်ရတာ"

"ဟဲ့ . . . ငါတို့လည်း မနည်းတက်ခဲ့ရတာ၊ မောလို့လမ်းမှာ နားနားပြီး နေရသေးတယ်။ ဪ . . . ဒါနဲ့ နင်တောထဲမှာ အဘိုးကြီး တစ်ယောက်နဲ့မဆုံခဲ့ဘူးလား"

"ဟင့်အင်း . . . မဆုံဘူး။ ဘုရားကပြန်လာတဲ့ ဘုရားဖူးခရီးသည် တစ်ဦးစနှစ်ဦးစနဲ့တော့ တွေ့တယ်။ ဘာပြုလို့လဲ အစ်မ"

ကိုအုန်းသိန်းမှ အမေး . . .

"ငါတို့မောလို့ ထိုင်နားနေရင်း တောထဲမှာ အဘိုးအိုတစ်ဦးနဲ့ ဆုံတယ်။ ဆေးလေး (၃)လုံးကို ပေးတယ်။ (၁)လုံးကို သောက်လိုက်တဲ့ အမောပြေသွားမတဲ့။ ငါတို့လည်း သူပေးတဲ့ဆေးသောက်ပြီး အမောပြေသွားလို့ ဆက်ပြီး တက်လာခဲ့တာ"

"ကျွန်တော်တော့ ဘာအဘိုးအိုမှ မဆုံတွေ့ခဲ့ပါဘူး"

ထို့နောက် မိမိတို့စကားပြောနေရာသို့ ကပ္ပိယတစ်ဦးမှ ရောက်လာရင်း . . .

"ဒါယကာ၊ ဒါယိကာမကြီးတွေ ဘုရားပေါ်တက်၊ အပေါ်မှာ ဆရာတော်ကြီးရှိတယ်။ ဆရာတော်ကြီးက ဖူးရခဲ့တယ်"

ဟု ဆိုကာလာသဖြင့် မိမိတို့အုပ်စု ဘုရားပေါ်သို့ တက်လာခဲ့ကြသည်၊ ဘုရားပရဝုဏ်သည် မကျယ်လှ။ ကျောင်းသင်္ခမ်းလေးထဲ ဝင်လိုက်

တော့ သီတင်းသုံးနေသော ဆရာတော်ကြီးတစ်ပါးကိုတွေ့ရသည်။ ဆရာတော်ကြီးရှေ့သို့ တိုး၍ထိုင်ကာ ဝတ်ပြုရင်း ကန်တော့လိုက်သည်။ ထို့နောက် ငုံ့ထားသောမျက်နှာကို ပြန်၍မတ်ရင်းကြည့်လိုက်သည်တွင် မိမိ၏ ကျောရိုးတစ်လျှောက်မှ ကြက်သီးမွေးညှင်းများ တဖြန်းဖြန်းထ၍ သွားတော့သည်ဟု ထင်လိုက်ရသည်။ ထို့နောက် မိမိဘေးတွင် ဝတ်ချနေသော ဇနီးသည်၏ဘက်သို့ လှည့်၍ကြည့်မိသည်။ အကြောင်းမှာ ဆရာတော်ကြီး၏မျက်နှာသည် မိမိတို့ ဒေးစွန်ပါတောကြီးထဲတွင် တွေ့ကြုံဆုံစည်းခဲ့သော အဘိုးအို၏ မျက်နှာနှင့် တစ်ထပ်တည်းဖြစ်နေသောကြောင့်ပင်။ ဆရာတော်ကြီးကိုတစ်လှည့်၊ ဇနီးသည်ကိုတစ်လှည့် အံ့ဩမှုများစွာဖြင့် အပြန်ပြန် အလှန်လှန်ကြည့်နေမိသည်။ မိမိအဖြစ်ကို ရိပ်စားမိဟန်တူသော ဆရာတော်ကြီးမှ . . .

"ဒကာကြီး ဘာတွေ တအံ့တဩဖြစ်နေတာလဲ . . . ရန်ကုန်က လာကြတာထင်တယ်"ဟု မိန့်လိုက်၏။

"မှန်ပါ့ဘုရား"

"အေး . . အေး၊ သာဓုကွယ် သာဓု။ ဒီနေရာက ဝေးလွန်းတော့ ဘုရားဖူးတွေ သိပ်မလာကြဘူး။ ဘုရားဂုဏ်ကျေးဇူး၊ တရားဂုဏ်ကျေးဇူးတွေနဲ့ မကြာခင် အမောပြေသွားပါလိမ့်မယ် . . ဟောဟိုရေအိုးထဲက ရေတစ်ခွက်စီကိုခပ်ပြီး သောက်လိုက် သောက်လိုက် . . . "

ဆရာတော်စကားဆုံးတော့ ဆရာတော်လက်ညှိုးညွှန်ပြနေသော ရေအိုးတစ်လုံးထဲမှ ရေများကို ခပ်၍သောက်လိုက်ကြ၏။

"ဒါနဲ့ ထမင်းရော စားပြီးကြပြီလား"

"မစားရသေးပါဘူး ဘုရား၊ တပည့်တော်တို့ ပဲခူးဘုရားဘက် ဆက်ရမှာမို့ ပဲခူးကျမှပဲ စားပါ့မယ်ဘုရား"

"အချိန်ရရင် စားသွားကြပါလား။ ဆရာတော်က ဘုရားဖူးလာတဲ့ ခုနစ်ရက်သားသမီးတွေကို အသက်သတ်လွတ် ထမင်းဒါန အလှူလုပ်နေတာ။ ကဲ . . ကဲ ရောက်တုန်းရောက်ခိုက် ဟိုဘက်မှာရှိတဲ့ မယ်တော်ဂူကို သွားကြည့်ကြဦး။ ထွန်းဆောင်၊ ဖိုးခင်၊ အေးမ တို့ ဘယ်ရောက်နေကြလဲဟေ့ . . . လာကြစမ်း၊ ဘုရားဖူး၊ ဒကာ၊ ဒကာမတွေကို ဟိုမယ်တော်ဂူကို လိုက်ပြလိုက်

"မှန်ပါ့ဘုရား"

ထို့နောက် လူရွယ်တစ်ဦးမှ ဦးဆောင်၍ မယ်တော်ဂူသို့ လိုက်ပြသည်။

"ဒါ ဒေးစွန်ပါ တောင်တော်မြတ်က မယ်တော်ရဲ့ဂူပဲ"

ဂူသည် မကြီးလှ၊ လှေကားထစ်များအတိုင်း ဆင်းသွားတော့၊ ဘုရားဆင်းတုတော်တစ်ဆူနှင့်အတူ မယ်တော်၏ခေတ်နန်းကို တွေ့ရသည်။ ဆရာတော်ကြီး ညစဉ် မှတင်တရားကျင့်ကြံရာ သစ်သားခေါင်းကြီးတစ်လုံးကိုလည်း တွေ့ရသည်။ ထိုခေါင်းကြီးအတွင်းသို့ အလှူငွေများထည့်ကြရင်း ဆရာတော်ကို ဝတ်ဖြည့်ကန်တော့ကာ မိမိတို့ပြန်အလာကို စောင့်မျှော်နေကြမည့် ဒေးစွန်ပါတောင်မှ ဘုရားဖူးခရီးသည်များဆီသို့ ပြန်လာကြသည်။

◆ ◆ ◆

မိမိတို့လူစု ကားများရပ်နားခဲ့သည့် ဒေးစွန်ပါတောင်တော်မြတ်ခြေရင်းသို့ ပြန်လည်ရောက်ရှိသည့်အခါတွင် နံနက် (၁၂)နာရီခန့် ရှိပြီ။ (၁၀း၃၀)နာရီတွင် ပြန်လည်ထွက်မည်ဟု ဘုရားဖူးခရီးသည်များကို မှာကြားခဲ့သော မိမိတို့မှာ အချိန်(၁း၃၀)နာရီမျှ နောက်ကျပြီးမှ ပြန်လည်ရောက်ရှိခဲ့သည်။ ကားပေါ်ရှိ လူများစုမှာ မိမိတို့ကို စောင့်ရင်း အချို့မှာ အိပ်ငိုက်နေကြသည်။ ထိုမှ ရွှေမော်ဓောဘုရားသို့ဝင်၍ ရွှေသာလျောင်းဘုရားတွင် နံနက်စာစားကြရန် ထွက်လာခဲ့ကြသည်။

ရွှေသာလျောင်းဘုရားသို့ ရောက်ရှိချိန်တွင် ဘုရားပရဝုဏ်အတွင်းသို့ ဝင်၍မရ၊ ထိုရက်က ဘုရားပွဲကျင်းပပြုလုပ်နေသောရက်နှင့် ကြုံသည်။ ဘုရားဘေး ကားလမ်းတွင် ကပ်၍ရပ်ရင်း ထမင်းချိုင့်ကိုယ်စီဆွဲကာ ဘုရားရင်ပြင်တော်ပေါ်သို့ တက်ခဲ့သည်။

အသီးသီး အိမ်ကချက်၍လာခဲ့သော ဟင်းတွေက များသည်၊ အများအားဖြင့် တူညီသည်မှာ ချဉ်ပေါင်ရွက်ကြော်များဖြစ်၏။ သာသနာနယ်မြေများသို့ ဘုရားဖူးမည့်ခရီးစဉ်ဖြစ်၍ တတ်နိုင်သမျှ အသားဟင်းများကို

မချက်ပြုတ်ရန် မှာထားခြင်းဖြစ်ကြောင့်ဖြစ်သည်။ ဘုရားရင်ပြင်တော်ပေါ်တွင် ယူဆောင်လာသော အခင်းများကိုခင်း၍ ထမင်းဝိုင်းကြီးများကို ဖွဲ့ကြသည်။ မိမိတို့ မိသားစုနှင့်အတူ တစ်ဝိုင်းတည်းလာ၍ စားသူများက မိမိတို့လမ်းသားများဖြစ်သည်။ လူပျိုကြီးကိုမြင့်ဦးနှင့် လူပျိုကြီးကိုအေးသန်းတို့ဖြစ်ကြသည်။ ထမင်းများကို စားရင်း . . .

"ကျွန်တော်တို့ဗျာ၊ လူပေါင်းမှားတာပဲ။ မမသန်းခေါ်လို့ ကျိုက်စွန်ပါဆင်းသွားတယ်။ ရောက်လုရောက်လုနဲ့ မနည်းကို တက်ခဲ့ရတယ်။ အသွားအပြန်ဆိုရင် (၁)နာရီခွဲသာသာလောက် ကြာတယ်"

ညီတော်မောင်ကိုကျော်ဆန်း စကားစတော့ မိမိမှ ကြားဝင်၍

"အင်း . . . မောလိုက်တာလည်း လွန်ရော။ ဒီကြားထဲ တူမလေးရဲ့သား ဖိုးပြည့်ဆိုတဲ့ကောင်လေး တောင်ကိုတက်ကတည်းက တစ်စက်ကလေးမှ ချလို့မရဘူး။ တစ်ချိန်လုံး ပခုံးပေါ်မှာထမ်းလိုက်၊ ခါးတစ်ခွင်လိုက်နဲ့ ပြန်ရောက်တဲ့အထိပဲ"

"အင်း . . . တောထဲမှာတွေ့ခဲ့ရတဲ့ အဘိုးအိုတစ်ယောက်ရဲ့ အမောပြေဆေးကြောင့်သာ နို့မဟုတ်ရင်အခက်၊ မိမိစကားဆုံးတော့ ဇနီးသည်မှ"

"ဒါနဲ့ ရှင်ကျန်တဲ့ဆေးနှစ်လုံးရော"

"ဒီမှာရှိတယ်လေ . . ."

အကျီအိတ်ကလေးထဲ ထည့်၍ယူလာသော လက်ညှိုးဖျားသာသာစေတီသဏ္ဍာန်ဆေးလုံးလေး (၂)လုံးကို ထုတ်၍ပြလိုက်၏။

"ဟော . . အစ်ကို ပြစမ်း . . ပြစမ်း။ ကျွန်တော်လည်း အစ်ကို့လိုဆေးလုံးလေး (၃)လုံး ရလာတယ်၊ ဒါပေမယ့် ရတဲ့နေရာချင်းတော့မတူဘူး။ ကျွန်တော်ရခဲ့တာက ဟိုအရှေ့ဘက်က နွားဝှေ့တောင်မှာ"

လူပျိုကြီးကိုအေးသန်း ထုတ်ပြသော ဆေးလုံးလေးကိုကြည့်တော့ မိမိတို့ရခဲ့သော ဆေးလုံးများနှင့် တရွယ်တစားတည်း . . .။

"ဒါနဲ့ နေပါဦး . . ကိုအေးသန်း ခင်ဗျားက ဘယ်လိုရခဲ့တာလဲ ပြောပါဦး"

"အင်း . . . ကျွန်တော်ရခဲ့တာကတော့ ကျွန်တော်လည်း ဘုရားလူ

တွေနဲ့ ကွဲသွားပြီး အစ်မနဲ့ တူလေးတွေကို လိုက်ရှာရင်းက ဒေးစွန်ပါတောင် အရှေ့ဘက်က နွားဝှေ့တောင်ကို ရောက်သွားတယ်။ ဘုရားတစ်ဝိုက်က လှိုမြောင်တွေ တက်လိုက်ဆင်းလိုက်နဲ့ ရှာရင်းမောလို့ သစ်ပင်ရိပ်လေးတစ်ခု မှာနားနေတယ်။ အဲဒီအခါမှာ ရသေ့ကြီးတစ်ပါးက တစ်ဘက်တောင်ကြော ထဲတွင် ထွက်လာရင်း ကျွန်တော့်ကိုတွေ့တော့ . . . ”

“ငါ့သား မိသားစုတွေပျောက်နေလို့ လိုက်ရှာနေတာ မဟုတ်လား။ သူတို့တောင်ခြေကို ဆင်းသွားကြပြီကွဲ့။ မင်းကြည့်ရတာလည်း မောလို့ပန်းလို့၊ ရော့ . . . ရော့ . . ဒီဆေးလုံးလေးကို သောက်လိုက် သောက်လိုက်၊ ကျန်တဲ့ နှစ်လုံးကိုတော့ တစ်လုံးကို စီးပွားရေးလုပ်ငန်းကိုင်ငန်းတွေ အဆင်ပြေဖို့ အဆောင်အဖြစ်သုံး၊ တစ်လုံးကိုတော့ ရေစိမ် သတ္တဝါမှန်သမျှကိုတိုက်၊ အဘ ပြောတာ ကြားလား။ အဲသလိုပြောပြီး ပေးသွားခဲ့တာ အစ်ကိုရ . . . ”

လူပျိုကြီးစကားဆုံးတော့ စကားထဲတွင် နစ်မျောနေသော မိမိမှ. . .

“ဪ . . . ဒီဆေးလုံးလေးတွေ ရခဲ့ပုံကတော့ တကယ့်ကို ဆန်း နေပြီ။ ပြီးတော့လည်း ဒီဆေးကို သောက်လိုက်တာနဲ့ အမောတွေက ချက်ချင်း ယူပစ်လိုက်သလို လန်းဆန်းသွားတယ်”

ထို့နောက်တွင်တော့ ဇနီးသည်က ထမင်းဝိုင်းသိမ်းကာ ကလေးတစ် သိုက်နှင့် ဘုရားဖူးတန်ဆောင်းများရှိ လက်ဆောင်ပစ္စည်းများဝယ်ရန် သား နှစ်ယောက်နှင့် ထွက်ခွာသွားတော့သည်။

◆ ◆ ◆

ပဲခူးဘုရား (၅)ဆူခန့်ကိုဖူးမိတော့ နီစွေးနေသောနေလုံးသည် ညိုပုပ်ပုပ်အရောင်တစ်ခုနှင့် တောရိပ်တောင်ရိပ်တို့ပေါ်သို့ မေးတင်လျက် ရှိနေသည်။

“ကဲ . . အစ်မကြီးတို့ အချိန်ရရင် ပဲခူးဘုရားအားလုံးကို ကျွန်တော် လိုက်ပို့ချင်ပါတယ်။ ဒါပေမယ့် အခုတော့ အချိန်ကနည်းသွားပြီ အနည်းဆုံး ဆိုရင်တောင် ရန်ကုန်ကို (၂)နာရီကျော်ကျော်လောက် မောင်းရဦးမှာ”

"ရပါပြီကွယ်။ ဒီလောက် အစ်မတို့ ဘုရားဖူးတွေကို စိတ်ရှည် လက်ရှည်ပို့ပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ"

အပြန်ခရီးလမ်းတွင်တော့ ဘုရားဖူးကားက ပိုကြပ်နေသည်။ ပဲခူးမြို့ထွက် ငါးခြောက်၊ ဗူးသီး၊ ခရမ်းသီး၊ ကြက်ဟင်းခါးသီးတွေ လူတိုင်းကိုယ်စီဝယ်ကြသည်။ ဖျဝ်မနဲ နေ့စဉ်ကုန်ဈေးကြီးသည့် ဈေးကားများကို သတိရမိသည်။ အမှောင်ထုသည် တစ်စစနှင့် မိမိတို့ထံပါးသို့ ချဉ်းနင်းခိုဝင်လာ၏။ ကျွန်တော်၊ ကိုအေးသန်း၊ ကိုမြင့်ဦးတို့တစ်သိုက် ကား၏နောက်ဘက်ပိုင်းတွင် စု၍ နေရာယူလျက် လိုက်ပါလာကြ၏။ အိတ်ကပ်လေးထဲထည့်ထားသည့် ဒေးစွန်ပါတောင်တော်မြတ်မှ ရသေ့ကြီးပေးလိုက်သော ဆေးလုံးလေး (၂)လုံးကို ထုတ်၍ကြည့်လိုက်၊ ပြန်၍ထည့်လိုက်နှင့် ထိုက်မှရသည်ဟူသော စကားကို အမှတ်ရမိ၏။ မိမိတို့ဘုရားဖူး (၅၀)ခန့်တွင် ထိုဆေးလုံးလေးရခဲ့သူမှာ ထူးထူးခြားခြား မိမိ၊ လူပျိုကြီး ကိုအေးသန်းနှင့် ညီမဖြစ်သူ မလှလှရီ စသော (၃)ဦးသာရှိသည်။ ရသေ့ကြီးပေးသော ဣစ္ဆာသယဆေးလုံးလေးများမှာ တကယ် စွမ်း၊ မစွမ်းတော့မသိ၊ ရရှိခဲ့ကြသောသူများ၏ နှလုံးသားများတွင်တော့ ကိုယ်စီကိုယ်စီ ပိတိများစွာဖြင့် . . .။

◆ ◆ ◆

**ဆုမွန်ဦး** *(ဟသ်ာတ)*

(၂၀၀၇-ခု၊ ဩဂုတ်လ၊ အတွဲ (၂)၊ အမှတ် (၂) ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း)



## မရဏာစုန်းသံ

‘ကိစ္စများမြောင် လူတို့ဘောင်’ ဆိုသည့် စကားအတိုင်း လူဆိုသည်က များမြောင်လှစွာသော ဘဝ၏အကြောင်းတရားတို့ဖြင့် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်ဆက်နွယ်နေရင်း နေ့စဉ်လှုပ်ရှားသွားလာ ရုန်းကန်နေကြသည်။ နေထွက်မှ နေဝင်၊ နေဝင်မှ မိုးသောက် ယန္တရားတစ်ခုကဲ့သို့ ကျင်လည်နေကြရင်း၊ မထင်မှတ်ဘဲ သေခြင်းတရားတည်းဟူသော မရဏာခရီးနှင့် ပက်ပင်းကြုံတွေ့ရသူတွေလည်းရှိ၏။ ထို့ကြောင့် မရဏာဟူသည့် သေခြင်းတရားတစ်ခုသည် လူတစ်ယောက်၏ဘဝနှင့် မည်သို့မည်ပုံ ဆက်သွယ်နေခဲ့ကြောင်း၊ ကျွန်တော် စဉ်းစားကြည့်မိသည်။ ထို့ပြင် မရဏာခရီးတစ်ခုသည် ဂမ္ဘီရဆန်ဆန် အဖြစ်အပျက်များနှင့် ဆန်းဆန်းပြားပြားတည်ရှိနေပုံကို မကြာမြင့်မီရက်ပိုင်းလေးများမှပင် သေခြင်းတရားနှင့် ကြုံတွေ့ရင်ဆိုင်သွားခဲ့ရသူ ကျွန်တော်၏ ညီလေးတစ်ယောက်တမျှ ရင်းနှီးသည့် မောင်ထွန်းကျော်၏ အဖြစ်အပျက်လေးများကို စာဖတ်သူများ သိစေနိုင်ရန် ဝတ္ထုတစ်ပုဒ်ဆန်ဆန် တင်ဆက်ရေးသား လိုက်ရပေသည်။

◆ ◆ ◆

မိုးမခ စာပေ

ရန်ကုန်မြို့ပြ၏ ဆင်ခြေဖုံး ရပ်ကွက်လေးတစ်ခုဖြစ်သည့် သူကြီးကုန်းဟူသော ရပ်ကွက်လေးတွင် အေးမေနှင့် မောင်ထွန်းကျော်တို့ မောင်နှမနှစ်ယောက် နေထိုင်ကြသည်။ မောင်ထွန်းကျော်နှင့် အေးမေတို့တွင် ခင်မေကြီးဟူသော အစ်မတစ်ယောက်ရှိသည်။ လွန်ခဲ့သည့် တစ်နှစ်ကျော်ကျော်က ခင်မေကြီး၏ခင်ပွန်း မြကြိုင်ဆုံးပါးသွားလေသောအခါ ခင်မေကြီးမှာ အပျိုပေါက်အရွယ် သမီးလေးနှစ်ယောက်နှင့်အတူ မောင်နှင့်နှမများ ဖြစ်သည့် အေးမေနှင့် မောင်ထွန်းကျော်တို့ နေအိမ်လေးသို့ ပြောင်းရွှေ့ကာ လာရောက်နေထိုင်လေသည်။

သူကြီးကုန်းရပ်ကွက်လေး၏ အစွန်တွင် နိုင်ငံခြားကုမ္ပဏီတစ်ခုမှ လာရောက်ဖွင့်လှစ်သည့် စက်ရုံလေးတွင် အလုပ်ဆင်းကြသလို၊ မောင်ဖြစ်သူ ထွန်းကျော်မှလည်း အနီးအနားရပ်ကွက်လေးတစ်ခုတွင် မီးသွေးထမ်းသော အလုပ်လေးကို လုပ်ကိုင်လေသည်။ အစ်မဖြစ်သူ ခင်မေကြီးကတော့ အိမ်မှုကိစ္စများ၊ အလုပ်သွားသော သမီးနှင့် မောင်နှမလေးများကို နေ့စဉ် ထမင်းဟင်းများ ချက်ပြုတ်စီစဉ်ပေးရင်း ဝမ်းသမုဒ္ဒရာ အူအဂ်ီအတွက် တက်ညီလက်ညီ ဘဝဟူသော လှေတစ်စင်းကို မိုးလေမုန်တိုင်းကင်းစင်စွာ တူတူညီညီ လှော်ခတ်လျက်ရှိလေသည်။

"ဟဲ့ အေးမေ၊ ညည်းတို့ ဒီနေ့ ထမင်းချိုင့်တွေ ယူသွားမှာလား။ ငါ လိုက်ပို့ရမလား"

"အစ်မကြီးပဲ လိုက်ပို့ပေးပါ။ စက်ရုံမှာ ဒီနေ့ အလုပ်တွေများလို့ စောစောသွားရမယ်"

"ဒါနဲ့ မောင်လေးထွန်းကျော်၊ မင်းရော အလုပ်သွားရဦးမှာလား"

"မောင်လေး အလုပ်မသေချာဘူး။ မီးသွေးကားတွေ မဝင်ဘူး ဖြစ်နေတယ်။ အင်း . . ပစ္စည်းရောက်ရင်တော့ ဆိုင်က ဖုန်းဆက်မယ် ပြောတာပဲ"

အေးမေနှင့် သမီးလေးနှစ်ယောက်၏ အလုပ်များက ပုံမှန်ဆိုသလိုရှိသော်လည်း မောင်ဖြစ်သူ ထွန်းကျော်၏အလုပ်မှာမူ ပုံမှန်ဟူ၍ မရှိ၊ အလုပ်

အကိုင်ရှိသောအခါများ အထူးသဖြင့် မီးသွေးရောက်သည့်အခါများတွင် ထွန်းကျော်တို့ အလုပ်သမားတစ်စုကို ဆက်သွယ်နိုင်ရန် သူကြီးကုန်းရပ်ကွက် လေးထိပ်ရှိ ငွေလမင်းလက်ဘက်ရည်ဆိုင်လေးသို့ ဖုန်းဖြင့် အဆက်အသွယ် ပြုထား၏။ ထွန်းကျော်တို့ အလုပ်သမားအုပ်စုလေးသည် (၆)ယောက်၊ (၇)ယောက်ခန့် ရှိသည်။ ထိုအထဲတွင် ထွန်းကျော်က အလုပ်သမားများကို စုစည်းပေးရသော အလုပ်သမားခေါင်းဆောင် ဖြစ်သည်။

မီးသွေးလုပ်ငန်းမှ ဖုန်းဆက်သွယ် ခေါ်ငင်လာသောအခါတွင် ရပ်ကွက်လေးအတွင်း မိမိနှင့်အတူ လုပ်ကိုင်နေကျ အလုပ်သမား လေးငါး ခြောက်ယောက်ကို လိုက်၍ခေါ်ယူပြီး၊ မီးသွေးချရန် အလုပ်ရှိရာဆီသို့ သွားကြရသည်။ အလုပ်ရှိမရှိဟူသည့်ကိစ္စကို သိနိုင်ရန်အတွက်တော့ ထွန်းကျော်နှင့်သူငယ်ချင်းတစ်စုတို့က နေ့စဉ်နေ့တိုင်း သူကြီးကုန်းရပ်ကွက်ထိပ် ငွေလမင်း လက်ဘက်ရည်ဆိုင်ကလေးသို့ လက်ဘက်ရည်သွား၍သောက်ရင်း စုံစမ်းမေးမြန်း ရလေသည်။

◆ ◆ ◆

ထွန်းကျော်တွင် လုပ်ကိုင်နေကျ သူငယ်ချင်းများဖြစ်သည့် လှအေး၊ စိုးမြင့်၊ ဝင်းခိုင်၊ ပါနောက်၊ ကရင်ကြီးတို့သည် ၎င်းတို့နှင့် တစ်ရပ်ကွက်တည်း တစ်လမ်းကျော် နှစ်လမ်းသာခြားရင်း နေထိုင်ကြသည်။ အလုပ်ကိစ္စရှိကြောင်း ဖုန်းဆက်သွယ်လာသည့်အခါ ထွန်းကျော်မှ ၎င်းတို့ကိုလိုက်၍စုရင်း တစ်ရက် (သို့) တစ်ညအိပ်စသည်ဖြင့် မီးသွေးသယ်ကြရသည်။ ထွန်းကျော် ထိုအလုပ် လေးများကို ယခင်ကမလုပ်၊ အစ်မဖြစ်သူ အေးမေ စပေါ်တင်ပေးထားသော ငွေလေးများဖြင့် လမ်းထိပ် ဦးရာမွတ်ဆီမှ ဆိုက်ကားလေးကိုယူ၍ နင်းသည်။ သို့သော် ညဘက်များတွင် နင်းရသည်ဖြစ်သည့်အတွက် ကြာတော့ ထွန်းကျော် အလုပ်ကို ငြီးငွေ့လာသည်။ ထိုအခိုက် ရပ်ကွက်ထဲနေ လှအေးနှင့် ဆုံမိကြသည်တွင် ထိုမီးသွေးထမ်းသောအလုပ်ကို ပြောင်း၍လုပ်ကိုင်ရင်း

ခုဆို စိုက်လိုက် မတ်တတ်လုပ်လာခဲ့သည်မှာ (၅)နှစ်ခန့်ပင် ကျော်လွန်လာခဲ့ပြီ။

မီးသွေးထမ်းသောလုပ်ငန်းသည် ဆိုက်ကားနင်းရသော အလုပ်လောက်တော့ ခေါင်းမစား။ ဆိုင်မှ ဖုန်းဆက်ခေါ်လာသည့်အခါတွင် သွားရောက် လုပ်ကိုင်ပေးပြီး ထောင့်ငါးရာ နှစ်ထောင်ဆိုသည်မှာ ခပ်လွယ်လွယ်။ ထို့ပြင် အလုပ်မရှိသောရက်များတွင် အိမ်၌ အေးအေးဆေးဆေး အနားယူရင်း နားနားနေနေ နေနိုင်လေသည်။ ထွန်းကျော်တို့ မီးသွေးချသော အလုပ်သမားများထဲတွင် ထွန်းကျော်က အသွက်လက်ဆုံး အကြိုးစားဆုံး၊ ဒါကြောင့် လုပ်ငန်းရှင်က တခြားအလုပ်သမားများထက် ဆောင်းငွေဟုခေါ်သည့် အပိုငွေ တစ်ထောင့်ငါးရာခန့်ကို အလုပ်ရှိသည့်အခါတိုင်း ပေးတတ်လေ၏။

ဤလိုနှင့် ထွန်းကျော်က ကြာတော့ မိမိနှင့် လုပ်ကိုင်ရမည့် အလုပ်သမားများကိုပါ စုဆောင်းရှာဖွေရသည့် ရာထူးတာဝန်ကို ရခဲ့ပြန်သည်။ ထွန်းကျော်တို့၏ မီးသွေးချသောလုပ်ငန်းလေးတွင် ကုန်းအဖွဲ့နှင့် ရေအဖွဲ့ဟူ၍ အဖွဲ့ (၂)ဖွဲ့ရှိလေသည်။ ကုန်းအဖွဲ့ဆိုသည်မှာ မီးသွေးဆိုင်မှ မီးသွေးများကို ဖောက်သည်ဆိုင်ခွဲများသို့ ကားဖြင့် လိုက်လံချပေးရသောအဖွဲ့ဖြစ်၍ ရေအဖွဲ့ဆိုသည်မှာ မီးသွေးဆိုင်မှ မီးသွေးများကို လှေ၊ မော်တော်များဖြင့် နယ်ဒေသတစ်ခုခုသို့ သွားရောက်ပို့ဆောင်သယ်ချပေးရသော အလုပ် ဖြစ်လေသည်။

ကုန်းအဖွဲ့တွင် ထွန်းကျော်မှာ အလုပ်သမား အဖွဲ့ခေါင်းဆောင်ဖြစ်သော်လည်း ရေအဖွဲ့တွင်မူ ချမ်းအေးဟူသော သူက အလုပ်သမားအဖွဲ့ခေါင်းဆောင်ဖြစ်သည်။ ကုန်းအဖွဲ့သည် အလုပ်ရှိပါက တစ်ည (သို့)တစ်ရက်ခန့်ကြာသော်လည်း ရေအဖွဲ့မှာမူ နယ်ဒေသတစ်ခုခုသို့ သွားရောက်ပို့ဆောင်ချပေးကြရသဖြင့် တစ်ပတ်၊ ဆယ်ရက်ခန့်ကြာလေသည်။ ထို့ကြောင့် ရရှိကြသော ဝင်ငွေသည်လည်း ကုန်းအဖွဲ့ထက်ပို၍ ရတတ်သည်။

တစ်ခါခါကျတော့ ထိုအလုပ်များကို ရေရှည်လုပ်ကိုင်လာပါက ကျန်းမာရေးထိခိုက်လာမည့်အရေးကို တွေးကာ ပူပန်မိပြန်သည်။ မီးသွေးမှုန့်

များကို အမြဲတမ်းရှုရှိုက်နေရသည်မို့ တီဘီရောဂါများ၊ အဆုတ်ကင်ဆာ စသည်များ ဖြစ်နိုင်သည်။ သို့သော် ရေရှည်တွေးတော စဉ်းစားနေခွင့်မရ၊ လွမ်းရေးထက် ဝမ်းရေးခက်သောဘဝတွင် နောင်တစ်ချိန်တွင်ဖြစ်လာမည့် ဘေးအန္တရာယ်များက သာလွန်စွာအနိုင်ယူသွားခဲ့ရင်း ပင်ပန်းပေမယ့် အတန်သင့် ဝင်ငွေလေးရရှိနေသော ထိုမီးသွေးထမ်းသောဘဝကို မချစ် သော်လည်း အောင့်ကာနမ်းရင်း ဘဝလမ်းကို အလှပန်းဆင်နေရရှာသည်။

◆ ◆ ◆

ထွန်းကျော်တွင် သင်းသင်းဆိုသည့် ချစ်သူရည်းစားတစ်ယောက် ရှိသည်။ ထွန်းကျော်နှင့်အတူ အလုပ်လုပ်ကိုင်နေကြသော လှအေး၊ စိုးမြင့်၊ ဝင်းခိုင်တို့နှင့် သက်တူရွယ်တူ ချစ်သူဘဝကိုယ်စီနှင့် အသီးသီး တစ်အိုး တစ်အိမ် ထူထောင်ခဲ့ကြသော်လည်း ထွန်းကျော်မှာတော့ သူတို့လိုမဟုတ်။ ချစ်သူဖြစ်သူ သင်းသင်းမှ ခိုးယူရန် တောင်းဆိုလာသည့်အခါများတွင် နားချ ကာ (၅)နှစ်တိုင်အောင် ကြာညောင်းခဲ့သည်။ တစ်ခါတစ်ခါများတွင်တော့ ထွန်းကျော်အစ်မအငယ် အေးမေနှင့် အကြီး ခင်မေတို့ကို နားပူနားဆာ လုပ်ကြည့်သည်။

"အစ်မ . . ငါအိမ်ထောင်ပြုချင်ပြီဟယ်။ ငါ့အသက်လည်း ငယ် တော့တာမဟုတ်ဘူး။ ငါနဲ့အတူ သူငယ်ချင်းတွေလည်း အိမ်ထောင်ရက်သား ကျကုန်ကြပြီ"

"နေပါဦးမောင်လေးရယ် . . သူများဘဝတွေက အစ်မတို့နဲ့ တူတာ မဟုတ်ဘူး။ အစ်မတို့မှာက တစ်ကိုယ်ရေ တစ်ကာယဘဝမှာတောင် မနည်း ရုန်းကန်နေရတာ။ သူများသားသမီးကိုယူပြီဆိုရင် တာဝန်ကျေမှလေ။ မကျွေး နိုင်၊ မမွေးနိုင်ရင် ငါ့မောင် အပြစ်ပြောခံရမှာ၊ ဒါကြောင့် မောင်လေး ရည်ရွယ်ချက်ရှိရင် ကိုယ့်အိုးကိုယ့်အိမ်နဲ့ ထားနိုင်အောင် ကြိုးစားနော် ကြားလား"

အစ်မတွေရဲ့စကားဆုံးတော့ သက်ပြင်းရှည်ကြီးတစ်ခုကိုချရင်း ထွန်းကျော်တစ်ယောက် အဝေးတစ်နေရာဆီသို့ ငေးငေးရီရီကြည့်နေမိသည်။

"အင်း . . . ဟုတ်တော့လည်း ဟုတ်ပါတယ်လေ။ မောင်လေးတို့ဘဝက သူတကာတွေထက်ပိုပြီး ညနက်လေတော့ လောလောဆယ် မောင်လေး မစဉ်းစားသေးပါဘူး"

သင်းသင်းက ထွန်းကျော်ရဲ့ အစ်မ အေးမေတို့နှင့် စက်ရုံတစ်ခုတည်းတွင် အလုပ်လုပ်နေသူ။ ချစ်နေ၊ နီးနေသော်လည်း ဆုံရေးခက်သည့် ချစ်သူဘဝများတွင် ကိုယ်စီကိုယ်စီ နားလည်မှု သဘောသဘာဝလေးများဖြင့် ဘဝရည်မှန်းချက်လေးများ ကိုယ်စီကိုယ်စီထားကြကာ ချစ်ကံခေသောဘဝကို အသီးသီးဆိုသလို မေ့ထားရင်း နေခဲ့ကြသည်။

◆ ◆ ◆

ဒီနေ့ အိမ်တွင် ထွန်းကျော်မရှိ၊ ညဦးကတည်းကပင် အလုပ်မှ ဖုန်းလာ၍ မီးသွေးချရန်သွားကြ၏။ အစ်မများဖြစ်သည့် အေးမေနှင့် တူမလေးများတော့ ရှိသည်။ အေးမေတို့သည် ယနေ့ စက်ရုံပိတ်ရက် ဖြစ်သည်။ ထို့ကြောင့် အတော်လေးမိုးလင်းသည်အထိ အိပ်လျက်ရှိကြသည်၊ တစ်ညလုံး အိုက်စပ်ရင်း အုံ့ပြနေသောမိုးသည် မိုးလင်းခါနီးအချိန်တွင်မှ တအုန်းအုန်းနှင့်သည်းရင်း ပြင်းပြင်းထန်ထန် ရွာချလိုက်သည်။ မိုးနှင့်အတူ လေက ကြမ်းသည်၊ မိုးလေအေးများကြောင့် အေးမေတို့ ပို၍အိပ်မောကျသွားသည်၊ ထိုစဉ် တအုံးအုံးသည်းနေသော မိုးရေထဲတွင် လူတစ်ယောက် ထီးတစ်ချောင်းနှင့် မျက်နှာကိုကွယ်ကာ အထုပ်တစ်ထုပ်ကိုပိုက်လျက် အိမ်ရှေ့ခြံဝင်းတံခါးလေးမှရပ်ရင်း အသံပြုလာသည်။

"ထွန်းကျော် . . . ထွန်းကျော်ရှိလား"

ဖျတ်ခနဲ အိပ်မောကျနေရာမှ ခေါ်သံတစ်ခုကြောင့် အေးမေနိုးလာသည်၊ ထို့ကြောင့် အိမ်ရှေ့သို့ကြည့်ရင်း . . .

"ဘယ်သူလဲ၊ ဘာကိစ္စရှိလို့ပါလဲရှင် . . ."

"ဒါ . . . ဒါ ထွန်းကျော်တို့အိမ် မဟုတ်လား"

"ဟုတ် . . . ဟုတ်ပါတယ်။ ဒါပေမယ့် ထွန်းကျော်မရှိပါဘူး။ မီးသွေးချဖို့ အလုပ်သွားပါတယ်"

"ဒီမှာ ယွန်းကျော်ကို ငွေ (၃)သိန်း ပေးခိုင်းလိုက်လို့ပါ"

ထိုလူ၏စကားကြောင့် အေးမေတစ်ယောက် ကြောင်၍သွားသည်။

"ဘာရှင့် . . . ငွေသုံးသိန်း ဟုတ်လား။ ထွန်းကျော်ကို ဘယ်သူက ပေးခိုင်းတာလဲ"

အေးမေ ကြောင်စီစီ ကြည့်ငေးတစ်စုံဖြင့် ခြံဝင်းတံခါးလေးဆီ လှမ်းကြည့်တော့ ထိုသူသည် မိုးရေထဲတွင် ရပ်မြဲရပ်လျက်နေသည်။ မျက်နှာကိုကား မမြင်ရ။ တမင် ထီးကိုမမြင်စေရန် ကွယ်၍ဆောင်းထားပုံရသည်။ အေးမေ မေးနေသော်လည်း ထိုသူသည် မည်သို့ပျောက်သွားသည်မသိ၊ မတွေ့ရတော့ပေ။ အေးမေလည်း အိပ်ရာမှလန့်၍ နိုးသွားလေတော့သည်။

"ဟဲ့ . . . တူမလေးတို့ ထစမ်း၊ ထစမ်း"

အစ်မကြီးခင်မေမှာမူ နောက်ဖေးမီးဖိုလေးထဲတွင် ထမင်းချက်ပြုတ်နေလေသည်။ အိမ်ရှေ့မှအသံကြောင့် ရှေ့သို့ထွက်လာသည်။ တအုန်းအုန်းသည်းနေသောမိုးသည် ရပ်၍သွားတော့သည်။

"ဘာလဲ . . . အန်တီလေးကလည်း အလုပ်ပိတ်ရက်မို့ အိပ်နေပါတယ်၊ ဇိမ်ကိုမရှိဘူး။ ဘာမှန်းလဲမသိဘူး"

ထို့နောက်တွင်တော့ အေးမေမှ မိုးလင်းကာနီး မိမိမြင်မက်သောအိပ်မက်လေးကို အစမှအဆုံးတိုင် ပြောပြလိုက်သည်။

"ဟင် . . ဟုတ်လား။ အိပ်မက်က ထူးဆန်းလိုက်တာနော်၊ ဦးလေးထွန်းကျော်ကို လာပေးတာဟုတ်လား"

"အေး . . . အိပ်မက်ထဲမှာ ထွန်းကျော်ကို ပေးခိုင်းလိုက်တာတဲ့၊ ဘယ်သူကလဲမေးတော့လည်း မေးလို့မရဘူး . . . ၊ အဲဒီလူရဲ့ မျက်နှာကိုလည်း မမြင်ရဘူး။ ထီးနဲ့ကွယ်ဆောင်းထားတယ်"

စကားများဆုံးသွားသောအခါ တူမအကြီးမက . . .

"ဦးလေးထွန်းကျော် ထီပေါက်ချင်ပြီလား မသိဘူး။ ထီလေးဘာလေး များ ထိုးထားလား မသိဘူး အမေ"

"အမလေး . . . ညည်းဦးလေး ငထွန်းလား၊ ကပ်စေးနှဲ၊ ထိုးပါလိမ့် မယ် ထီ၊ အစ်မတွေက တစ်ခါတစ်လေ မုန့်ဝယ်ကျွေးခိုင်းဟာမဟောင် တုန်နေ တာ"

◆ ◆ ◆

နောက်တစ်နေ့ . . .

ထွန်းကျော်အလုပ်မှ ပြန်လာသည့်အခါ . . .

"ဟဲ့ . . . မောင်လေး၊ မင်းအလုပ်ထဲမှာ ငွေတွေ ဘာတွေများ သူများဆီက ချေးငှားထားသလား။ ဒါမှမဟုတ် ထီတွေဘာတွေ ထိုးထားသ လား"

"ဘာဖြစ်လို့လဲ၊ မမအေးမေ"

"ဘာမှမဖြစ်ပါဘူး။ ငါမေးတာသာ ဖြေစမ်းပါ"

"မောင်လေး . . . ဘယ်သူ့ဆီမှလည်း ငွေမချေးထားဘူး။ ပြီးတော့ ထီလည်းမထိုးဘူး"

"အင်း"

အေးမေ တစ်ခုခုကို စဉ်းစားဟန်ပြုပြီးမှ အတွေးတစ်ခုကို ဆန့် ထုတ်လိုက်သည်။

"ဘာလဲ . . မမအေးမေ၊ ဘာဖြစ်လို့ မောင်လေးကို ဒီလိုမေးတာလဲ"

"အေး . . . မမအေးမေ မနေ့က နံနက်ပိုင်းမှာ အိပ်ပျော်သွားတုန်း လူတစ်ယောက်က ခြံစည်းရိုးလေးနားမှာရပ်ရင်း ထွန်းကျော်ရှိလား။ ထွန်း ကျော်ကို ငွေသုံးသိန်း ပေးခိုင်းလိုက်လို့ ဆိုလာတယ်။ သူ့လက်ထဲမှာလည်း ငွေထုပ်ကြီးကို ကိုင်လို့၊ ဘယ်သူကပေးခိုင်းတာလဲ မေးတော့လည်း မပြောဘူး။ ဒါနဲ့ မမအိမ်ပေါ်က ဆင်းဖို့အလုပ်မှာ အဲဒီလူကို မတွေ့ရတော့ဘူး"

အေးမေရဲ့စကားဆုံးတော့ ထွန်းကျော်ခေါင်းကို တစ်ချက်ကုတ်လိုက်သည်။

ထို့နောက်

"အိုဗျာ . . . မမအေးမေကလည်း သူဟာသူ စိတ်စွဲလန်းပြီး မက်ချင်ရာ မက်ဟဲ့အိပ်မက်ကို ဟုတ်တိပတ်တိကြီးလုပ်ပြီး မောင်လေးကို လာမေးနေတယ်"

မည်သို့ဆိုဆို အေးမေ၏အတွေးအာရုံများထဲတွင်တော့ ဝေခွဲမရနိုင်သော ပုစ္ဆာတစ်ခုနှင့် လွန်းထိုးယှက်တင်နေလေသည်။ ထိုနေ့ညနေပိုင်းတွင် ထွန်းကျော်တို့လူစု မီးသွေးများဝင်၍ မီးသွေးချရန် သူငယ်ချင်းတစ်စုနဲ့ ထွက်လာကြသည်။

ထွန်းကျော်တို့မိသားစုသည် မိမိတို့ရပ်ကွက်လမ်းကလေးတွင် တစ်ချိန်က နေထိုင်သွားကြသူများဖြစ်သည့်အပြင် မိမိနှင့်လည်း ညီအစ်ကို တမျှ ခင်မင်နေကြသူများဖြစ်လေ၏။ သူကြီးကုန်းရပ်ကွက်လေးသို့ ပြောင်းရွှေ့ခဲ့သည်မှ တစ်ခါတစ်ရံမှ မဆုံစည်းခဲ့ကြ။ ဤနေ့တွင်မှ တိုက်တိုက်ဆိုင်ဆိုင် ဆုံမိကြသည်တွင် လက်ဘက်ရည်ဆိုင်ကလေးတစ်ခုသို့ (၁၅)မိနစ်ခန့် ထိုင်ဖြစ်ခဲ့ကြသည်။

"အစ်ကို နေကောင်းတယ်နော်၊ မတွေ့တာကြာပြီ"

"ဟုတ်တယ် . . . ထွန်းကျော်ရေ၊ ဒါနဲ့ မင်းတို့မောင်နှမတွေ နေကောင်းကြတယ်မဟုတ်လား"

"ဟုတ်ကဲ့ . . ကောင်းပါတယ် အစ်ကို"

ထို့နောက် . . ဤဤထိုထို အကြောင်းများစွာပြောဆိုရင်း မနေ့ညက သူ့အစ်မအေးမေပြောပြသည့် အိပ်မက်လေးအကြောင်းပင် မိမိအား ပြောပြသွားလေသည်။

"မင်းပြောပုံဆိုရင်တော့ အိပ်မက်က အတော့်ကိုထူးဆန်းနေပြီ ထွန်းကျော်"

"ဟုတ်တယ် . . . အစ်ကို"

"အေးပေါ့ကွာ၊ အိပ်မက်ဆိုတာ လာဘ်ပေါ့ကွာ၊ လာဘ်ရချင်လို့ မက်တာပဲဖြစ်မှာပေါ့"

"အင်း . . . ကျွန်တော်လည်း ဒီလိုပဲ ယူဆပါတယ် အစ်ကိုရာ"

အဲဒီနောက်တွင်တော့ ထွန်းကျော်က မိမိအား နှုတ်ဆက်ရင်း သူတို့ အလုပ်ရှိရာရပ်ကွက်လေးဆီသို့ သူငယ်ချင်းတစ်စုနဲ့ ပျော်ပျော်ရွှင်ရွှင် ထွက်ခွာသွားလေသည်။

◆ ◆ ◆

အေးမေ မြင်မက်ခဲ့သည့် အိပ်မက်လေးသည် သုံးရက်မြောက်သော နေ့၌ ထပ်မံ၍ မက်ပြန်လေသည်။ ထိုသို့ ဒုတိယအကြိမ် မြင်မက်သည့်အခါ တွင်တော့ ထိုငွေထုပ်ကြီးကို ပိုက်ထားသောလူမှ အိမ်ကလေးရှေ့မှ ပြန်လှည့်၍ အထွက်တွင် . . .

"ထွန်းကျော်ကို ပြောလိုက်ပါ၊ မနက်ဖြန်ဖုန်းဆက်လိုက်မယ်လို့" ဟူ၍ ပြောသွား၏။

သို့သော် အေးမေတစ်ယောက် ခေါင်းထဲတွင် လေးလေးပင်ပင် မထားတော့။ မိမိတူမလေးနှစ်ယောက်နှင့် စက်ရုံကလေးသို့ အလုပ်ဆင်း၍ သွားလေတော့သည်။ ထိုနေ့နံနက် (၁၁)နာရီခန့်တွင် သူကြီးကုန်းရပ်ကွက် လေးထိပ်၊ ငွေလမင်းလက်ဘက်ရည်ဆိုင်သို့ မီးသွေးကားများဝင်၍ မီးသွေး ချရန် ဖုန်းဆက်၍ခေါ်သည်။ ထိုအခါ ထွန်းကျော်တစ်ယောက် မိမိနှင့် လုပ်ကိုင်နေကျ အလုပ်သမားများဖြစ်သည့် လှအေး၊ စိုးမြင့်၊ ဝင်းခိုင်၊ ပါနောက်၊ ကရင်ကြီးတို့အား တစ်ဦးချင်းလိုက်၍ခေါ်သည်။ သို့သော် တစ်ဦး တစ်ယောက်မျှ မလိုက်ကြ။ ကိုယ်စီကိုယ်စီ အကြောင်းပြချက်များဖြင့် ကျန်နေခဲ့ကြ သည်။ ထွန်းကျော် ခေါ်မရသည့်အခါ ဒေါသထွက်လာသည်။

"တောက် . . . လက်ကြောတင်းအောင် လုပ်မစားချင်တဲ့ကောင်

တွေ၊ နေပစေ”

ထို့နောက် ရရာ အလုပ်သမား (၆)ယောက်ကို ခေါ်ငင်၍သွား၏။ မီးသွေးဆိုင်သို့ရောက်သည့်အခါ အလုပ်ရှင်မှ လုပ်ကိုင်ရမည့် အလုပ်များကို ပြောပြသည်။

မိမိသည် ရေအဖွဲ့သို့လိုက်ပါရမည် ဖြစ်ကြောင်းနှင့် ရေအဖွဲ့တွင် အမြဲတမ်းအလုပ်သမားခေါင်းဆောင်ဖြစ်သည့် ချမ်းအေးဆိုသူမှာ ဖျားနေ၍ မလာရောက်နိုင်ကြောင်းကို သိရလေသည်။ ထို့နောက် ထွန်းကျော်နှင့် မီးသွေး ထမ်းသမား (၆)ဦးတို့သည် မော်တော်တစ်စင်းတွင် မီးသွေးများတင်၍ ည ဘက်တွင် ရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာလာခဲ့ကြသည်။ မိုးသည် ညနေက တည်းက တလစပ်ရွာနေသည်။ ပြတ်သွားလျှင် ခဏ၊ တဖွဲဖွဲရွာနေသည်။ တွံတေးတူးမြောင်းမြစ်ဝသို့ ကျော်လာသည့်အခါတွင်တော့ လေကြမ်းများက ပါ ရောနှော၍ တိုက်ခတ်လာသည်။ ထိုစဉ် စက်ခန်းဘက်မှ အချက်ပေး ဘဲလ်သံလေးများ ကြားရသည်။

“မော်တော်မိုးကာတွေ တင်ထားကြပါခင်ဗျာ၊ မိုးရေစိုတာ အရေး မကြီးဘူး၊ တာလပတ်တွေချထားရင် မော်တော်မှောက်သွားလိမ့်မယ်”

“ဝုန်း”ခနဲဟူသော အသံကြီးနှင့်အတူ လေပြင်းတစ်ချက် တစ်သုတ် သိမ့်ခနဲခံစားမှုနှင့်အတူ မော်တော်မှာ ဘယ်ဘက်သို့ တိမ်းစောင်း၍ မှောက် သွားလေတော့သည်။ ထိုအချိန်တွင် ထွန်းကျော်နှင့်တင်အေးတို့မှာ သင်္ဘော နောက်ဘက်တွင် အိပ်ပျော်လျက်ရှိလေသည်။ အော်ဟစ်ဆူညံသံများ ပွက် လောရိုက်သွား၏။ မိနစ်အနည်းငယ်ခန့်တွင် မီးသွေးမော်တော်လေးသည် မြစ်ထဲတွင် စုန်းစုန်းမြုပ်၍ နစ်သွားလေတော့၏။

◆ ◆ ◆

နောက်တစ်နေ့မနက်တွင် တွံတေးတူးမြောင်းဝတွင် မီးသွေးမော် တော်တစ်စင်း နစ်မြုပ်သွားသော သတင်းနှင့် မီးသွေးအလုပ်သမားနှစ်ဦး

ဖြစ်သည့် ထွန်းကျော်နှင့် တင်အေးတို့နှစ်ဦး သေဆုံးသွားသည့်သတင်းများက သူကြီးကုန်းရပ်ကွက်လေးတစ်ခုလုံး ပျံ့နှံ့သွားတော့၏။

ထွန်းကျော်၏ အစ်မများကြားသည့်အခါတွင် ဆောက်တည်ရာမရဖြစ်ကြရသည်။ ထိုနေ့ည (၇)နာရီခန့်တွင် မိုးများက သည်းသည်းမည်းမည်း ရွာသွန်းနေ၏။ မိုးရေထဲတွင်တော့ လူတစ်ဦးက ထီးတစ်ချောင်းကို ခပ်ငိုက်ငိုက်ဆောင်းကာ ထွန်းကျော်တို့ အိမ်လေးဆီသို့ တရွေ့ရွေ့ လှမ်းလာနေသည်။ အိမ်ရှေ့သို့အရောက်တွင် ခြံစည်းရိုးနား၌ ရပ်ပြီး . .

"ဒါ . . . ထွန်းကျော်တို့အိမ်လား ခင်ဗျာ"

"ဟုတ် . . ဟုတ်ပါတယ်ရှင် . . .၊ ကျွန်မ ထွန်းကျော်ရဲ့ အစ်မ အေးမေပါ"

"ကျွန်တော်က ထွန်းကျော်အလုပ်လုပ်တဲ့ မီးသွေးလုပ်ငန်းက အလုပ်ရှင်ပါ။ ရုတ်တရက် အသက်ဆုံးပါးသွားရတဲ့ မောင်ထွန်းကျော်ရဲ့ ကိစ္စအဝဝကို ဆောင်ရွက်နိုင်ဖို့ ကူညီတာပါ။ ဒီငွေ (၃)သိန်းကို လက်ခံပါဗျာ"

အလုပ်ရှင်လူကြီး၏ စကားသံဆုံးတော့ အေးမေတစ်ယောက် လူကြီး၏ မျက်နှာကို အကြိမ်ကြိမ်အခါခါ ကြည့်ရင်း ချုံးပွဲချငိုလိုက်မိလေတော့သည်။

အတိတ်နိမိတ်ဟူသော စကားတို့ကို ကြားခဲ့ဖူးသည်။ သို့သော် အေးအေး မအံ့သြ။ သို့ရာတွင် ထိုမျှ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာခဲ့သော နိမိတ်လက္ခဏာတရားတို့က ယုံစားရမည်ပင် ခပ်ခက်ခက်၊ တကယ်တော့လည်း ထိုနေ့နံနက် (၁၁)နာရီခန့်က ငွေလမင်းလက်ဘက်ရည်ဆိုင်သို့ ဆက်သွယ်ဆင့်ခေါ်လိုက်သော ဖုန်းသံသည် ထွန်းကျော်နဲ့ တင်အေးတို့ အတွက် မရဏဖုန်းသံဖြစ်သည်ဆိုပါက မှားလိမ့်မည်မထင် . . .။

◆ ◆ ◆

**ချမ်းနုဦး** *(ဟင်္သာတ)*

(၂၀၀၇-ခု၊ ဒီဇင်ဘာလ၊ အတွဲ (၂)၊ အမှတ် (၆) ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း)